www.burmeseclassic.com

တက်တိုး
(မြန်မာပြန်)

# နပိုလီယံ

# NAPOLEON

Felix Markham

BURMESE
CLASSIC
.com



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## တက်တိုး

ရန်ကုန်တိုင်း သံလျင်မြို့တွင် အဖ ဦးမောင်ကလေး၊ အမိ ဒေါ်စိန်ညွန့်တို့က ၁၉၁၃ ခု ဖေဖော်ဝါရီ ၂ ရက် တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးအုန်းဖေ ဖြစ်သည်။

မကွေး မဲထီးတိုက် ဘုန်းကြီးကျောင်းနှင့် မကွေး လောကဓာတ်ကျောင်း (၁၉၂၀)၊ မကွေး အင်္ဂလိပ်–မြန်မာ အစိုးရကျောင်း(၁၉၂၁–၁၉၃၀)၊ ရန်ကုန်တက္ကသိုလ် ဥပစာတန်း(၁၉၃၀–၃၂)၊ ဝိဇ္ဇာဘွဲ့(၁၉၃၈–၃၉) ရရှိခဲ့သည်။

မကွေး တိုင်းမင်းကြီးရုံး စာရေး(၁၉၃၂–၃၈)၊ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာ(၁၉၃၈–၄၀)၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာနည်းပြ (၁၉၃၉)၊ ပြန်ကြားရေးဌာန မြန်မာနိုင်ငံ ဘာသာပြန်ဌာနခွဲ စာတည်းမှူး (၁၉၄၀)၊ ပညာမင်းကြီးရုံး မြန်မာစာပေဌာန စာတည်း(၁၉၄၂–၄၃)၊ ပညာစွယ်စုံကျမ်း လက်ထောက်စာတည်းမှူး(၁၉၄၃–၄၅)၊ ပြန်ကြားရေးဌာန သုတေသနအရာရှိ(၁၉၄၅–၄၇)၊ တိုင်းမ်မဂ္ဂဇင်း သတင်းထောက် (၁၉၄၆)၊ ပဒေသာမဂ္ဂဇင်း အတိုင်ပင်ခံအယ်ဒီတာ (၁၉၄၉–၅၀)၊ မြန်မာပြည်သတင်းဌာန စာတည်းချုပ်(၁၉၅၀–၅၂)၊ မြန်မာ့သတင်းစဉ် အယ်ဒီတာချုပ်၊ အမျိုးသားစာပေဆု ရွေးချယ်ရေး အဖွဲ့ဝင်၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး (၁၉၇၂)၊ ပညာရေးဝန်ကြီးဌာန ပညာရေးအထူးအရာရှိ (၁၉၇၅) တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၂၈ ခု အသက်(၁၄)နှစ် အဋ္ဌမတန်းတွင် ပညာသင်စဉ် ဂန္ထလောက ဘာသာပြန်ဆုရ 'ကညာလော၊ ကျားကြီးလော' ဝတ္ထုသည် ပထမဆုံး ပုံနှိပ်စာမူ ဖြစ်သည်။ စာအုပ်ပေါင်း(၇၀)ကျော် ပြုစုခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ ဓါးကုန်းကြီး(၁၉၅၀)၊ သောကကင်းဝေး နေနိုင်ရေး(၁၉၅၁)၊ အခါလည်သား[တစ်နှစ်သား](၁၉၅၂)၊ အင်္ဂလိပ်–မြန်မာ အဘိဓာန်(၁၉၅၅)၊ ဘဝနှင့်စာပေ(၁၉၆၁)၊ အာဏာနည်းစိတ်ပညာ အညွှန်း တလူလူ(၁၉၆၅)၊ ဘဝပညာ(၁၉၈၅)၊ လောကနီတိ(၁၉၉၅) တို့ ဖြစ်ကြသည်။ 'မင်းမှုထမ်း'ဖြင့် ၁၉၅၀ ပြည့်နှစ် စာပေ ဗိမာန်ဆု၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်– ၂၀၀၃) ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၂ နှင့် ၂၀၀၃ ထုတ် ရာပြည့်စာအုပ်များ**

၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိဗ္ဗာန်ဆုရ ဝတ္ထုတိုများ
၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ
၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်
၁၇၃။ ပါရဂူ၏ ဓမ္မစကား
၁၇၄။ မောင်ရဲနိုင်၏ မဟာ ပရဟိတလူသား အဲလ်ဘတ်ရှိုက်ဇာ
၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)
၁၇၆။ ဦးရွှေအောင်၏ စာဖတ်သူများ
၁၇၇။ ဒဂုန်တာရာ၏ မှုးယစ်ဝေသော နွေဦးညများ
၁၇၈။ နန္ဒ၏ သံနှင့် သွေး
၁၇၉။ မောင်ပေါ်ထွန်း၏ ငါ့ဘဝ ငါသာသခင် ငါသာဘုရင်
၁၈၀။ ဦးရွှေအောင်၏ ဓမ္မပဒ
၁၈၁။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ ဘွတ်ကာ တီ ဝါရှင်တန်
၁၈၂။ မောင်မိုးသူ၏ စိတ္တဇ (Psycho by Robert Bloch)
၁၈၃။ ပါရဂူ၏ ဒီဇာ
၁၈၄။ ရွှေဥဒေါင်း၏ စွန့်ဝံ့သူ
၁၈၅။ တင်မောင်မြင့်၏ မဟာရုံတံတိုင်းကို ဖြတ်ကျော်ခြင်း
(This Side of Glory by Gwen Bristow)
၁၈၆။ တင့်တယ်၏ အိုဘယ့်ကံ (The Scarlet Letter by Nathaniel Hawthorne)
၁၈၇။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၈။ မောင်ပေါ်ထွန်း၏ မိန်းမတစ်ယောက်၏ ဘဝ
(A Woman's Life by Guy de Maupassant)
၁၈၉။ ရွှဲ၀၏ မိုက်ခဲထွန်းရွှေ ဝတ္ထုတိုများ

**၂၀၀၃ ခုနှစ် မေနှင့် ဇွန်တွင် ထုတ်ဝေမည့် စာအုပ်များ**

၁၉၂။ တက်တိုး၏ နေထွက်သမျှအိုင် (The Sun Also Rises by Hemingway)
၁၉၃။ ညိုမြ၏ ကုန်းဘောင်ရှာပုံတော်
၁၉၄။ တင်မောင်မြင့်၏ အချစ်များစွာနဲ့ပါ ဆရာ (To Sir With Love)
၁၉၅။ မင်းယုဝေ၏ ပထမမြန်မာများ
၁၉၆။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း

ရာပြည့်စာအုပ် ၁၉၀

# တက်တိုး

# နပိုလီယံ

# NAPOLEON

Felix Markham

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၁၂၇၉၈(ဆိုင်)

[ ၁၊ မေ၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၂၂၅/၂၀၀၃ (၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၃၀/၂၀၀၃ (၃) ]

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၄၀) မြန်မာပြည် စာအုပ်ဖြန့်ချိရေး
ဒုတိယအကြိမ် -(၂၀၀၃) ရာပြည့် စာအုပ်တိုက်
(၁၊ ဧပြီ၊ ၂၀၀၃)
အုပ်ရေ [၁၀၀၀]

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဆန်း [၀၉၃၂]၊ ရဲအောင်စာပေတိုက်
အမှတ် ၂၊ ရွှန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အတွင်းဖလင်
အဇေက်

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

မျက်နှာဖုံး ပန်းချီ
Graphic Mg Thein Win and Ocean Group ဒီဇိုင်းဖွဲ့စည်းသည်။

တန်ဖိုး
၆၀၀ကျပ်

## ထုတ်ဝေသူ၏
## အမှာ


"နပိုလီယံ" စာအုပ်ကို ထုတ်ဝေမည်ဟု ကြံရွယ်ခဲ့သည်မှာ ကာလ အတော်ကြာခဲ့ပေပြီ။ နပိုလီယံ၏ အတ္ထုပ္ပတ္တိကို "သံတွဲဆောင်" ဘာသာပြန်၍ သူရိယ သတင်းစာတိုက်မှ ထုတ်ဝေခဲ့ပြီးကြောင်းလည်း သတိမူမိသည်။

နပိုလီယံ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ရေးရာတွင်း၌ ပိုလန်ပြည်အတွက် အနစ်နာခံ ဆောင်ရွက်ခဲ့သော မာရီဝါလူးစကား ခေါ် မိန်းမပြတ်တစ်ဦးအား မမေ့သင့် မမေ့ထိုက်သည့် အပြင် အတုနိုး နည်းယူဖွယ်ကောင်းသူ တစ်ဦး ဖြစ်သည့်အတိုင်း ဤ စာရေးသူကိုယ်တိုင် စာရေးဆရာ "တက်တိုး"အား နပိုလီယံ၏ အတ္ထုပ္ပတ္တိ စာအုပ်ကို အခြား ရိုးရိုး အတ္ထုပ္ပတ္တိ စာအုပ်များကဲ့သို့ မရေးနိုင်းမူဘဲ စာဖတ်သူများ ဖတ်၍လည်း ပျော်စေ၊ တိုင်းပြည်အတွက် ဆောင်ရွက်ချင်စိတ်များလည်း တဖွားဖွား ပေါ်ပေါက်စေရန် ရည်ရွယ်၍ လူတိုင်း မသိသေးသည့် နပိုလီယံ၏ အတွင်းရေး ကမ္ဘာကျော် အချစ်ဇာတ်ကို စုဆောင်းရှာဖွေ ဘာသာပြန်ဆို ခိုင်းရခြင်း ဖြစ်ပါကြောင်း။

ထွန်းစ
ထုတ်ဝေသူ
၁၈-၉-၄၀

www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံ (၁၇၆၉–၁၈၂၁)

## အခန်း [ ၁ ]

ပို့ရွယ်နုနယ်လှသော မိန်းကလေးတစ်ယောက်သည် ရင်ခွင်၌ မိမိ၏ နို့စို့ရွယ် သားငယ်ကို ပိုက်၍ ရွက်ထည်တဲထဲ၌ ထိုင်နေ၏။ သူသည် သားငယ်ကို နို့ချိုပေးရင်း တဲပြင်ဘက် ခပ်ကွာကွာ အရပ်မှ တသဲသဲ လိမ့်၍လာသော အမြောက်သံများကို နားစွင့်၍ နေလေသည်။ အမြောက်သံတို့သည် ဟိန်း၍ ဟိန်း၍ လာရကား မိုးခြိမ်းသံနှင့် တူလှ၏။ မိခင်ပျိုသည် ထိုဟိန်းသံကြီးများကို နားစွင့်ရင်း တွေးတောနေသည်။ မိုးခြိမ်းသံလော တောသံလော၊ အမြောက်သံလော လေသံလော။ သူ၏ ပုံပန်းသဏ္ဌာန်မှာ တစ်နေရာမှ တစ်နေရာသို့ ကူးလူးသွားလာလေ့ ရှိသော "ဂျစ်ပစီ"ခေါ် မရိုင်းမယဉ် လူမျိုးထဲကနှင့် တူလှတော့သည်။ သူ့ရင် အထက်ပိုင်းဆေါတွင် ရှောစောင် ကလေး အုပ်လျက် ရှိ၏။ ထိုအခိုက် တဲအပြင်မှ မြင်းခွာသံကို ကြားရ၏။ "သူ"များ ဖြစ်လေမလား၊ သူပြန်လာမည်ဟု ပြောသွားသည်။ သို့သော် သူလာရမည် ဖြစ်သော စစ်မြေပြင်နှင့်ကား ခရီးတာ ဝေးလံလှချေ၏။ နှင်းများလည်း ဝေလာလေပြီ။

တဲဝရှိ ရွက်ထည်နားသည် ပွင့်လာ၏။ ညလေသည် တဲတွင်းကို တိုးဝင်လာကာ အအေးဓာတ် ဆွတ်ဖျန်းလိုက်၏။ လူတစ်ယောက် ဝင်လာလေသည်။ ဝင်လာသူသည် အသက် အစိတ်ခန့် ရှိ၍ စစ်ဗိုလ် အဝတ်အစားကို ဝတ်လျက်ရှိ၏။ ပိန်ပိန်ပါးပါး ဖျတ်ဖျတ်လတ်လတ် ရှိသော အသက် တန်းစားတစ်ဦး ဖြစ်သည်။ သူသည် စောင့်မျှော်နေသော မိန်းမအား ဝမ်းပန်းတသာ နှုတ်ဆက်လေ၏။ မိန်းမလည်း သားငယ်ကို အနီး၌ နို့ထိန်းအား လှမ်း၍ပေးပြီးလျှင် ချစ်လင်အတွက် အရက်ချို ထ ၍ ပြင်သွား၏။ ခေါင်းတွင် စည်းထားသော လက်ကိုင်ပဝါ ပြောက်ကျားကလေးကို ဖြုတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်၏ရှေ့၌ ရပ်လာ၏။ သူ၏ ပါးလွှာနီထွေး၍ ချစ်စရာကောင်းလှသော နှုတ်ခမ်းများ၌ မပြွက်ပါသေးသော အရေးကြီးသည့် မေးခွန်း တည်နေလေသည်။ သူ၏ ပါးရိုးများသည် အတော် သန်မာဟန် ရှိ၏။ သူသည် သန်မာသော ပုံပန်းဟန်ပန်ကို ဆောင်လျက်ရှိ၏။ သူသည် အမျိုးအရိုးအလိုက် သန်မာသူ ဖြစ်ပေသည်။ အီတလီပြည်ကြီးနှင့် မလှမ်းမကမ်း အရပ်ရှိ ပင်လယ်ရေများ တဖြုန်းဖြုန်း ရိုက်လျက်နေသော ကော်ဆီကာကျွန်းငယ်ရှိ လူများသည် မျိုးရိုးစဉ်ဆက် သန်မာထွားကျိုင်းသူများ ဖြစ်ကြကုန်၏။

ကော်ဆီကာ ကျွန်းသူကျွန်းသားတို့သည် မိမိတို့ ကမ္ဘာရန်ကြီး ဖြစ်သော ပြင်သစ်တို့အား ကျောချင်းကပ်၍ ခုခံလျက် ရှိကြကုန်၏။ အထက်တွင် ဖော်ပြခဲ့သော မိခင်ပျိုကလေးသည် အသက်အရွယ်အားဖြင့် တစ်ဆယ့်ကိုးနှစ်သာ ရှိသော်လည်း မိမိ၏ ချစ်လင်နှင့်အတူ အဖ ကော်ဆီကာကျွန်း၏ လွတ်လပ်ရေးအတွက် တိုက်ခိုက်ရာ စစ်ပွဲသို့ လိုက်လာကာ စစ်တပ် တဲစခန်းမှ နေ၍ မိမိ၏လင်နှင့် တိုင်းပြည် အောင်ပါစေကြောင်း ဆုမွန်တောင်းရင်း ရင်သွေးအား နို့ချိုကျွေးကာ လင့်အပြန်ကို စောင့်ဆိုင်းနေလေ၏။

ချစ်လင်သည် သူ့အား စစ်ပွဲအကြောင်းကို စုံလင်စွာ ပြန်ပြော၏။ ရန်သူများ ရှုံးနိမ့်နေပြီ။ သူတို့သည် ရန်သူများအား ပင်လယ်ကမ်းရိုးသို့ ရောက်အောင် တွန်းလှန်နေပြီ။ ရန်သူများသည် ပြေးပေါက်မရှိသည့် အခြေသို့ ဆိုက်ရောက်နေလေပြီ။

'နက်ဖြန်ကျရင် စစ်ကို ခေတ္တ ရပ်ဆိုင်းကြတော့မယ်၊ လက်တီဇီယာရေ....တို့ နိုင်နေပြီကွယ့်၊ ကော်စီကာပြည်ကြီး လွတ်လပ်တော့မယ်'

ကော်ဆီကာ ကျွန်းသူကျွန်းသားတို့သည် လူဦးရေ တိုးရန် အရေးကိုသာ ဂရုပြုကြ၏။ လူဦးရေ နည်းပါးလျှင် တိုင်းတစ်ပါးတို့၏ နှိပ်စက်ကလူပြုသမှုကို ငုံ့ခံကြရကာ အမျိုးသည်လည်း တဖြည်းဖြည်း တိမ်ကောချေမည်ကို သိကြပေသည်။ ကျွန်ုပ်တို့၏ စစ်ဗိုလ်ကလေးသည်လည်း သားသမီးမြောက်မြားစွာ အလိုရှိ၏။ သူ့ဇနီးသည်သည် သူနှင့် ထိမ်းမြားစဉ်က





အသက် တစ်ဆယ့်ငါးနှစ်မျှသာ ရှိသည်။ ယခု ရင်တွင်းရှိသော သားငယ်သည် သားဦးဖြစ်၏။

တိုင်းပြည်ခေါင်းဆောင်ကြီး ပါအိုလီ၏ ကိုယ်ရံတော် ဗိုလ်မှူးကလေးသည် သူ့ဇနီးနှင့် ရင်သွေးကို ကြည့်ကာ အားရပါးရ ပြောဆို၏။

'ငါတို့ သားသမီးများ ပြင်သစ်ရဲ့ကျွန် မဖြစ်တော့ဘူးဟေ့....'

*

နွေဦးပေါက် အချိန်သည် ရိုးရိုး မလာ၊ စိတ်မချမ်းမြေ့ဖွယ်ကို ယူ၍ လာခဲ့လေသည်။ ရန်သူ ပြင်သစ်တို့သည် စစ်တပ်အင်အား တိုးတက်လာကာ ကော်ဆီကာ၏ လွတ်လပ်ရေးကို အန္တရာယ် ပြုကြပြန်၏။ ကော်ဆီကာ ကျွန်းသူကျွန်းသားတို့လည်း လွတ်လပ်ရေး တိုက်ပွဲသို့ လက်နက်ဆွဲကာ ဝင်ကြရပြန်သည်။ ကိုယ်ရံတော် ဗိုလ်မှူးကလေးသည်လည်း ဇနီးသည်ကလေးနှင့် အတူ စစ်မြေပြင်သို့ ထွက်ရပြန်၏။ ထိုစဉ်၌ ဇနီးသည်ကလေး ရင်၌ သန္ဓေပါလာ၏။ လွန်ခဲ့သော ဆောင်းဦးစစ်ပွဲတွင် ငြိလာသော သန္ဓေပင် ဖြစ်ပေသည်။

လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ခိုက်နေပေသော ကော်ဆီကာ ကျွန်းသူ ကျွန်းသားများအား ကံကြမ္မာသည် သုန်မှုန်သော မျက်နှာထားနှင့် ကြည့်လိုက်၏။ ပြင်သစ်တို့သည် ကောဆီကန်တို့အား နှိမ်နင်းလိုက်သဖြင့် လွတ်လပ်ရေး တိုက်ပွဲဝင်တို့သည် ကစဉ့်ကလျား ပြေးလွှားကြရကုန်၏။ အလွန်ထူထပ်သော သစ်တောခရီးကြမ်းတစ်လျှောက် ဆုတ်ခွာလာကြရရှာသော လူတစ်စုနှင့် မိန်းမအချို့တို့အနက် လက်တီဇီယာသည် ကိုယ်လေးလက်ဝန်နှင့် တစ်နှစ်အရွယ် သားငယ်ကို ပွေ့ပိုက်လာ၍ မြည်းကိုစီး၍ လိုက်လာလေ၏။ သူတို့သည် ပင်လယ်ကမ်းခြေသို့ ချော့မော့စွာ ရောက်လာကြ၏။ ဇွန်လတွင် စစ်ရှုံးသော ခေါင်းဆောင်ကြီး ပါအိုလီနှင့် သစ္စာတည်လှသော နောက်လိုက် တစ်ရာကျော်တို့သည် အီတလီပြည်သို့ ပြေးကြရကုန်၏။ ဇူလိုင်လတွင် ပါအိုလီ၏ ကိုယ်ရံတော်၊ လက်တီဇီယာ၏ ချစ်လင်သည် အခြား ပုဂ္ဂိုလ်များနှင့်အတူ စစ်ဆောင်သူများအား အရှုံးပေး

www.burmeseclassic.com



လိုက်ရလေတော့၏။ တိုင်းပြည်အတွက် မာနတရား ထားခဲ့ကြသော ကော်ဆီကန်တို့သည် အနေကျံ့နေကြရာ၏။ ဩဂုတ်လတွင်ကား ပါအိုလီ၏ ကိုယ်ရံတော် ဗိုလ်မှူးကလေး၏ ဇနီးသည်သည် ကော်ဆီကန်တို့၏ မာနကို ချိုးဖျသော ရန်သူ ပြင်သစ်များအား လက်စားချေမည့် သူကို ဖွားမြင်လေသည်။

ထိုကလေးကို "နပိုလီယံ"ဟု ခေါ်တွင်စေ၏။

စကားနည်း၍ လူတော မတိုးချင်သော ရှက်တတ်သည့် သူငယ်ကလေးသည် ပြင်သစ်ပြည်ကြီးကို အငြိုးထားသော အာဃာတစိတ်နှင့် မွေးလာသူ ဖြစ်ရကား၊ ကော်ဆီကန်တို့၏ သခင်နိုင်ငံ ပြင်သစ်ပြည်ကြီး၏ မြို့တော် ပဲရစ်မြို့ရှိ ကျောင်းတွင် စာသင်နေစဉ်ပင် ရန်သူ ကလေးများနှင့် မည်သည့်အခါမျှ သင့်မြတ်သည် မရှိ။ ပြင်သစ် ကလေးများကလည်း ဤကော်ဆီကန် ကလေးအား ကျွန်အမျိုးထဲက ဟူ၍ သဘောထားကြကုန်၏။

နပိုလီယံသည် အဖ ကော်ဆီကာပြည်ကြီးကို ချိုးနှိမ်၍ ကျွန်သပေါက်ဘဝသို့ ရောက်အောင် ပြုလိုက်သည့် ပြင်သစ်တို့အား လက်စားချေချင်စိတ်ကြောင့် ပြင်သစ်လူမျိုးတို့ကို ဆေးဖော်ကြောဖက် မလုပ်၊ စာအုပ်နှင့်သာ အဖော်ပြုလေ၏။ သူ ဖတ်သော စာအုပ်များကား "ပလုတပ်" ခေါ် စာရေးဆရာကြီး ရေးသားသော ရောမတိုင်းသား အာဇာနည်ကြီးတို့၏ အတ္ထုပ္ပတ္တိများ ဖြစ်သည်။ သူသည် ထိုအာဇာနည်ကြီးများ အကြောင်းကိုသာ စိတ်တွင် သုံးသပ်ဆင်ခြင် နေလေ့ရှိ၏။ ရောမ အာဇာနည်ကြီးများ၏ အာဇာနည်ပီသသည့် အလုပ်များကိုသာ စိတ်တွင်စွဲမြဲ၍ ထိုကဲ့သို့သော ဇာနည်ပီပီ အလုပ်များကိုသာ လုပ်ကိုင်ရန် စိတ်ကူးနေလေ၏။

သူသည် သူ့မွေးရာဌာန ကော်ဆီကာ ကျွန်းကလေးကို ပြန်လည်သတိရတိုင်း သူ့ဖခင်ကို တိတ်တဆိတ် ဒေါသဖွားမိ၏။ သူ့ဖခင် အဘယ်ကြောင့် ပြင်သစ်များနှင့် စာချုပ် ချုပ်၍ အရှုံးပေးလိုက်ရသနည်း ဟု ဒေါသဖြစ်မိသည်။ သူသည် သူ့အား ပညာသင်ရန် စရိတ်ထောက်ပံ့နေသော ဘုရင့်ထံမှ ရနိုင်သမျှ အကျိုးကျေးဇူးများကို ရအောင်ယူ၍ ပညာစုံသည့်အခါ





သူ့ကျေးဇူးရှင်ကိုပင် သူပြန်၍ တိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ထားလေ၏။ သူသည် ကျောင်းနေခိုက်၌ ကော်ဆီကာ၏ လွတ်လပ်ရေးလုပ်ငန်း အခြေခံဖြစ်သော နိုင်ငံရေးပညာကို တတ်အားသမျှ ရှာမှီး၏။ ပြင်သစ် စာရေးဆရာကြီး ဗော်လတဲယား ရေးသော စာအုပ်များ၊ ရောဇူး ရေးသော စာအုပ်များ၊ နတ်ရှာစ် ပရပ်ရှားဘုရင်ကြီး ရေးသားပြုစုခဲ့သော ကော်ဆီကာပြည် လွတ်လပ်ရေးကျမ်းများကို မနေမနား ဖတ်ရှုနေ၏။

အသက် တစ်ဆယ့်ခြောက်နှစ်သို့ ရောက်လတ်သော် နပိုလီယံသည် စစ်တက္ကသိုလ်ကျောင်းတွင် "ဆပ်လက်ဖတင်နင်" ခေါ် စစ်ဗိုလ်ကလေးဖြစ်လာ၏။ သူသည် ပထမဦးစွာ ဓားရှည်ကို ခါးပတ်တွင်ချိတ်၍ ပတ်သောအခါ ဤသို့ တွေးထင်မိ၏။

"ဓားချိတ်တဲ့ ခါးပတ်မှာ ပြင်သစ်ပိုင်သည်။ ဓားသွားမှာကား ငါပိုင်သည်"

သူသည် စစ်အတတ်ကို သင်ပြီး၍ စာမေးပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင်ပြီးနောက် ဗလင်းမြို့ စစ်တပ်သို့ ဝင်ရ၏။ ထိုမြို့သို့ ရောက်အောင် လမ်းတစ်လျှောက်လုံးလိုလို ခြေကျင် စိုင်းရရှာ၏။ အကြောင်းကား ထင်ရှားလှသည်။ သူ့၌ ငွေကြေး ရှားပါးသောကြောင့်တည်း။

သူ့မိဘများသည် ကော်ဆီကာတွင် အထက်တန်းစားထဲက ဖြစ်ပါ၏။ သို့သော် သူတို့၌ ဟန်သာရှိ၍ အဆန် မရှိကြချေ။ သူသည် ဤသို့ ဗလင်းမြို့သို့ ခြေကျင်တစ်မျိုး၊ ကုန်းကြောင်းတစ်သွယ် ခြေသယ်ရစဉ် စိတ်တွင် အကြံကြီး သုံးခုကို ကြံစည်၏။

ပထမ အကြံကား သူ့မိတ်ဆွေ ပြင်သစ်အမျိုးသား လူနှ လူအတို့အား မုန်းတီးလျက်ပင် မိမိ အလိုရှိသမျှ ကျွဲများ၊ နွားများကို အသုံးပြုသကဲ့သို့ အသုံးပြုရန်။ ဒုတိယ အကြံကား သူ ငွေကြေးရှားပါးခြင်း ဒုက္ခမှ လွတ်မြောက်ရန်။ တတိယ အကြံကား သူတကာတို့အား စိုးမိုးအုပ်ချုပ်နိုင်အောင် ကြံဆောင်ရန်။ သူသည် ကော်ဆီကာကျွန်း၏ လွတ်လပ်ရေးတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ရှေ့ဆောင်ပြုကာ လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းပြီးနောက် ကော်ဆီကာကျွန်းကို အုပ်ချုပ်ရန် အမြဲ စိတ်ထားလျက် ရှိသည်။

ထို့နောက် ပြင်သစ်ပြည်ကြီးသည် မနေရှင်များ၏ သရဲမင်းရဲစီးမှု၊ ဘုရင်၏ အားပျော့မှု၊ မိုက်မဲမှုများနှင့် ဆင်းရဲသားများ၏ အဆုံးစွန်သော ဆင်းရဲခြင်း အခြေအနေများတို့၏ ပယောဂကြောင့် ဗယောက်ဗယက်ဖြစ်ကာ ကမ္ဘာ့ရာဇဝင်တွင် မှတ်တမ်းတင်ရသော ပြင်သစ် အရေးတော်ပုံကြီး ဖြစ်ပေါ်လာ၏။

ပြင်သစ် အရေးတော်ပုံကြီးတွင် ဝင်၍နွှဲရသော နပိုလီယံသည် သူ့အစွမ်းအစကို ပြလေသဖြင့် တဖြည်းဖြည်း တက်လမ်းပွင့်ကာ၊ နောက်ဆုံး၌ ပြင်သစ် ပြည်သူပြည်သားများ စစ်တပ်၏ ဦးစီးဦးကိုင် ဗိုလ်ချုပ်ကြီး ဖြစ်လာ၏။

ပြင်သစ်ပြည်ကြီးသည် ဘုရင်ကို အဆုံးစီရင်၍ မင်းဆက် ဖြုတ်လိုက်ပြီးနောက်၊ အခြေမတည် အနေမကျ ဖြစ်နေပြီးနောက် စစ်တပ်သည်သာလျှင် တစ်နေ့တခြား အားကိုးရာ အားထားရာ ဖြစ်လာပြီးလျှင် စစ်တပ်၏ အအုပ်အချုပ်ကို ခံရလေ၏။ နပိုလီယံအား တိုင်းပြည်၏ အာဏာရှင် အဖြစ်ဖြင့် ဆောင်ရွက်စေ၏။ ရှင်ဘုရင် မထားဘဲ သမ္မတအုပ်ချုပ်နည်း စနစ်နှင့် အုပ်ချုပ်ရန် ဖြစ်သော်လည်း နပိုလီယံသည် သူ၏ တစ်နေ့တခြား ကြီးထွားလာသော တန်ခိုးအာဏာ အင်အားတို့ကြောင့် သမ္မတ၊ အာဏာရှင် စသည်တို့၏ အမည်ကို မခံယူလိုတော့ဘဲ ဧကရာဇ်ဘွဲ့ကို ခံယူလိုက်၏။

ပထမမြောက် နပိုလီယံ ဧကရာဇ်မင်းမြတ် ဖြစ်လာ၏။

## အခန်း [ ၂ ]

၁၈၀၆ ခုနှစ် နိုဝင်ဘာလတွင် နပိုလီယံသည် ရန်သူ မဟာမိတ်သုံးဦး ပျက်ပြားစေရန် ရုရှားကိုတိုက်မည် ကြံစည်နေဆဲ ဖြစ်၏။ ပရပ်ရှားသည် လွန်ခဲ့သည့် လ က အရှုံးပေးလိုက်ရသော်လည်း သူ့မဟာမိတ် ရုရှား စစ်အောင် နိုးနိုး စောင့်စားရင်းပင် စစ်ပြေငြိမ်းရေး ကိစ္စကို မစိမ်သေးဘဲ စောင့်ဆိုင်းထားခဲ့လေသည်။ ဩစတြီးယားဘုရင် ဖရန်စစ် အနှစ်တစ်ထောင်ကာလပတ်လုံး အစဉ်အဆက် ပိုးထောင်လာခဲ့သော ရောမအင်ပါယာကြီးကို ဩစလစ် စစ်ပွဲတွင် ရှုံးလိုက်သည်နှင့် တစ်ပြိုင်နက် ပြိုပျက်သွားစေသည့် ဤနပိုလီယံ မည်သော သူသည် ငါ၏တိုင်းပြည်ကို ယူလိုလျှင် ရနိုင်ပေလိမ့်မည် ဟု ပရပ်ရှားဘုရင် ဖရက်ဒရစ်ဝီလျံသည် တွေး၍ ကြောက်ရွံ့နေရှာ၏။

ဤ ဩစတြီးယား၊ ပရပ်ရှား၊ ရုရှား၊ သုံးဦးတို့သည် မိမိတို့နယ်ကို ကျော်လွန်၍ လောဘဇော တိုက်လေရကား ပိုလန်ပြည်ကို သုံးစိတ်သုံးမြွာ ခွဲ၍ ယူထားကြ၏။ နပိုလီယံသည် လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ခိုက်ပေးခဲ့သည့် ကျေးဇူးကြောင့် ပြင်သစ် ပြည်သူပြည်သားများက ဧကရာဇ် တင်မြှောက်ခြင်း ခံရသူ ဖြစ်ရကား သူများလက်အောက်တွင် ကျွန်သပေါက်အဖြစ် ညှဉ်းဆဲခံနေရသူ အပေါင်းအား ကယ်တင်လိုသော ဆန္ဒ ရှိသည်ဟု အများသိရှိ ယုံကြည်ကြလေသည်။

ပိုလန်ပြည်သည် အမည်နာမအားဖြင့်သာ တည်နေ၏။ စင်စစ်ကား လောဘသား သုံးဦးတို့၏ စားမျိုခြင်း ခံနေရရှာသည်။ ပိုလန် ပြည်သူပြည်သားတို့သည် မင်းသုံးဦးတို့ အောက်တွင် နင်းပြား ဖြစ်နေကြရ၏။ နပိုလီယံသည် ဩစတြီးယားနှင့် ပရပ်ရှားတို့အား နှိမ်နင်းလိုက်သံကို ကြားရသောအခါ ပိုလန် ပြည်သူပြည်သားတို့သည် လွတ်လပ်ရေး ရေသိတာကို သောက်သုံးလိုလှသော ခြောက်သွေ့နေသည့် လည်ချောင်းသည် ရွာတော့မည့်မိုးကို မျှော်ကိုးနေသကဲ့သို့ နပိုလီယံအား မျှော်ကိုး စောင့်စား နေကြကုန်၏။

နပိုလီယံသည် လွတ်လပ်ရေးခေါင်းဆောင်ကြီး ဖြစ်ပေသည်။ သူသည် ပြင်သစ်ပြည်ကြီးကို မနေရှင်များ လက်အောက် ရောက်နေသည့်အဖြစ်မှ လွတ်မြောက်စေခဲ့၏။ ယခု ပိုလန်ပြည်ကိုလည်း လွတ်လပ်ရေး ဆုထူးကို ပေးပါမည်လော။ ပိုလန်ပြည်သည် ရှေးအထက်ကျော် ကာရိက ရွှေထီး

www.burmeseclassic.com



ရွှေနန်း ရွှေကြငှန်းနှင့် နေခဲ့သော သခင်နိုင်ငံ ဖြစ်ပါ၏။ သို့သော် ယခုကား ထီးကျိုးစည်ပေါက် ကျွန်သပေါက်ဘဝတွင် နစ်မြုပ်နေချေပြီ။ ပိုလန်ပြည်သည် ထိုဘဝမှ လွတ်မြောက်၍ ရှေးက ရွှေထီးဆောင်းခဲ့ဖူးသော ဘဝသို့ ပြန်လည် ရောက်ရှိပါဦးမည်လော။

သို့သော် နပိုလီယံသည် ပိုလန်ပြည်၏ လွတ်လပ်ရေးကို ကြံဆောင်ပေးမည်ဟု မည်သူမျှ ဗေဒင်မဟောနိုင်။ သူသည် သူ့ရန်သူဖြစ်ကုန်သော ပိုလန်ကို လက်ဝါးကြီးအုပ်နေကြသည့် ဩစတြီးယား၊ ပရပ်ရှား၊ ရုရှားတို့ကို မဝင့်ကျယ်နိုင်အောင်၊ နယ်မချဲ့နိုင်အောင် ပြုလုပ် လိုပေလိမ့်မည်။ ပိုလန်ပြည်ကို ဝေခွဲ စားမျိုထားခြင်းသည် အလွန်ယုတ်မာသော အလုပ်ကြီးတစ်ခု ဖြစ်ကြောင်းကိုလည်း သိပေသည်။ ပိုလန်ပြည်မှနေ၍ ရန်သူများကို တိုက်ခိုက်လျှင်လည်း တစ်ပန်းသာနိုင်ဖွယ်ရာ ရှိပါ၏။ သို့သော် ပိုလန်ပြည်ကြီး၏ လွတ်လပ်ရေးကို ကြေညာလိုက်ပါလျှင် မိုက်ရာကျချေမည်။

ပိုလန် ပြည်သူပြည်သားများသည် တစ်ဦးနှင့်တစ်ဦး ကြည်ညိုလေးစားကြသည် မဟုတ်။ ခေါင်းဆောင်များသည် ညီညွတ်ခြင်း ကင်းကြ၏။ နိုင်ငံရေးအဖွဲ့ တစ်ဖွဲ့သည် ရုရှားအား ကျွန်ခံလို၏။ ထိုအဖွဲ့၏ ဝါဒကား ရုရှားကို ကျွန်ခံခြင်းအားဖြင့် ပိုလန်သည် သက်သာရာ ရနိုင်သည်။ ရုရှားသည် နပိုလီယံကို ရွံ့စိုးသဖြင့် ပိုလန်ကို ညှာတာလိမ့်မည်။ အခြားအဖွဲ့ တစ်ဖွဲ့ကား ပရပ်ရှားကို တိုင်းပြည် အပ်လိုက်ချင်သည်။ ထိုအဖွဲ့၏ ဝါဒလည်း အခြား အဖွဲ့၏ ဝါဒကဲ့သို့ပင် ဖြစ်၏။ ပိုလန်ပြည်သား စစ်အရာရှိများက နပိုလီယံ၏ စစ်တပ်တွင် အမှုထမ်းနေကြ၏။ ဤသို့လျှင် ပိုလန်ပြည်သူပြည်သားတို့သည် စိတ်ထား အမျိုးမျိုးကွဲ၍ နေကြကုန်၏။ ခရစ်ယာန် ဘုန်းတော်ကြီးများသည် ပြင်သစ်မုန်းတီးရေးကို အမြဲ ဟောပြော တိုက်တွန်းနေကြ၏။ ပြင်သစ်ပြည်၌ ခရစ်ယာန် ဘုန်းကြီးကျောင်းများကို အရေးတော်ပုံ မတိုင်မီကကဲ့သို့ စည်ကားအောင် ဖွင့်လှစ်ပေးသော နပိုလီယံသည် ပိုလန်





ခရစ်ယာန် ဘုန်းတော်ကြီးများက သူ့ကို မုန်းတီးစေအောင် တရားဟောနေသည့် အတွက် အံ့ဩစိတ်ပျက်လေ၏။

ပိုလန်ပြည်ရှိ ပြင်သစ် စစ်သားများသည်လည်း ဥတုသပ္ပာယ မမျှတသဖြင့် အတိဒုက္ခ ရောက်နေကြ၏။ ပိုလန်ပြည် ဆောင်းဥတုသည် အလွန်ရွံ့ရှာဖွယ် ကောင်းလှသည်။ ၁၈၀၆ ခုနှစ် ဆောင်းကာလသည်ကား သာ၍ပင် စိတ်ပျက်ဖွယ် ကောင်းသေး၏။ နှင်းများသည် အရည်ပျော်၍ တစ်ပြည်လုံး၌ ပင်လယ်ပြင်ကဲ့သို့ ရေများ ပြည့်လျှမ်းလျက် ရှိနေ၏။ ရွံ့များလည်း ဒူးဆစ်တိုင် မြုပ်၏။ အသွားအလာ အလွန်ခက်ခဲ၍ အမြောက်များ၊ လက်နက်များ သယ်ဆောင်ရခြင်းသည် ကြီးစွာသောဒုက္ခနှင့် တူချေသည်။ အစာရိက္ခာများ သယ်ပို့ရန်မှာလည်း ခက်ခဲလှသဖြင့် ရိက္ခာကို လုံလောက်အောင် မှန်မှန် မပို့နိုင်ချေ။ ပြင်သစ်စစ်သားတို့သည် ရွံ့မုန်းသော စိတ်ထားဖြင့်–

'ဒါလား ပိုလန်ပြည် ဆိုတာ၊ ဒီလို နေရာမျိုးကို သူတို့မို့ တိုင်းပြည် ခေါ်ပလေတယ်'

ဟု ရွတ်ချကြကုန်၏။ နပိုလီယံသည် ဤသို့ ရွတ်ချရန် မထိုက်ကြောင်း ပြော၏။

'မရှုံ့ကြပါနဲ့ကွယ်၊ မင်းတို့ ပြင်သစ်ပြည်ကြီး ပြန်သွားတော့ စစ်အောင်သူများတွင် မဟုတ်၊ ပင်လယ်ရပ်ခြားကို စွန့်စားသွားခဲ့သူတွေလို ဖြစ်ဦးမှာပဲ။ အခု မင်းတို့ ဓာတ်လေးပါးအပြင် ပဉ္စမမြောက် ဓာတ်တစ်ပါးကို တွေ့ရပြီ မဟုတ်လား။ ရွံ့လေ....ရွံ့'

ဟု ပြောလေသည်။

ပြင်သစ်ပြည်ကြီးသည် တစ်ဆယ့်ရှစ်နှစ် ကာလပတ်လုံး တိုက်ခိုက်နေရသဖြင့် စစ်ပန်းနေရကား ငြိမ်းချမ်းရေးကို အလွန်အမင်း လိုလားနေ၏။ နပိုလီယံလည်း ထိုနည်းလည်းကောင်း လိုလားလျှင် လိုလားပေလိမ့်မည်။ သူသည် ပြောမဆုံးနိုင်လောက်သော အောင်ခြင်းများကို ရရှိခဲ့ပေပြီ။ သူသည်

www.burmeseclassic.com



ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဘုရင်ဧကရာဇ် ဘဝကိုလည်း ရရှိပြီးပေပြီ။ သူ တည်ထောင်ထားသော၊ ကျယ်ပြန့်လှစွာသော အင်ပါယာကြီး၏ အချုပ်မဏ္ဍိုင်ဖြစ်သော ပဲရစ်မြို့တော်ကြီးသည် သူ့အား လက်ယပ်ခေါ်လျက် နေလေပြီ။

သို့ပင် ဖြစ်ငြားလည်း ကျွန်တွင်း နှစ်နေကြကုန်သော များလှသောင်းသောင်း ပိုလန်ပြည်သူပြည်သား အပေါင်းတို့သည် ဤကယ်တင်မည့်သူအား ရှိခိုးဝပ်တွားလျက် လွတ်လပ်ရေးဆုကို တောင်းဆိုနေကြသည်။ သို့စဉ်ပင် ပိုလန်ပြည်ရှိ နိုင်ငံရေးသည် အလွန်စက်ဆုပ်ဖွယ် ကောင်းနေ၏။ လူစုကွဲပြားနေခြင်းသည် လွတ်လပ်ရေးစခန်းကို မရောက်နိုင်အောင် ပိတ်ပင်ဖျက်ဆီးလျက် ရှိ၏။ အောင်ပွဲများစွာကို ဆင်ယင်ခဲ့သော နပိုလီယံသည် အောင်ခြင်းမင်္ဂလာကို ပြင်သစ် ပြည်သူပြည်သားတို့အား အပ်နှင်းနေစဉ် ဤပိုလန်ကဲ့သို့ မျိုးမတော် ဆွေမစပ်သည်သာမက ရန်သူဟုပင် မှတ်ထင်အပ်သော လူမျိုးအား လွတ်လပ်ရေးပေးရန် အားကြိုးမာန်တက် ပြုပါမူ နပိုလီယံသည် မိမိ၏ ဆောင်ခဲ့သမျှသော အောင်ပန်း အခိုင်ခိုင်တို့ကို မြေဝယ်ချ၍ ချေမှုန်းလိုက်သည်နှင့် တူချေတော့မည် တကား။

ထိုသို့သော မညီညွတ်သည့် အကြောင်းများကြောင့် ပိုလန်ပြည်အရေးတွင် နပိုလီယံ ဝင်ရောက်ဆောင်ရွက်ခြင်းဟာ ရတ်ခြည်းမဖြစ်နိုင်သော်ငြားလည်း အာသာငမ်းငမ်းတက် နေရှာသော ပိုလန်ပြည်သူပြည်သားတို့အား မျှော်လင့်ချက် ကင်းကုန်ခြင်းဘဝသို့ တွန်းထိုးခြင်း မပြုမူ၍၊ နပိုလီယံသည် ပိုလန်ပြည်မှ လာရောက် တောင်းဆိုကြသော ကိုယ်စားလှယ်များကို တစ်စုံတစ်ရာ ပြုလုပ်ပေးပါမည်ဟု ဝန်ခံခြင်း မပြုဘဲ၊ စိတ်အားသန်သန်နှင့် တသောသော ရောက်လာကြကုန်သော ပိုလန်ကိုယ်စားလှယ် အသီးသီးတို့အား နပိုလီယံ ဧကရာဇ်သည် ပိုလန်ပြည်၏ လွတ်လပ်ရေး ဆောင်ရွက်မှုများကို ညှာတာခြင်း ရှိပါ၏။ သို့သော် တိုင်းခြား၏ ကြိုးပမ်းမှုကို အားမကိုးဘဲ မိမိဘာသာအလျောက် ညီညွတ်မှုဖြင့် လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းရန်ကိုသာ ပြန်ကြားလိုက်လေသည်။





နပိုလီယံသည် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပိုလန်မြို့တော် ဝါဆောအနီး ပိုဆင်မြို့သို့ ရောက်ရှိလာ၏။ ဝါဆောမြို့တော်ရှိ နိုင်ငံရေးသမားများသည် တစ်ဦးနှင့်တစ်ဦး ညီညွတ်သင့်တင့်ခြင်း မရှိကြကြောင်း ကြားသိရသဖြင့် ပိုဆင်မှ ဝါဆောသို့ ဆက်လက်၍သွားရန် မကြံစည်တော့ဘဲ ပိုဆင်မြို့တွင် စခန်းချနေ၏။ သူ၏ အမတ်လိမ္မာတစ်ဦး ဖြစ်သော ဗိုင်ဘစ်ကီးအား ဝါဆောမြို့တော်သို့ သွားရောက်၍ ခေါင်းဆောင်များအား ညီညွတ်မှသာလျှင် လိုအပ်သော လွတ်လပ်ရေးကို ရရှိမည့်အကြောင်း ထင်လင်းစွာ ပြောကြားစေ၏။ ပိုဆင်မြို့သို့ ရောက်ပြီးနောက် မကြာမီပင်လျှင် နပိုလီယံသည် ပရပ်ရှားတို့အား ဖယ်ရှားလေသောကြောင့် ပိုလန်ပြည်သူပြည်သားတို့သည် အထူးတလည် ကြည်ညိုကြကုန်၏။ နပိုလီယံပင်လျှင် သူတို့၏သခင် ဖြစ်ပေသည် တကားဟု ချီးကျူးကြကုန်၏။ အမတ်လိမ္မာသည် ဝါဆောမြို့ရှိ ခေါင်းဆောင် အသီးသီးတို့အား ညီညွတ်ရေးတရား ဟောကာ လွတ်လပ်ရေးကို လွယ်ကူစွာ မရနိုင်ကြောင်း၊ ကိုယ်ကျိုးကိုမငဲ့ဘဲ တိုင်းပြည်၏ အကျိုးကိုသာ ပဓာနပြုကာ ကြိုးပမ်းမှ လွတ်လပ်ရေးနှင့် နီးမည့် အကြောင်းကို ပြောကြားလေသည်။

ညီညွတ်ခြင်း ကင်းငြားလည်း လွတ်လပ်ရေးအတွက် မျှော်လင့်ခြင်းပြင်းထန်ကြကုန်သော ပိုလန် ပြည်သူပြည်သားတို့သည် ဗိုင်ဘစ်ကီး၏ ပြောကြားချက်ကို ကြားရသော် လွတ်လပ်ရေးသည် မျှော်ကိုးသလောက် မနီးကြောင်း သိရှိကြရသဖြင့် ဝမ်းနည်းခြင်းမလှ ဝမ်းနည်းကြကုန်၏။ သို့သော် ညီညွတ်ရေး အရေးကြီးကြောင်းကို သဘောပေါက်ကြကာ ညီညွတ်မှုကို ကြိုးပမ်းကြကုန်၏။ ထိုမျှမကသေး၊ နပိုလီယံအား ဝါဆောမြို့တော်သို့ ပင့်ဆောင်ရန်ကိုလည်း ကြိုးစားကြကုန်၏။ သူတို့၏ အယူကား နပိုလီယံသည် ခေါင်းဆောင်တို့၏ သတ္တိဗလနှင့် ပြည့်စုံသူ ဖြစ်သဖြင့် တိုင်းပြည်ကြီးကို နပိုလီယံ၏ စီမံရာအတိုင်း ဖြစ်စေရန် အပ်နှင်းလိုက်ခြင်းသည် လွတ်လပ်ရေး စခန်းသို့ ရောက်ရာ လမ်းပင် ဖြစ်ကြောင်းတည်း။

www.burmeseclassic.com

## အခန်း [ ၃ ]

နပိုလီယံသည် ဝါဆောမြို့တော်တွင်း၌ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ လူမသိအောင် နေပြီးလျှင် သူ့စစ်တပ်ကို စီမံခန့်ခွဲနေ၏။ ရုရှားတပ်များသည် လေးကြိမ်တိုင်တိုင် လန့်၍ ပြေးကြသဖြင့် ရုရှားနှင့် ပရပ်ရှားတို့ တွဲဖက်တိုက်မည့် ဘေးရန်မှ လွတ်မြောက်သွားလေပြီ ဖြစ်ရကား သူ၏ စစ်တပ်ကို အမျိုးမျိုး ခန့်ခွဲပြီးနောက် ဒီဇင်ဘာလ ၃၁ ရက် နေ့တွင် ဝါဆောမြို့တော်သို့ အဆောင်အယောင်နှင့် ဝင်ရန် ကြေညာလိုက်လေ၏။ ပိုလန် ပြည်သူပြည်သားများကိုလည်း သူ့အား နှစ်သစ်မင်္ဂလာ နှုတ်ဆက်ခြင်း ပြုလုပ်ခွင့် ပေးလိုက်လေသည်။

ထိုနေ့ညဉ့် ဝါဆောမြို့ကြီးသည် အိပ်သည် မရှိ၊ လှုပ်လှုပ်ရွရွနှင့် နေလေ၏။ စည်များ၊ ခရာများ တီးမှုတ်ကာ ဧကရာဇ်မင်းမြတ် ဝင်တော်မူမည့် အကြောင်းကို ကြေညာသည်မှာ မကြာခဏပင် ဖြစ်နေ၏။ ကြော်ငြာစာများကိုလည်း တစ်မြို့လုံး အနှံ့အပြား ကပ်လျက်ရှိ၏။ အပြာရောင်၊ အဖြူရောင်၊ အနီရောင် ရှိသော အရာဝတ္ထုတို့သည် ပြင်သစ်အလံချည်း ဖြစ်ကုန်ကြ၏။ ပန်းခိုင် ပန်းခွေကြီးများကိုလည်း မြောက်မြားစွာ ပြုလုပ်စီရင်ထားကြ၏။ မြို့ပေါ်ရှိ လူကြီးလူငယ်မကျန် အားလုံးတို့သည် မဏ္ဍပ်ဆင်ဝင်ကြီးများ ဆောက်လုပ်ကြာက "ပိုလန်ပြည်ကြီးကို ကယ်တင်မည့်သူ" ဟူသော စာတန်းကြီးများကို ထိုးထားကြကုန်၏။

ရထားထဲရှိ မှောင်ကျကျရှိသော ထောင့်တွင် ထိုင်နေကာ ရုတ်ရုတ်သဲသဲ ဖြစ်နေသော ပိုလန်ပရိသတ်ကြီးကို ဟန်ပြုံးကလေးမျှ မပြုံးဘဲ နေသူကား ဧကရာဇ် နပိုလီယံပေတည်း။ ပရိသတ်ကြီးသည် "ကယ်တင်မည့်သူ" အား စိတ်ရောကိုယ်ပါ ဖူးမြော်ကြလျက် 'ဧကရာဇ်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ' ဟူသော သြဘာသံကြီးသည် ဘဝင်ထိမျှ ဖြစ်ဝြားသော်လည်း နပိုလီယံသည် ဂရုမထား။ ဦးခေါင်းကိုမျှ မသိမသာ ညိတ်သည်မရှိ။





ချောင်ထဲတွင် ငိုင်တိုင်တိုင် နေလေ၏။ သူ့အနီး၌ကား နန်းတော်အဆောင်မှူး ဗိုလ်ကြီး ဒူးရော့ ထိုင်လျက် ပါလာလေသည်။ နပိုလီယံသည် ပိုလန်စစ်တပ်၏ အရိုအသေ ပေးခြင်းကိုပင် တုံ့ပြန်ခြင်း မရှိချေ။ သို့သော် ထိုစစ်တပ်သည် ပြင်သစ်စစ်တပ်၏ လက်အောက်ခံ ဖြစ်ပေသည်။ သူတို့၏ စာတန်းသည် "လွတ်လပ်သူတို့သည် ဆွေမျိုးသားချင်းများ ဖြစ်ကြသည်" ဟူသော ပြင်သစ်ပြည် အရေးတော်ပုံ၏ အမွေအနှစ်ဖြစ်သည့် ဝါဒစာတန်း ဖြစ်၏။ နပိုလီယံသည် အရေးတော်ပုံ၏ သားကောင်းရတနာကြီး ဖြစ်ပေသည်။ သို့ပါလျက်နှင့် ပိုလန်စစ်တပ်၏ အရိုအသေပေးခြင်းကို မတုံ့ပြန်ခဲ့ချေ။

ဤကဲ့သို့သော အခမ်းအနားမျိုးသည် နပိုလီယံအဖို့ ရိုး၍နေချေပြီ။ ဒီဇင်ဘာလ ၂ ရက်နေ့ကပင် ပြင်သစ် မြို့တော်ကြီးတွင် ရဟန်းမင်းက သူ့အား ဧကရာဇ်အဖြစ် ဘိသိက် သွန်းမြောက်ပေးခဲ့ပေသေးသည်။ ဘိသိက်ပွဲကြီးသည် အလွန့်အလွန် စည်ကားလှသည်။ ပိုလန်ပြည်သားတို့ ကြိုဆိုပွဲကား ဘိသိက်ပွဲနှင့် စာလိုက်သော် ကြက်ပွဲမျှသာ ဖြစ်နေရှာသည်။ နပိုလီယံသည် ခရီးအဆုံးဖြစ်သော ဝါဆောမြို့တော် တဲနန်းသို့သာ စိတ်စောနေလေ၏။

နပိုလီယံ အပါး၌ ထိုင်၍ လိုက်ပါလာသော ဒူးရော့သည် ပရိသတ်ကို ငေးမောကြည့်ရှုရင်း အဝတ်အစားအားဖြင့် သာမန်မျှသာ ဖြစ်သော်လည်း အမူအရာမှာ အထက်တန်းစားထဲက ဖြစ်ပုံရသည့် မိန်းမပျို နှစ်ဦးသည် တစိစိ တည့်တည့် အော်၍ လက်များ မြှောက်ယမ်းကာ နပိုလီယံအား ကြိုဆိုနေကြကုန်သော ဆင်းရဲသားများ ကြားမှ တိုးထွက်လာသည်ကို မြင်ရလေ၏။

'ဒီမှာ....စစ်ဗိုလ်ကြီး၊ တစ်ဆိတ်လောက်....'

ဟု တစ်ဦးသော မိန်းမက ဒူးရော့အား လှမ်း၍ပြော၏။

ဒူးရော့သည် ရထားပေါ်မှ ဆင်း၍ ထိုမိန်းမပျိုအား တွဲမ ကာ ရထားပေါ်သို့ တင်လိုက်ပြီးလျှင် ဧကရာဇ် မင်းမြတ်အား ရယ်မောကာ လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



'အရှင်....လှူတော်တိုးပြီး အရှင့်ထံသို့ ခိုဝင် ခစားလာသော မိန်းမများအား ရှုတော်မူပါလော့'

နပိုလီယံသည် ထိုမိန်းမပျိုအား ကြည့်၍ 'ဪ'ဟု စကား စမည့်ဟန် ပြင်၏။

ထိုမိန်းမပျိုသည် မိမိရှေ့တွင် ပိုလန်ပြည်ကြီးကို ကျွန်ဘဝမှ ကယ်တင်မည့် ပုဂ္ဂိုလ်မြတ်ကြီးကို တွေ့မြင်နေရလေပြီ။ နပိုလီယံ ပြည်တော်ဝင်မည် ကြားကတည်းကပင် သူ့မိတ်ဆွေ အယ်ဘီတာနှင့် တိုင်ပင်ကာ ဧကရာဇ်မင်း မြို့တွင်းသို့ မရောက်မီ ဆီးကြိုနှင့်မည်ဟု ကြံရွယ်ထားရာ ယခုအကြံမြောက်ပေပြီ။

နပိုလီယံသည် မိန်းမပျို၏ ချစ်ချင်စဖွယ် တင့်တယ်လှသော ရူပကာကို ဂရုပြုမိလေ၏။ ထိုအခိုက်တွင် မိန်းမပျိုသည် တိုင်းပြည်အတွက် အချက်ကောင်းရ၍ ဧကရာဇ်မင်းမြတ်ထံ အခစားဝင်ရန် တောင်းပန်တိုးလျှိုးခြင်းအထူး မပြုရဘဲနှင့် ရှေ့တော်မှောက် ရောက်နေရသဖြင့် လျှောက်တင်လိုသမျှကို ဓာသန်သန်နှင့် လျှောက်တင်လေ၏။

'အရှင် ကျွန်တော်မျိုးတို့၏ တိုင်းပြည်ကြီးသည် အရှင့်အား ဝမ်းမြောက်စွာ ကြိုဆိုလျက် ရှိပါသည်။ ကျွန်တော်မျိုးတို့သည် အရှင် ရွှေစကြာဖြန့်ချိလာတော်မူသည့်အတွက် ဝမ်းပန်းတသာ ဖြစ်နေကြပါသည်။ ကျွန်တော်မျိုး....ကျွန်တော်မျိုးမ၊ ကျွန်....ကျွန်....ကျွန်တော်မျိုးမသည် အရှင့်အား အထူးကျေးဇူး ဆိုပါ၏ ဘုရား....'

ဟု မိန်းမပျိုသည် ဇောကြီးလှသဖြင့် အထစ်ထစ် အငေါ့ငေါ့နှင့် ပြောရှာပေသည်။

အမြဲတမ်း မိမိကသာ မေး၍ သူတကာ၏ အမေးသော် လည်းကောင်း၊ စကားကြော ရှည်သည်ကိုသော် လည်းကောင်း ခံလေ့မရှိသော ဧကရာဇ် နပိုလီယံသည် မိန်းမပျိုကို မြင်ရ ကြားရသောအခါ စိတ်နှလုံးတွင် ထိမိလေရကား မိန်းမပျို ပြောသမျှကို နားဆင်နေတော်မူ၏။





မိန်းမပျိုသည် ထိုသို့ ပြောပြီးလျှင် ရထားမှ ဆင်းလေ၏။ နပိုလီယံသည် မိမိအား ဆက်လိုက်သော ပန်းများကို သူ့ဘေးနားမှ ယူ၍ မိန်းမပျိုအား ပေါက်လိုက်လေ၏။

'ဒီသူငယ်မကလေးဟာ အလွန် ချောမွေ့ပါကလား ကွယ်ရို့၊ ငါဖြင့်....'

ဟု နပိုလီယံသည် စကားကို အဆုံးမသတ်ဘဲ လျှာကာထားလေသော်....။

ဒူးရော့သည် နပိုလီယံ၏ အလိုတော်ကို သိရကား–

'သူငယ်မကလေးမှာ အသက်အရွယ် မငယ်လွန်းလှပါ၊ မိန်းမပျိုကလေး ဖြစ်နေပါပြီ။ ပိုလန်သူကလေး ဖြစ်မှာပေါ့ ဘုရား၊ ကိုယ်တော်မကြာခင် တွေ့ရပါစေ့မယ်၊ ကျွန်တော်မျိုးကြီး စီမံပါ့မယ်၊ စိတ်ချတော်မူပါ့'

ဟု ပြောလေ၏။

ဒူးရော့သည် ဤသို့ ပြောပြီးနောက် နပိုလီယံက မည်သို့ ပြန်၍ ပြောမည်နည်းဟု တွေးတောစောင့်စား နေလေ၏။ သို့သော် ဝါဆောမြို့တံနန်းတော်အထိ နပိုလီယံသည် စကား တစ်ခွန်း တစ်ပါဒမျှ မမြွက်ဟတော့ချေ။

## အခန်း [ ၄ ]

မာရီဝါလူးစကားသည် မြို့စားကြီး ဝါလူးစကီး၏ မျောက်သားဖြစ်၏။ မာရီသည် အသက်အရွယ် နနယ်လှသေး၏။ တစ်ဆယ့်ကိုးနှစ်မျှသာ ရှိသေးသည်။ သူ၏ခင်ပွန်း မြို့စားကြီးကား အသက် ခုနစ်ဆယ်နီးပါး ရှိလေပြီ။ မာရီတို့ အမျိုးအနွယ်သည် ရှေးအစဉ်အဆက်က အထက်တန်းကျ၍ လာခဲ့ကြားလည်း ပိုလန်ပြည်သည် နယ်ချဲ့သမားတို့၏ ကလူညှဉ်းဆဲခြင်းကို အမျိုးမျိုး ခံနေရရှာသဖြင့် ဆင်းရဲသည့်ထက် ဆင်းရဲလာလေ၏။ ရှေးအစဉ်အဆက်



www.burmeseclassic.com

www.burmeseclassic.com



က အထက်တန်း ကျခဲ့ကြသော မင်းစိုးရာဇာ အမျိုးအနွယ်တို့သည်လည်း ဟန်သာရှိ၍ အဆန်မရှိ ဖြစ်ကြချေပြီ။

မာရီတို့ အိမ်သားတစ်စုလည်း ရှေးကနှင့်မတူ ဆင်ပိန်ကျွဲ ပမာ ဖြစ်ကာ ကြေးငွေရှားပါး၍ အနေအထိုင် ကျပ်တည်းနေကြရှာ၏။ မာရီ၏ မိခင်သည် မာရီ၏ လှပသော ရုပ်ဆင်းသဏ္ဌာန်နှင့် ငွေကြေးကို လဲလှယ်ရန် အာသာဆန္ဒ ရှိလေသည်။ အစ်ကိုဖြစ်သူမှာလည်း အိမ်သားများကို မိမိ မထောက်ပံ့နိုင်သည့်အတွက် မိခင်ကဲ့သို့ အာသာဆန္ဒ ရှိလေ၏။ မာရီအား အိမ်နီးချင်းဖြစ်သော ဝါလူစကီးနှင့် ထိမ်းမြားကာ ဝါလူးစကီး၏ ငွေကြေး ဖြင့် ဣန္ဒြေမပျက် နေနိုင်သွားရန် ကြံစည်ကြကုန်၏။ မာရီသည် အသက် ခုနစ်ဆယ်နီးပါး ရှိသော အဘိုးကြီးနှင့် အကြောင်းဆက်ရမည့် အရေးကို တွေးမိတိုင်း ရင်လေး၏။ သို့သော် ပြိုပျက်၍ သွားခါနီးဖြစ်သော မိမိ၏ အမျိုးဂုဏ်ကို ဆယ်ယူရန် တာဝန်ကို သိတတ်ရကား နောက်ဆုံး၌ အဘိုးကြီး နှင့်ပင် ကြည်ဖြူလိုက်ရရှာသတည်း။

မာရီသည် ကျွန်တွင်း နစ်နေရရှာသော ပိုလန်ပြည်ကြီးကို အလွန် ချစ်၏။ နပိုလီယံ ဝါဆောမြို့သို့ ဝင်မည်ဆိုသည့် သတင်းကို မဝင်ခင် ၁၂ ရက်ခန့်က ကြားသိရ၏။ သူသည် ပိုလန်ပြည်ကြီး၏ လွတ်လပ်ရေးကို ပေးနိုင်သသူ ဧကရာဇ်မင်းမြတ်အား တတ်အားသမျှသော လောကဝတ်ပျူငှာ ဖြင့် ကြိုဆိုရန် အာသာပြင်းပြစွာ ရှိ၏။ ထို့ကြောင့် ဧကရာဇ်မင်းမြတ် မြို့တော်ဝင်ရန် အခမ်းအနား ကျင်းပနေစဉ် လူတောထဲမှ အတင်းတိုးထွက်၍ ဧကရာဇ်၏ မျက်မှောက်တော်ရောက် ခိုဝင် ခ စားကာ ပိုလန်ပြည်ကို ကယ်တင်တော်မူရန် လျှောက်ထားတောင်းပန်ရှာ၏။

၁၈၀၇ ခုနှစ် ဇန်နဝါရီလတွင် ဝါဆောမြို့တော်၌ ပျော်ပွဲအစုံစုံ ကျင်းပနေလေ၏။ လွန်ခဲ့သည့် ၁၅ နှစ်လောက်ကစ၍ အမြဲသုန်မှုန်နေသော ဝါဆောမြို့တော်ကြီးသည် တစ်ဖန် လန်းဆန်းလာလေသည်။ ထမင်းပွဲကြီး များ၊ ပွဲတော်အမျိုးမျိုး၊ စစ်ရေးပြပွဲများကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပနေသဖြင့်





မြို့တော်သူ မြို့တော်သားတို့သည် ပျော်သွေး ဆူနေကြကုန်၏။ မြို့တစ်မြို့လုံ လည်း အလံများ ပြည့်လျှံမ်းနေ၏။ မြို့တော်သူ မြို့တော်သားတို့သည် မျှော်လင့်ချက် ကင်းမဲ့နေရာမှ ရေတွေ့ကြာကဲ့သို့ မျှော်လင့်ချက် ဆိုသည်မှ အစဉ်ကင်းပ နေသည် မဟုတ်၊ မြုပ်ရာမှ ပေါ်လာရသေးပါ တကားဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာ တို့တွင်ကား သူတို့သည် ဒုက္ခညွှန်တွင်း၌ နစ်မွန်းနေကြသဖြင့် ပြုံးရယ်ရမှန်းပင် မသိ သလောက် ဖြစ်နေကြရှာ၏။ ယခုကား ပြုံးနိုင်ကြပေပြီ။ ရယ်နိုင်ကြပေ၏။ သူတို့ကို ကယ်တင်မည့် အရှင်သခင် ဧကရာဇ်မင်းမြတ်သည် မြို့တော်သို့ ရောက်ရှိနေပြီ မဟုတ်တုံလော။ နပိုလီယံ၏ အအုပ်အထိန်း ခံလျက် နေစဉ် မည်သူသည် ပိုလန်ပြည်ကို စော်ကားဝံ့ပါအံ့နည်း။

ပိုလန်ပြည် သမ္မတ ဂျိုးဆက် ပွန်နီယားတိုးစကီးသည် စင်စစ်အား ဖြင့် ပြင်သစ်ကို မုန်းသည်။ သူသည် ဩစတြီးယား သွေး ပါသူ ဖြစ်သည့် အပြင် ဩစတြီးယားပြည်တွင် ပညာသင်ခဲ့ရသူ ဖြစ်သဖြင့် မျိုးချစ်အစစ်ကြီး မဟုတ်ချေ။ သို့သော် ရန်သူ သုံးနိုင်ငံကို ဖြိုဖျက်နှိမ်နင်းပြီးလျှင် ပိုလန်မြို့တော် သို့ ဝင်လာတော်မူသော အောင်မြင်ခြင်း၏ အရှင် ဧကရာဇ် နပိုလီယံကို အားကိုးအားထား ပြုချင်စိတ်သည် ပွန်နီယားတိုးစကီး သန္တာန်တွင်းသို့ စိမ့်ဝင်လာသည်၏ အခြားမဲ့၌ ပွန်နီယားတိုးစကီးသည် မိမိကိုယ်မိမိ ပိုလန် ပြည်သား တစ်ဦးပါကလားဟု တွေးစိတ်ဝင်လာရာ ရုတ်ခြည်းပင် မျိုးချစ် ပုဂ္ဂိုလ်ကြီး ဖြစ်သွားပေသတည်း။ ယခုအခါ ပိုလန်ပြည် တစ်ပြည်လုံးသည် နပိုလီယံ၏လက်ဝယ် တည်ရှိ၏။ နပိုလီယံအား ချော့မော့ ခယခြင်းသည် သာလျှင် အကောင်းဆုံးနည်းလမ်း ဖြစ်ပေသည် တကား။

နပိုလီယံသည် ပွန်နီယားတိုးစကီးက ပြုလုပ် ကျင်းပမည့် ဖြစ်သော ကပွဲကြီးသို့ ကြွရောက်တော်မူရန် ကတိပေးလိုက်လေသည်။ သို့သော် ကပွဲ ကျင်းပရန် ရက်ကို ဆိုင်း၍ ထားလိုက်ရသည့် အကြောင်းကား မြို့တော် ဝင်စဉ် ဧကရာဇ် တွေ့မြင်ခဲ့သော ကညာပျိုကလေးကို ရှာနေရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တည်း။ ပွန်နီယားတိုးစကီးသည် အဆောင်ကိုင် ဒူးရော့ထံမှ အကြောင်းစုံ ကြားသိရလေပြီ။ အမည်မသိ ကညာမေတစ်ဦးသည် ကေရာဇ်မင်းမြတ်အား လမ်းတွင် ခ စားရာ ကေရာဇ်မင်းမြတ်သည် ထိုကညာမေကလေး၏ ရုပ်ရုံကို စွဲမက်၍ မမေ့နိုင်၊ မပျောက်နိုင် ဖြစ်ကျန်ခဲ့လေသည်။ ပွန်နီယားတိုးစကီးသည် သူ ကျင်းပမည့် ကပွဲကို နပိုလီယံ မေ့ပျောက်၍ မဖြစ်နိုင်အောင် စီမံလို၏။ ထိုသို့ ဖြစ်စေရန်မှာ ထိုအမည်မသိ ကညာပျိုကို ရှာဖွေ၍ ကေရာဇ်နှင့် တွေ့ဆုံမိအောင် ကြံဆောင်ပေးမှ သာလျှင် ဖြစ်နိုင်မည်။

သို့သော် ရုတ်ခြည်းပေါ်၍ ရုတ်ခြည်းပင် ပျောက်ကွယ်သွားခဲ့သော "မိုးကျမယ်"ကလေးကို ဘယ်အရပ်က စ၍ရှာကာ ဘယ်အရပ်တွင် အဆုံးသတ် ရှာရမည်နည်း။ ပိုလန်ပြည်ကြီး၌ မိန်းမပျိုကလေးပေါင်း များစွာ ရှိ၏။ မည်သည့် မိန်းမပျိုကလေးဟု မည်သူ ပြောနိုင်မည်နည်း။ ကေရာဇ်မင်းမြတ်နှင့် အဆောင်ကိုင်ကြီးသာလျှင် မှတ်မိလိုက်သည်။ နပိုလီယံသည်လည်း သိဝရာဇ်မင်းကြီးနှင့် တူ၍ နေချေပြီတကား။ ပိုလန်သူ မယ်ဥမ္မာ၏ ချောမွေ့ပုံကို ပြောမဆုံးနိုင်အောင် ဖြစ်နေရှာလေပြီ။

ပိုလန် စုံထောက်အဖွဲ့သည် တစ်ပြည်လုံး အနှံ့အပြား ကညာမေ အရှာထွက်ကြရသည်။ ကေရာဇ်မင်းမြတ်နှင့် ကညာမေတို့ တွေ့ဆုံလိုက်ကြရသည့် နေရာ အနီးရှိ ကျေးရွာများတွင်လည်း စုံထောက်များ ခြေချင်းလိမ်၍ နေလေပြီ။ ရွာနီးချုပ်စပ်ရှိ မိန်းမပျိုကလေးများကိုလည်း ဟုတ်လိုဟုတ်ငြားဟူသော သဘောထားဖြင့် စုံထောက်များသည် ခေါ်တော့မျက်စိနှင့် ကြည့်ရှု စစ်ဆေးကြကုန်၏။ ကညာမေကလေးကို တွေ့အောင် ရှာပေးနိုင်သူ၊ သတင်းပေးနိုင်သူအား ဆုတော်ငွေ ပေးမည့်အကြောင်း ကြော်ငြာလိုက်၏။ ကေရာဇ်မင်းမြတ် မြို့တော်ဝင်ပွဲတွင် နွဲကြသောသူများ တည်းခိုရာ ဟိုတယ်ဆိုင်များရှိ ဧည့်စာရင်းများကိုလည်း စေ့ငုသေချာစွာ စစ်ဆေးရ၏။

သို့သော် ကညာမေကလေး၏ အစအနကိုပင် မတွေ့ကြချေ။

မရှိသူကို ရှာသည်နှင့် လွန်စွာ တူလှသော ရှာဖွေခြင်းကြောင့် ကပွဲ





ကျင်းပမည့် နေ့ရက်ကို တရွေ့ရွေ့ လာခဲ့ရာ နောက်ဆုံး၌ အလွန်အရေးကြီးသော ကညာမေကလေးကိုဖြင့် မတွေ့နိုင်တော့ပါပြီဟု လက်မှိုင်ချရတော့မည့် အခြေသို့ ဆိုက်ရောက်နေချေသည်။ ပိုလန်ပြည် စုံထောက်အဖွဲ့လည်း အခြားအမှုများ၌ မည်မျှလောက် ဉာဏ်လျင်စွာ စုံထောက်နိုင်ငြားလည်း ယခုကိစ္စတွင် မတတ်နိုင်ဘဲ ငေးမှိုင်ကာ နေရှာတော့သည်။ ပွန်နီယားတိုးစကီးသည် ဤမျှလောက်သော အရေးကိစ္စကလေးကိုမျှ အထ မမြောက်နိုင်ရသည်ကို မကျေနိုင် မချမ်းနိုင် ဖြစ်နေလေ၏။ အဆောင်ကိုင်ကြီး ဒူးရော့က မိမိနှင့်တကွ စုံထောက်အဖွဲ့ကို မည်သို့ ဆိုလေမည်နည်း။ အရှက်ရဖွယ် ကိစ္စတစ်ရပ် ဖြစ်နေချေ၏ တကား။

ထိုသို့ လက်မှိုင်ချနေရစဉ် မမျှော်လင့်သော အရပ်မှ လင်းရောင်ခြည် ထိုး၍ လာလေသည်။ ကေရာဇ်မင်းမြတ်ထံသို့ ဝင်ရောက်ခစားခဲ့သော ကညာမယ်ကလေး၏ အမည်ကို ဖော်ပြ၍ ဖြစ်ပျက်သမျှ အကြောင်းစုံကို ဖွင့်ပြလိုက်သော စာတစ်စောင်သည် ပွန်နီယားတိုးစကီး ထံသို့ ရောက်လာ၏။

သူတို့ တပင်တပန်း ရှာဖွေ၍ မတွေ့သော ကညာမယ်ကလေးသည်ကား မြို့စားကြီးကတော် မာရီဝါလူးစကား ပင်တည်း။

*

ပွန်နီယားတိုးစကီးသည် နပိုလီယံ၏ အသည်းစွဲကလေး ရှာ၍တွေ့သဖြင့် တိုင်းထက်အလွန် ဝမ်းမြောက်နေလေ၏။ တွေ့ထားသော ကညာမေကလေးမှာလည်း နုယ်နုယ်ရရ မဟုတ်၊ အဖိုးတန်ကလေး ဖြစ်သည်။ ပွန်နီယားတိုးစကီးသည် လိုအင်ဆန္ဒနှင့် ပြည့်စုံတော့မည့် အရေးကို တွေး၍ ကြည်နူးနေလေ၏။ မာရီသည် အခြားမိန်းမပျိုများနှင့် မတူ၊ မျိုးချစ်စိတ် အလွန်ထက်သန်ပေ၏။ အသက်အရွယ်မှာ ပြောပလောက်အောင် နုနယ်လှချေ၏။ ယခုမှ ၁၉ နှစ်သာ ရှိသေးသည်။ သို့မျှ နုနယ်သော ကညာပျိုကလေးသည် ခုနစ်ဆယ်တွင်း ရောက်နေသော ဇရာအိုနှင့် ပေါင်းသင်းနေရရှာ၏။ ဤသို့သော အဖြစ်ကြောင့် နပိုလီယံနှင့် ဆက်မိလေအောင် ကြံဆောင်ပေးရပေတော့မည် တကား။



www.burmeseclassic.com

www.burmeseclassic.com



အုမြူးနေသော ပိုလန်ပြည် ခေါင်းဆောင်ကြီးသည် ဧကရာဇ်မင်းမြတ်၏ အဆောင်ကိုင် ဒူးရော့အား ဧကရာဇ်မင်းမြတ် တမ်းတနေသော မယ်ဉမ္မာကို ယခု တွေ့ပေပြီ၊ စီစဉ်ထားသော ကပွဲကို ရက်သတ်လိုက်ပြီ ဆိုသည့် အကြောင်းများကို ဝင့်ကြွားစွာ ကြားရောက်လေ၏။ မြို့ပေါ်ရှိ အရာရှိကြီးငယ်တို့ထံသို့ ဖိတ်စာများ အနှံ့အပြား ပေးပို့ ဝေငှနေလေပြီ။ ပွန်နီယားတိုးစကီးသည် မိမိကိုယ်တိုင် မြို့စားကြီး ဝါလူးစကီး အိမ်သို့ ကြွရောက်၍ ဖိတ်ကြားလေ၏။

'နက်ဖြန်ညမှာ ကျင်းပမယ့် ကပွဲကြီးကို မြို့စားကြီးတို့ ဇနီးမောင်နှံ ကြွရောက်ရန် ဖိတ်ကြားဖို့ ကျုပ် လာခဲ့တယ်။ ဧကရာဇ်မင်းမြတ်ကို ညှိခံဖို့ ကျင်းပတဲ့ ကပွဲကြီးပေါ့၊ ကြွရောက်ကြမယ် မဟုတ်လား'

ဟု ပွန်နီယားတိုးစကီးသည် မာရီကို တစေ့တစောင်း ကြည့်၍ ဖိတ်ကြား၏။ ထိုသို့ အကြည့် ထူးပုံ၏ အဓိပ္ပာယ်ကား–

"ကျုပ် သိပါတယ် မာရီ၊ ခင်ဗျား ဧကရာဇ်မင်းမြတ်ကို အရဲစွန့်ပြီး ရထားပေါ် တက်ခစားတာလေ။ အခု ဧကရာဇ်မင်းမြတ်နဲ့ တွေ့ဆုံရမှာကို တွေးပြီး မပျော်ဘူးလား"

ဟူ၏တည်း။

မာရီသည် ဤဖိတ်ကြားသံကို ကြားသောအခါ ပွန်နီယားတိုးစကီး မျှော်လင့်သကဲ့သို့ ဝမ်းမြောက်သော အရိပ်အယောင်ကို စိုးစဉ်းမျှ မပြဘဲ စိတ်ဆိုးသည့်ဟန်၊ ဝမ်းနည်းသည့်ဟန်ဖြင့် မျက်ထားကလေး ညှိုးမှိုင်းမှိုင်း ဖြစ်သွားလေသည်။ အမှန်မှာကား မာရီသည် ပွန်နီယားတိုးစကီး၏ ဖိတ်ကြားချက်ကို ကြားသိရသော် အလွန်အမင်း စိတ်ဆိုး၏။ သို့သော် အမျက်၏ အရောင်ကို ထွက်စေခြင်းကား ရိုင်းပျသော အမူအရာ ဖြစ်ချေသည် ဟု သတိရမိသဖြင့် ချုပ်တည်း၍ ထားရလေသည်။

မြို့စားကြီး ဝါလူးစကီးသည် မျက်နှာကြီး လိုက်စားသူတစ်ဦး ဖြစ်ပေသည့် အလျောက် မျက်နှာကြီးများ ဆုံစည်းရာ မျက်နှာကြီး ကပွဲသို့သွား၍





ဧကရာဇ်မင်းမြတ်ထံ အခစားဝင်ရမည့် ထူးမြတ်လှစွာသော ဂုဏ်သရေကို လိုလားလှရကား မျက်နှာကြီး ပြုံးရွှင်ရွှင် လုပ်ကာ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ရင်း ပြော၏။

'ယခုလို ဖိတ်ကြားတာ ဝမ်းမြောက်ပါတယ် ခင်ဗျား'

'အို....ကျုပ်လည်း မြို့စားကြီးနဲ့ မြို့စားကြီးကတော်ကို ဖိတ်ကြားရတာ ဝမ်းမြောက်ပါတယ်'

'သြော်....ကပွဲကို ဖိတ်ကြားတာ ခေါင်းဆောင်ကြီးကလား၊ ဧကရာဇ်မင်းကလား'

'ဟာ....ဒါကတော့ နာမည်အားဖြင့်တော့ ဧကရာဇ်မင်းမြတ်က ဖိတ်တာပေါ့။ ဒါပေမဲ့ သူ ပိုလန်ပြည်အကြောင်း သိသေးတာမှ မဟုတ်ဘဲ၊ ဘယ်သူ့ကို ဖိတ်ရမယ် ဆိုတာကို ကျုပ်က စီစဉ်ပေးရတာပေါ့။ ဖိတ်မယ့်သူ စာရင်းကို ကျုပ် လုပ်ပေးပြီး ဧကရာဇ်မင်းမြတ်ကို ဆက်သတော့ ဖိတ်စေဖို့ အမိန့်တော် ချမှတ်တာကလား'

'သြော်....သြော်....ဒါနဲ့ ဧကရာဇ်မင်းမြတ်က ကျွန်တော့်ကို သိတယ်လို့ မမိန့်ဘူးလား'

'ဟာ မိန့်....မိန့်တော်မူသားပဲ'

ဟု ခေါင်းဆောင်ကြီးသည် ခေါင်းဆောင်ပီပီ ပါးနပ်စွာ လိမ်လည်လိုက်လေ၏။

မြို့စားကြီးသည် ဖရဏာပီတိ ဝမ်းဆီထိဘိ သကဲ့သို့ ပီတိအဖြာဖြာ ဖြစ်လေရှာသတည်း။

'ကျွန်တော် အထင်သားပဲ၊ သူ ဧကရာဇ်ဘွဲ့ကို မခံယူခင် သမ္မတကြီး ဘဝနှင့်တုန်းက ကျွန်တော်နှင့် ပဲရစ်မြို့တော်မှာ တွေ့လို့ သိကျွမ်းခဲ့တယ်။ ပိုလန်ပြည်အကြောင်း မေးလို့ ကျွန်တော်က ရေရေလည်လည်ကြီး ပြောလိုက်တာပေါ့။ ကျွန်တော်တို့တစ်တွေဟာ ရောမအဆက်အနွယ် ဖြစ်တဲ့အကြောင်းကိုလည်း ထည့်ပြောလိုက်တယ်။ အဲဒီတုန်းက သူ့ကို နပိုလီယံ ဘိုနာပတ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်သေးတယ်။ ကျွန်တော်က ပိုလန်မြို့မှာ ရှိတဲ့ လင်းယုန်ဖြူ အဖွဲ့ကြီး အကြောင်းလည်း ပြောပြ ရှင်းလင်းခဲ့တယ်'

မျက်နှာကြီးနှင့် သိရသည်ကို ဂုဏ်ယူလေ့ရှိသော သတ္တဝါများ၏ ထုံးတမ်းအတိုင်း မြို့စားကြီးသည် မြိန်ရေရှက်ရေနှင့် ပြောသော စကားကို ဖြတ်၍ ပွန်နီယားတိုးစကီးက–

'ဟာ....ဒီလိုဆိုရင် ကေရာဇ်မင်းမြတ်က မြို့စားကြီးကို တွေ့ရတာ ဝမ်းသာမှာပဲ။ ပြီးတော့ ဟောဒီက မြို့စားကြီးကတော်ကို တွေ့ရလို့လည်း ဝမ်းသာတော်မူပေလိမ့်မယ်'

ဟု ပြောလိုက်၏။

'အို....ကျွန်မ ကပွဲကို မလိုက်ပါဘူး'

ဟု မာရီက လေပျော့နှင့် ပြောလိုက်လေသော် မျက်နှာကြီး လိုက်သော မြို့စားကြီးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရှာ၏။

'ဘာ....ဘာပြောတယ်'

မာရီသည် သက်ကျားအို လင်တော်မောင်ကို စိုက်၍ ကြည့်ရင်း ပြန်ပြော၏။

'ကျွန်မ ခေါင်းဆောင်ကြီးရဲ့ ကပွဲကို မလာရောက်နိုင်ဘူး ဆိုတဲ့ အကြောင်း ပြောတာပါ။ မလာရောက်နိုင်မယ့် အတွက် ခေါင်းဆောင်ကြီးကို ရှိသေစွာ တောင်းပန်ပါတယ်။ ကျွန်မ လူတောထဲ မတိုးချင်ဘူး၊ ကေရာဇ်မင်းမြတ် ထံပါးမှာလည်း မခစားလိုဘူး'

မြို့စားကြီးသည် ဤသို့သော မဖွယ်ရာသည့် စကားများကို ကြားရသောအခါ ထိတ်လန့်ခြင်း ကြီးစွာ ဖြစ်ကာ–

'ဘယ့်နှယ် ပြောပါလိမ့်၊ မာရီ မင်း ဘာတွေ ပြောနေရတာလဲကွယ်'

ဟု ညည်းတွားရှာ၏။

မာရီသည် မျက်စိမျက်နှာ ပျက်နေရှာသော မြို့စားကြီးအား လှမ်းကြည့်ကာ ပြောလေ၏။





'အတာနေး၊ ရှင်တော့ ကပွဲကို သွားမှပေါ့။ ကျွန်မ မသွားတာနဲ့ ရှင် မသွားရဘူးမှ မဟုတ်ဘဲ။ စင်စစ်တော့ ရှင့်မှာ ကေရာဇ်မင်းမြတ်ကို ခစားဖို့ ဝတ္တရားရှိသေးတယ်။ ကျွန်မတော့ဖြင့် မသွားချင်ဘူး၊ ရှင်သွားရင် ပြီးရောပေါ့'

မာရီသည် ထိုသို့ပြောပြီးနောက် ထိုင်ရာမှထ၍ အခန်းမှ ထွက်သွားလေ၏။

ပွန်နီယားတိုးစကီးသည် မာရီအပေါ်တွင် အထင်မှားခဲ့သမျှတို့ကို ဝမ်းနည်းသလိုလို ဖြစ်၍နေ၏။ သူသည် မာရီအား အထင်အမြင် တစ်နည်းအားဖြင့် သေးခဲ့၏။ ကေရာဇ်မင်းမြတ်ကို မြို့တော် မဝင်ခင် ရထားပေါ်သို့ အတင်းတက်၍ ကြိုဆိုခဲ့သည့် အိုမင်းမစွမ်းလှသော လင်တော်မောင်၏ဇနီး ဖြစ်သည့် မာရီသည် ကေရာဇ်မင်းမြတ်အား တစ်ဖန် ပြန်လည်တွေ့ဆုံရဦးမည်ဟု ကြားသိရလျှင် တိုင်းထက်အလွန် ဝမ်းသာလိမ့်မည်ဟု ပွန်နီယားတိုးစကီး အထင်ရခဲ့သည်မှာ ယခုကဲ့သို့ မာရီ၏ "မူငြင်း"မျိုး မဟုတ်၊ အကယ် စင်စစ် ငြင်းခြင်းဖြင့် ငြင်းပယ်လိုက်သည့်အတွက် ဝမ်းနည်းသလိုလို ဖြစ်သွားလေ၏။

'မြို့စားကြီး....မြို့စားကြီးရဲ့ ဇနီးကတော့ အတော် ဟန်တော့တာပဲ'

ဟု ညည်းတွားရှာ၏။

'ဟုတ်တယ် ခင်ဗျာ၊ ကျွန်တော့်ဇနီးသည်ဟာ အလွန်မြင့်မြတ် စင်ကြယ်ပါတယ်။ ကေရာဇ်မင်းမြတ်နဲ့ မတွေ့ဆုံချင်တာကတော့ လူလယ်ကောင်မှာ ကေရာဇ်မင်းမြတ်က ကျေးဇူးတင်စကား မြွက်ကြားမှာ စိုးရိမ်လို့ပဲ။ အလွန် ကူနွံရပါတယ် ခင်ဗျာ'

ဟု ဇရာအိုက ကညာပျိုအား ချီးကျူးစကား ပြောကြား၏။

'ဘာဖြစ်တာလိုက်လို့ဗျာ၊ ကေရာဇ်မင်းမြတ်က ကျေးဇူးတင်စကား ပြောတာများ....'

'အို....သူက ရှက်တတ်၊ ကြောက်တတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ....သူ နပိုလီယံနှင့် အသိသားပဲ'

'မဟုတ်တာ ခေါင်းဆောင်မင်းရာ...သူ ဘယ့်နှယ်သိပါ့မလဲ'

'သူ ကေရာဇ်ထံ သွားပြီး ခ စား ဖူးပြီ မဟုတ်လား'

'မဟုတ်ရပါဘူး ခင်ဗျာ၊ သူ ကေရာဇ်မင်းမြတ်ကို ဘယ်တုန်းက ဘယ်နေရာမှာ တွေ့နိုင်ဦးမှာတဲ့လဲ၊ ကျွန်တော် ပဲရစ်မြို့ သွားတုန်းက ကေရာဇ် မင်းမြတ်နဲ့ တွေ့ခဲ့တာ ကျွန်တော်တို့ မင်္ဂလာမဆောင်မီ နှစ်နှစ်လောက်ကပါ။ သူ ဘယ်ပါ ပါ့မလဲ'

ပွန်နီယားတိုးစကီးသည် မြို့စားကြီး၏ စကားကို ကြားလတ်သော် မာရီ၏ အကြောင်းရင်း ဖြစ်ထွေကို တွေးမိလေ၏။ ကေရာဇ်မင်းနှင့် မြို့တော်ဝင်ရာ လမ်းတွင် တွေ့ဆုံခဲ့ဖူးသည်မှာ အမှန်ပင် ဖြစ်၏။ သို့သော် မာရီသည် ထိုအကြောင်းကို သူ့သက်ကျားအိုအား ပြန်၍ မပြောပြခဲ့ကြောင်း ထင်ရှားပေသည်။ အကယ်၍သာ မာရီသည် ပျံချင် နန့်ချင်သည့် သဘောထားသာ ရှိပါမူ ယခုကဲ့သို့ လင်ယောကျ်ား မသိသေးသည့် အခိုက်သည် အလွန် အခွင့်သာသည့်အခါ ဖြစ်ပေသည်။ သို့သော် ကပွဲသို့ မလိုက်လိုကြောင်းကို ပြောသည်မှာလည်း ဟန်ဆောင်ပြော ပြောခြင်း မဟုတ်၊ အမှန်ပင် ကပွဲ မတက်လိုသော ဆန္ဒရှိသည်။ ပွန်နီယားတိုးစကီးသည် မာရီ၏ အဖိုးတန်သော မျိုးချစ်စိတ် အစစ်အမှန်ကို သဘောပေါက်မိတော့၏။ ပိုလန်ပြည်ကြီး၏ သမီးရတနာ ပီသစွာ ပိုလန်ပြည်ကြီးကို ကယ်တင်မည့် ပုဂ္ဂိုလ်အား သွားရောက်ကြိုဆိုခြင်းမျှသာ ဖြစ်၍၊ နပိုလီယံနှင့် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်လိုသော ဆန္ဒ အလျှင်းမျှ မရှိကြောင်း ထင်ရှားပေပြီ။ ထိုအကြောင်း ထင်လင်းလာသောအခါ ပွန်နီယားတိုးစကီးသည် ဝမ်းနည်းသည်ထက် ဝမ်းနည်းလာ၏။ မြင့်မြတ်သော စိတ်ထားကို ယုတ်မာသည်ဟု ထင်မိမှားသည့် အတွက် သူ့ကိုယ်သူ အပြစ်ဆိုချင်စိတ် ပေါ်ပေါက်လာလေသည်။

သို့သော် ပွန်နီယားတိုးစကီးသည် စစ်သားဖြစ်၏။ စစ်သားတို့





မည်သည်မှာ သတ္တိနှင့် ပြည့်စုံ၍ သစ္စာရှိရသည်။ မြို့စားကြီးကို မာရီသည် နပိုလီယံအား လမ်းတွင် အကြိုတော် ဆက်ခဲ့ကြောင်း တစ်လုံးတစ်ပါဒမျှ မမြွက်ကြားချေ။ သို့ပင် ဖြစ်ငြားလည်း နပိုလီယံသည် လမ်းတွင် တွေ့ခဲ့သော ကညာမေကလေး မည်သူမည်ဝါ ဖြစ်ကြောင်း ယခု သိပြီး ဖြစ်နေချေပြီ။ ထိုကညာမေကလေးအား ကပွဲတွင် တွေ့ဆုံလိုပေလိမ့်မည်။ ထိုသို့တ ပြီးကား နပိုလီယံ၏ ဆန္ဒကို ဖြည့်စွမ်းနိုင်ရန် မည်သို့ ပြုလုပ်ရမည်နည်း။ မာရီအား ကြည်ညိုလေးစားခြင်း အမှန် ရှိပါ၏။ သို့သော် ကေရာဇ်၏ အလိုဆန္ဒကိုလည်း ဖြည့်ဝစေရဦးမည်။ မာရီဂုဏ်ဒြပ်ကို ထိန်းသိမ်းပေးရမည်လော၊ ဖျက်ဆီးလိုက်ရမည်လော၊ ပွန်နီယားတိုးစကီးသည် အခက်နှစ်ခက်ကြားတွင် ကျပ်၍နေ၏။

အတန်ငယ် စဉ်းစားပြီးနောက် ပွန်နီယားတိုးစကီးက ပြော၏။

'ကေရာဇ်မင်းမြတ် မြို့စားကြီးကတော်ကို မြင်ဖူးကြောင်း ကျုပ် သေသေချာချာ သိပါတယ်'

'သေသေချာချာ သိတယ်....'

မြို့စားကြီးသည် မယုံကြည်သော လေသံဖြင့် မေး၏။

'အမှန်ပါ၊ တစ်နေ့က ညစာစားပွဲမှာ ကေရာဇ်မင်းမြတ်က သူ့ဘေးနားမှာ ထိုင်နေတဲ့ လူ့ဘိုမီစကား မင်းသမီးကလေးကို ကြည့်ပြီး သူနဲ့ မြင်ဖူးတဲ့ ပိုလန်သူကလေး တစ်ယောက်ဟာ မင်းသမီးကလေးနဲ့ တစ်ထေရာတည်းပဲလို့ မိန့်တယ်။ ကဲ လူ့ဘိုမီစကား မင်းသမီးကလေးနဲ့ တူတာ ဘယ်သူလဲ'

'ဟာ....ကျွန်တော့်ဇနီးပေါ့၊ ဒီမင်းသမီးလေးနဲ့ ကျွန်တော့်ဇနီးဟာ သိပ်တူတာပဲ။ ဒါပေမဲ့ ကျွန်တော့်ဇနီးက ပိုလှသပေါ့'

ဟု မြို့စားကြီးက မဆိုင်းမတွ ဖြေကြားလေ၏။

'ကေရာဇ်မင်းမြတ်ဟာ မြို့စားကြီးကတော်ကို မြင်ဖူးလို့ ဖြစ်မှာပေါ့၊ မြို့စားကြီးကတော်ကသာ မသိလို့ ဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးသည် ခေါင်းဆောင်ကြီး ပြောသည်ကို စဉ်းစားပြီးနောက်–

'ဟုတ်ချင်လည်း ဟုတ်ပေမပေါ့၊ ဖြစ်နိုင်သားပဲ'ဟု ဝန်ခံလေ၏။

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားတို့ ဇနီးမောင်နှံကို ဖိတ်စာ စာရင်းထဲ ထည့်ထားပြီးသားမို့ ခင်ဗျားတစ်ယောက်တည်း လာလို့ ဘယ်ကောင်းမလဲ၊ မြို့စားကြီးကတော်လည်း ပါမှပေါ့'

'အို....ဒီလိုဆိုရင် သူ လိုက်ရမှာပေါ့'

'ဒါပေမဲ့ အခု သူက မလိုက်ချင်ဘူး ပြောနေပါပကော။ မြို့စားကြီး က သူ လိုက်အောင် မချော့နိုင်ရင်တော့ ခက်တာပဲဗျာ'

ဟု ပွန်နီယားတိုးစကီးသည် ညည်းသံနှော၍ ပြောလိုက်ပြီးနောက် အနည်းငယ် မှသားသုံးလိုက်ပြန်၏။

'ဧကရာဇ်မင်းမြတ်က မာရီဟာ တိုင်းသူပြည်သားတွေကို ကြည်ညို စိတ် သွင်းပေးရမှာ အလွန်တော်တယ်လို့ ချီးမွမ်းနေတယ်ဗျ။ အမှန် ပြောရမှာ ဖြင့် ကျုပ်တို့တိုင်းပြည် အရာရှိကြီးတွေကို ဧကရာဇ်မင်းမြတ်က အထင်မကြီး လှဘူး။ အခု ကြည့်ပါလား၊ ကျုပ်တို့တစ်တွေ ဧကရာဇ်မင်းမြတ်ထံ အခစား ဝင်ချင်တိုင်းမှ မဝင်ရဘဲ။ ကျုပ်တို့ မသွားနိုင်တာ၊ မလုပ်နိုင်တာတွေကို မြို့စားကြီးကတော်က အခက်အခဲ မရှိဘဲ လုပ်နိုင်မယ်လို့ ကျုပ် ထင်တာပဲ။ ဧကရာဇ်မင်းမြတ် ကျုပ်တို့ဘက် ပါမှ တိုင်းပြည်ကြီး ကျွန်တွင်းက လွတ်မှာ ဗျ'

'ဟာ ...ကြွတော်မူတော့မှာလား ခေါင်းဆောင်ကြီးရဲ့'

ဟု မြို့စားကြီးသည် ပွန်နီယားတိုးစကီးကို ပြောဆိုပြီး၍ ပြန်မည့်ဟန် ပြင်ကာ ထ လိုက်သောအခါ မေး၏။

'သွားလိုက်ဦးမယ် မြို့စားကြီးရယ်၊ နက်ဖြန် အရေးကြီးတဲ့ နေ့ပဲ၊ ကျုပ်လည်း သွားစရာတွေ ရှိသေးတယ်။ ကဲ....ခင်ဗျားနဲ့ မြို့စားကြီးကတော် ကိုတော့ စိတ်ချတော့မယ်နော်'

'စိတ်သာချပါ ခင်ဗျာ၊ ကျွန်တော်တို့မောင်နှံ ကပွဲတက်ပါ့မယ်'

## အခန်း [ ၅ ]

နပိုလီယံ ဧည့်ခန်းတွင်းသို့ ဝင်လာစဉ်မှာပင် မာရီဝါလူးစကားသည် မြို့စား ကြီးနှင့်အတူ ဧည့်ခန်းသို့ ဝင်လာလေ၏။ သူတို့နှင့်အတူ မဒမ်ဒီဗောဘန်၊ မာရီနှင့်အတူ နပိုလီယံကို လမ်းခုလတ်တွင် ကြိုဆိုရာ၌ ပါခဲ့သော မာရီ၏ မိတ်ဆွေ အယ်ဘီတာတို့လည်း ပါလာသည်။ မာရီသည် ကပွဲမတက်လိုဟု ငြင်းပယ်ချက်ကို ပယ်ဖျက်၍ လိုက်လာလေပြီ။

မာရီသည် မြို့စားကြီးက ခေါင်းဆောင်ကြီးအား ပေးလိုက်သောကတိ ပျက်မည်စိုး၍ လိုက်လာ၏။ သို့သော် စင်စစ်ကား မာရီ၏မိတ်ဆွေ အယ်ဘီ တာက မာရီအား လမ်းတွင် တွေ့စဉ်က လျှောက်ထားချက်ကို ဆက်လက်၍ လျှောက်ထားရန် အခွင့်သာလိမ့်မည် ထင်ကြောင်း ပြော၍ သတိရကာ လိုက်လာခြင်း ဖြစ်သည်။ မာရီသည် ဧကရာဇ်မင်းမြတ်နှင့် တွေ့ဆုံရမည်ကို အတွေးနှင့် ကြောက်နေကြောင်း၊ စင်စစ်မှာမူ မည်သို့သော အကြောင်းကြောင့် ကြောက်ရွံ့နေကြောင်းကို မတွေးတတ်ချေ။

မာရီသည် ပရိသတ်ထဲသို့ ဝင်၍ လျှောက်သွားနေစဉ် ကြောက်စိတ် သည် သူ့ထံသို့ ကပ်လာပြန်၏။ ရှက်သလိုလို ဖြစ်နေ၏။ သူ ဧကရာဇ် မင်းမြတ်အား အကြိုတော် ဆက်ခဲ့ကြောင်းကို ကပွဲလာ ပရိသတ်က သိသည် ဟု သူ ထင်သည်။ သူတို့သည် သူ ဖြတ်သွားသောအခါ စကားလက်စကို ရပ်၍ တစ်ဦးကိုတစ်ဦး လက်တို့ကြသည်ကို သူ မြင်လိုက်၏။

ခေါင်းဆောင်ကြီး ပွန်နီယားတိုးစကီးသည် မာရီတို့ လူစုထံသို့ ချဉ်းကပ်လာပြီးလျှင် မာရီနှင့် မြို့စားကြီးတို့အား နှုတ်ခွန်းဆက်သလေ၏။ ထိုနောက် မာရီအား ခေါ်သွားလိုသည့်အကြောင်း မြို့စားကြီးအား ပြောကြား တောင်းပန်ပြီးလျှင် မာရီ၏လက် ဆွဲကာ သစ်လွင်တောက်ပြောင်အောင် ဝတ်စား ထားသော ပိုလန်ပြည် မျက်နှာကြီး ပရိသတ်ကြားမှ အခန်းတစ်ဖက်သို့ ခေါ်သွား၏။ မာရီသည် လူတောတိုး၍ ရှက်သလိုလို ကြောက်သလိုလို ဖြစ်ကာ မျက်စိများ ပြာလာလေ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပွန်နီယားတိုးစကီးသည် သူ့အား တိုးတိုးပြော၏။

'မာရီ....မနေ့က မင်းတို့အိမ် တို့လာပြီး ဖိတ်ကြားတဲ့အကြောင်း၊ မင်း ကပွဲလာမယ်လို့ ဝန်ခံလိုက်တဲ့အကြောင်း သူ့ကို ပြောလို့ သူက သိပ်ဝမ်းသာပြီး မင်းအလာကို စောင့်နေတယ်။ သူက မင်းရဲ့ လင်အိုကြီးကို မြင်တော့ ပခုံးတွန့်ပြီး ဩော်....သနားစရာကလေးပဲနော် လို့ မင်းကို ရည်မှန်းပြီး ညည်းရှာတယ်။ သူက မင်းနဲ့ တွဲကချင်သတဲ့'

မာရီသည် "သူ" ဆိုသည်မှာ အခြားမဟုတ်၊ နပိုလီယံ ဖြစ်ကြောင်း သိ၏။ ဤအကြောင်းကို ပွန်နီယားတိုးစကီးက အကြောင်းစုံ သိပြီးသည့် အနေနှင့် ပြောလိုက်သောအခါ သူသည် ရှက်သွေးဖြာ၍ သွားလေ၏။ စကားပြန်၍ မပြောနိုင်အောင် ဖြစ်သွား၏။ ပွန်နီယားတိုးစကီးက "သူ မင်းနဲ့ တွဲကချင်သတဲ့" ဟု နောက်ဆုံး ပြောလိုက်တော့မှ မွန်ရာမှ လန့်၍သွားကာ စကားစ ရှာ၍ ရလေ၏။

'ဟင်....ကျွန်မ မကဘူး.... မကချင်ဘူး'

'အိုကွယ်....ငါ့တူမကလည်း ဘာပဲဖြစ်ဖြစ် ငြင်းတော့တာပဲ၊ ဒီလို ငြင်းလို့ ဘယ်ဖြစ်မလဲ၊ မင်း ဧကရာဇ်မင်းမြတ်ကို ပျူပျူငှာငှာ လုပ်စမ်းပါကွယ်။ မင်း ဘယ်လောက်ချောလို့ ဧကရာဇ်မင်းမြတ်က ဘယ်လောက်စွဲတယ် ဆိုတာလည်း မင်း သိဦးမှပေါ့'

'ဘာ....ဘယ်သူ ဘာဖြစ်တယ်'

ပွန်နီယားတိုးစကီးသည် နပိုလီယံက သူတို့နှစ်ယောက်ကို ကြည့်နေမှန်း သိလိုက်သဖြင့် မာရီကို လက်ဆွဲ၍ ချောင်တစ်ချောင်သို့ ခေါ်သွားပြီးနောက် ဆက်လက်၍ ပြောဟောနေလေ၏။

'ငါဖွင့်ပြောမယ် ငါ့တူမ၊ ဧကရာဇ် မင်းမြတ်ဆီကို ပြေးပြီးကြိုတော့ ဧကရာဇ်က သူ့ကို မင်းက ချစ်ကြိုက်လို့ပဲလို့ အောက်မေ့သွားတယ်။ နေစမ်းပါဦး....ငါ ပြောပါဦးမယ်၊ ဒါနဲ့ ဧကရာဇ်မင်းမြတ်ရဲ့ တောင်းပန်ချက်အရ သူ့ကို အကြိုတော်ဆက်တဲ့ "ထူးတဲ့မေ" ကလေးကို ပိုလန်စုံထောက်အဖွဲ့က





ရှာကြရတယ်။ မင်း အခုတလော အတော်ပဲ ရဲစွမ်းသတ္တိ ပြနေတယ်။ အခု မင်းလုပ်ရမယ့် အလုပ်ကတော့ နည်းနည်းတော့ ခက်တယ်။ အခု အလုပ်မှာ မင်းရဲ့ သတ္တိအစွမ်းတွေကို ကောင်းကောင်းကြီး အသုံးပြုနိုင်ပေလိမ့်မယ်။ အဲဒီအလုပ်ကို ငါကိုယ်တိုင် ခန့်ထားတယ်'

'ခေါင်းဆောင်ကြီး ဘာများ ဆိုလိုတော်မူပါလိမ့်'

'အို....ငါပြောမှာပေါ့ကွယ်၊ တို့တစ်တွေ အခု အကျပ်တွေ့နေကြတယ်။ သမ္မတကြီး မာလာချောစကီး၊ ဘဏ္ဍာရေးဝန်ကြီး လူတာကောစကီး၊ မင်းသားကြီး မူးရက်တို့တောင် ဧကရာဇ်မင်းမြတ်ကို တွေ့ဖို့ အခွင့်မရဘူး။ သူ တတမ်းတတ ဖြစ်နေတာ တစ်ခုရှိတယ်၊ အဲဒါ မင်းပဲ'

'ကျွန်မ....'

'အေး....မင်းကို တမ်းတနေတယ်၊ အဲဒါ မင်း အကြိုတော်ဆက်တဲ့ ကောင်းမှုကြောင့်ပေါ့။ အခု ဧကရာဇ်မင်းမြတ်က မင်းကို အလွန့်အလွန် တွေ့ချင်နေတယ်'

'အို....ကျွန်မ ဘာလုပ်ရမှာလဲ'

'အလုပ်ကတော့ ဘယ်နည်းမလဲ၊ လုပ်စရာတွေချည်းပေါ့။ သူက မင်းတစ်ယောက်တည်းကိုပဲ စကားလက်ခံ ပြောမယ်၊ မင်းစကားကိုပဲ သူ နားထောင်လိမ့်မယ်။ အခုဆို သူဟာ တို့ရဲ့ ရန်သူနှစ်ဦးဖြစ်တဲ့ ဩစတြီးယားနဲ့ ပရပ်ရှားကို နှိမ်ပြီးပြီ၊ ရုရှားကိုလည်း သူ နှိမ်နိုင်လိမ့်မယ်။ ရုရှားက အားလုံးထဲမှာ အကြောက်ရဆုံးပဲ'

ပွန်နီယားတိုးစကီးသည် မာရီ၏ လက်ကို တင်းကျပ်စွာ ဆုပ်၍ တောင်းပန်၏။ မာရီ၏ မျက်စိများသည် မျက်ရည်များ အလယ်တွင် နစ်မွန်းနေလေ၏။

'မင်း မလုပ်ဘူးလို့ ပြောဦးမှာလား ဟင်'

ဟု ပွန်နီယားတိုးစကီးက မေး၏။

ထိုအခိုက် အက ရပ်သွား၏။ နပိုလီယံသည် သက်တော်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ခြံရုံလျက် အခန်းအလယ်သို့ ထွက်လာ၏။ ကြွရောက်လာသော မင်းအပေါင်းတို့ကို တွေ့ဆုံ နှုတ်ဆက်ရန် အချိန်ရောက်လေပြီ။

နပိုလီယံ၏ အမူအရာကို သေချာစွာ ကြည့်ရှုပါလျှင် သူသည် စိတ်တိုင်းမကျသည့် ကိစ္စတစ်ခုခုကြောင့် ငြိုငြင်နေဟန် ရှိကြောင်း သိနိုင်ပေလိမ့်မည်။ သူသည် သုန်သုန်မှုန်မှုန်နှင့် ခေါင်းကလေး တငြိမ့်ငြိမ့်လုပ်ကာ အရိုအသေ ပြုနေကြသော စိန်ရောင်၊ ရွှေရောင်၊ အဝတ်အစားရောင် တောက်ပြောင်စွာ ဆင်ယင်လျက် ရှိကြသည့် မျက်နှာကြီး မိန်းမတို့၏ကြားမှ ငေးမောစွာ ဖြတ်၍လာ၏။ သူပြောသော စကားသည်လည်း အဆက်အစပ်မညီ ဖြစ်နေသည်။ အသက်အရွယ် အတန်ပင် သေးငယ်သော မိန်းမပျိုကလေး၏ အရိုအသေပြုခြင်းကို တုံ့ပြန်ရာဝယ် သူက အပျိုကလေးအား–

'ကလေး ဘယ်နှယောက် ရှိသလဲ....'

ဟု မေးလိုက်သဖြင့် အပျိုကလေး မျက်လုံးပြူးသွားရလေသည်။ တစ်ဖန် အရိုးပြိုင်းပြိုင်း၊ မျက်လုံးပြူးပြူးနှင့် အရုပ်အတော်ဆိုးသော "ယောဂီမယ်" အပျိုကြီးတစ်ဦးအား ရုပ်ချောသော မိန်းမပျိုကလေးနှင့် လွဲ၍–

'မြို့စားကြီးကတော်ရဲ့....ရုပ်ချောတဲ့ မိန်းမကို ရထားတဲ့ ယောကျ်ားများဟာ သဝန်ကြောင်တတ်တာ အမှန်ပဲ၊ အဲဒါ ဆိုးလှတယ်'

ဟု စကား မှားပြောလေသည်။

သူသည် ဤကဲ့သို့ အူကြောင်ကြောင် မဖြစ်ဖူးချေ။ ဤအခါ၌ကား သူ့စိတ်ထဲ၌ အလွန်ထူးဆန်းသော အတွေးများသည် တစ်ခုနှင့်တစ်ခု စစ်ခင်းနေသကဲ့သို့ ဖြစ်ရကား သူသည် ရီဝေဝေ တွေတေတေ ဖြစ်နေလေ၏။ သူသည် အချစ်နတ် ဖမ်းစားခြင်းကို ခံနေရချေပြီ။ မမျှော်လင့်ဘဲ ပေါ်ပေါက်လာ၍ ရုတ်ခြည်းပင် ပျောက်သွားသော နတ်ကညာကလေးကို လွမ်းတရောင် လွမ်း၍နေလေ၏။ သူသည် ဤနတ်မယ်လျကလေးကို တွေးမိတိုင်း စိတ်ဆိုးသလိုလို၊ စိတ်ကောက်သလိုလို ဖြစ်နေ၏။ ပိုလန်ပြည်၏ ကံကြမ္မာသည် သူ၏လက်တွင်း၌ တည်နေ၏။ သို့ပါလျက်နှင့် ပိုလန်သူကလေး





တစ်ဦးသည် သူ့အား အဖက်မတန်သည့် အနေနှင့် ရှောင်သွေနေချေသည်။ သူသည် ထိုအတွက် အလွန်နာကြည်းနေသည်။ သူ့အား နှိမ်လိုက်၊ ချိုးလိုက်သည်ဟု သူ ထင်မိ၏။ သူ၏ စိတ်ဆိုးခြင်းကို ဖြစ်ပေါ်စေသော နတ်မယ်လျကလေးသည်ကား သူနှင့် မဝေးကွာလှချေ။ သူ၏ မျက်စိအောက်၌ပင် ရှိနေသည်။

နပိုလီယံသည် မာရီကို စိတ်ရှိတိုင်း မေးလိုက်ချင်၏။ သို့သော် ရာဇဝံ့ပျက်မည်လည်း စိုးလှသေးသဖြင့် မိမိအား မိတ်ဆက်မပေးသရွေ့ မသိလေဟန် ဆောင်နေရလေသည်။ ထိုအခိုက်တွင်ပင် ပွန်နီယားတိုးစကီးသည် မာရီကို လက်တွဲ၍ နပိုလီယံထံသို့ လာပြီးလျှင် မာရီကို နပိုလီယံအား ပေးဆက်သည့် အနေနှင့် မိတ်ဆက်စကား ပြောကြား၏။

'အရှင်....သူသည် အရှင် တွေ့လိုသော ကညာမေ ဖြစ်ပါသည်။ သူ၏အမည်မှာ မာရီဝါလူးစကား ဖြစ်ပါသည်။ မြို့စားကြီး ဝါလူးစကီး၏ ဇနီး ဖြစ်ပါသည်'

မာရီသည် နပိုလီယံအား ဦးညွှတ်၍ အရိုအသေ ပြုလိုက်၏။ မာရီသည် အလွန်ဖြူ၍ အလွန်ရိုးသော အဝတ်အစားများကို ဝတ်ဆင်ထား၏။ စိန် ရွှေ ဟူသရွေ့ တစ်ရွှေးသားမျှ ဝတ်ဆင်ခြင်း မရှိ။ သူ့လက်စွပ်ကလေးမှာလည်း နှင်းခဲကဲ့သို့ ဖြူဖွေးနေ၏။ သူ့ဆံတွင်လည်း ဖြူလွသော ပန်းကုန်းကလေး ရှိ၏။ သူ့မျက်နှာကလေးသည်လည်း ဖြူနု၍ နေလေသည်။ သူ့တစ်ကိုယ်လုံးသည် အဖြူပေါ် အဖြူဆင့်နေသကဲ့သို့ ဖြစ်နေ၏။ ထိုသို့ ချစ်စနိုးဖွယ် ဖြူစင်တင့်တယ်နေသည့် အထဲတွင် ဧကရာဇ်၏ ရှေ့မှောက်၌ ကြောက်သလိုလို၊ လန့်သလိုလို စိတ်မျိုး ဝင်လာဟန် ရှိရကား သူ၏ ဖြူနုသော မျက်နှာကလေးသည် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်၏။

နပိုလီယံသည် မာရီ၏ ဖြူသည့်အဖြစ်ကို ညွှန်ကြားလိုသည့် အနေနှင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'မြို့စားကြီးကတော်၊ အဖြူပေါ် အဖြူဆင့် ဆိုသလို တစ်ကိုယ်လုံး ဖွေးနေအောင် ဝတ်ဆင်လာတာ မကောင်းလှဘူးလို့များ ဘယ်သူကမှ မပြောကြဘူးလား'

ထိုအခါ ပွန်နီယားတိုးစကီးသည် ဝင်၍ ရှင်းလင်းပြောဆို၏။

'မြို့စားကြီးကတော် မာရီဝါလူးစကားသည် မကြာသေးမီကပင် နာမကျန်း ဖြစ်ခဲ့ပါသေးသည်'

နပိုလီယံသည် ပွန်နီယားတိုးစကီး ဘက်သို့ လှည့်ကာ-

'မင်းသားကြီး ဧည့်သည်တွေနှင့် တွေ့ဆုံနှုတ်ဆက်ချေပါ။ ကျွန်ုပ်အတွက် အရေးမကြီးလှပါ'

ဟု ပြောလိုက်၏။

ပွန်နီယားတိုးစကီး ထွက်သွား၍ နပိုလီယံနှင့် မာရီတို့ နှစ်ဦးသား မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့သောအခါ နပိုလီယံက စတင်၍ ပြော၏။

'ဘယ့်နှယ်....ရှင်မ၊ မြို့တော် ဝင်ရာလမ်းမှာ တွေ့ရပြီးကတည်းက အခုမှပဲ တွေ့ရတော့တယ်။ ဘာများ လျှောက်တင်လိုသေးသလဲ။ အခုလို အေးစက်စက် ခပ်ကွာကွာ နေတာ ဘယ်လို သဘောပါလိမ့်မလဲ။ ကပွဲကို မလာချင်ဘူးဆို၊ ဘာများ ဖြစ်လို့လဲ။ ကျွန်ုပ်က ကျွန်ုပ်နှင့်ရှင်မ တွဲကလိုကြောင်း ပြောကြားလိုက်တော့လည်း ရှင်မက ချက်ချင်းမလာ၊ အင်တင်တင် လုပ်နေရသေးတယ်။ ဘယ်လို သဘောကြောင့် ပါလဲ'

နပိုလီယံသည် မာရီအား မိမိ၏ ဝါသနာအလျောက် မေးခွန်းပေါင်းသောင်းခြောက်ထောင်မျှကို မရပ်မနား မေးလေ၏။ မိမိ၏ လက်အောက် အရာရှိကြီးငယ်တို့သည် မိမိ မေးသမျှကို ဖြေဆိုကြရ၏။ မာရီသည်ကား သူ မေးသမျှကို တစ်ခွန်းတစ်ပါဒမျှ မဖြေဆိုချေ။ သက်ပြင်းကြီး ချလိုက်ကာ မေးခွန်းများ တောင်စဉ်ရေမရ မေးနေသော ဧကရာဇ်ကိုပင် စိတ်သက်သာရာ ရစေတော့ ဟူသော စေတနာရောင်လျှမ်းသော မျက်လုံးဖြင့် မော့၍ ကြည့်လိုက်သေး၏။ နပိုလီယံသည် ပြုံးကျယ်၍ ကြောက်ဟန်ပြင်သော မျက်လုံး





နှစ်သွယ်ကို မြင်လိုက်သော် သနားသလိုလို ဖြစ်လာကာ သခင်က ကျွန်ကို မာန်နှင့် မေးမြန်းသလို မမေးတော့ဘဲ လေသံပျော့နှင့် ဆက်လက်၍ မေး၏။

'ဘာဖြစ်တာလဲကွယ်....ကျုပ်အသံကြီးကို ကြောက်လို့လား၊ ကျုပ်တော့ အလွန်လှပတဲ့ မိန်းကလေးတစ်ယောက်ကို ကျုပ်ဆီက ဘာများ အလိုရှိသလဲလို့ မေးတဲ့ အခါမျိုးမှာ သုံးတဲ့ လေပေါက်မျိုးနဲ့ မေးတာပါ၊ ထိတ်စေ လန့်စေတဲ့ စေတနာ အလျှင်း မပါ ပါဘူးကွယ်'

ချော့သံကို ကြားရသဖြင့် အားရှိလာသော မာရီသည် နပိုလီယံအား စိုက်၍ ကြည့်နေ၏။ စကားကို ပြန်ကြားမည် ဟန်ပြင်လိုက်စဉ် မာရီသည် ပျော့ခွေနွမ်းလျသော မိန်းမပျိုအဖြစ်မှ မတ်မားခံ့ညား၍ တည်ကြည်သော မိန်းမအဖြစ်သို့ ရုတ်ခြည်းပင် ပြောင်းလဲ၍ သွားလေ၏။ နပိုလီယံသည် ကြောက်သွေးဖြာကာ နွဲ့နှောင်းပျော့ပျောင်းသော သမင်မကလေး အဖြစ်မှ တည်ကြည်ခံ့ညား၍ ရဲရင့်သော ကျားမကလေး သဏ္ဌာန်သို့ ပြောင်းလဲလာသော မာရီကို သတိမူမိ၏။

မာရီက စကားပြန်ကြား၏။

'အရှင်...အရှင်က ကျွန်မအား အရှင့်ထံမှ မည်သည့်ဆုမျိုးကို အလိုရှိသနည်းဟု မေးမြန်း စုံစမ်းတော်မူသည့်အတွက် ကျေးဇူးဥပကာယ တင်ပါသည်။ ကျွန်တော်မသည် အလွန်ထူးသော ဆုတစ်ခုကို အလိုရှိပါ၏။ ထိုဆုထူးသည်ကား အခြားမဟုတ်ပါ၊ ကျွန်တော်မတို့၏ တိုင်းပြည်သည် လောဘသား တိုင်းခြားတို့ လက်တွင်း၌ ကြေမွနစ်မွန်းနေရပါသည်။ အရှင်သည်သာလျှင် ထိုယုတ်ညံ့သိမ်ဖျင်းသော ကျွန်တွင်းမှ ကယ်တင်နိုင်စွမ်းပါသည်။ သို့ပါသောကြောင့် အရှင်သည် ကျွန်တော်မျိုးမတို့ တိုင်းပြည်ကို ရန်သူလက်တွင်းမှ ကယ်တင်၍ လွတ်လပ်ရေး ချက်ချင်း ပေးသနားတော်မူပါ'

'ချက်ချင်းပဲလား....'

'ချက်ချင်းပင် အလိုရှိပါသည်။ အရှင်သည် အလွန် တန်ခိုးကြွယ်သော ဧကရာဇ်ဖြစ်ပေသည် မဟုတ်လော....'



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံသည် မာရီ၏ ခံညားတည်ကြည်သော စကားရပ်ကို ကြားလတ်သော် ရယ်သွမ်းသွေးလိုက်၏။

'ချက်ချင်းဆိုတာ မြန်လွန်းလှပါတယ် မာရီရယ်၊ မင်းတို့တိုင်းပြည်ကို လွတ်လပ်ရေး ချက်ချင်းပေးချင်ပေမဲ့ စဉ်းစဉ်းစားစားနဲ့ လုပ်မှ ဖြစ်တဲ့ အလုပ်ကွယ့်။ လွယ်လှတဲ့ကိစ္စ မဟုတ်ဘူး။ မင်းက ငါ့ကို တန်ခိုးကြွယ်တယ်လို့ ဆိုတာတော့ နည်းနည်းပိုသွားပြီ ထင်တယ်'

ဟု နပိုလီယံက ခပ်ရွှင်ရွှင် ပြန်ပြောလိုက်၏။

'ချက်ချင်း ဆိုသည့် စကားကိုမူ ကျွန်တော်မ ရုပ်သိမ်းပါသည်။ သို့သော် တန်ခိုးကြွယ်သည် ဆိုသည့် စကားကိုကား မရုပ်သိမ်းလိုပါ'

နပိုလီယံသည် အလွန်နှစ်သက်သည့် အသွင်ဖြင့် မာရီ၏ နားရွက်ကလေးကို လက်ဖျားနှင့် တို့ရင်း ပြန်ပြော၏။

'အေး....အေး....မင်း အတော် မြှောက်တတ်သားပဲ....၊ မင်းခယောကျ်ားများလိုပဲ မြှောက်တတ် ပင့်တတ်တာကိုး။ ငါ မင်းတို့တိုင်းပြည် လွတ်လပ်ရေးအတွက် အခုကပဲ စတင် ကြိုးစားပါ့မယ်။ ပိုလန်ပြည် အစိုးရကတင်သွင်းတဲ့ လျှောက်လွှာကို အသေအချာ စဉ်းစားဖို့ အသင့်ပါပဲ။ မင်းလည်း မင်းရဲ့ထင်မြင်ချက် ပေးရလိမ့်မယ်နော်။ ပိုလန်ပြည်မှာ မိန်းမဦးရေ အတော်အများသားပဲ။ ဒီတော့ အုပ်ချုပ်ရေး စနစ်သစ်ထဲမှာ မိန်းမတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်လို့ အတိအလင်း ဖော်ပြဖို့ လိုပေမယ်။ ဒီလိုကိစ္စမျိုးမှာ အလိမ္မာပိုတဲ့ မင်းတို့လို မိန်းမမျိုးရဲ့ အကူအညီ အလွန်လိုတာပဲ။ ကဲ....ကဲ.... ကျေနပ်ပြီ မဟုတ်လား၊ အမြန်ဆုံးပဲ စီမံပါမယ်။ ချက်ချင်း ဆိုတာကတော့ လွန်လွန်းတယ်ကွယ့်'

နပိုလီယံသည် ပြုံးရွှင်သော မျက်နှာနှင့် အလိုလိုက်သည့် သူ၏ လေသံမျိုးဖြင့် ပြော၏။ မာရီသည် ပိုလန်ပြည်ကြီးကို ကယ်တင်မည့် ပုဂ္ဂိုလ်ကြီးအား စူးစိုက်သော အာရုံဖြင့် မော်၍ ကြည့်နေ၏။

'အရှင်....အရှင့်အား ကျေးဇူးစကား အဘယ်သို့ ဆိုရပါအံ့နည်း'





'မာရီ....မင်းကို ငါ နက်ဖြန်ခါ တွေ့ဦးမယ်'

ဟု နပိုလီယံက "နက်ဖြန်ခါ"ဆိုသော စကားကို လေးလေးနက်နက် ပြောလိုက်၏။ ထိုအခိုက် ဒူးရော့ အနီးသို့ လျှောက်လာသဖြင့် နပိုလီယံက လှမ်း၍ ခေါ်ပြီးလျှင်–

'ဒူးရော့၊ မြို့စားကြီးကတော်ကို ငါ့ရထားနဲ့ အိမ်အရောက် ပြန်ပို့လိုက်ပါ။ သူ ပင်ပန်းလှပါပြီ'

ဟု အမိန့်ပေးလိုက်၏။

'မှန်လှပါ'

'ဒါနဲ့ မြို့စားကြီးကို သူ့ဇနီး အိမ်ပြန်နှင့်ပြီ ဆိုတဲ့ အကြောင်း ပြောလိုက်ပါဦး'

ထိုနောက် သူသည် မာရီဘက်သို့ လှည့်၍ ဦးညွှတ်ကာ နှုတ်ဆက်၏။

'ရှင်မ....ကျွန်ုပ် ရောက်လာကတည်းက ယခုထက်ထိ ပိုလန်ပြည်ကြီး အတွက် အကျိုးဆောင်ပေးဖြစ်လိမ့်မယ်လို့ စိတ်တွင် ပေါ်ပေါက်မိသည်မှာ နှစ်ကြိမ်ရှိပြီ။ ပထမ အကြိမ်ကား နှစ်သစ်ကူးနေ့ နံနက်အချိန်၌ ပေါ်လာသည်။ ဒုတိယ အကြိမ်ကား ယနေ့ည ယခုအချိန်ပင် ဖြစ်သည်။ ထိုသို့ စိတ်မျိုး ပေါ်လာသည့် အကြောင်းရင်းကို ရှင်မ တွေးမိပေလိမ့်မည်'

ထိုကဲ့သို့ မြွက်ကြားပြီးနောက် ဧကရာဇ်မင်းသည် ကပွဲ အခန်းကြီးမှ ထွက်တော်မူ၏။ မာရီလည်း ဒူးရော့ကို လက်တွဲ၍ ရထားရှိရာသို့ လှမ်းလေတော့သတည်း။

## အခန်း [ ၆ ]

"နက်ဖြန်ခါ...." ဘယ်လို သဘောပါလိမ့်ဟု မာရီသည် မွေ့ရာပေါ်တွင် လျောင်းရင်း တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပွဲကအပြန် တစ်ယောက်တည်း အိပ်ရာပေါ်တွင် တွေးနေရခြင်းသည် စည်းစိမ်တစ်မျိုး ဖြစ်၏။ ကပွဲတွင် တွေ့ခဲ့ မြင်ခဲ့ရသည့် အဝတ်အစားသစ်လွင်တောက်ပြောင်စွာ ဝတ်ဆင်ထားသော လူများ၊ ကြည်ပြုံး ရွှင်ပျသော မျက်နှာထားများ၊ တဖွဖွ ပြောကြဆိုကြသော စကားများ၊ တရှုရှု သွားကြလာကြသော လှုပ်ရှားခြင်းများနှင့် ဘဝင်တကြွကြွ ဖြစ်ရသည့် အဖြစ်အပျက်တို့ကို ပြန်ပြောင်း စဉ်းစားရခြင်းသည် အရသာ ထူးကဲလှသည်။

မာရီသည် အစေခံမကို မနှိုးဘဲ အိပ်ခန်းသို့ဝင်ကာ မွေ့ရာကြီးပေါ်တွင် ခြေပစ်လက်ပစ် အမောအပန်းဖြေရင်း လဲလျောင်းလျက် တွေရာလေးပါး စဉ်းစား၍ နေလေ၏။ နပိုလီယံ မနှစ်သက်သော်လည်း သူ့ ကိုယ်လုံးကိုယ်ပေါက်ကလေးကို ပေါ်လွင်စေသည့် ဂါဝန်ဖြူကလေးသည် အနီးရှိ ကုလားထိုင်ကြီးပေါ်တွင် ဖြန့်ကြဲလျက် ရှိ၏။ သူ၏ သေးသွယ်နွဲ့နှောင်းသော ခါးကလေးကို အလှတိုးစေခဲ့သော ခါးပတ်ကလေးသည် မြွေကလေးကဲ့သို့ ကုလားထိုင်ပေါ်မှ ကြမ်းပြင်သို့ လျှောဆင်းမည့်ဟန် ပြင်၍နေလေ၏။ ခေါင်းတွင် ပန်ဆင်ခဲ့သော ပန်းကုံးကလေးသည် အမြင့်မြတ်ဆုံးဖြစ်သော ဦးခေါင်းမှသည် အယုတ်ဆုံး ခြေထောက်၏ စီးနင်းခြင်း ခံရရှာသော ဖိနပ်အပေါ်သို့ ကျရောက်၍ နေလေသည်။ လက်စွပ်အိတ် အဖြူကလေး တစ်စုံသည်လည်း သခင်မ မောပန်းသကဲ့သို့ မောပန်း နွမ်းလျသဖြင့် မှန်တင်ခုံပေါ်တွင် ခြေပစ်လက်ပစ် နေလေ၏။ ခြေစွပ်တစ်စုံတို့သည် ခြေပတ်၏ ရစ်ပတ်ခြင်းအားမှ မလွတ်ကြရရှာသေးဘဲ တစ်ပူပေါ် နှစ်ပူဆင့် ဆိုသကဲ့သို့ မီးဖိုအနီးတွင် ခပ်အိုက်အိုက်နှင့် နေကြရရှာသည်။ အိပ်ရာ ခြေရင်း၌ကား အတွင်းခံ အင်္ကျီကလေးသည် သူ ဆင်ယင်ခဲ့ရသော သခင်မကလေး၏ ကွယ်ရာတွင် အမှုဆန်းကာ မတွေ့ရသေးသော ချစ်သူ၏ အချစ်ပန်း အဆက်ကို ခံလိုသည့် အသွင်ကို ဆောင်ကာ စောင့်ဆိုင်းနေလေ၏။

မာရီသည် အတွေးနယ်ချဲ့၍ နေ၏။ တစ်ညနေလုံး၌ ဖြစ်ပျက်သမျှတို့သည် သူ့အတွေးနယ်နိမိတ် အတွင်းသို့ တိုးကြိတ်၍ ဝင်လာကြကုန်၏။





ပွန်နီယားတိုးစကီး၏ ပြောသောစကား၊ ကေရာစ်မင်းထံ အခစားဝင်ရပုံ၊ ပထမဦး ကြောက်ရွံ့၍ ရှက်သွေးဖြာပုံ၊ နောက် မကြာမီ အရှက်အကြောက်များကို ပယ်ဖျောက်ပြီးလျှင် တည်ကြည်စွာ ကေရာစ်မင်းအား လျှောက်ထားပုံ၊ ကေရာစ်မင်းက အံ့အားသင့်သွားပုံ၊ သူ့ နူးညံ့သိမ်မွေ့ခြင်း အဟုန်ကြောင့် ထွက်ပြူလာသော ကေရာစ်၏ ဒေါသ အစအနတို့ အရည်ပျော်၍ သွားရပုံ၊ ကေရာစ်မင်းက သူ့အား ယုယစွာ ပြောကြားပုံတို့ကို တွေးမိ၏။ ထိုအတွေးများထဲတွင် နပိုလီယံ၏ စကားတစ်လုံးကို သတိအရဆုံး ဖြစ်၏။ "မာရီ မင်းကို ငါ နက်ဖြန်ခါ တွေ့ဦးမယ်"ဆိုသော စကားပေတည်း။

နက်ဖြန်ခါ ဆိုသည်မှာ မဝေးလှတော့။ နာရီသည် တချက်ချက်နှင့် ရှေ့သို့ ရွေ့၍နေလေပြီ။ ယနေ့သည် တဖြည်းဖြည်း နောက်သို့ ရွေ့လျောသွားပေပြီ။ နက်ဖြန်သည် ရှေ့သို့ တရွေ့ရွေ့ တိုးလာလေပြီ။ "နက်ဖြန် တွေ့မယ်" ဆိုသည်မှာ မည်သည့် အဓိပ္ပာယ်ပေနည်း။ မာရီသည် မည်သို့ အဓိပ္ပာယ် ပေါက်ရောက်သည်ကို မစဉ်းစားတော့ချေ။ စဉ်းစားရန် မလိုတော့။ သူသည် ယခုကဲ့သို့ အတွေး အတောင်ပံဖြန့်၍ ကွန့်မြူးနေရရင် တော်ပြီ၊ ကျေနပ်လောက်ပြီဟု ထင်မိ၏။ နပိုလီယံသည် သူ့ကို ချစ်သည်။ ပွန်နီယားတိုးစကီးက ဤသို့ ပြောသည် မဟုတ်လော....။

မာရီသည် နပိုလီယံ၏ ပုံပန်းသဏ္ဌာန်ကို ထင်တရေးနှင့် မြင်သေးတော့၏။ နပိုလီယံသည် အရပ် အတန်ငယ် နိမ့်သည်။ အစိမ်းနှင့် အဖြူရောင်ရှိသော အဝတ်အစားကို ဝတ်ဆင်လျက် ရွှေအနားကွပ်များ ပါရှိသည်။ မာရီ မှတ်မိသည်မှာ နပိုလီယံ၏ လက်ဝဲရင်ပေါ်၌ အရောင်ခြယ်ထားသော လက်ဝါးကပ်တိုင် အငယ်ကလေး တစ်ခုနှင့် အတော်ကြီးသော ကြယ်ပွင့်တစ်ပွင့် ရှိသည်။ သူ၏ လက်များသည် စစ်သား၏လက်နှင့် မတူ။ ဘုန်းတော်ကြီးများ၏ လက်နှင့် တူလှသည်။ အလွန်နူးညံ့ပေသည်။ သို့သော် သူ့နားရွက်ကို တို့ဆိတ်လိုက်သော လက်သည် နူးညံ့ငြားလည်း အတော်စူးရှသည်။ ဤလက်ကို သတိပြုရမည်။ ဤလက်သည် အလွန်နူးညံ့သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင်၏ လက်များနှင့် တူသည်။ ကြောင်၏ လက်ကလေးများသည် နူးညံ့ငြားလည်း လက်သည်းများ ထွက်လာသောအခါ စူးရှလှသည်။ သူ၏ မျက်နှာနေ မျက်နှာထားမှာ အလွန်ခံ့ညား၍ တည်ကြည်သည်။ အလွန် နူးညံ့သိမ်မွေ့သော သဏ္ဌာန်ကို ဆောင်သည်။ သာမန်ပုဂ္ဂိုလ်တို့၏ မျက်နှာမျိုး မဟုတ်ချေ။ အမိကပုဂ္ဂိုလ် ဖြစ်ကြောင်း သက်သေပြလျက် ရှိသည်။ သူ့ပါးရိုးများသည် ထင်ရှားပေါ်လွင်ရကား ရောမဘုရင် စစ်သူကြီး ဆီဇာနှင့် တူလှပေသည်။

အလုံးစုံ ခြုံ၍ ကြည့်သည်ရှိသော် နပိုလီယံသည် မာရီအဖို့ မုန်းစရာလူ မဟုတ်ချေ။ သို့ငြားလည်း နပိုလီယံကို သူ မစွဲမက်ချေ။ သူ သဘောကျသော အနေအစားမျိုးထဲက မဟုတ်။ နပိုလီယံသည် သူ သဘောကျသည့် အစားမျိုးထက် မြင့်လှသည်။ သူ့ကို ကြည့်ရသည်မှာ လူနှင့် မတူ။ တိုင်းပြည်ကြီး တစ်ခုလုံး ပေါင်းရုံးထားသော အရာဝတ္ထုနှင့် တူလှသည်။ ထို့ကြောင့် သူ့ကို မချစ်ရဲချေ။ သူ့အခြေအနေကို ကြည့်ရလျှင် သူသည် အိပ်ရာတွင် အတူမွေ့ရန် မိန်းမမျိုးကို လိုပုံ မရ။ ရာဇပလ္လင်တွင် ယှဉ်တွဲထိုင်ရန် မိဖုရားကိုသာ လိုဟန်ရှိသည်။ သာမန်အိမ်ရှင်မ မယားဇနီးကို မလိုဘဲ ထိပ်ခေါင်တင်ရွှေနန်းစံ မိဖုရားကိုသာ လိုပေလိမ့်မည်ဟု မာရီ ထင်မိသည်။ သူ့ရင်တွင် တပ်ဆင်ထားသော လက်ဝါးကပ်တိုင်ကလေးနှင့် ကြယ်ပွင့်ကြီးသည် သူ့စိတ်ဓာတ်ကို ထင်ရှားစွာ ပြပေသည်။ အသက် ၃၅ နှစ်မျှသာ ရှိသေးသော်လည်း လူတကာတို့၏ အထွတ်အထိပ်သို့ ရောက်နေရသော နပိုလီယံသည် ကျော်စောခြင်း တည်းဟူသော ဂုဏ်ထူးဝိသေသတို့မှ အပ အခြားအရာများကို မည်သို့လျှင် မက်မောနိုင်ပါမည်နည်း။

မာရီသည် နပိုလီယံကို လန့်မိသည်မှာ ရှားရာကျသည်ဟု မိမိကိုယ်ကို မိမိ အပြစ်တင်၏။ ပွန်နီယားတိုးစကီးက မိမိကို နပိုလီယံက ချစ်ကြိုက်နေသည်ဟု ပြောသည်မှာလည်း ပွန်နီယားတိုးစကီးသည် အိပ်မက် မက်နေဟန်ရှိသည်ဟု တွေးမိ၏။





နက်ဖြန်ခါ ....နက်ဖြန်ခါ ဘာဖြစ်ရဦးမှာတဲ့လဲ။ ကေရာဇ်မင်းမြတ်သည် သူ့အား တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ မေးပေလိမ့်မည်။ ပိုလန်ပြည် လွတ်လပ်ရေး ပြဿနာအကြောင်း ဆွေးနွေးပေလိမ့်မည်။ စကားစမြည် ပြောရုံသာ ရှိမည်။ ဘာမျှ ထူးခြားမည် မဟုတ်။ သူ့ကို နပိုလီယံက ညစာခံပွဲကို ဖိတ်ကောင်း ဖိတ်ပေလိမ့်မည်။ ယခုအကြိမ်၌မူ သူသည် ကလေးကလား မလုပ်တော့ဘဲ ဖိတ်မန္တက ပြုခြင်းကို အသာတကြည် လက်ခံလိုက်မည်။ အမှန်မှာ သူသည် အခြား မဟုတ်။ လူကုံထံတစ်ဦး၏ ဇနီးပင် ဖြစ်သည်။ ညစာခံပွဲကို တက်ရောက်သင့်ပေသည်။ ထိုအခိုက် သူ့စိတ်သည် လည်၍ သွားလေ၏။

“တကယ်လို့များ ငါ ယောကျ်ားခပ်ငယ်ငယ် ရနေရင် ငါ့ကို ပွဲထိုင်တကာ ခေါ်မှာပဲ။ လူကုံထံလည်း ဖြစ်၊ လူငယ်လည်း ဖြစ်သဖြင့် သူဟာ ပွဲထိုင် အခမ်းအနားတွေကို နှစ်သက်မှာပဲ။ အတာနေးလို ငါ့ကို လူတော မသွင်းဘဲ နေမှာ မဟုတ်ဘူး။ အင်း....ယောကျ်ားငယ်ငယ် ယူရရင်....”

ဟု မာရီသည် တွေးမိ၏။

ထိုအတွေး ဝင်လာသောအခါ သူသည် အိပ်နေရာမှ ဖြုန်းခနဲ ထလိုက်၏။ သူသည် သူ့သက်ကျားအိုကြီး၏ ကရိကထကို ခံနေရစဉ် အချစ်ကြီး ချစ်တယ်ဆိုတာ ဘယ်လိုများပါလိမ့်ဟု တွေးမိခဲ့၏။ ယနေ့ည ကပွဲတွင် သူသည် ယောကျ်ား ပျိုပျိုရွယ်ရွယ်များကို မြင်တွေ့ခဲ့ရ၏။ မြို့စားကလေးများ၊ စစ်ဗိုလ်ကလေးများ အပြင် ကေရာဇ်ကလေး ခပ်ငယ်ငယ်ကိုပင် မြင်တွေ့ခဲ့ရသည်။ သူသည် ထိုယောကျ်ားငယ်ငယ် သန်သန်စွမ်းစွမ်းတို့ကို မြင်ရသောအခါ သူ့ရင်တွင်းရှိ မီးခဲပြာဖုံး ဖြစ်နေသည့် စိတ်အာသာများသည် ပြာလွင့်၍ ရဲရဲတောက်လာလေ၏။ သူသည် ခုတင်မှ ထ၍ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေ၏။ ကိုယ်လုံးပေါ် မှန်ကြီးရှေ့သို့ ရောက်တိုင်း သူ၏ ကိုယ်ကာယကလေးကို မှန်ထဲတွင် ကြည့်မိ၏။ သူသည် ကလေးကလေးနှင့် တူလှတော့သည်။ အလွန် ငယ်ရွယ်နုနယ် လှပေသည်။

www.burmeseclassic.com



ဤသို့ ပွင့်သစ်စ ပန်းကလေးသည် ဤမျှလောက် အရေတွန့်သော လက်ကြားတွင် ကြေမွနေရခြင်းသည် ဒုက္ခပင်တည်း။

ထိုသို့ အတွေးနယ်ချဲ့နေခြင်းသည် အိပ်မက်သာ ဖြစ်သည် မဟုတ်လော၊ အကယ် ဖြစ်နိုင်ပါ၏လော။ မကြာမီပင် မိုးလင်း၍ နက်ဖြန်သည် ယနေ့ ဖြစ်တော့မည်။ မှန်တွင် ပေါ်နေသော သူ့ကိုယ်ကာယကလေးသည် အမှန်ပင် ချောမွေ့နုနယ်လှ၏။ သူသည် ကလေး မဟုတ်တော့ချေ။ မိန်းမငယ်ကလေး တစ်ဦး ဖြစ်နေလေပြီ။ သူ၏ ရင့်မာသော စနေနှစ်ပွင့်တို့သည် လည်းကောင်း၊ ကျစ်လျစ်သေးသွယ်သော ခါးနှင့်တင်တို့သည် လည်းကောင်း သူ့အား အိုးပုတ် ချိုးရုပ် ကစားရွယ်ကလေး မဟုတ်တော့ကြောင်း ထင်ရှားစေ၏။

မာရီသည် မှန်ရှေ့တွင် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ယှက်၍-

'ငါ မိုက်တာပဲနော်၊ ငါ သိပ်မိုက်တာပဲ'ဟု ညည်းညူလေ၏။ 'ငါ့ရဲ့ အဖိုးတန်တဲ့ အပျိုဂုဏ်နဲ့ အချစ်စိတ်ကို ငါ့အမေ ငွေမက်တာကြောင့် အပျက်ခံလိုက်ရတာပဲ၊ အခုလို ဘာမှ မထူးခြားတဲ့ သက်ကျားအိုကြီးနဲ့ တွဲနေရတာ လောကငရဲပဲ။ ငါ မင်္ဂလာဆောင်ခါနီးတုန်းက ငါ့မိတ်ဆွေ အယ်ဘီတာက ငါ့ဆီ စာရေးလိုက်သေးတယ်။ "မာရီ၊ ညည်း လောကမှာ အချစ်ရဲ့ အရသာကို သိရဲ့လား။ အခု ညည်းလင်အိုကြီးဆီကတော့ ရနိုင်မယ် မဟုတ်ဘူး။ တခြားမှာ ရှာပါလား"တဲ့။ ငါ့ကိုက မိုက်တာပါ။ ငါ့သူငယ်ချင်းစကား ငါ နားမထောင်ဘဲ မိန်းမမြတ်ကြီး လုပ်ချင်လိုက်တာ၊ ငါ မိုက်တယ်....သိပ်မိုက်တာပဲ'

မာရီသည် အခန်းထဲတွင် ဖယောင်းတိုင်ကလေး တစ်တိုင်သာ ထွန်းထား၏။ မီးဖိုထဲသို့ အမွှေးမှုန့် အနည်းငယ် ဖြူးလိုက်သဖြင့် အခန်းတစ်ခန်းလုံးသည် မွှေးကြိုင်၍ သွား၏။ မာရီသည် ခုတင်ပေါ်တွင် စောင်း၍လှဲပြီးလျှင် စိတ်ကူးထဲတွင် ပေါ်လာသော လုလင်ပျိုကလေးနှင့် မြူးနေလေ၏။

မမှောင့်တမှောင် အခန်းထဲတွင် ခုတင်ပေါ်မှ နေ၍ မှန်ကြီးဆီသို့





လှမ်းကြည့်ကာ မိမိ၏ ရုပကာကို စိစစ်ဝေဖန်မိ၏။ မာရီသည် အလွန်ချောမွေ့လှပသူ တစ်ဦးဖြစ်သည်။ သူ့ရုပကာကို မြင်တွေ့ရသူ အပေါင်းသည် သူ့အား လှပချောမွေ့ကြောင်း ချီးမွမ်းကြကုန်၏။ ယောကျ်ားများမှာမူ သူ့ရုပကာကို မြင်တွေ့ကြလျှင် တိမ်းမပါကြကုန်၏။ နပိုလီယံသည် မြို့တော်ဝင်ရာ လမ်းခုလတ်တွင် သူ့ကို မြင်တွေ့လိုက်သဖြင့် သိဝရာဇ်မင်းကြီး ဖြစ်သွားချေသေးသည်။ သူသည် ရှေးက မိမိလှကြောင်း မိမိ ဂရုမပြုခဲ့ချေ။ သူ့သူငယ်ချင်း အယ်ဘီတာက သူ လှကြောင်း တဖွဖွ ပြောကြားလည်း သူသည် မယုံကြည် သလိုလို နေခဲ့၏။ ယနေ့ည ယခုအချိန်၌ ကိုယ်လုံးပေါ်မှန်ကြီးက အယ်ဘီတာ၏ စကားများကို သက်သေလိုက်ခါမှ သူ့ကိုယ်သူ လှမှန်း ယုံကြည်သိရှိတော့၏။

မာရီသည် အိပ်ရာပေါ်တွင် ပက်လက်ကလေး နေ၏။ ထိုစဉ် သူသည် ငယ်ရွယ်စဉ်အခါ တစ်နေ့သ၌ သူ့အိမ်နီးချင်း သူငယ်ကလေး တစ်ယောက်နှင့် သူတို့ တောထဲတွင် မြက်ခင်းပေါ်၌ လဲလျောင်းနေကြပုံကို ပြေး၍ သတိရမိ၏။ သူ့အိမ်နီးချင်း ကလေးသည် ရုရှားကလေး ဖြစ်သည်။ သူ့အသက်အရွယ်မှာ နှစ်ဆယ်လောက် ရှိ၏။ မာရီကား ထိုစဉ်က တစ်ဆယ့်ငါးနှစ်အရွယ်၊ အလွန် အပြစ်ကင်းစင်သူ ကလေးတစ်ဦး ဖြစ်နေသေးသည်။ သူငယ်ကလေးသည် မာရီ ယခု ခုတင်ပေါ်မှာလို ပက်လက်ကလေး ရှိနေစဉ် ရင်ချင်းအပ်ကာ နှုတ်ခမ်းချင်း ဆက်မိလေ၏။ မာရီသည် မငြင်းခဲ့ချေ။ သို့သော် အတန်ငယ်ကြာခါမှ ရှက်စိတ်လိုလို စိတ်မျိုး ဝင်လာသဖြင့် မာရီက ရုရှားကလေး၏ ရင်ကို တွန်းလိုက်လေ၏။ ရုရှားကလေးသည် မာရီအား တောင်းပန်သော မျက်လုံးများဖြင့် ကြည့်ကာ-

"မာရီ၊ ကျုပ် မှားမိပြီ၊ ခွင့်လွှတ်ပါ"ဟု ပြောရှာလေသည်။ ထိုသို့ ဖြစ်ပျက်ပြီးနောက် ထိုသူငယ်ကလေးကို မာရီ မတွေ့တော့ချေ။ ထိုအကြောင်းကို မိတ်ဆွေဖြစ်သူ အယ်ဘီတာနှင့် မဒမ် ဒီဗောဘန်တို့အား ပြောပြသော အခါ ရယ်မောကြ၍၊ မဒမ်ဒီဗောဘန် ကမူ-



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက ရုရှားကလေးက ညည်းကို ယူလိုက်ရင် ကောင်းမှာ၊ ဒီတော့မှ အဘိုးကြီးနဲ့ လွဲမှာ'

ဟု ပြောလေ၏။

မာရီသည် သူ့မိတ်ဆွေ၏ စကားကို ကြားယောင်ယောင် ရှိနေ၏။ သူ့မိတ်ဆွေ ပြောသည်မှာ အလွန်မှန်သည်။ အကယ်၍သာ သူသည် ရုရှားကလေး၏ အလိုကို ဖြည့်ဆည်းလိုက်ပါမူ သူသည် ယခုကဲ့သို့ ပေါ်မလာဘဲ ရှိမည် မဟုတ်။ အကယ်၍သာ သူ့ကို ရုရှားကလေး ယူလိုက်ရင် သက်ကျားအိုကြီးကို ပေါင်းသင်းရတော့မည် မဟုတ်။ မာရီသည် သူ့ကိုသူ အပြစ်တင်မိလေသည်။

'ငါ့ကိုက မိုက်တာပါ။ ငါ့အမေစကား နားမထောင်ဘဲ ရုရှားကလေးကို ယူရင် ယူ၊ မယူရင်လည်း အယ်ဘီတာ ပြောတဲ့ လူပျိုကလေး နှစ်ယောက်အထဲက တစ်ယောက်ယောက် ယူလိုက်ရင် အခုနေဆို ဘယ်လောက် ပျော်လိုက်မလဲလို့။ အခုလို လောကငရဲမျိုးနဲ့တော့ အမှန်လွဲမှာပဲ'

သူသည် ဤသို့ ညည်းတွားရင်းပင် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းဆင်ခြင်မိကာ အလိုမတူဘဲ သက်ကျားအိုကြီးနှင့် လက်ဆက်လိုက်ရပုံကို တွေးမိကာ စိတ်လက် မချမ်းမသာ ဖြစ်နေရရှာသည်။

"အခု ပိုလန်ပြည်ကြီး လွတ်လပ်ရေးနဲ့ နီးလာပြီ၊ မကြာခင်ပဲ လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းရတော့မယ်၊ ငါ ဘယ်လို ဆောင်ရွက်ရပါ့မလဲ၊ ငါ ဒီလို ညစဉ်ညတိုင်း အတွေးခေါင်ပြီး ဒုက္ခခံစားနေရမှာလား၊ ငါ့ကို ဘယ်သူကမှ ဂရုမစိုက်တော့ဘူး။ ငါ့အမေတို့၊ အစ်ကိုတို့ကလည်း ငါ့ကို အဘိုးကြီးဆီမှာ ရောင်းစားတုန်းကသာ ဂရုစိုက်ကြတယ်၊ အခုတော့ ငါ့ကို ဂရုမစိုက်ကြတော့ဘူး၊ သူတို့လိုအင် ပြည့်ပြီကို...."

မာရီသည် ဤသို့ တွေးကာ ဝမ်းနည်းပြုံး ပြုံးလိုက်လေ၏။ သူသည် အများ ပျော်ရွှင်ဖို့အတွက် ဆောင်ရွက်သင့်ပါ သေးသလား ဟု သူကိုယ်သူ မေး၏။





"သြော်....လူ့ဘဝဆိုတာ ဒုက္ခတွေ အနန္တနဲ့ချည်းပေါ့။ ဒုက္ခကို မငြိုမငြင် ခံယူမှ လူစွမ်းကောင်း ဖြစ်မှာပေါ့"

ဟု သူ တွေးမိလေ၏။ ထိုနောက် ကိုယ်လုံးပေါ် မှန်ကြီးကို တစ်ဖန် လှမ်းကြည့်ကာ သူ၏ ချောမွေ့သော ရုပကာကို စောင်းမွေ၍ ကြည့်မိပြန်၏။

"ဟုတ်ပါတယ်၊ ဒုက္ခတော့ ခံယူရမှာပေါ့၊ လူဆိုတာ ဒုက္ခနဲ့ အတူ မွေးလာတာပဲ။ ဒါပေမဲ့ ငါ့ကိုယ်ကာယကလေးဟာ သက်သက်မဲ့ မတရား ဒုက္ခခံရတာ၊ ငါ့အချစ်စိတ်ဟာ သက်သက်မဲ့ ပျက်စီးရတာ။ ငါ့အာသာဆန္ဒဟာ ပြည့်ဝတယ်လို့ မရှိခဲ့ဘူး။ ဘာလို့ ဒုက္ခခံရမှာလဲ ဟင်....မခံဘူး"

ဟု မာရီသည် ဒေါသအနည်းငယ် ထွက်မိ၏။

ညတာသည် တတိတတိနှင့် ကုန်ဆုံးခါနီးလေပြီ။ "နက်ဖြန်ခါ"ဟု နပိုလီယံက အဓိပ္ပာယ် လေးနက်စွာ ဆိုလိုက်သည်။ ထို နက်ဖြန်ခါသည်ကား "ယနေ့"ဘဝသို့ ရောက်တော့မည်။ မာရီသည် အိပ်ရာပေါ်တွင် ပြန်၍ လှဲလေ၏။ မျက်စိများသည် ဝေရီ၍ လာလေပြီ။ ကိုယ်လက်များသည် လေးလံထိုင်းမှိုင်း လာလေပြီ။ မျက်စိများသည် တဖြည်းဖြည်း မှိတ်သွားလေတော့သည်။

## အခန်း [ ၇ ]

သူ နိုးသောအခါ အယ်ဘီတာ ရောက်နေသဖြင့် အံ့အားသင့်သွား၏။ ပိုလန်လူမျိုးတို့သည် နံနက်စောစော အိပ်ရာမှ ထ လေ့ရှိသူများ မဟုတ်ကြချေ။ အထူးသဖြင့် မျက်နှာကြီးတို့သည် ညအိပ်ပြန်တော့လည်း သန်းခေါင်ကျော်မှ အစောဆုံး သဘောထား၍ အိပ်ကြကာ နံနက်ခင်း၌ မထကြဘဲ မွန်းတည့်၊ မွန်းလွဲမှ ထ ကြသည်။ ထို့ကြောင့် နံနက်စောစော အယ်ဘီတာ ရောက်နေခြင်းသည် မာရီအဖို့ အလွန် စိတ်ဆိုးချင်စရာ ကောင်းလှ၏။ သူ့စိတ်ထင်ကား အယ်ဘီတာသည် နံနက်စောစော ကပွဲအကြောင်း ကြားကြော ရှည်ရန် လာသည် ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာများ ပြောစရာရှိလို့လဲ အယ်ဘီတာရဲ့၊ အရေးမကြီးဘူးဆိုရင် ညနေကျမှ ပြောရောပေါ့ကွယ်။ ညည်းသာ မနက်စောစော ထ နိုင်တယ်၊ ငါဖြင့် အခု ခေါင်းကိုက်နေတယ် အေ့'

ဟု မာရီက အပြစ်တင်သံ မကင်းသော စကားကို ဆိုလိုက်၏။

အယ်ဘီတာသည် မာရီကို နောက်ပြောင်လိုသော မျက်နှာပေးနှင့် မာရီ အိပ်နေသော အိပ်ရာဘေးသို့ ချဉ်းကပ်လာပြီးလျှင် စာတစ်စောင်ကို လှမ်း၍ ပေးလိုက်၏။

မာရီသည် ကြောင်တိကြောင်တောင်နှင့် လှမ်းနေသော စာအိတ်ကို ယူကာ ဖွင့်ဖောက်ကြည့်၏။ စာအိတ်တွင်းရှိ စာမှာ လက်ရေးနှင့် ခပ်ရှုပ်ရှုပ် ရေးထားသော စာဖြစ်၏။ စာအဆိုကား-

မေရီ....ချစ်နှမ။

ချစ်နှမကို မြင်တွေ့ရကတည်းက ခင်မင်စိတ်၊ နှစ်သက်စိတ်တွေ တားမနိုင် ဆီးမရနှင့် ချစ်နှမ၏ ရင်ခွင်၌သာ စံပျော်လိုလှပါသည်။ ရင်တကြွကြွ စောင့်မျှော်နေသူအား ပြန်စာ အမြန် ပေးဆက်လိမ့်မည်ဟု မျှော်လင့်လျက်ရှိသူ....

**N**

' **N** ဆိုတာ ဘာလဲ'

'နပိုလီယံရဲ့နာမည် အတိုကောက်လေ'

မာရီသည် ဒေါသလျှံမီး ပြောင်ညီးစွာ ထွက်လာ၏။

'ဒါ ဘယ်သူ လာပေးသလဲ'

အယ်ဘီတာသည် မာရီ ဒေါသ ဖြစ်နေသလောက် အေးဆေး ငြိမ်သက်နေ၏။

'ဒီစာနဲ့အတူ ဟောဒီပန်းတွေလည်း ပေးလိုက်သေးတယ်'

ဟု ဆိုကာ နှင်းဆီပန်းပွင့်ကြီးများဖြင့် ပြုလုပ်ထားသော ပန်းခိုင်ကြီး





တစ်ခိုင်ကို ဝှက်ထားရာမှ ယူ၍ ပေးလေ၏။ ပန်းခိုင်ကြီးသည် အလွန်တင့်တယ်၏။ နှင်းဆီပန်းတွေ ဝေဝေစီလျက်၊ အလယ်က ပန်းပွင့်ကြီးမှာ "ပန်းဘုရင်မ"ဟု ခေါ်ဆိုလောက်အောင်ပင် ကြီးမားဝင့်ကြွားလျက် ရှိ၏။ ထိုပန်းပွင့်ကြီးတွင် ဇကရာဇ်၏ တံဆိပ်ခတ်ထားသော စာချပ်ကလေးတစ်ခု ချိတ်၍ထား၏။ ထိုနေ့ ညနေတွင် ကျင်းပမည့် ညစာပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားသော စာချပ် ဖြစ်ပေသည်။ စာချပ် ထောင့်တစ်ထောင့်တွင်-

"ဤ နှင်းဆီကို နှမ၏ နှလုံးသား အပေါ်တည့်တည့်တွင် ပန်ဆင်၍ ယနေ့ည လာခဲ့ပါ။"

ဟု ရေးထားသည်။

အယ်ဘီတာသည် ပန်းပွင့်များကို ကြည့်၍ နှစ်သိမ့်သော အနေနှင့် ပြုံးကာ မာရီ၏ အိပ်ရာပေါ်သို့ ပန်းခိုင်ကို တင်လိုက်၏။

'သူ ညည်းကို ချစ်နေပြီ'

ဟု ဆိုလိုက်၏။ မာရီသည် တင်လာသော ပန်းခိုင်ကိုယူ၍ လွှင့်ပစ်လိုက်၏။ သူ့မျက်နှာကလေးသည် ဟသ်ပဒါး အရောင် လုကာ သူ၏ ပြူးကျယ်ကြည်လင်သော မျက်လုံးနှစ်သွယ်မှ ဝဲ၍ ကျစီးလာသော မျက်ရည်ပေါက်ကြီးသည် သူ့ပါးချောကလေးပေါ်သို့ လိမ့်၍ ဆင်းလာ၏။ ထိုမျက်ရည်များ ဖြစ်ပေါ်ရသည်ကား မျက်လုံးအိမ် မဟုတ်ချေ။ ထိုမျက်ရည်တို့ကို သူ့နှလုံးအိမ်တွင် နှစ်ပရိစ္ဆေဒ အတန်ကြာ သိုလှောင်ထားခဲ့ရာမှ ယနေ့၌ ရေကာတာ ကျိုးသည့်ပုံပမာ ပူဇွေ့မကင်းသော မျက်ရည်များသည် ဖြာ၍ ကျလာကြ၏။ ထိုမျက်ရည်များသည် အမျိုးမျိုးသော အဓိပ္ပာယ်ကို ဆောင်ယူလာလေသည်။

'အယ်ဘီတာ....ညည်း မသိဘူးလား၊ ငါ စာတွေကို လက်မခံနိုင်ဘူးဆိုတာ။ ဇကရာဇ်မင်းကလည်း မိန်းမတွေ ရှားတာလိုက်လို့၊ ငါ့ကိုမှပဲ ရွေးရပလေတယ်'

ဟု မာရီသည် တရှုပ်ရှုပ် ငိုရှိုက်ရင်း ပြောရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပွန်နီယားတိုးစကီးကလည်း အပြစ်ဆိုလို့ တိုင်းပြည်ကို ချစ်တဲ့အပြစ်သာ ရှိတဲ့ မိန်းမတစ်ယောက်ကို ဖျက်ဆီးရာ ဖျက်ဆီးကြောင်း ကြံရက်ပေတယ်နော်'

အယ်ဘီတာသည် မာရီအား မွေ့ဖက်၍ အကြိမ်ကြိမ် နမ်းရှုပ်လေ၏။ ဤသို့ ယုယလိုက်ခြင်းသည် မာရီအတွက် ဝမ်းနည်း၍လည်း မဟုတ်၊ မိတ်ဆွေကောင်းတို့ ထုံးတမ်းအတိုင်း ကြင်နာသနား၍လည်း မဟုတ်။ ထိုသို့ နမ်းရှုပ် ယုယခြင်းသည်ကား အဓိပ္ပာယ်မရှိ ငိုကြွေးနေသော ကလေးကို မောပန်းနေမည်စိုး၍ တိတ်စေလိုသော သဘောဖြင့် နမ်းရှုပ်ခြင်းမျိုး ဖြစ်ပေသည်။ အယ်ဘီတာသည် မာရီ၏ အကြောင်းမဲ့ ငြင်းပယ်ချက်ကို အံ့သြနေ၏။ သူနှင့် မာရီတို့သည် နပိုလီယံအား တိုင်းပြည်က မလိုမုန်းထား ရှိနေသေးသည့် အခိုက်တွင်–

"အချစ်ဆုံး ပိုလန်ပြည်ကြီးအတွက် ဘာပဲဖြစ်ဖြစ် လုပ်မယ်"

ဟူသော ဆုံးဖြတ်ချက်ကို ချထားခဲ့ဖူးပါလျက် ယခုကဲ့သို့ မာရီ၏ အဓိပ္ပာယ်ကင်းသော စိတ်နေစိတ်ထားကို အမှန်ပင် အံ့သြနေလေ၏။ ကမ္ဘာပေါ်တွင် အကျော်စောဆုံး၊ တန်ခိုးအကြီးဆုံး ဧကရာဇ်ဖြစ်တော်မူသော နပိုလီယံက နမူးနထိုင်း ချစ်ခင်နှစ်သက်တော်မူ၍ ပေးလာသော အခွင့်အရေးကို မယူဘဲ ရှောင်လွှဲ သွေဖည်လိုခြင်းသည် အလွန် ကလေးကလား ဆန်လှသည်ဟု အယ်ဘီတာ ထင်မိ၏။ ကိုယ့်ထက် အသက်နှစ်ပြန်လောက်ကြီးသူ အဘိုးကြီးနှင့် အကြောင်းပါရသော ဒုက္ခ၏ အသက်တာသည် ယခု နှစ်နှစ်တိုင်ချေပြီ။ ဤကဲ့သို့ အခွင့်အရေးမျိုးကို ရှောင်ဖယ်သူသည် ဘုရားသော်လည်းကောင်း၊ နွား သော်လည်းကောင်း ဖြစ်တန်ရာသည်ဟု အယ်ဘီတာ တွေးမိ၏။

အယ်ဘီတာက–

'အောက်မှာ မဒမ်ဒီဗောဘန် စောင့်နေတယ်။ ညည်းရဲ့အကြောင်းကို သူ့အဆက်ကြီး ပွန်နီယားတိုးစကီးကို ပြန်ပြောဖို့ မှာလိုက်ရမယ်။ ဒီတော့





ဘယ်လို ဖြစ်မယ်ဆိုတာ ကြည့်ကြရအောင်။ ညည်းလုပ်ပုံ မဟန်သေးပါဘူးအေ၊ ငါတို့လို မိတ်ဆွေတွေ ရှိလျက်နဲ့ ဒီလို ကြောင်တောင်တောင် လုပ်တာ မကောင်းလှပါဘူး'

ဟု မာရီအား ဖြည်းညင်းစွာ ကြိမ်းဆိုလေ၏။

အယ်ဘီတာသည် အိမ်အောက်သို့ ခေတ္တမျှ ဆင်းပြီးလျှင် ပြန်တက်လာသောအခါ မာရီသည် အိပ်ရာမှ ထ နေနှင့်လေပြီ။ သူသည် မာရီ၏ဆံပင်ဖြီးပြီးလျှင် အင်္ကျီကို ဝတ်ပေး၏။

'ကဲ....ကဲ....ဒီသူငယ်မကလေးကို အဝတ်အစား ကျကျနန ဝတ်ပေးပြီး ဆံပင် ကောင်းကောင်း ဖြီးပေးလိုက်ရမယ်'

ဟု အယ်ဘီတာသည် မာရီအား ခေါင်းဖြီးရင်း ဆို၏။

ထို့နောက် မျက်နှာသုတ်ပဝါကို ရေဆွတ်ပြီးလျှင် မာရီ၏ မျက်နှာကို ပွတ်တိုက်ပေး၏။

'ညည်းနှယ်အေ....သိပ်ရက်စက်တာပဲ၊ ဒီမျက်လုံးကလေးတွေ လှနေတာ အပုတ်သားနဲ့။ အခု နီပြီး ရောင်မို့မို့ကြီး ဖြစ်နေပြီ....'

ဟု သမီးအား အမေက ပြောပြောဆိုဆိုနှင့် သုတ်သင် ပြင်ဆင်ပေးသကဲ့သို့ အယ်ဘီတာသည် သူ့မိတ်ဆွေကို သုတ်သင်ပြင်ဆင် ပေးလေ၏။

မျက်နှာသစ်ပေးပြီးနောက် ပါးကလေး နှစ်ဖက်ကို ပေါင်ဒါ တို့ပေးလေ၏။

'ညည်း ပါးကလေးတွေဟာ နှင်းဆီသွေး မပေါက်တော့ဘူး၊ ဒီနေ့မနက် ညည်း ဘာဖြစ်နေမှန်း မသိပါဘူး'

ဟု ပြောဆိုနေစဉ် တံခါးခေါက်သံ ကြားရသဖြင့် သူသည် မာရီရှေ့ရှိ ကုလားထိုင်တွင် ထိုင်ရာမှ–

'ဝင်ခဲ့လေ'

ဟု ပြောလိုက်၏။

မဒမ်ဒီဗောဘင်နှင့် မြို့စားကြီး ဝင်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မာရီသည် ဝင်လာသူတို့အား နှုတ်ဆက်၏။ မဒမ်ဒီဗောဘင်သည် ပန်းခိုင်ကြီးကို လှမ်းကြည့်လိုက်၏။ အယ်ဘီတာသည် ပန်းခိုင်ကြီးကို လှမ်းယူပြီးလျှင် မွှေးပိုက်ကာ–

'ကေရာဇ်မင်းက မာရီဆီကို ပန်းတွေနဲ့ ဒီနေ့ည ညစာပွဲ ဖိတ်စာ တစ်စောင် ပို့လိုက်တယ်'

ဟု ပြောလေ၏။

မြို့စားကြီးသည် ပန်းများကို လှမ်းကြည့်လိုက်၏။ အယ်ဘီတာက–

'ပန်းတွေ မလှဘူးလား'

ဟု မေးသည်ကို–

'လှတယ်၊ အတော် အဖိုးတန်မှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ အခုအချိန်မှာ ပန်း အတော်ရှားတယ်'

ဟု ပြောလေ၏။

'ကေရာဇ်မင်းက ပေမယ့် ဒီလိုနေရာမျိုးမှာ အတော်သားပဲ'

ဟု မဒမ်ဒီဗောဘင်က ချီးမွမ်းလိုက်သည်တွင် မာရီသည် နှုတ်ခမ်းကလေး ရွဲ့ကာ–

'စာအရေးလည်း တော်ပါတယ်'

ဟု ပြောလေ၏။

မြို့စားကြီးက မာရီ အရွဲ့တိုက်၍ ပြောသည်ကို မသိရှာဘဲ ပြောနေလေ၏။

'ဟာ တော်ရမှာပေါ့၊ ကျုပ် ပဲရစ်မှာ သူနဲ့ စကားပြောကတည်းက သူဟာ အတော် ပညာဗဟုသုတနဲ့ ပြည့်စုံပေတယ်လို့ စိတ်ထဲက ချီးမွမ်းမိတယ်။ သူ ပိုလန်ပြည်က မင်းဆိုးရာဇာတွေအကြောင်း အတော် သိတယ်။ ကျုပ်က ကျုပ်တို့ အမျိုးအရိုးဟာ ရောမတိုင်းသားတွေရဲ့ အဆက်အနွယ်ပဲ လို့....'

အဘိုးကြီး စကားကြောရှည်သည်ကို မာရီက ဖြတ်ကာ–





'အတာနေး၊ ရှင် ကေရာဇ်မင်း ရေးတော်မူတဲ့ သဝဏ်လွှာများ ဖတ်ဖူးသလား'

ဟု မေးလေ၏။

'ဟင်....မဖတ်ဖူးဘူး၊ မင်း ဖတ်ချင်လို့လား။ ဖတ်ချင်ရင် ကျုပ် ရှာပေးမယ်လေ'

'ရှာပေးဖို့ မလိုပါဘူးရှင်၊ ကျွန်မဆီ တစ်စောင်လာတယ်၊ အိပ်ရာပေါ်မှာ....။ ဟာ....အောက်ကျနေပြီ၊ မမြင်ဘူးလား....ဟိုမှာ။ ကဲ....ဒီစာဖတ်ပြီး ကေရာဇ်မင်းရဲ့ ရေးပုံသားပုံ အာဘော်ကို ကြည့်ပေတော့'

အဘိုးကြီးသည် စာရွက်ကလေးကို ကြမ်းပေါ်မှ ကောက်၍ ကိုင်ပြီးလျှင် ဖြန့်၍ ကြည့်လိုက်သော်လည်း မျက်စိမှုန်နေသောကြောင့် စာရွက်ကို ပြန်ချထားရပြီးနောက် မျက်မှန်ကို အိတ်ထဲမှ ထုတ်နေရရှာ၏။ မာရီသည် အဘိုးကြီး၏ ဖြစ်ထွေကို အားမလို အားမရ ဖြစ်ကာ စာရွက်ကိုဆွဲယူ၍–

'ကျွန်မ ဖတ်ပြပါ့မယ်'

ဟု ပြောပြီးလျှင် ဖတ်ပြလေ၏။

' "မေရီ ချစ်နှမ၊ ချစ်နှမကို မြင်တွေ့ရကတည်းက ခင်မင်စိတ်၊ နှစ်သက်စိတ်တွေ တားမနိုင် ဆီးမရနှင့် ချစ်နှမ၏ ရင်ခွင်၌သာ စံပျော်လိုလှပါသည်" တဲ့....။ မကောင်းဘူးလား ဟင်'

မဒမ်ဒီဗောဘင်သည် မာရီက ပြက်ချော်ချော် လုပ်နေသည့်အတွက် အလွန် ဒေါသထွက်ကာ–

'မာရီ၊ ဒါ ပြင်သစ်တွေရဲ့ ရေးနည်း၊ သူတို့ယဉ်ကျေးပုံက တစ်မျိုးပဲ'

ဟု ပြောလေ၏။

အဘိုးကြီးသည် အဓိပ္ပာယ်မရှင်း၊ ဝေဝေဝါဝါ ဖြစ်နေ၏။

'မာရီ....ဆက်ဖတ်လေ၊ သူက ဘာဆိုလိုတာလဲ'

'သူ ဆိုလိုတာက ချစ်နှမ ရင်ခွင်၌သာ စံပျော်လိုလှပါသည်....တဲ့'

မဒမ်ဒီဗောဘင်သည် သူ၏ တိတ်တိတ်ပုန်း လင်တော်မောင် ပွန်နီ



www.burmeseclassic.com

www.burmeseclassic.com



ယား တိုးစကားကို အလိုလိုက်သည့် သဘောဖြင့် သူ နကိုက မုန်းတီးသော နပိုလီယံအတွက် မာရီကို ဆွယ်ပေးရန် ကြိုးစားနေရသည်။ နံနက်စောစော အိပ်ရာက မထချင် ထချင်နှင့် အိပ်ရေးပျက်ခဲ့ပြီး ထ ကာ ပန်းများနှင့် ဖိတ်စာကို ယူလာခဲ့ရသည်။ ဤမျှလောက် အပင်တပန်းခံ လာရပြီးမှ ယခု မာရီက သူ့ လင်တော်မောင် သက်ကျားအို အပေါ်မှာ သစ္စာတော် ဝေမောက် ပြီးလျှင် ကေရာဇ်၏ မှာတမ်းလွှာကို ပြနေချေသည်။

မဒမ်ဒီဗောဘင်သည် မာရီအား စိတ်အဆိုးကြီး ဆိုးလေတော့၏။ မဒမ်ဒီဗောဘင်သည် မြို့စားကြီးအား ခပ်စောစောကပင် မနေ့ညက ကပွဲမှာ မာရီ မည်မျှလောက် လူကြိုက်များပုံ၊ လူချီးမွမ်းခံရပုံတို့ကို ညာလိုင်းပြီးခဲ့လေပြီ။ မြို့စားကြီးသည် ညာသမျှ၊ လိုင်းသမျှကို အဟုတ်ထင်ကာ နေရှာလေ၏။ ယခု မာရီက သူ့လင်ကြီးအား နပိုလီယံ၏ စာကိုပြကာ အမိပ္ပာယ်ပေါက် အောင် ပြောနေချေပြီ။ မဒမ်ဒီဗောဘင်က စာကို ဆွဲယူပြီးလျှင် အမိပ္ပာယ် ပြန်ပေးလေ၏။

'မာရီ....ဒီဝါကျကို အဓိပ္ပာယ်အမှား မကောက်သင့်ဘူး'

ဟု သူ ပြော၏။

' "ချစ်နှမ ရင်ခွင်၌သာ စံပျော်လိုလှပါသည်" ဆိုတာ ပြင်သစ်လူမျိုး တို့ ထုံးစံအတိုင်း ရေးတာ။ ကေရာဇ်မင်းမြတ်က ရှင့်ကို နှစ်သက်တော်မူလို့ ညစာပွဲကို လာပါစေတော့ ဆိုတဲ့ စေတနာနဲ့ ရေးလိုက်တာပါ။ ရှင် ဒီလို ဖိတ်စာမျိုး ရတာ သိပ်ဂုဏ်ယူစရာ ကောင်းတယ်။ ရှင်တွင် မကဘူး၊ ရှင့် ဆွေမျိုးသားချင်း တစ်စုနဲ့ ယောဒီမြို့စားကြီးပါ ဂုဏ်ယူစရာကြီးပေါ့။ အခုလို တိုင်းပြည်ကြီးရဲ့ ကံကြမ္မာ ဖန်တီးရမယ့် အချိန်မှာ ကေရာဇ်မင်းမြတ်က ရှင့်ကို အရေးတယူ ပြုတော်မူတာ ရှင် တိုင်းပြည်ရဲ့ ကောင်းကျိုးကို ဆောင်ရွက် နိုင်ဖို့ပဲ။ ရှင့်ကို ကေရာဇ်မင်းမြတ်က နှစ်သက်တော်မူလို့ တွေ့ချင် ဆုံချင် စကားစမြည် ပြောချင်လို့ ဖိတ်တာပေါ့။ ရှင့်ကို....အေးလေ....ဒါကတော့ ရှင် ကလေးမှ မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်မှာပေါ့။ မြို့စားကြီး





ကလည်း ပညာနဲ့ ပြည့်စုံပြီးသား ဆိုတော့ မနာလိုစိတ်၊ သဝန်ကြောင်စိတ် ရှိမှာ မဟုတ်ပါဘူး'

မြို့စားကြီးသည် ခပ်ကြောင်ကြောင် ဖြစ်လျက် နေသေးသော်လည်း ခေါင်းညိတ်လိုက်၏။

မာရီသည် မဒမ်ဒီဗောဘင်၏ လက်တစ်လုံးခြား လှည့်၍ လိမ်လိုက် သော ကောင်းမှုကြောင့် အရှုံးပေးရကာ–

'ကဲ....ကဲ...အားလုံးကပဲ ကျွန်မကို ကေရာဇ်မင်းမြတ်ရဲ့ ညစာပွဲကို သွားဖို့ သဘောတူ ဆုံးဖြတ်ကြပြီ ဟာပဲ၊ ကျွန်မ သွားရတော့မှာပေါ့၊ အခု တစ်ဆိတ်လောက် ဒီအခန်းက ကြွတော်မူကြပါဦး၊ ကျွန်မ နည်းနည်း လောက် အိပ်လိုက်ပါရစေ။ ဩော်...အတာနေး၊ ကျွန်မ ပြောမလို့ဟာ မေ့နေတယ်၊ ဖိတ်စာထဲမှာ ကျွန်မ နာမည်သာ ပါတယ်။ ဒါ ကိစ္စမရှိပါဘူး လေ....ဟုတ်လား၊ ရှင် ရှင့်မိတ်ဆွေတွေနဲ့ ညစာ ထွက်စားတာပေါ့။ တကယ် လို့များ ရှင့်မိတ်ဆွေတွေက ဘာလို့ တစ်ယောက်တည်း လူပျိုယောင် ဆောင် လာလဲ လို့ မေးရင်....'

'အို....ဘယ်သူကမှ မမေးပါဘူး'

ဟု မဒမ်ဒီဗောဘင်က ပိတ်၍ ပြောလိုက်လေ၏။

## အခန်း [ ၈ ]

မာရီ ကေရာဇ်မင်း၏ ညစာပွဲသို့ သွားရမည့်နေ့ ညနေပိုင်း၌ ပိုလန် အရိုးရ အဖွဲ့ အစည်းအဝေး ပြုလုပ်ကျင်းပသည်။ မြို့စားကြီး မာလာချောဖက်းက နာယက အဖြစ် ဆောင်ရွက်ကာ အခြားသော ပိုလန် အရာရှိကြီးများသည် စားပွဲဝိုင်းကြီးတွင် ရာထူးအလိုက် အစီအစဉ် ထိုင်နေကြ၏။

အစည်းအဝေး အကျိုးတော်ဆောင် လတ်ရူးစကီးသည် ဆုံးဖြတ်ချက် များကို ဖတ်၍ ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'အစိုးရအဖွဲ့က အောက်ပါ ဆုံးဖြတ်ချက်များကို ပြင်သစ် ဧကရာဇ်မင်းမြတ်ထံသို့ ဆက်သွင်းတင်သရန် အကြံပြုကြပါသည်။

'ဤတိုင်းပြည်ကြီးသည် ပြင်သစ် အုပ်ချုပ်ရေးစနစ်၊ ပြင်သစ်ဥပဒေနှင့် ပြင်သစ်ဘုရင်ကို အလိုရှိကြောင်း ကန့်ကွက်သူမရှိ အများသဘောတူ ဆုံးဖြတ်ကြပါသည်။

'အစိုးရအဖွဲ့က ယခု ပြင်သစ် ဧကရာဇ်မင်းမြတ် စံပယ်တော်မူရာ နန်းတော်ကို "ဝါဆောမြို့ ဧကရာဇ်မင်းမြတ်၏ စံတော်အိမ်" ဟူသော အမည်သစ် တပ်ဆင်ရန် အများသဘောတူ ဆုံးဖြတ်ကြသည်။

'အစိုးရအဖွဲ့က ပြင်သစ် ဧကရာဇ်မင်းမြတ် နှစ်သက်တော်မူမည်ဆိုလျှင် ဧကရာဇ်မင်းမြတ်၏ ကိုယ်ရံတော်တပ်ကို မြို့စားကြီး ဝိဆင်တီကရာဆင်စကီးအား အုပ်ချုပ်စေရန် အများသဘောတူ ခန့်ထားလိုက်သည်'

နပိုလီယံကို အရေးပေးရန် ကိစ္စများကိုသာ စဉ်းစားသော အစိုးရအဖွဲ့အစည်းအဝေးသည် ဤဆုံးဖြတ်ချက်များကို ဆုံးဖြတ်ကြပြီးနောက် ပြီးဆုံးသွားလေသည်။ ပိုလန်ပြည် အစိုးရအဖွဲ့မှာ စင်စစ်အားဖြင့် နာမည်သာရှိတော့သည်။ အစိုးရ အဖွဲ့ဝင်တို့သည်လည်း စင်စစ်အားဖြင့် အကြောင်းမဲ့ခေါင်းရှုပ်နေကြသည် သာတည်း။

နာယကသည် အစည်းအဝေးကိစ္စ ပြီးစီးကြောင်းလည်း အစည်းအဝေးကို ရုပ်သိမ်းခြင်းမပြုဘဲ ထားလေ၏။ အစိုးရအဖွဲ့ အစည်းအဝေးသည် ဟိတ်ကြီးဟန်ကြီး နေသော်လည်း အရုပ်သူ အရုပ်သားတို့ အစည်းအဝေးနှင့် မခြားချေ။ စည်းကမ်းသည် ဥပဒေစာအုပ်၌သာ ရှိ၍ အမှန်စင်စစ် တည်နေသည် မဟုတ်။ အစိုးရကိစ္စများ ဆွေးနွေးဆုံးဖြတ်ပြီးနောက် တစ်ယောက်တစ်ပေါက် ကိုယ်ရေး ကိုယ်တာကို ပြောဆိုကြလေ့ရှိသည်။ နာယကကြီးက အစည်းအဝေးကို မရုပ်သိမ်းသေးဘဲ ထားခြင်း၏ အကြောင်းရင်းကား အစိုးရအဖွဲ့ဝင်တို့ စိတ်ထဲ၌ သူတို့ မဆောင်ရွက်နိုင်သော်လည်း တစ်နည်းနည်းဖြင့် ဆောင်ရွက်ရမည် ဖြစ်သော ကိစ္စကြီးတစ်ခု ရှိနေသေး၏။ သို့သော် ထိုကိစ္စကြီး၏ အကြောင်းကို မည်သူမှ စ၍ မပြောရဲသလို ဖြစ်နေလေ၏။





အတန်ကြာလတ်သော် ဘဏ္ဍာရေးဝန်ကြီးချုပ် လူတာကောစကီးသည် မီးဖိုပေါ်တွင် ချိတ်ထားသော မှန်ကြီးထိပ်ရှိ "ဘုရားသခင်သည် နပိုလီယံနှင့် အတူရှိသည်။ နပိုလီယံသည် ကျွန်ုပ်တို့နှင့် အတူရှိသည်။" ဟူသော စာတန်းကြီးကို မျက်လွှာပင့်၍ ကြည့်ပြီးလျှင် ဖြည်းညင်းစွာ ဝမ်းနည်းသံ နှော၍ ဖတ်လိုက်လေ၏။

ထိုသို့ ဖတ်လိုက်ခြင်းသည် ပင်လျှင် ပြောရမည်ကို ရွံ့စိုးနေသော ခေါင်းဆောင်ကြီး ပွန်နီယားတိုးစကီး အဖို့ အားတက်သလို ဖြစ်ကာ စကားပြောရန် မတ်တတ်ရပ်လိုက်လေ၏။

'လူကြီးမင်းများ ခင်ဗျား၊ ပိုလန်ပြည်ကြီးသည် မကြာသေးမီကအထိ အစိတ်စိတ် အမြွှာမြွှာ ကွဲပြား၍ နေခဲ့လေရာ အလွန် တန်ခိုးရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ကွဲပြားနေသော အစိတ်စိတ် အမြွှာမြွှာတို့ကို ကောက်ယူ ဆက်စပ် ထားလိုက်သဖြင့် ယခုအခါ လူကြီးမင်းများ သိတော်မူကြသည့်အတိုင်း တလုံးတစည်းတည်း ဖြစ်လာရပြန်ပါပြီ။ ကျွန်ုပ်တို့သည် မည်သည့် ကတိခံဝန်ချက်များကို ပြုလုပ်ရမည်ကိုကား သိကြပြီးပြီ။ ကျွန်ုပ်တို့ ပြည်သူပြည်သားများ၏ အကျိုးကို မျှော်ကိုးပြီးလျှင် ပြုလုပ်ကြရပေမည်။ ထိုကြောင့် တိုင်းပြည်တွင် ဧကရာဇ်မင်းမြတ်ကို အကြည်ညိုပျက်အောင် ကြံဆောင်ပြောဆိုနေသူ တစ်စုံတစ်ယောက် ရှိပါမူ ထိုသူအား ညှာတာခြင်း မရှိဘဲ အထူး ကြပ်တည်းစွာ ဆုံးမ အပြစ်ပေးရပါလိမ့်မည်'

ပထမ၌ နားထောင်နေသူတို့သည် စိတ်မပါလှသော်လည်း တဖြည်းဖြည်း စိတ်ဝင်စားလာကြကာ အသေအချာ နားထောင်ကြလေ၏။ အကျိုးဆောင်သည်လည်း ဤမျှ အရေးကြီးသော စကားရပ်ကို နာယကမင်းက ပြောလိမ့်မည်ဟု မမျှော်လင့်ခဲ့သဖြင့် ငေးနေရာမှ၊ စကားများသည် မှတ်တမ်းတင်အပ်ကြောင်း သိလာသဖြင့် စက္ကူများကို ကပျာကသီ ဆွဲကာ ရေးမှတ်လေ၏။ ထိုအခိုက် ခေါင်မိုးပေါ်မှ လျှောကျလာသော နှင်းခဲမုန့်ကြီးသည်လည်း အရေးကြီးသော စကားကို နားထောင်လိုသည့်အသွင် ပြတင်းပေါက်ပေါင်ပေါ်သို့ ကျရောက်၍ တင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပွန်နီယားတိုးစကီးသည် ဆက်လက်၍ ပြော၏။

'ကျွန်ုပ် ကြွားဝါလိုစိတ် အလျှင်း ကင်းပါသည်။ ကျွန်ုပ်၏ ချစ်လှစွာသော ပိုလန်ပြည်ကြီးအတွက် မည်မျှ ခဲခက်နဲနက်သော အလုပ်ကို ကျွန်ုပ်သည် ကိုယ်ကျိုးမပါဘဲ ဆောင်ရွက်လိုက်ကြောင်း ကြွားဝါ၍ ပြောနေဖို့ မလိုပါဘူး။ ကျွန်ုပ်သည် မကြာမီကပင် ပိုလန်ပြည်ကြီးကို ပြင်သစ် ဘုရင် တစ်ပါး အုပ်စိုးစေဖို့ အဆိုအတွက် မဲပေးလိုက်ပါတယ်။ ကျွန်ုပ် ဦးလေးရဲ့ ထီးနန်းရိုက်ရာကို ကျွန်ုပ် မယူလိုဘဲ တိုင်းပြည်ကောင်းစားရေးကို ငဲ့ကွက်သဖြင့် စွန့်လိုက်ပါပြီ။ ဤသို့ ပြုလုပ်လိုက်ပြီးပါလျက် ကျွန်ုပ်ကို ကိုယ်ကျိုးကြည့်တယ်လို့ စွပ်စွဲကြရင် မှားပေလိမ့်မယ်'

ထိုစကားကို ကြားသော် အချို့က အဓိပ္ပာယ်ပါသော ပြုံးခြင်းဖြင့် ပြုံးကြ၏။ သို့သော် ပွန်နီယားတိုးစကီးသည် ထိုသူတို့အား ဂရုမထားဘဲ ဆက်၍ ပြောလေ၏။

'ကျွန်ုပ်၏ ဝတ္တရားနှင့် တိုင်းပြည်ကို ချစ်သော စိတ်တို့သည် ဤအရေး အလွန်ကြီးသော အချိန်အခါ၌ စိတ်တွင် ရှုံမှုန်းဗြားလည်း မလွှဲသာသဖြင့် အလွန် သိမ်မွေ့ခက်ခဲလှသော အလုပ်ကို ပြီးမြောက်စေပါသည်။ ကျွန်ုပ်သည် မိတ်ဆွေကြီး ဘောလင်စကီ၏ အကူအညီနှင့် ဧကရာဇ်မင်းကို လမ်းတွင် အကြိုဆက်သော အမည်မသိ မိန်းကလေးကို တွေ့ပါပြီ။ ပထမ၌ ကျွန်ုပ်သည် ကျွန်ုပ်တို့၏အကြံ အောင်မြင်လိမ့်မည် မဟုတ်ဟု အောက်မေ့စိတ်ပျက်မိပါသည်။ သို့သော်လည်း တိုင်းခြားသူ ဖြစ်ငြားလည်း ပိုလန်ပြည်ကြီးကို အဟုတ်တကယ် ချစ်ခင်ပေတဲ့ မိန်းမတစ်ဦး၏ အကူအညီနှင့် မြို့စားကြီး ဝါလူးစကီးနှင့် မြို့စားကတော် ဝါလူးစကားတို့ကို ဖျောင်းဖျပြောဆိုနေပြီ ဖြစ်သဖြင့် မြို့စားကတော်သည် လိုက်လျောလာလိမ့်မည်ဟု ကျွန်ုပ် အထင် ရရှိမိပါသည်'

ပွန်နီယားတိုးစကီးသည် မိမိ၏စကား မည်မျှလောက် တာသွားသည်ကို သိလိုသဖြင့် ခေတ္တဆိုင်း၍ နားထောင်နေသူတို့အား လှမ်း၍ ကြည့်လိုက်





၏။ နားထောင်နေသူတို့သည် သူ ဖျော်လင့်သည်ထက်ပင် ပိုကဲ၍ စိတ်ဝင်စားနေကြကုန်၏။ ပွန်နီယားတိုးစကီးသည် ထိုအခိုက် ထိုအခါ၌ကား အစိုးရအဖွဲ့၏ ခေါင်းဆောင်ကြီး အစစ်နှင့် တူလှပေတော့သည်။ အဖွဲ့ဝင် အပေါင်းတို့သည် သူ၏ ကြံရည်ဖန်ရည်ကို ချီးကျူးအံ့သြ ကြကုန်၏။

မင်းသားကြီး ပွန်နီယားတိုးစကီးက ဆက်လက်၍ ပြော၏။

'ယခု လက်ရှိ အခြေအနေကို လူကြီးမင်းများ သိရှိထားရန် လိုပေတယ်၊ ဧကရာဇ်မင်းမြတ်က မြို့စားကြီးကတော် မာရီဝါလူးစကားကို ဒီနေ့ည ညစာစားပွဲမှာ တွေ့ဆုံချင်တယ်။ ညစာ စားပွဲ ဆိုပေမယ့် လူများများစားစား မဖိတ်ထားဘူး၊ လေး ငါး ရှစ်ယောက်ပဲ။ မြို့စားကြီးကတော်သာ ဖိတ်တယ်၊ မြို့စားကြီးတော့ မပါဘူး။ မာရီဝါလူးစကားကို ညစာစားပွဲသွားဖို့ တိုက်တွန်းရတဲ့ ကိစ္စကပေမယ့် အတော်ကလေး ခက်ခဲသဗျ။ ဒီဟာကို သဘောတူဖို့ထက် ဟိုဟာကို သဘောတူဖို့က သာပြီး ခက်လိမ့်ဦးမယ်၊ ကျွန်ုပ် ဆိုလိုတာ နားလည်ကြမှာပေါ့'

အချို့က ပြုံး၍၊ အချို့မှာမူ ဘာဆိုလိုမှန်း မသိသဖြင့် ကြောင်တောင်တောင် ဖြစ်နေကြ၏။ အချို့မှာ ထင်သလောက် မပါးနပ်ကြချေ။ အတန်ကြာ ငြိမ်သက်နေလေကြသောကြောင့် ပွန်နီယားတိုးစကီးက သူ ဆိုလိုသည်ကို ဘွင်းဘွင်းကြီး ဖွင့်၍ ပြောလိုက်လေ၏။

'မြို့စားကြီးကတော် ဝါလူးစကားဟာ ညစာ စားပြီး ပြန်သွားပြီးတဲ့နောက် ဧကရာဇ်မင်း အလိုရှိတော်မူတဲ့ အချိန်အခါမှာ နန်းတော်သို့ အရောက်သွားပြီး ခ စားဖို့ အကြောင်းပါပဲ ခင်ဗျား'

ပွန်နီယားတိုးစကီး၏စကား ဆုံးခန်းသို့ တိုင်ချေပြီ။ မှန်ထိပ်ပေါ်မှ စာတန်း၏ လှုံ့ဆော်မှုကြောင့် ကရားရေလွှတ် ပြောလိုက်သော စကားတို့သည် အစိုးရအဖွဲ့ဝင်တို့ နားဝယ် ချိုမြစွာ ဝင်ကြကုန်၏။ သူ စကားပြောပြီးနောက် အမတ်မင်းတို့သည် တစ်ယောက်တစ်ပေါက် ပြောကြပြန်၏။ တစ်ယောက်က မာရီကို ညစာ စားပွဲက ပြန်အလာတွင် ဖမ်း၍ ပါးစပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အဝတ်နှင့်ပိတ်၊ လက်ကို ကြိုးနှင့်ချည်ပြီးလျှင် ကေရာစ်မင်း၏ အိပ်စက်ရာ အခန်းထဲသို့ သွင်းထားရန် အကြံပေး၏။ တစ်ယောက်ကမူ မာရီအား ကေရာစ်မင်း ထံတော်ပါးသို့ တစ်ကိုယ်တည်း ရောက်ရှိခစားရန် သွေးဆောင်ရမည်ဟု ဆို၏။ အားလုံးသော အစိုးရ အဖွဲ့ဝင်များအနက် တစ်ဦးကား ဤသို့သော လူနှင့် မတူသည့် အကြံဉာဏ်မျိုးကို မနှစ်သက်ကြောင်း ဖွင့်၍ ပြော၏။ ထိုကန့်ကွက်သူကို အခြား အဖွဲ့ဝင်များက စိတ်ဆိုးကြကုန်၏။ သူတို့သည် ဇော်လတဲယား၏ စကားကို နားဝင်သူများ ဖြစ်ကြသည်။ ဇော်လတဲယား အလိုကား "ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဒုက္ခရောက်ခြင်းသည် အများပြည်သူတို့ ချမ်းသာခြင်းကို ဆောင်နိုင်ပေသည်။ ထိုကြောင့် ဒုက္ခရောက်သင့်သူ များလေလေ အများကောင်းစားဖို့ ဖြစ်လေလေ" ဟူ၏ တည်း။

ပွန်နီယားတိုးစကီးသည် နောက်ဆုံး၌ အကြံပေးချက်တစ်ခု တင်သွင်း၏။

'ကျွန်ုပ် မာရီဝါလူးစကားအကြောင်း ကောင်းကောင်း သိပါတယ်၊ တိုင်းပြည်အတွက် အနစ်နာခံဖို့ စိတ်စေတနာ အထူးပဲ ထက်သန်ပေတယ်။ ဘာသာရေးအတွက် အသက်ကိုပင် စွန့်ရန် ဝန်မလေးပေ။ အကယ်၍သာ ကျွန်ုပ်တို့ ဒီ အချက်နှစ်ချက်ကို ပိုင်ပိုင်ကြီး ကိုင်နိုင်ရင် မာရီဟာ သူ့ဘာသာ သူ ကေရာစ်မင်းဆီကို သွားမှာပဲ။ ကျွန်ုပ်တို့ မာရီဝါလူးစကားဆီကို တိုက်တွန်းစာတစ်စောင် ရေးကြစို့၊ အစိုးရအဖွဲ့က သူ့ဆီကို ကိုယ်စားလှယ်များ လွှတ်ပြီး တိုက်တွန်းစာကို ကျကျနန ရေးပေးရရင် ကိစ္စပြီးမြောက်မယ် သဘောရတယ်။ လူကြီးမင်းများ သဘောတူကြပါသလား'

အစိုးရအဖွဲ့ဝင် အားလုံးကပင် သောသောညံညံ သဘောတူ ဩဘာ ပေးကြကုန်၏။

ပွန်နီယားတိုးစကီးသည် အစည်းအဝေးကို ရုပ်သိမ်းသည့် အနေနှင့်–

'ကဲ....လူကြီးမင်းများ အလုပ် စတင် လုပ်ကိုင်ကြစို့....ပိုလန်ပြည်ကြီး တည်တံ့ပါစေ'





အချို့က–

'ကေရာစ်မင်း သက်တော်ရာကျော် ရှည်ပါစေ'

ဟု အော်ကြ၏။ သို့သော် မည်သူ တစ်ဦးတစ်ယောက်မှ–

'မာရီဝါလူးစကား ကျန်းမာ ချမ်းသာပါစေ'

ဟု မအော်ချေ။

## အခန်း [ ၉ ]

မာရီအဖို့ ကေရာစ်မင်းက ကျင်းပသော ညစာစားပွဲသည် အလွန် အနေအထိုင် ကျပ်စရာ ကောင်းလေသည်။ အသူရကာယ်ပြည်၌ ခံစားရသကဲ့သို့ ဖြစ်နေ၏။ နောက်နေ့၌ ဖြစ်ပေါ်လာသော ထိုညစာစားပွဲ၏ အဆက် အကြောင်းအရာတို့မှာ သာ၍ပင် စိတ်ညစ်ညူးစရာ ဖြစ်တော့သည်။

မာရီသည် တမင်သက်သက် နောက်ကျခံ၍ ညစာပွဲသို့ သွား၏။ သို့သွားခြင်းသည် အလွန်မှားသော အချက်ကြီး ဖြစ်နေချေသည်။ အကြောင်းကား အိမ်ရှင်မအဖြစ် ခန့်ထားခြင်း ခံရသော ပွန်နီယားတိုးစကီး၏ မင်းသမီးတိုင်စကီဝီစီသည် မာရီ မလာမချင်း ဧည့်သည်များကို ညစာပွဲအခန်းသို့ ခေါ်၍ မသွားသေးဘဲ မာရီ အလာကို စောင့်နေ၏။ မာရီ လာခါမှ မိတ်ဆက်စကား ပြောကြားပြီးနောက် ညစာပွဲ အခန်းထဲသို့ ခေါ်သွားလေသည်။ မာရီသည် သူ့အား အရေးတယူ မလုပ်ရလေအောင် တမင်သက်သက် နောက်ကျခံ၍ လာခဲ့ရာ နောက်ကျသည့်အတွက် သာ၍ပင် အရေးယူ ခံရလေသဖြင့် အတော် စိတ်မကောင်း ဖြစ်ရရှာသည်။

ထိုင်ပြန်တော့လည်း နပိုလီယံ၏ လက်စွဲတော်ကြီး ဒူးရော့ ဆားနား တွင် ထိုင်မိလျက်သား ဖြစ်နေသဖြင့် ဒူးရော့ ပြောသမျှကို နားထောင်၍သာ နေရရှာ၏။ မာရီသည် ဒူးရော့ ပြောသည့် စကားများကို စိတ်စိတ် နားထောင် လိုက်ရာ ဒူးရော့သည် သူ့သခင်၏ အမိန့်အတိုင်း လိုက်နာ၍ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရလေ၏။ သူ့သခင်၏ မျက်ရိပ်မျက်ခြည်ကို ကြည့်၍ ပြောနေရ၏။ ဥပမာ သူ့သခင်က လက်ယာလက်ကို လက်ဝဲဘက် ရင်ဘတ်ပေါ်သို့ မသိမသာ မ၍ ပြလိုက်လျှင် ဒူးရော့က မာရီအား အတွင်းခံ ရင်စီး ဘာကြောင့် မဝတ်ဆင်သနည်းဟု မေးလိုက်၏။ မာရီသည် နပိုလီယံ၏ မှာကြားချက်ကို လိုက်နာသည့် အနေနှင့် နပိုလီယံ ပေးလိုက်သော နှင်းဆီပွင့်ကြီးကို ရင်တွင် တွယ်၍ လာသဖြင့် နပိုလီယံက အထူး နှစ်ခြိုက်သည့်ဟန်ဖြင့် ပြုံး၍ ခေါင်း ညိတ်ပြလေ၏။ ထိုနောက် နပိုလီယံသည် အကျေနပ်ကြီး ကျေနပ်ကာ သူ၏ဘေးတွင် ရှိသူများအား ပိုလန်ပြည်အကြောင်း မေးမြန်းဆွေးနွေး၏။ တိုင်းပြည်၏ ရေးဖြစ်ပေါ်ကြောင်းနှင့် တိုင်းပြည်၏ လိုအင်ဆန္ဒတို့ကို စိကာ စဉ်ကာ မေးမြန်းလေ၏။ နပိုလီယံက ဤသို့ စုံလင်စွာ မေးမြန်းစုံစမ်းနေပုံကို ထောက်ရှုသော် နပိုလီယံ၏ အကူအညီကို ပိုလန်က ဆက်လက်၍ ရယူလိုပါမူ ရယူနိုင်ရန် အကြောင်းတစ်ခုသာ ရှိသည်။ ထိုအကြောင်းကား မာရီက နပိုလီယံအား နှစ်သိမ့်စေရန်သာ ဖြစ်သည်။

မာရီသည် နပိုလီယံ၏ အလေ့အထတို့ကို စုံစမ်း၍ သိရှိရသည်မှာ နပိုလီယံသည် ထမင်းစားပွဲ၌ ကြာရှည် ထိုင်နေသည်ကို မနှစ်သက်။ သူ စားပုံ သောက်ပုံမှာ အလွန်မြန်လှသဖြင့် သူနှင့်အတူ စားကြသူများသည် အတော်ပင် အခက်တွေ့ကြရသည်။ ယနေ့ ညစာပွဲမှာလည်း ခါတိုင်းကဲ့သို့ မြန်ဆန်လှ၏။ ကေရာဇ်မင်း၏ ရှေ့တော်သို့ ချလာသော စားဖွယ်စားရာတို့သည် တစ်မုဟုတ်ချင်းလိုပင် ပျောက်၍ သွားကြကုန်၏။ သို့ အစားမြန်သော်လည်း ခါတိုင်းကဲ့သို့ စားပွဲမှ ရုတ်တရက် မထသေးဘဲ အချိန်ဆွဲ၍ နေလေ၏။

နပိုလီယံသည် သူ သောက်နေသော ဖန်ခွက်ကို ရှေ့တွင် ချပြီးလျှင် အတန်ကြာကြည့်ရင်း လက်နှင့် ပွတ်သပ်နေ၏။ ထိုနောက် သူသည် ဖန်ခွက် ပေါ်တွင် လက်ညှိုးနှင့် "စာ"ဟု ရေးဆွဲပြ၏။ ဒူးရော့သည် မာရီအား ခပ်တိုးတိုး မေး၏။ ကေရာဇ်မင်းမြတ် ရေးသား ပေးပို့တော်မူသော စာကို မာရီ





ပြန်ပြီးပြီလား၊ ပြန်ရန် စိတ်ကူးနေသလားဟု မေးလေ၏။ မာရီသည် ရှက်သွေးလျှံကာ မည်သို့မျှ ပြန်မပြောချေ။ ဒူးရော့သည် နပိုလီယံကို လှမ်းကြည့်လိုက်၏။ "ဘာ မေးရဦးမလဲ" ဟု အမိန့်ခံလိုက်သည်နှင့် တူသော အကြည့်မျိုးပင်တည်း။ တစ်ဖန် ဒူးရော့သည် ပခုံးကို ကျုံ့လိုက်၏။ "သူ စာမပြန်သော်လည်း အရေးမကြီးပါ။ တိုင်းပြည် တစ်ပြည်လုံးက ဤမိန်းမကို အရှင့်အား ဆက်သရန် သဘောတူညီပြီး ဖြစ်၍ စိုးရိမ်တော်မူရန် မလိုပါ" ဟု နပိုလီယံကို လျှောက်တင်လိုက်သကဲ့သို့တည်း။

မာရီသည် ဤအမူအရာတို့ကို တွေ့မြင်ရသော် အရှက်ကြီး ရှက်လေတော့သည်။ သူ့ကို ဤသို့သော အမူအရာ ပြသည့်အတွက် မခံရပ်နိုင်အောင် ဖြစ်ရသည်။ ဒေါသဖြစ်ရသည်။ ဒေါသဖြစ်လွန်း၍ ထိုင်ရာမှ ခွင့်မတောင်းဘဲ ထ သွားမည် အကြံနှင့် ထ တော့မလို လုပ်လိုက်၏။ လူကဲ့ရဲ့ ခံရလျှင် ခံရပါစေတော့၊ ငါတော့ ပြောချင်ရာ ပြောတော့မယ် ဟု စိတ်တွင် အကြံဖြစ်မိ၏။ ထိုသို့ ထိုင်ရာမှ ထ မည်အပြုတွင် သူ့ဘေးနားက လူက သူ့လက်ကို အသာတယာ ဆွဲ၍ ဖိလိုက်သဖြင့် သူသည် ပြန်၍ ထိုင်ရလေသည်။ ထိုပုဂ္ဂိုလ်သည် ပိုလန်ပြည် နာမည်ကျော် ရှေ့နေကြီး "ဘား" ဖြစ်လေသည်။ သူသည် ကိုဆူစကိုး၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ဖူးသူ ဖြစ်သည့်အပြင် ပိုလန်တို့၏ မျိုးချစ်စိတ်ဓာတ်သည် မိန်းမတစ်ဦး၏ ပယောဂကြောင့် မီးခဲပြာလွှင့် ဖြစ်ကာ ထိန်ထိန်ပြောင်နိုင်မည့် အကြောင်းကို ယုံကြည်သိရှိသူ ဖြစ်ပေသည်။ မာရီ ပြန်၍ ထိုင်သောအခါ ဒူးရော့က–

'မြို့စားကတော်ကြီးရဲ့၊ အိမ်ပြန်ချိန် မတန်သေးပါဘူးဗျာ၊ ခင်ဗျားတို့ တိုင်းပြည်ကြီးမှာ အောင်ပန်းအောင်ပွင့်တွေ ပွင့်စရာအခိုက် ကြုံပါတော့မယ်'

ဟု ပြုံးချိုချို ပြောလေ၏။

ဤသို့လျှင် မာရီသည် သူ့အစွမ်းဖြင့် မတားဆီးနိုင်သော အကြောင်းအချက်များက သူ့အား ဆွဲဆောင်လျက် ရှိသော လမ်းကြောင်းပေါ်သို့ နှင်းမိကာ ရှေ့သို့ တစ်လှမ်းတိုးခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားသောက်ပြီးနောက် နပိုလီယံသည် ဧည့်သည်များအား ဧည့်ခန်းသို့ ခေါ်သွားပြီးလျှင် အားလုံးကို ထိုင်ကြစေလျက် သူကိုယ်တိုင်မှာမူ မီးဖိုကို ကျောပေး၍ ရပ်ပြီးလျှင် ထွေရာလေးပါးစကား ပြောဆိုနေ၏။ သူသည် အကြောင်းတစ်ခုမှ တစ်ခုသို့ အလွတ်ရ၍ နှုတ်တိုက်ရွတ်သည့်နှယ် မရပ်မနား ပြောဆိုလေ၏။ သူသည် အခန်းတွင် ဆင်ယင်ထားသော ခန်းဆီးများ အကြောင်းကို ပြော၏။ အီတလီပြည်မှ ထွက်သော ခန်းဆီးများသည် ပြင်သစ်ပြည်ထွက် ခန်းဆီးထက် လှကြောင်း၊ ပြင်သစ်ပြည်၌ အခန်းများကို ဆင်ယင်ရန် တန်ဆာများ ပြုလုပ်သည့်လုပ်ငန်း အကြောင်းနှင့် သူကိုယ်တိုင် ဤလုပ်ငန်းမျိုးကို မည်မျှထွန်းကားအောင် ပြုလုပ်ပေးကြောင်းတို့ကို ရေပက်မဝင်အောင် ပြောနေ၏။

ထို့နောက် ရှေ့နေကြီး "ဘား"အား သူ စီစဉ်သော ပြင်သစ်ပြည် ဥပဒေများ အကြောင်းကို မေးမြန်းစုံစမ်းကာ အထူးအားဖြင့် လင်ခန်း မယားခန်း အကြောင်းကို ပြောဆိုလေသည်။ လင်ဖြစ်သူက မယား ဖြစ်သူအား မည်သို့ စောင့်ရှောက်ရမည့် ဝတ္တရား၊ မယားဖြစ်သူ၏ အကျိုး မနစ်နာအောင် စီစဉ်ထားသော ဥပဒေနှင့် လက်ထပ်ခြင်း အမျိုးမျိုးတို့ကို စီကာပတ်ကုံး ပြောပြလေသည်။ ထို့နောက် သူသည် အချို့သော မိန်းမများ စိန် ရွှေများကို တစ်ကိုယ်လုံး သီးနေအောင် ဆင်ထားခြင်းဖြင့် အလှဂုဏ် မတိုးသည့်အပြင် ပျက်စီးသည့်အကြောင်း၊ စိန်ရွှေများကို ထိုက်သင့် သလောက် ဆင်ယင်လျှင် မည်မျှ အလှတိုးကြောင်းတို့ကို ပြောပြန်လေသည်။ ထိုစကားကို တောင်စဉ် ရေမရ လျှောက်၍ ပြောနေစဉ် နပိုလီယံသည် ထိုစကားရပ်များသည် မာရီနှင့် မည်သို့မျှ မသက်ဆိုင်သည့် အနေနှင့် မာရီကိုပင် လှမ်း၍မကြည့်ဘဲ ပြောနေသည်။

ထိုစကားများမှ တစ်ဖန် ပိုလန်သူ ပိုလန်သားတို့ ရင်တဖိုဖိုနှင့် နားထောင်ရသည့် ပိုလန်ပြည် နိုင်ငံရေးစကားကို ဆက်လှမ်းပြန်၏။ ပိုလန်ပြည်၏ လယ်ယာမြေများနှင့် ကောက်ပဲသီးနှံများ၊ လယ်ပိုင်များ အကြောင်း





ကို ပြောလေ၏။ ဤသို့ မရပ်မနား ပြောဆိုပြီးနောက် နပိုလီယံသည် ဒူးရော့အား ချောင်တစ်ချောင်သို့ ခေါ်သွားရင်း-

'ကဲ ကဲ....ခင်ဗျားတို့ တစ်တွေ ပြောချင်ရာ ပြောနိုင်ကြပါတယ်၊ ကျွန်ုပ် ပြောသည့် စကားများကို ဝေဖန်စိစစ် နိုင်ကြပါတယ်။ လွတ်လွတ် လပ်လပ်ကြီး ပြောကြပါ'

ဟု ဧည့်သည်များကို ပြောလိုက်လေ၏။

ဒူးရော့ နားတွင်းသို့ စကား တစ်လုံး နှစ်လုံး ထည့်ပြီးသည့်နောက် နပိုလီယံသည် အလုပ်ကိစ္စ တစ်ခုကို ချက်ချင်းပင် သတိရသဖြင့် သွား၍ လုပ်ရမည်ကဲ့သို့ ရုတ်တရက် အခန်းမှ ထွက်၍ သွားလေ၏။

မာရီသည် ညစာစားပွဲသည် ဤမျှလောက် အချိန်နှင့် ပြီးဆုံးလိမ့်မည် မထင်မိခဲ့။ နပိုလီယံ ပြန်သွားပြီးနောက် မကြာမီပင်လျှင် မာရီသည် ပွန်နီယားတိုးစကီး၏ နှမတော်အား ပြန်ပါမည့်အကြောင်း ခွင့်တောင်းလေသော် မည်သူကမျှ နေပါဦးဟု တားသည် မရှိသဖြင့် အိမ်သို့ ပြန်လေ၏။

နောက်နေ့နံနက် မာရီသည် အမောတကြီးနှင့် အိပ်ရာမှ ထ လေလျှင် အစေခံမသည် နံနက်စားပွဲနှင့် တကွ စာတစ်စောင်ကို ယူလာ၏။ စာအိတ်ပေါ်တွင် "ပြန်စာကို စေလွှတ်သူအား စောင့်၍ အယူခိုင်းပါသည်" ဟု ရေးထားသည်ကို တွေ့ရလေသည်။ စာကို ဖွင့်၍ဖတ်သော် အောက်ပါအတိုင်း တွေ့ရ၏။

ချစ်နှမ....ညက ချစ်နှမကို မောင်တော် အလိုတော်မကျအောင် ပြုမိလေသလား၊ မပြုမိဟု တွေးထင်မိပါသည်။ မောင်တော် ဤသို့ ထင်ခြင်းသည် မှားလေသလား ဟုလည်း တွေးမိပြန်ပါသည်။ နှမတော်က မောင်တော့်အပေါ်သို့ မေတ္တာတော် လျှော့ပါးသလောက် မောင်တော်၏ အချစ်မှာ နှမတော် အပေါ်သို့ လျှံဝေလာပါတော့သည်။ နှမတော် အပေါ်တွင် ထားသည့် ချစ်စိတ်၊ ကြည်ညိုစိတ်၊ သဒ္ဓါစိတ်များ ပြည့်ဖြိုးလျက်ရှိသည့် မောင်တော်၏ နှလုံးသားကို

www.burmeseclassic.com



ပျော်ဆေးကလေး ဆက်တော်မမူတော့ဘူးလား ချစ်နှမရယ်။ မောင်တော် ပေးလိုက်သော စာမှာ နှစ်စောင်ရှိပါပြီ။ နှမတော် ပြန်ကြားတော် မမူသာအောင် ခက်ခဲနေပါသလား။

စာအဆုံး၌ "N" ဆိုသည့် စာလုံးကလေး ထိုးလျက် ပါလာသည်။ သို့သော် မာရီအဖို့ကား ဤလက်မှတ်တိုကလေးကို ကြည့်နေရန်ပင် မလို။ မည်သူ ရေးလိုက်ကြောင်း သိနှင့်ပြီး ဖြစ်သည်။

'စာလာပေးတဲ့ လူကို ပြောလိုက်၊ ပြန်စာပေးဖို့ မလိုဘူးလို့'

သူသည် နပိုလီယံထံမှ စာကို ရတိုင်း စိတ်ဆိုးသလို၊ ဝမ်းနည်းသလို ဖြစ်ရသည်။ ဤအကြိမ်ကား ဒုတိယ အကြိမ်တည်း။ စိတ်ပြေပျောက်ပါစေတော့ ဟူသော သဘောထားနှင့် လက်ပါးစေ "မာရီရှား"ကို ခေါ်၍ စကားစမြည် ပြောပြန်ပါလည်း မာရီရှား ထံမှ အခြား အကြောင်းများကို မကြားရ၊ ပိုလန်ပြည်ကြီး အတိဒုက္ခ ရောက်နေပုံနှင့် နပိုလီယံ ဘုန်းတန်ခိုး ကြီးမားပုံတို့ကိုသာ ကြားရ၏။ ဤအချက် နှစ်ရပ်သည်ကား မာရီရှား၏ စိတ်၌သာ တည်ရှိ စိုးမိုးနေသည် မဟုတ်။ ပိုလန် ပြည်သူ ပြည်သားတို့၏ စိတ်ဝယ် ဤအချက် နှစ်ချက်သည် သာလျှင် အရေးအကြီးဆုံး ဖြစ်နေကြပေသည်။

## အခန်း [ ၁၀ ]

မာရီသည် နပိုလီယံထံမှ ဒုတိယစာ လာပြီးနောက် ၂ ရက်တိုင်တိုင် အေးချမ်းလွတ်လပ်စွာ အနှောင့်အယှက်ကင်း၍ နေရလေသည်။ ထိုနှစ်ရက်မျှသော ငြိမ်းချမ်းရေး လွန်မြောက်သည့် နောက်တစ်နေ့တွင် မြို့စားကြီး ဝါလူးစကီးအိမ်သို့ မမျှော်လင့်ဘဲ ရောက်လာသူ နှစ်ဦးကား ပွန်နီယားတိုးစကီး မင်းသားကြီးနှင့် ပိုလန် အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကော်လွန်တပ်တို့ပင် ဖြစ်သည်။ သူတို့နှစ်ဦး မြို့စားကြီး အိမ်ရိပ်သို့ ဝင်မိလျှင်ပင် ဧကရာဇ် နပိုလီယံ၏ စေတမန် ကွန်စတင့် ရောက်နှင့်သည်ကို တွေ့ကြရလေသည်။





မာရီသည် ဤသုံးဦးကို မြင်သော် အံ့သြလည်း အံ့သြ၊ ရယ်လည်း ရယ်ချင်လှတော့၏။ နှစ်ဦးသော သူတို့သည် တိုင်းပြည်အတွက် ပူအပ်သည့် ဝတ္တရားအကြောင်း နားငြီးအောင် တရား ဟောပြောလိမ့်မည်။ ကျန်တစ်ယောက်မှာကား ဧကရာဇ်၏ ချစ်သဝဏ်လွှာကို ယူဆောင်လာသော စေတမန် ဖြစ်လေသည်။

'ကြွရောက်လာတဲ့အတွက် ဝမ်းမြောက်ပါတယ် ရှင်။ ထိုင်ကြပါ .... ထိုင်ကြပါ ....'

ဟု ထုံးစံအတိုင်း မာရီက နှုတ်ခွန်းဆက်စကား ပြောကြား၏။ မာရီ ညွှန်ကြားသည့်အတိုင်း ဤသုံးဦးတို့သည် ထိုင်ကြလေ၏။ ထိုင်ပြီးနောက် တစ်ယောက်ကိုတစ်ယောက် ကြောင်တက်တက် ကြည့်နေကြသည်။ မည်သူက မည်သို့ စ၍ ပြောရမည်ကို မသိကြတော့ချေ။ စေတမန် ကွန်စတင့်သည် ကျန်နှစ်ဦးကို ခွင့်ပန်၍ ယူဆောင်လာသော သဝဏ်လွှာကို မာရီအား ပေးဆက်လေ၏။ ပေးပြီးသည့်နောက် အရိုအသေ ပြုကာ၊ နှုတ်ဆက်ကာနှင့် ထွက်သွားလေ၏။

မာရီသည် ပွန်နီယားတိုးစကီးနှင့် ကော်လွန်တပ် တို့အား အပြင်အကျီ ချွတ်၍ ထားစေ၏။ ပွန်နီယားတိုးစကီးသည် ဂုဏ်ဒြပ်နှင့် ဟပ်အောင် အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်လေသည်။ ကော်လွန်တပ်မှာ နိုင်ငံရေး မလိုက်စားမီက ဘုန်းကြီးဝတ်၍နေသူ ဖြစ်သဖြင့် မြန်မာပြည် ဘုန်းကြီးလူထွက်များနှင့် အလွန်တူရကား နိုင်ငံရေးသမားတို့၏ အလေ့ဖြစ်သော တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ခြင်းကိုလည်း လိုက်စားလို၏။ ဘုန်းကြီးဘဝက ရိုးသားစွာ ဝတ်စားခဲ့သော အကျင့်ကိုလည်း ပျောက်ပျက်၍ မရ ဖြစ်ကာ အတော်ပင် ခွကျကျ ဆင်ယင်လျက် ရှိလေသည်။ မာရီသည် ဒုက္ခတွေ မည်မျှပင် ဝေဝေဆာနေပါသော်လည်း တစ်ဆယ့်ကိုးနှစ် အရွယ်သာ ရှိသေးသောကြောင့် ကလေးစိတ် မကုန်သဖြင့် ဤခွကျကျ ဘုန်းကြီးလူထွက်



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်သော် မပြုံးဘဲ ဝါးလုံးကွဲ အရမ်းကာရော ရယ်သွမ်းသွေးလိုသောစိတ် ယိုဖိတ်ခြင်းမလှ ယိုဖိတ်လာလေတော့သည်။

ပွန်နီယားတိုးစကီးသည် အိမ်က ကျက်မှတ်လာသော စကားရပ်များကို ထုတ်ဖွင့်ရန် ချောင်း တစ်ချက် နှစ်ချက် ဟန့်ပြီးလျှင် လည်ချောင်းရှင်းလိုက်လေ၏။

မာရီသည်လည်း ရယ်ချင်စိတ်ကို နှိမ်လိုက်ပြီးကာ မျက်နှာထားတည်တည်နှင့် ပွန်နီယားတိုးစကီး၏ စကားများကို နားထောင်နေလေ၏။

'မြို့စားကြီးကတော်၊ ယခု ကျွန်ုပ်တို့ တိုင်းပြည်မှာ ရန်သူတွေမနေတော့ပေမဲ့ သူတို့တစ်တွေ ပြန်မလာဘူးလို့ မဆိုနိုင်ဘူး၊ ယနေ့ နံနက်ကပင် ဧကရာဇ်မင်းမြတ်က ရုရှားနှင့် ပရပ်ရှားတို့ဟာ အခု ခေတ္တ ရှိနေပေမယ့် မကြာမီ ပြန်ပြီး တိုက်လိမ့်ဦးမယ်လို့ မိန့်တော်မူတယ်။ ဒီလိုပဲ မိန့်ကြားတယ် မဟုတ်လား၊ ဒုတိယ ဥက္ကဋ္ဌမင်းရဲ့'

ပွန်နီယားတိုးစကီးနှင့် ကော်လွန်တပ်တို့သည် အတိုင်အဖောက်ညီလှ၏။ ကော်လွန်တပ်က–

'မှန်ပါပေတယ်၊ ပြီးတော့လည်း မိန့်တော်မူသေးတယ်။ အကယ်၍သာ သူ့တပ်မတော် ချပြီးသား ဆိုရင် ဆောင်းတွင်းကြီး တိုက်ရဦးတော့ဝန်မလေးပါဘူး တဲ့'

မာရီက–

'သြော်....ပြင်သစ်စစ်သားတွေ ဆောင်းတွင်းကြီး ဒုက္ခခံပြီး တိုက်ရမယ် ဆိုရင် ဝမ်းနည်းစရာပေါ့'

ဟု ပြောလေ၏။

ပွန်နီယားတိုးစကီးက ပြော၏။

'အို....ဟုတ်ပေသပေါ့၊ ဝမ်းနည်းစရာကြီးပေပဲ။ ဒီတော့ ဧကရာဇ်မင်းမြတ်က သူ့တပ်မတော်တွေ ဒုက္ခအရောက်ခံပြီး တိုက်ချင်မှ တိုက်ပေလိမ့်မယ်။ အကယ်၍များ ဧကရာဇ်မင်းမြတ်က ပိုလန်ပြည်ကြီးရဲ့ ရန်သူတွေကို





တိုက်ခိုက်တော် မမူဘူးဆိုရင် ပိုလန်ပြည်ကြီး ဘယ်ဘဝကို ဆိုက်မယ်ဆိုတာ စဉ်းစားကြည့်ပေတော့လေ။ ရုရှားနှင့် ပရပ်ရှားတို့ ပိုလန်ပြည်ကြီးကို ထုံးလိုချေ ရေလို နှောက်တော့မှာ အမှန်ပေါ့'

မာရီသည် ခပ်တွေတွေ နေရာမှ ပြော၏။

'ဧကရာဇ်မင်းမြတ်က ကျွန်မတို့တိုင်းပြည်ကို ဒီလောက်အထိ ဆောင့်ရှောက်လာပြီးမှ ဒီအချိန်ကျတော့ ရန်သူကို မတွန်းလှန် မတိုက်ခိုက်ဘဲနေပါ့မလား'

ပွန်နီယားတိုးစကီးသည် ခပ်ဆတ်ဆတ် ပြောလိုက်၏။

'အို....ဒါကတော့ ကျုပ်တို့တစ်တွေ ဧကရာဇ်မင်းဆီက ကြားရတာပြောတာပဲ။ ကျုပ် ဝမ်းနည်းတာ တစ်ခုကတော့ မြို့စားကြီးကတော်ဟာ ဧကရာဇ်မင်းမြတ်ပေါ်မှာ မျက်နှာတော် သုန်မှုန်လှလို့ ကျုပ်တို့ ထင်ကြေးမကိုက်တာဘဲ။ ဧကရာဇ်မင်းမြတ်က မြို့စားကြီးကတော် အပေါ်မှာ ညှာတာသလောက် ပိုလန် ပြည်သူပြည်သားတွေ အပေါ်မှာ အညှာတာ ကင်းမဲ့တယ်။ အကယ်၍များ ရန်သူတွေ ပိုလန်ပြည်ကို ဝင်စီးတဲ့ အခါမှာ ဧကရာဇ်မင်းက မကာကွယ်၊ မကူညီဘူးဆိုရင် ကျုပ်တို့တစ်တွေ သူ့ကို အပြစ်တင်နိုင်မယ် မဟုတ်ဘူးလေ။ စဉ်းစားကြည့်ပေတော့၊ မဟုတ်လား ဒုတိယ ဥက္ကဋ္ဌမင်းရယ်'

'ဟာ....မှန်ပေသပေါ့'

ဟု ကော်လွန်တပ်သည် ဝမ်းနည်းရောင်လွှမ်းသော မျက်နှာထားနှင့် ထောက်ခံလေ၏။

မာရီသည် နပိုလီယံထံမှ ရောက်လာသော သဝဏ်လွှာကို မဖွင့်သေးဘဲ လက်တွင်ထားလျက် နားထောင်နေ၏။ ပွန်နီယားတိုးစကီးသည် ထိုစာကိုကြည့်၍ အချက် ဆိုပြီဟု အောက်မေ့ကာ မိမိ လိုရာကို ခွဲလေ၏။

'ကဲ....ကဲ....မြို့စားကြီးကတော်၊ ဧကရာဇ်မင်းမြတ်ရဲ့သဝဏ်လွှာကို ဖတ်ချင်ရောမယ်။ ကဲ....ကဲ....အားမနာပါနဲ့ ဖတ်ပါ၊ ကျွန်တော်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အားနာဖို့ မလိုပါဘူး။ ဒီစာဟာ ကျုပ်တို့ တိုင်းပြည်ကြီးရဲ့ ဆားဒုက္ခတွေကို ပယ်ဖျောက်နိုင်မယ့်စာ ဖြစ်ချင် ဖြစ်နေမှာပါ’

မာရီသည် ပွန်နီယားတိုးစကီးကို အကဲခတ်သည့် အနေနှင့် လှမ်း၍ ကြည့်လိုက်၏။ ပွန်နီယားတိုးစကီးသည်ကား နိုင်ငံရေးသမား ဖြစ်သည့် အလျောက် လူပါးဖြစ်သည်။ သူ့မျက်နှာသည် တည်မြဲ တည်နေ၏။ မျက်ထား ပြောင်းလဲခြင်း မရှိချေ။

နပိုလီယံ၏ သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်။

လောကကြီးမှာ တန်ခိုးကြီးမားရခြင်းသည် ကောင်း၏ ဟု ဆိုကြလည်း တန်ခိုးကြီးမားခြင်း၏ ဒဏ်သည် တစ်ခါတစ်ရံ အလွန်လေးလှချေသည်။ ထိုဒဏ်ကြီး၏ လေးခြင်းကို ငါ ယခု သိပါပြီ။ ငါသည် သင်၏ ခြေတော်ရင်းတွင် ဝပ်စင်း ခစားရန်ကိုသာ လိုလားနေသော ငါ၏ နှလုံးသားအတွက် ပျော်ရွှင်ကျေနပ်ခြင်းကို မည်သို့လျှင် ပေးရပါမည်နည်း။ သင်သည်သာလျှင် ငါနှင့်သင် နှစ်ဦး၏ အလယ်တွင် ရှိနေသော အတားအဆီးကို ဖယ်ပစ်နိုင်ပေမည်။ ငါ၏မိတ်ဆွေကြီး ဒူးရော့သည် သင့်အား သင်လိုသမျှ အကူအညီကို ပေးနိုင်ပေလိမ့်မည်။ သင့်ကို မြင်လို တွေ့လို လှသည်။ သင့်ကိုမြင်ရလျှင် ငါ၏ စိတ်နှလုံးသည် မီးနှူးသစ်ပင်ကဲ့သို့ လန်းရွှင်ပေလိမ့်မည်။ ထို့ကြောင့် ငါ့ထံသို့ အမြန်လာလော့။ သင် တောင်းသမျှ ဆုကို ငါ ပေးရန် အသင့်ရှိသည်။ သင်သာ ငါ၏နှလုံးသားကို သနားကြင်နာစိတ် ထားပါမူ သင်၏ တိုင်းပြည်ကြီးကို ငါ အချစ်ကြီး ချစ်ကာ သင့်တိုင်းပြည် အကျိုးကို သယ်ပိုးရွက်ဆောင်ရန် ငါ့၌ ဦးလေးမည် မဟုတ်ပါ။....N

မာရီ ဖတ်ပြီးသောအခါ ပွန်နီယားတိုးစကီးက လှမ်း၍ မေး၏။

‘မြို့စားကြီးကတော် စာထဲမှာ ကျုပ်တို့တစ်တွေနဲ့ ဆိုင်တဲ့ အချက်များ





ပါပါသေးသလား၊ ကျုပ်တို့တစ်တွေကို မပြောတဲ့ တိုင်းပြည်ရေး စကားတွေကို မာရီကိုတော့ ပြောမှာပါ’

မာရီသည် နပိုလီယံ၏ စာပေးသံပါသော အကြောင်းကို တွေးနေရင်း ပွန်နီယားတိုးစကီး၏ စကားကို ကြားလတ်သော် လက်တွင် ကိုင်ထားသည့် စာကို ပွန်နီယားတိုးစကီး လက်သို့ အပ်လိုက်ကာ–

‘ကဲ....ကဲ....ရှင်တို့ပဲ ဖတ်ကြည့်ပေတော့’

ဟု ဆိုလေ၏။

ပွန်နီယားတိုးစကီးနှင့် ကော်လွန်တပ်တို့သည် အစိုးရအဖွဲ့က လွှတ်လိုက်သော ကိုယ်စားလှယ်များ ဖြစ်ကြသည်။ သူတို့၏ ဝတ္တရားသည် မာရီထံသို့ ပေးရန် ရေးသားသော စာချွန်တော်ကို ပေးရန် ဖြစ်သည်။ ပွန်နီယားတိုးစကီးသည် ပြတင်းပေါက်အနီးသို့ သွားကာ မာရီထံမှ ရလာသော စာကို အနုလုံ ပဋိလုံ ပြန်လှန်ကာ ဖတ်ရှုနေစဉ် ဘုန်းကြီးလူထွက်ကြီး ကော်လွန်တပ်သည် မာရီအား လှမ်း၍ကြည့်ကာ မာရီ၏ အကြောင်းကို စဉ်းစားနေလေ၏။

ပွန်နီယားတိုးစကီးက နပိုလီယံ၏ စာထဲမှ–

“သင်သာ ငါ၏ နှလုံးသားကို သနားကြင်နာစိတ် ထားပါမူ သင်၏ တိုင်းပြည်ကြီးကို ငါ အချစ်ကြီးချစ်ကာ သင့်တိုင်းပြည် အကျိုးကို သယ်ပိုး ရွက်ဆောင်ရန် ငါ့၌ ဦးလေးမည် မဟုတ်ပါ။”

ဟူသော ဝါကျကို ဖတ်ပြီးရင်း ဖတ်နေလေ၏။ ထိုအခိုက် ကော်လွန်တပ်သည် မာရီကို ကြည့်ရင်း ကရုဏာတရား ပွားများနေလေသည်။ မာရီသည် အခြားမိန်းမများကဲ့သို့ နွဲ့နှောင်း ရွဲ့စောင်းခြင်း မရှိ၊ တည့်မတ်စွာ ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ သူ့မျက်နှာကလေးမှာ သွေးနီများ လျှံလျက် ရှိကာ သူ့မျက်မှောင်ကလေး ကုတ်နေသဖြင့် သူ့စိတ်တွင် အလွန်အမင်း ဒုက္ခရောက်နေကြောင်း သိရလေသည်။ သူ့ခမျာမှာ အရှက်ကြီးလှပေမည်။

ဘုန်းကြီး လူထွက်ကြီးသည်ကား ပွန်နီယားတိုးစကီး ကဲ့သို့ လောကီ



www.burmeseclassic.com

www.burmeseclassic.com



ဆန်လွန်းသူ မဟုတ်သဖြင့် မာရီ၏ ဖြစ်ထွေကို တွေးကြည့်ရင်း ဝမ်းနည်းစိတ် ဝင်၍ လာလေ၏။

"သြော်....မာရီ....မာရီ....ပိုလန်ပြည်ကြီးရဲ့ သမီးရတနာစစ်ကလေး ပေပဲနော်။ သူ့အဖို့တော့ အခုလို ငါတို့က ပြောလား ဆိုလား၊ တိုက်တွန်းလား လုပ်နေတာ ဓာတ်ကနေတာနဲ့ တူတယ် ထင်ပြီး ရယ်ချင်စရာ ဖြစ်နေမှာပဲ။ ငါတို့လည်း ဒီလိုအလုပ်မျိုး လုပ်ဖို့ မသင့်ဘူး။ ဒီနည်းမျိုးနဲ့လည်း တိုင်းပြည်ကြီး လွတ်လပ်ရေးရမှာ မဟုတ်ပါဘူး။ ငါ့အဖို့တော့ အစိုးရက စေလွှတ်လို့ လာရတာပဲ။ ဝတ္တရားအတိုင်း စာချွန်ကို ပေးပြီးရင် ငါ့ကိစ္စ ပြီးရော။ နောက်တော့ ဒီလို ယုတ်ညံ့တဲ့ အလုပ်မျိုးထဲ မပါတော့ဘူး"

ပွန်နီယားတိုးစကီးသည် ပြတင်းပေါက် အနီးမှ သူ ထိုင်ရာသို့ ပြန်လာသောအခါ ကော်လွန်တပ်သည် ငါတော့ ငါတို့ကိစ္စကို ပြီးအောင် ပြောလိုက်တော့မယ်ဟု သန္နိဋ္ဌာန် ချလိုက်ကာ စ ၍ ပြော၏။

'ကိုင်း....ကျုပ်တို့မှာတော့ အစိုးရက လွှတ်လိုက်တဲ့ ကိုယ်စားလှယ်တွေ ဖြစ်တော့....'

သူက ဤသို့ တိုက်ရိုက်ကြီး ပြောမည်ပြုသော် ပွန်နီယားတိုးစကီးက မျက်နှာထားကြီးနှင့် သူ့ကိုကြည့်ကာ ဟန့်လိုက်၏။

'တော်ပါ ဒုတိယ ဥက္ကဋ္ဌမင်းရာ၊ ကျွန်တော် ပြောပါ့မယ်။ ကျွန်တော်က ခေါင်းဆောင်လာတာပါ'

ကော်လွန်တပ်သည် မျက်နှာသေကလေးနှင့် ငြိမ်၍ သွားလေ၏။

ပွန်နီယားတိုးစကီးက–

'မြို့စားကြီးကတော်၊ ကျုပ်တို့ အစိုးရအဖွဲ့က မြို့စားကြီးကတော်ကို စာချွန်တစ်ခုပေးဖို့ ဆုံးဖြတ်ထားတယ်။ ကျုပ်တို့တစ်တွေ ယုံကြည်ကိုးစားရမယ့်သူ တစ်ဦးတော့ ဧကရာဇ်မင်းမြတ်နဲ့ အဆက်အသွယ်ရှိမှ ဖြစ်မယ်။ အဲဒီ တစ်ဦးတစ်ယောက် ဆိုတာလည်း တခြားသူမျိုး မဖြစ်နိုင်ဘူး။ ဧကရာဇ်မင်းမြတ် နှစ်သက်တော်မူတဲ့သူ ဖြစ်ရမယ်။ ယုံပါတော့ မြို့စားကြီးကတော်





ရယ်၊ ကျုပ်တို့တစ်တွေ လေးလေးနက်နက်ကြီး စဉ်းစားကြည့်လိုက်တော့ ဒီယုံကြည် ကိုးစားသင့်တဲ့ ပိုလန်ပြည် အစိုးရရဲ့ ကိုယ်စားလှယ်ဟာ ယောကျ်ား မဖြစ်နိုင်ဘူး၊ မိန်းမ ဖြစ်ရလိမ့်မယ်'

မာရီသည် မျက်နှာကလေး ရှေးကထက် နီရဲလာကာ–

'ကျွန်မ ဒီအလုပ်မျိုးအတွက် အရည်အချင်း မရှိပါဘူးရှင်၊ ရှင်တို့က ကျွန်မကို ဟိုလူဆီကို လွှတ်....'

'ဟိုလူ မဟုတ်ပါဘူး၊ ဧကရာဇ်မင်းမြတ်ပါ'

'ဟုတ်ပါတယ်၊ ဧကရာဇ်မင်းမြတ် ဆိုတာလည်း လူပါပဲ'

ဟု မာရီက ခပ်ထိထိကလေး "နှံ့"လိုက်လေ၏။

'ကဲ....ကဲ....လူပဲ ဆိုပါတော့ မာရီ။ အဲဒီ လူဆီကို မင်းပဲ သွားရမယ်။ ဒါကို ကျုပ်တို့တစ်တွေသာ တောင်းပန်တာ မဟုတ်ဘူး၊ ပိုလန်ပြည် တစ်ပြည်လုံးက တောင်းပန်တာပါ။ မာရီရယ်....မင်းရဲ့ မျိုးချစ်စိတ်ကို ငါတို့ ယုံကြည်ပါတယ်'

'ရှင်တို့က ယုံကြည်တာကတော့ ဟုတ်ပါရဲ့၊ ကျွန်မမှာ လင်ယောကျ်ား ရှိတယ် ဆိုတာ မေ့မနေနဲ့ဦးလေ'

ပွန်နီယားတိုးစကီးသည် မာရီ အပေါ်တွင် အတော်ပင် ဒေါသဖြစ်မိ၏။

'မာရီ....အခု မင်းပြောတာဟာ အပို မဟုတ်လား။ မင်းဟာ အသက်အရွယ် ငယ်သေးတဲ့အကြောင်း ငါ မသိသလိုဘဲ။ မင်း ယူရတဲ့ ယောကျ်ားတလည်း မင်းစိတ်တိုင်းကျ ဖြစ်နိုင်ပါ့မလား။ ကဲ....မင်းရဲ့ ရုပ်ရည် ကျော့ကွင်းထဲမှာ ဧကရာဇ်မင်းမြတ် မိနေပြီ ဆိုပါတော့။ ဒါနဲ့ ဧကရာဇ်မင်းမြတ်က မင်းကို သူ့ရဲ့....ဆိုပါတော့....မိတ်ဆွေအဖြစ် ထားမယ်ဆိုရင် ဘာဖြစ်သေးသလဲ၊ ဘာများ ဖြစ်နိုင်ဦးမှာတဲ့လဲ။ ဧကရာဇ်မင်းမြတ်မှာ မိန်းမများ အလိုရှိတဲ့ ဟာတွေ အကုန်ရှိတာပဲ။ တန်ခိုးအာဏာရယ်၊ ကျော်စောခြင်းရယ်၊ ရုပ်ရည်ရူပကာယရယ်....။ သူဟာ အခုဆိုရင် ငယ်သေးတယ်၊ သူ့ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ မိန်းမအတွက် ဘာမဆို သူ လုပ်ပေးမှာပဲ။ ကဲ....အခု မင်းဟာ မင်းရဲ့ သက်ကျားအိုကြီးနဲ့ နေရတာ ပျော်လွန်းလို့၊ နောက်ပျော်ရွှင်ခြင်းကို မလိုချင်တော့ဘူးလား။ ကဲ....ကဲ....ပြောစမ်းပါဦးလေ....ပြောပါဦး'

ပွန်နီယားတိုးစကီးသည် မာရီအား ဒေါသအလျှောက် စကားကို အဆက်မပြက် ပြောလေ၏။ မာရီက ဘာမျှ ပြန်မပြောသေးသည့်အတွက် အားမလို အားမရ ဖြစ်ကာ ဘုန်းကြီးလူထွက်ကြီးဘက်သို့ လှည့်လျက်–

'ကော်လွန်တပ်၊ ခင်ဗျား အစည်းအဝေးတုန်းက မျိုးချစ်စိတ်မယ် ကလေး တစ်ဦးဟာ အမျိုးကို ချစ်တဲ့စိတ်အတွက် တိုင်းပြည်အကျိုး ဆောင်ဖို့ရာ သူ့ရဲ့ အပျိုဂုဏ်ကို မထောက်ထားတော့ဘဲ တိုင်းပြည်အတွက် လဲလှယ်လိုက်တဲ့ အကြောင်း ပြောပြတယ် မဟုတ်လား'

ဟု မေးလိုက်၏။

'မှန်ပါပေတယ်။ မာရီကို စဉ်းစားဖို့၊ အချိန်ပေးဖို့တော့ သင့်တာပဲ။ ဒါပေမဲ့ ကိစ္စ အရေးကြီးနေတာက ခက်တယ် မာရီရယ်၊ မင်းဟာ ပိုလန်ပြည်ကြီး လွတ်လပ်ရေး ရဖို့ ရပ်ချောပေးရသလို ဖြစ်နေပြီ။ နပိုလီယံဟာ မင်းပြောသလိုပဲ လူပါ၊ ယောကျ်ားတစ်ယောက်ပဲ။ ဒါကြောင့်မို့လည်း သူဟာ ကျုပ်တို့ရဲ့သခင်၊ မင်းရဲ့ကျွန် ဖြစ်နေတာပေါ့'

'ကျွန်မကျွန် မဟုတ်ပါဘူးရှင့်၊ တဏှာ့ကျွန်ပါ။ ကျွန်မက တဏှာရဲ့ အစာပဲ'

ဟု မာရီသည် လျင်မြန် ဖျတ်လတ်စွာ ပြင်ဆင်လိုက်လေ၏။ မာရီသည် နှုတ်ခမ်းကလေး မသိမသာ ရွဲ့တည့်ကာ–

'ကဲ....ကဲ....ရှင်တို့ အခု လာကြတာဟာ ကျွန်မကို နပိုလီယံရဲ့ ကိုယ်လုပ်တော် ဖြစ်အောင် တိုက်တွန်းဖို့ လာကြတာပဲ မဟုတ်လား'

ဟု ပြတ်ပြတ်တောင်းတောင်း မေးလိုက်လေ၏။

ဘုန်းကြီးလူထွက်သည် မျက်နှာကြီး မဲ့၍သွားကာ စကားကို ပြင်၍ ပြောမည် ဟန်ပြင်လိုက်၏။ ပါးနပ်သော ပွန်နီယားတိုးစကီးသည် သူ့ရှေ့က နေ၍ စကားဖြတ်လိုက်၏။





'ဟာ....မဟုတ်တာ၊ ဒီလို ဘယ်ဟုတ်မလဲ မြို့စားကြီးကတော်ရယ်။ မြို့စားကြီးကတော်ကို ပိုလန်ပြည်ရဲ့ ကိုယ်စားလှယ် သံတမန်အဖြစ် စေခိုင်းမှာပါ'

ပွန်နီယားတိုးစကီးသည် ရှေ့သို့ အနည်းငယ် တိုး၍ မာရီ၏လက်ကို ဖခင်က သမီးအား နှစ်သိမ့်သည့်အသွင် ကိုင်၍ သာယာညင်းပျောင်း ပြောလေ၏။

'မာရီ....မင်း နာမည်ပျက်မှာ စိုးနေသလားကွယ်၊ မစိုးပါနဲ့ ငါ့တူမရယ်၊ ငါတစ်ယောက်လုံး ရှိသေးတာပဲ။ မင်းရဲ့ဂုဏ်ကို ငါ စောင့်ရှောက်ကာကွယ်ပေးပါမယ်။ မင်းချစ်တဲ့ ပိုလန် ပြည်သူ ပြည်သားတွေကလည်း မင်းကို ကဲ့ရဲ့ကြမှာ မဟုတ်ဘူး။ မင်းရဲ့ မြင့်မြတ်တဲ့ မျိုးချစ်စိတ်ကို သူတို့ ကြည်ညိုကြမှာ အမှန်ပါပဲကွယ်။ မင်း ဒီအတွက် စိုးရိမ်စရာ မရှိပါဘူး။ မင်းကို ဘယ်သူကမှ နပိုလီယံရဲ့ ကိုယ်လုပ်တော်လို့ အောက်မေ့ကြမှာ မဟုတ်ပါဘူး။ မင်းဟာ တိုင်းပြည်ကြီးကို ကယ်တင်တဲ့ အာဇာနည်မကလေးလို့ ထင်ကြမှာပေါ့။ ပြီးတော့ တို့ သိတဲ့လူတွေ အဖို့မှာတော့ မင်းကို နပိုလီယံရဲ့ ပိုလန်ပြည်သူ မိဖုရားကလေးလို့ မှတ်ထင်ကြမှာ အမှန်ပဲ။ တစ်နေ့နေ့ကျရင် မင်း ဧကရီတောင် ဖြစ်နိုင်ပါတယ်ကွယ်'

မာရီသည် ပွန်နီယားတိုးစကီး လက်တွင်း ရောက်နေသော သူ့လက်ကလေးကို ဆွဲယူလိုက်လေ၏။ ပွန်နီယားတိုးစကီးက သူ့အား ဂုဏ်မက်သည် ထင်လေသလား....။ တစ်နေ့နေ့ ဧကရီဖြစ်မယ် တဲ့၊ သူ ဂုဏ်မမက်ကြောင်း၊ နပိုလီယံက မြှောက်စားသည်ကို မခံလိုကြောင်း ပြောလိုက်လေ၏။ သို့ ပြောလိုက်ငြားလည်း မာရီသည် ပွန်နီယားတိုးစကီးအား စိန်းစိန်းကြည့်၍–

"ဒီလို ပြောနေတာ မင်းသားကြီးဟာ တကယ်ပဲ ဒုက္ခရောက်နေရှာလို့ ဖြစ်မှာပဲ"

ဟု အောက်မေ့မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကဲကို သိတတ်သော ပွန်နီယားတိုးစကီးသည် မာရီကို ကြည့်လိုက်လျှင်ပင် အကြောင်းကိုသိ၍ အသံမထွက်ဘဲ ဝမ်းထဲ၌ "ဖိတ်မေ"ဟု အောင်သံပေးလိုက်လေ၏။ ထိုနောက် အသံထွက်ကာ–

'မာရီ....ဧကရာဇ်မင်းမြတ်ရဲ့ အဆောင်ကိုင်ကြီးက မင်းကို တွေ့ချင်တယ် တဲ့။ ဒီနေ့ပဲ တွေ့ချင်တယ် ဆိုတယ်။ စာထဲမှာ ပါတယ် မဟုတ်လား၊ ဧကရာဇ်မင်းမြတ်က "ငါ၏မိတ်ဆွေကြီး ဒူးရော့သည် သင့်အား အကူအညီ ပေးနိုင်မည်" တဲ့'

မာရီသည် မျက်နှာထား တည်တည်နှင့်–

'ဒူးရော့ လာရင် လာပေစေပေါ့၊ ကျွန်မဖြင့် ပိုင်းဖြတ်ပြီးသားကို မပြင်တော့ဘူး'

ဟု ပြောလိုက်၏။

ဤနှစ်ဦးသည် ပြန်ရန် ထိုင်ရာမှ ထ ကြလေ၏။ သူတို့၏ ဝတ္တရားသည် အပြီးသို့ တိုင်ပေပြီ။ ကျောက်စားပွဲကြီးပေါ်တွင် စာချွန်တော်ကို ချန်ထားခဲ့လေသည်။ သူတို့ ပြန်သွားပြီးသောအခါ မာရီသည် စာချွန်တော်ကို ကောက်၍ ဖတ်လေ၏။

ထိုစာချွန်၏ အကြောင်းအရာများကား အောက်ပါအတိုင်း ဖြစ်လေသည်။

> မြို့စားကြီးကတော် ဝါလူးစကားထံသို့ ပိုလန်ပြည် အစိုးရအဖွဲ့က အကြောင်းကြားအပ်ပါသည်။ မဖြစ်လောက်သော၊ သေးငယ်သော အကြောင်းကြောင့်လည်း မမျှော်လင့်နိုင်လောက်သော ကြီးမားသည့် အဖြစ်မျိုးသို့ ဆိုက်ရောက်နိုင်လေသည်။ ကမ္ဘာ့ရာဇဝင်အဆက်ဆက်ကို လှန်လှောကြည့်ရှုပါမူ "မိန်းမ ပါမှ ပြည်သာသည်"၊ "မိန်းမ ဆောင်မှ အောင်သည်" ဆိုသော စကားရပ်များကို အထင်အရှား တွေ့ရပေသည်။ ဤစကားရပ်များသည် ရှေးယခင်ကာလ၌သာ မှန်လေသည် မဟုတ်၊ ယခုအခါ၌လည်း မှန်ပေသည်။





နောင်လည်း မှန်ပေဦးမည် မုချ ဧကန်တည်း။ လောကကြီးရှိ လူ ယောကျ်ားအပေါင်းတို့ကို မေတ္တာတရား၏အရှိန် လွှမ်းမိုးနေသမျှ ကာလပတ်လုံး မိန်းမသည် အလွန် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေမည် မလွဲပင်။

ယောကျ်ားတစ်ဦးသည် မိမိ၏ တိုင်းပြည်ကြီးအတွက် စစ်မြေပြင်၌ အသက်ကို စွန့်လိုက်နိုင်ငြားလည်း မိန်းမသည် ဤသို့ အသက်ကို မစွန့်ဘဲ မိမိ၏ မာနနှင့် ဟိရိဩတ္တပ္ပတရားတို့ကို အမှုမထား ဟူ၍ တိုင်းပြည်၏ အကျိုးကို ဆောင်ပါမူ ယောကျ်ားတို့၏ အသက်ပေါင်း များစွာနှင့် လဲ၍ မရနိုင်သော ကောင်းကျိုးကို တိုင်းပြည်အတွက် ရရှိနိုင်ပေသည်။ ရှေးရာဇဝင်ကို စိစစ်ဖွေရှာသည်ရှိသော် "အက်စသား"ဆိုသည့် ကညာပျိုကလေးသည် "အဟာဆူးရပ်" မင်းအား ချစ်စိတ်ဝင်၍ သိမ်းပိုက်ခြင်းကို ခံယူလိုက်ရသည် မဟုတ်။ အဟာဆူးရပ်၏ ရှေ့သို့ ရောက်လျှင်ပင် ကြောက်အားပို၍ မူးမေ့ လဲပြိုသွားသည်ကို ထောက်ထား၍ သိနိုင်သည်။ သို့သော်ငြားလည်း မိမိ၏ အသည်းစွဲဖြစ်သော တိုင်းပြည်၏ လွတ်လပ်ရေးကို ငဲ့ကွက် ထောက်ညှာသဖြင့် မိမိ၏ကိုယ်ကို မိမိ အနစ်နာခံလိုက်ရာလေသည်။ ထိုသို့သော မြင့်မြတ်သော စွန့်စားချက်ကြောင့် အက်စသားသည် တိုင်းပြည်ကို ကယ်တင်သူ အာဇာနည်မကလေးဟု ချီးကျူးကြလျက် ရာဇဝင်တွင် ဝင်းပြောင်ခဲ့ပေသည်။

ကျွန်ုပ်တို့သည်လည်း မြို့စားကြီးကတော်အား ဤသို့သော မြင့်မြတ်လှစွာသော ဂုဏ်ထူးဝိသေသဖြင့် ချီးမြှင့်လိုလှပါသည်။ တိုင်းပြည်၏ အကျိုးကို မျှော်ကိုးထောက်ထားရန် အထူး တောင်းပန်ရပါသည်။

မြို့စားကြီးကတော်.... သင်သည် ပိုလန်ပြည်၏ သမီးကောင်း တစ်ဦး မဟုတ်လော။ ပိုလန်လူမျိုး၏ သမီး နှမ ဖနီးပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည် မဟုတ်တုံလော။ ထို သင်၏ မိဘ မောင်ဖွား လင်သား ဖြစ်သော ပိုလန်လူမျိုးတို့နှင့်တကွ ပိုလန် ပြည်သူပြည်သား အားလုံးသည် စည်းလုံးညီညွတ်ကြရန် အရေးကြီးလှသည်။ သင်သည် ပိုလန်ပြည် တန်ခိုးကြီးသော ဆရာတော် "ဖဲနိုလွန်" မိန့်ကြားသည်ကို သတိမူလေလော့။ 'ယောကျ်ားတို့သည် တိုင်းရေးပြည်မှု၌ တန်ခိုးအာဏာများ အထွေထွေရှိကြားလည်း ထိုတန်ခိုးအာဏာများသည် မိန်းမတို့၏ ကူညီထောက်ပံ့ခြင်း ကင်းပါမူ အရေးမရောက်၊ အရာမဝင်၊ တောကြီးမျက်မည်းတွင် သံကုန်ဟစ်သကဲ့သို့ ကြားမည့်သူမရှိ၊ နာခံမည့်သူ ရှား၍ အဟောသိကံ ဖြစ်ချေတော့မည်တည်း' မြို့စားကြီးကတော် ဝါလူးစကား....ဤမိန့်ကြားချက်ကို နာခံလော့၊ နာခံပြီးနောက် သန်းနှစ်ဆယ်မျှသော ပိုလန် ပြည်သူပြည်သားတို့ထံသို့ ပျော်ရွှင်ခြင်း ဆုလာဘ်ကို ဆောင်ယူခဲ့ပေလော့။

## အခန်း [ ၁၁ ]

ရွှေရောင်နှင့် အစိမ်းရောင်တို့ဖြင့် ခမ်းနားစွာ ခြယ်လှယ်ထားသော နပိုလီယံ၏ အခန်းသည် လှပ်ရှားသော မီးလျှံများ ရှိသည့် ဖယောင်းတိုင်ကြီးတို့၏ သတ္တိကြောင့် အုံ့ဆိုင်းဆိုင်း မှောင်တောင်တောင် ဖြစ်နေလေ၏။ နံရံနှစ်ဖက်တွင် မျက်နှာချင်းဆိုင် ကပ်ထားသော နာရီကြီးများသည် နပိုလီယံအဖို့ မလှုပ်တစ်ချက် လှုပ်တစ်ချက်နှင့် အသွားနှေးသကဲ့သို့ ဖြစ်နေသည်။ သူတို့နှစ်ဦးသည် တိုင်ပင်ထားသကဲ့သို့ ဆယ်နာရီ ခွဲသည့်အတွက် တစ်ပြိုင်တည်း "ဒင်"ဟု ထိုးမြည်ကြ၏။ နပိုလီယံသည် ထိုင်ရာမှ ထ၍ အခန်းကို အလျားလိုက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေကာ သူ့ စိတ်မြန်သလောက်လိုက်၍ မမြန်နိုင်ရှာသော နာရီကြီး နှစ်ခုကို စိတ်မာန်တော် ပွားနေလေ၏။

လမ်းလျှောက်၍ ရပ်ပြီးလျှင် စိတ်ကို မထိန်းနိုင်၊ မအောင့်နိုင်သည့် အနေနှင့်–





'ရပ်စတန်'

ဟု အော်ခေါ်လိုက်၏။

အခန်းတံခါး ရုတ်ခြည်း ပွင့်လာပြီးလျှင် အီဂျစ်ပြည်သား ကုလားအစေခံတစ်ယောက် ဝင်၍လာ၏။

'ရပ်စတန်....ငါ နိုင်းထားတာ ပြီးပြီလား'

'မှန်လှပါ၊ ပြီးစီးကြောင်းပါ ဘုရား'

'ဒါဖြင့် လှေကားဝက တံခါးဆီကို သွားပြီး ရပ်စောင့်နေ၊ မိန်းမပျိုတစ်ယောက် လာရင် ငါ့ဆီကို အမြန် ခေါ်လာခဲ့ပြီးတော့ တံခါးဆီကို ပြန်သွားပြီး စောင့်နေ၊ ဘယ်သူမှ ဘယ်အကြောင်းနဲ့ ဖြစ်ဖြစ် မလာစေနဲ့....ကြားလား'

'မှန်လှပါ'

လွန်ခဲ့သော နာရီ အနည်းငယ်က နပိုလီယံထံသို့ အဆောင်ကိုင်ဒူးရော့ လာရောက်ပြီးလျှင် မာရီသည် ရှေးကကဲ့သို့ တင်းမာခြင်း မရှိတော့ဘဲ ပျော့၍သွားကာ ဧကရာဇ်မင်းမြတ် ရှေ့တော်သို့ ထိုညဥ့်ပင် အခစားဝင်မည့်အကြောင်း လျှောက်ကြားထားလေသည်။ ဒူးရော့သည် ပွန်နီယားတိုးစကီးနှင့် ကော်လွန်တပ်တို့ မာရီဆီမှ ထွက်ခွာသွားပြီးနောက် မကြာမီ မာရီထံသို့ ရောက်သွားလေသည်။ မာရီသည် ပွန်နီယားတိုးစကီး နှုးသဖြင့် အတော်ပင် နူးနေရာဝယ် ဒူးရော့က ဆက်၍ ချော့သဖြင့် ပျော့သွားလေပြီ။ နပိုလီယံသည် ဒူးရော့အား မည်သို့မည်ပုံ ချော့ရသနည်းဟု မေး၏။ ဒူးရော့သည် မာရီအား မိမိ အစွမ်းဖြင့်သာ သွေးဆောင်၍ ရသည် မဟုတ်၊ ပွန်နီယားတိုးစကီးနှင့် ကော်လွန်တပ်တို့၏ အကူအညီကိုလည်း ယူရသေးကြောင်းလျှောက်တင်လေသော်၊ မိမိ၏ အတွင်းရေးတွင် ပွန်နီယားတိုးစကီးအစရှိသည့် ပိုလန်အစိုးရ ဝင်ရောက် ဆောင်ရွက်ရသည်ကို မနှစ်မြို့သော ဟန်ဖြင့် နပိုလီယံက မျက်ထားသော် ညိုသွားလေ၏။ ဒူးရော့အား အကြံအစည် မသိပ်သည်းကြောင်း ပြောဆို အပြစ်တင်လေသည်။ ထို့နောက်–



www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ဒီမိန်းမတွေအကြောင်း ငါ မသိပါဘူး'

ဟု ပြက်ရယ်ပြုံး ပြုံးကာ ပြောလေ၏။

ထိုအခိုက် နပိုလီယံသည် ကွန်စတင့်အား တံခါးအလုံပိတ်ထားသော ရထားတစ်စီးနှင့် ဝါလူးစကီးတို့ အိမ်အနီး လူသူပြတ်သော လမ်းတွင် စောင့်နေ၍ မာရီ ထွက်လာလျှင် နန်းတော်သို့ ရထားနှင့် တင်ဆောင်ခဲ့ရန် မှာကြားထားလေသည်။

လာချိန် တန်ပေပြီ။ အနှောင့်အယှက် အဖျက်အဆီး ကင်းလိမ့်မည်ဟု နပိုလီယံ မျှော်လင့်၏။ ဝါလူးစကီး မြို့စားကြီးကို ဒူးရော့က တစ်ဖက်လှည့်၍ ထုတ်ကာ ဟိုတယ်ဆိုင် တစ်ဆိုင်တွင် ညစာကျွေးမွေး၍ ပျော်ပါးစွာ နေစေလေပြီ။ မြို့စားကြီး အိမ်ရှိ အစေခံများကိုလည်း သွားလိုရာ သွားနိုင်ခွင့် ပေးလိုက်လေပြီ။ အိမ်မှ နန်းတော်အထိ လမ်းကို အစောင့်အရှောက် ထားပြီး ဖြစ်လေသည်။ ထို့ကြောင့် မာရီ လာဖို့သာ လိုတော့သည်။

"မာရီ လာရင် ငါ ဘယ်လို လက်ခံရပါ့မယ်"

ဟူသော မေးခွန်းသည် နပိုလီယံ၏ ကြီးကျယ် ထက်မြက်သော ဦးနှောက်ကို မထိတထိ စ၍ နေလေ၏။ ချစ်သူ ရည်းစားကို လက်ခံသည့် နည်းနှင့်လော။ သူ့ဘက်ကမူ မာရီကို အလွန်အမင်း ချစ်ခင်နေလေပြီ။ သို့သော် မာရီက သူ့ကို မချစ်သေး။ ထိုအတွက် ထိုနည်းမျိုးကို အသုံးပြုရန် သင့်ပါမည်လော။ သို့မှ မဟုတ်ပါလျှင် ထုံးစံအတိုင်း ခပ်တည်တည် အတွေ့ခံရမည်လော။ မာရီမှာ ဂုဏ်သရေရှိသူတစ်ဦး ဖြစ်ပေသည်။ သို့ငြားလည်း သူသည် ဟိတ်ဟန်ကို မုန်းတီး၏။ သူ့ကို တွေ့ရန်မှာ လွယ်သည် မဟုတ်။ သူ လန့်အောင် လုပ်ဖို့လည်း မဟန်၊ ဟန်လုပ်၍လည်း မကိုက်။ ဟာ....သူ ရောက်လာတော့ တော်သလို ဖြစ်လိမ့်မပေါ့။

နပိုလီယံသည် ဒူးရော့နှင့် ညနေက တိုင်ပင်ခဲ့သည်။ မာရီ လာလျှင် သူတစ်ယောက်တည်း မာရီကို အတွေ့ခံရမည်လော၊ အခြားသူတစ်ယောက်ကို အနား၌ ထား၍ အတွေ့ခံရမည်လော။ မာရီသည် ယောကျာ်းအခန်းကို





တစ်ကိုယ်တည်း ဝင်ဖူးမည် မဟုတ်။ သို့ တိုင်ပင် ဆွေးနွေးကြပြီးသည်၏ အဆုံး၌ နပိုလီယံ တစ်ယောက်တည်း အတွေ့ခံရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။ ကေရာဇ်မင်းမြတ်ပင် ဖြစ်လင့်ကစား မိန်းမတစ်ယောက်ကို နှစ်ကိုယ်တွေ့ရန် ကိစ္စတွင် မတွေ့ခင် ထိုမိန်းမနှင့် အကျွမ်းဝင်ရန် လိုပေသေးသည်။ သူနှင့် မာရီတို့မှာ အလွန် စိမ်းကြသူများ မဟုတ်ကြတော့ချေ။ မြို့တော်ဝင်ခန်းတွင် တွေ့ဆုံရသည် တစ်ရပ်၊ ကပွဲတွင် ကြုံတွေ့ရသည် တစ်တန်၊ ညစာပွဲတွင် အတူ စားသောက် ပြောဆိုရသည် တစ်ဖုံ။ ဤအချက်ကလေးများကို စုပေါင်းလိုက်လျှင် နပိုလီယံနှင့် မာရီတို့သည် အကျွမ်းတဝင် ဖြစ်နေပြီ ဟူသော အဖြေ ထွက်မလာနိုင်ပေဘူးလား။ ထိုအချက်များကို စာပေးခြင်း၊ ပန်းပေးခြင်းတို့နှင့် မြှောက်လိုက်ပါလျှင် ကျေနပ်ဖွယ်ကောင်းသော အဖြေ ထွက်လာနိုင်ပေသည် မလွဲတည်း။

နပိုလီယံသည် အချစ်ရူးတို့၏ ထုံးတမ်းအတိုင်း မာရီ၏ ရုပကာကို စိတ်အာရုံတွင် သုံးသပ်နေလေ၏။

"အို...ဘယ်လောက်များ လှလိုက်သလဲ၊ ဘယ်လောက်များ သူများနှင့် မတူအောင် သိမ်မွေ့၍ မက်မောဖွယ် ကောင်းလေသလဲ။ လှတယ်၊ ချောတယ် ဆိုတဲ့ နေရာမှာတော့ ရှာမှ ရှားပါတယ်။ ဒီလောက် အေးစက်စက် နှင့် လူနေချင်စရာ မကောင်းလှတဲ့ ပိုလန်ပြည်မှာ ဒီလို အချစ်သွေးကို နွေးစေတဲ့ သူ့ရူပါရုံ အရောင်အောက်မှာ နေပူစာလှုံသလို ခိုလှုံနေချင်တဲ့ စိတ်ပေါ်ပေါက်စေတဲ့ ဟာကလေးမျိုး ထွန်းကားမယ်လို့ ဘယ်သူ မျှော်လင့်မလဲ။ အို....သူ လမ်းလျှောက်တာကလည်း နန်းတွင်းသူ အလွန်ဆန်တာပဲ။ ကျက်သရေတစ်မျိုး တင့်ပါဘိ။ သူ မကတတ်ဘူးလို့ ပွန်နီယားတိုးစကီးကို ပြောတာ ဟုတ်မယ် မထင်ဘူး။ သူ့အမူအရာက အလွန် စွဲမက်လောက်အောင် ပဲ။ သူ့ကိုယ်လုံးကလေး ကျစ်လျစ်သလောက် သူ့ရင်အုံကလေး ဖောင်းကြွ ပေတယ်။ သူ့ကိုယ်ဟန်ကလေးနဲ့ သူ့အမူအရာကလေး ပေါင်းလိုက်တော့ အလှပေါ် ကျက်သရေဆင့်သလို ဖြစ်သွားတာပဲ။ အို....တခြား မိန်းမတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လားလားမျှ မတူ ထူးခြားသူကလေးပေပဲ။ နောင် ပိုလန်က ခွာသွားလို့ အခု အဖြစ်အပျက်ကလေးဟာ နှလုံးသား ထောင့်ကလေး တစ်ထောင့်မှာသာ 'ရှေးဖြစ်ဟောင်းကို အောက်မေ့မိတယ်'ဆိုတဲ့ အဖြစ်မျိုးနှင့် တွယ်ကပ်နေတဲ့ အခါကျတော့ နပိုလီယံဟာ မာရီကို ပိုလန်သူတို့ရဲ့ မျက်နှာဖုံးကလေးလို့ပဲ တွေးမှတ်တော့မယ်။ အခုတော့ သူ့ကို စွဲပြီး၊ အသည်းစွဲ ဖြစ်နေပြီ။ သူ့နှလုံးသားဟာ မာရီရဲ့ ကျွန်သာ ခံချင်တော့တာပဲ"

နပိုလီယံသည် မာရီ အလာကို စောင့်ဆိုင်းရင်း သိဝိရာဇ် လက်သစ် လုပ်နေလေ၏။ ထိုသို့ အားရအောင် တွေးတောပြီးနောက် ခါးပိုက်ဆောင် နာရီကို ကြည့်လိုက်၏။ နာရီသည် အရေးထဲ အရာပေါ် ဆိုသလို ရပ်နေ၏။ စိတ်ဆိုးဆိုးနှင့် နာရီကို လက်တွင် ထည့်ပြီးလျှင် ခါလေ၏။ နာရီကား အကျပ်ကိုင်သည့် သဘောနှင့် မလှုပ်မယှက် နေ၏။ တိုင်တွင် ကပ်လျက် ရှိသော၊ မျက်နှာချင်းဆိုင် အပြိုင် လုနေကြသော နာရီကြီးများကို လှမ်း၍ ကြည့်မည် အပြုတွင် ရထားရပ်သံကို ကြားလိုက်ရသဖြင့် တံခါးဘက်သို့ လှည့်လိုက်လေ၏။

သူ့ဥမ္မာဒန္တီသည် သူ့ရှေ့တော်မှောက်တွင် ရောက်နေလေပြီ။

နပိုလီယံသည် မာရီကို မြင်လျှင် မြင်ချင်း ဟန်ဒြပ်ပါပါနှင့်–

'မြို့စားကြီးကတော်၊ ကျွန်ုပ် သင့်အား ဤအချိန်ကြီး၌ ခစားခွင့် ပြုရသည်မှာ သင်က အရေးကြီးသော အကြောင်းများကို လျှောက်တင်လို ကြောင်း မရပ်မနား တောင်းဆိုသောကြောင့်ပင် ဖြစ်ရသည်။ လျှောက်တင်ရန် အကြောင်းကား မည်သည်တို့နည်း'

ဟု ပြောလိုက်လေ၏။

ဤသို့ ပြောလိုက်ခြင်းကား အနီးတွင် ရပ်လျက် ရှိသေးသော ရပ် စတန် ခေါ် ကုလားအစေခံ ရှိနေသောကြောင့်တည်း။ ရပ်စတန် ထွက်သွား သောအခါ မာရီအား စာကြည့်ခန်းသို့ ခေါ်သွားရင်း ရယ်မောပြောဆို၏။

'ဘယ့်နှယ် မောင်တော်ဘုရားရဲ့ ပြောင်ပြောင်ကြီး ညာလိုက်တာ မဟန်လား'





'အရှင်....ပိုလန် အစိုးရအဖွဲ့က....'

နပိုလီယံသည် လက်ကာ၍ ကန့်ကွက်ပြောဆို၏။

'နေစမ်းပါဦး....ဒီစကားတွေ အသာ ထားလိုက်ပါဦး နှမတော်ရဲ့။ ဦးထုပ်ကို ချွတ်တော်မူလိုက်ပါ၊ အပြင်အင်္ကျီကြီးလည်း မလိုတော့ပါဘူး။ ဒီအခန်းက အနွေးသားပဲ၊ ရထားစီးလာရတာ ပန်းပေလိမ့်မယ်။ ဘာသောက် မလဲ၊ ဝိုင်အရက်ကလေး နွေးအောင် သောက်မလား၊ ဖျော်ရည်နဲ့ ဘီစကွတ် သုံးဆောင်မလား'

'ကျေးဇူး ကြီးလှပါပြီ ဘုရား၊ ကျွန်တော်မ မည်သည့် အာဟာရကိုမျှ မသုံးဆောင်လိုကြောင်းပါ'

မာရီသည် နပိုလီယံ၏ ဖော်ရွေပုံကို တွေ့မြင်ရသော် အနေအထိုင် ချောင်ချိရန်သာ ရှိပါလျက်နှင့် သူ့အား ပိုလန်ပြည်ကြီး၏ ကိုယ်စားလှယ် အဖြစ် လွှတ်လိုက်သည့် အချက်ကိုသာ တွေးတော စိတ်စော၍ လာသဖြင့် အထူးချောင်ချိသည် မရှိ။ သူသည် ပိုလန်ပြည် အစိုးရက သံတမန်အဖြစ် လွှတ်လိုက်လေသောကြောင့် ဤအချိန်၊ ဤနေရာမျိုးကို ဘေးရန် အန္တရာယ် များကို မကြောက်ဘဲ ဝတ္တရားကို ဆောင်ရွက်ရန် စိတ်တင်း၍ လာခဲ့ရသည်။ မာရီသည် လူငယ်တို့၏ ထက်သန်သော စိတ်အဟုန်ကြောင့် တိုင်းပြည် အတွက် ဆိုလျှင် မိန်းမဖြစ်သော်လည်း မျက်ရည်စမ်းစမ်း လုပ်ခြင်း၊ အချစ် ငွေ့ လျှံကာ လွမ်းဆွေးနေခြင်း၊ လင်ယောကျ်ားအတွက် စောင့်ထိန်းရသော သစ္စာကို မကျိုးမပေါက်စေခြင်း စသည်တို့ကို လုံးဝ ပယ်ဖျောက် ရလေတော့ သည်။

မာရီသည် မိမိ ပြောရမည့် စကားများ နပိုလီယံ၏ ထွေရာလေးပါး စကားတွေကြား၌ အဆက်ပြတ်သွားမည် စိုး၍ ခပ်တည်တည်နှင့် ဆက်၍ ပြော၏။

'အရှင်မင်းကြီးအား ကျွန်တော်မ လျှောက်ထားရန်မှာ ကျွန်တော်မတို့ ၏ ပိုလန်ပြည်အစိုးရက အရှင့်ထံသို့ သံတမန်လွှတ်၍ အရှင့်ရွှေနားတော်



www.burmeseclassic.com

www.burmeseclassic.com



ကြား လျှောက်တင်ဖွယ်ရာတို့ကို လျှောက်တင်စေမည် ဟူသော အကြံအရ အရှင် နှစ်သက်သော မိန်းမတစ်ဦးကို သံတမန်အဖြစ် စေလွှတ်....'

'မိန်းမတစ်ဦးကို သံအဖြစ် စေလွှတ်ဖို့....ဟုတ်လား'

'မှန်လှပါ၊ မိန်းမတစ်ဦး....'

'ဟား....ဟား....ဟား....မောင်တော်က မိန်းမကို စေလွှတ်တော့ သဘောကျတာပေါ့'

ဟု နပိုလီယံက ရွှန်းလိုက်လေသော် မာရီသည် ရှက်စနိုးဖြစ်ကာ စကားစ ပျောက်သွားလေတော့၏။ နပိုလီယံသည် ရွှက်ထည်ကို ကြိုးနှင့်ချိတ်ကာ ထိုင်ခုံအဖြစ် ပြုလုပ်ထားသည့် ထိုင်ခုံဆီသို့ မာရီအား ခေါ်ငင်၍ ထိုင်စေ၏။

ထိုင်စေပြီးသော် မာရီ၏ လက်ကလေးကို ယူငင်ကာ သူ့နှုတ်ခမ်းနှင့် ကပ်လိုက်လေ၏။

'မာရီ....မင်း အသိသားပဲကွယ်၊ ငါ မင်းကို ဘယ်လောက်ချစ်သလဲ ဆိုတာ။ မင်း တစ်ခါမှ မချစ်ဖူးဘူးလား။ ဟင်....မမေးရဘူးလား၊ မင်း ကလေးမှ မဟုတ်ဘဲ။ မင်း အခု အသက် ဘယ်လောက်ရှိပြီလဲ'

ဟု နပိုလီယံသည် ရင်းနှီးစွာ မေးလေ၏။

'ကျွန်တော်မ၏အသက် တစ်ဆယ့်ကိုးနှစ်ပါ ဘုရား'

'အိမ်ထောင် ဘယ်တုန်းက ပြုသလဲ'

'လွန်ခဲ့သည့် နှစ်နှစ်လောက်ကပါ ဘုရား'

'သြော်....သနားစရာကလေးပဲနော်'

မာရီက ထိုမှတ်ချက်ကို ပြန်၍ ပြောဆိုချေပ ပါသေး၏။ သို့သော် သူ့အသံကလေးသည် နဂိုက နွဲ့နှောင်းလှသည့် အထဲတွင် နပိုလီယံက သူ့ကို ပွေ့ဖက်လိုက်သောကြောင့် ပျောက်ပျက် တိမ်ကောသွားလေ၏။ သူသည် ရုန်းကန်၍ ထွက်ရှာလေသည်။

'မာရီ....ငါ မင်းကို သိပ်ချစ်တာပဲ'





'ဤစကားမျိုးကို ကေရီ မိဖုရားကြီးသာလျှင် ကြားနာထိုက်ပါသည် ဘုရား'

'ဒါတော့ ဟုတ်ပေလိမ့်မယ်၊ ဒါပေမဲ့ ငါက မင်းကို ချစ်တာကွယ့်။ ငါ မင်းကို ရင်ခွင်ထဲမှာ ထည့်သွင်းဖို့ စောင့်နေတာ ကြာလှပြီ။ မင်းကတော့ ငါချစ်သလို မချစ်ဘဲ အေးစက်စက်နေတယ်'

'အေးစက်စက်နေတယ်....၊ ကျွန်တော်မ အရှင့်အား လူတွေကြားထဲမှ ဖြတ်ပြေးပြီး ကြိုဆိုသည်ကို ထောက်ထားလျှင် အေးစက်စက် နေ မနေ သိတော်မူနိုင်ပါသည် ဘုရား'

'ဒါတော့ သိပါတယ်ကွယ်၊ ဒါပေမဲ့ ဒီလို အကြိုတော် ဆက်တာ ငါ ကေရာဇ်မို့၊ မင်းတို့ရဲ့ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်မယ့် သူမို့ မဟုတ်လား။ မာရီ ငါ မင်းကို သိပ်ချစ်တာပဲ၊ မင်း ငါ ဘယ်လောက် ချစ်တယ် ဆိုတာ သိရင် ကောင်းမှာပဲကွယ်'

'သို့သော် အရှင်....'

'အို....အရှင်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ ငါ မင်းကို နပိုလီယံ အဖြစ် ချစ်တာပါ။ နပိုလီယံ ဆိုတဲ့ လူအဖြစ် ချစ်တာ၊ ကေရာဇ်နှင့် ဘာမျှ မဆိုင်ဘူး။ ငါ့ကို နပိုလီယံလို့ပဲ ခေါ်ပါ၊ အရှင်လို့ မခေါ်ပါနဲ့'

'ကျွန်တော်မ မခေါ်နိုင်ပါ ဘုရား'

နပိုလီယံ၏ လက်များသည် မာရီ၏ ကိုယ်ကာယကလေးကို ပွေ့မယောင်၊ ဖက်မယောင် ပြုနေ၏။ မာရီသည် အပွေ့အဖက် မခံဘဲ ရှောင်ဖယ်လေ၏။

'နေပါဦးကွယ့်၊ ဘယ်သွားမလို့လဲ'

နပိုလီယံသည် သူပေးလိုက်သော သဝဏ်လွှာထဲ၌ "နှမတော်.... မောင်တော်၏ နှလုံးသားကို သနားညှာတာပါလျှင် နှမတော်၏ တိုင်းပြည်ကြီးကို မောင်တော် ချစ်ခင်ကာကွယ်ပါမည်"ဟု ရေးလိုက်သည် မဟုတ်လော။ သူ ဆိုသည့်အတိုင်း မှန်ပါ့မလားဟု မာရီ တွေးမိ၏။ သူ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ စွဲစွဲလမ်းလမ်း ချစ်ခင်တာလား၊ သူဟာ ပိုလန်ပြည်ကြီးအတွက် ပျော်ရွှင်အောင် ကြံဆောင်ပေးနေရင်း သူ့အတွက်တော့ ပျော်ရွှင်ခြင်း ကင်းမဲ့နေလေသလော။ မာရီသည် တွေးနေ၏။

မာရီသည် ပြန်ထိုင်၏။ နပိုလီယံ၏ ငန်းတော်ကျားလက် သူ့ကိုယ်ကလေးကို ရစ်ပတ်သည်ကို မငြင်းဆန်ဘဲ ငြိမ်နေလေ၏။

'မာရီ....အချစ်ကလေး'

နပိုလီယံ၏ လက်ဖျားသည် သူ့ရဲ့ကောင်းများ ဖြစ်လာ၏။

မာရီသည် နပိုလီယံကို စောင်းကြည့်လိုက်လေ၏။ နပိုလီယံ၏ အစိမ်းပြာယ်ပြည့်လျှမ်းသော မျက်လုံးနှစ်လုံးကို တွေ့လေသည်။

'ကျွန်တော်မကို အခွင့်ပြုပါတော့၊ ဒီရောက်နေတာ ကြာလှပြီ။ ကျွန်တော်မမှာ လင်ယောကျ်ားနှင့်ပါ'

'လင်ယောကျ်ားဆိုတာ ဘယ်သူလဲ၊ ဟို...သက်ကျားအို ခုနစ်ဆွေး ရှစ်ဆွေးကြီးလား'

'အို....သိပ်ဆိုးတာပဲ'

'ဒီအဘိုးကြီးကို ဂရုမစိုက်ပါနဲ့၊ သူ မင်းနဲ့ မတန်ဘူး။ လူတိုင်းကပဲ ဒီလို ပြောနေတယ်'

'ဘယ်သူ ဘာပြောပြော ကျွန်တော်မ ဒီလို မပြောပါ'

'ကဲ....ကဲ....ဒီလိုဆိုလည်း ခင်ဗျား လင်တော်မောင်နဲ့ နေတော်မူပါဗျာ။ ကျုပ် သိရသလောက်ဖြင့် မြို့စားကြီးက သူ့အိမ်တွင်းရေးမှာ ကျုပ် ဝင်နှောတာကို ကျုပ် သူ့တိုင်းပြည်ရေးမှာ ကာကွယ်ပေးရင် ကန့်ကွက်မယ် မဟုတ်ဘူး'

မာရီသည် နပိုလီယံ၏ ရင်ခွင်မှ ရုန်းထွက်ရန် ကြိုးစားသော်လည်း နပိုလီယံ၏ လက်များမှာ သန်မာလွန်းလှသည်။ နပိုလီယံသည် သူ့နားအနီးသို့ ကပ်၍ တတွတ်တွတ်နှင့် အဆက်မပြတ် ပြောလေ၏။

'မာရီ...မင်းဟာ အလွန် အဖိုးတန်တဲ့ အရှယ်ကလေးကို ဖြုန်းပစ်နေ





တယ်။ မင်းရဲ့ ကိုယ်ကာယကလေးကို ဖျက်ဆီးနေသလိုပဲ။ မင်းဘဝကို မင်း ရောင်းစားနေတာနဲ့ တူတယ်။ မင်းက ဒီအဘိုးကြီးကို တစ်သက်လုံး သစ္စာရှိရှိနဲ့ ပေါင်းသင်းနေရမယ် ထင်နေတယ်ပေါ့....ဟုတ်လား။ မယားကောင်း ပီသတဲ့ အနေနဲ့ပေါ့လေ။ မင်း မှားတာပဲ မေရီ၊ မင်းလို သစ္စာတည်တည်နဲ့ ဆိုရင် မင်း မင်္ဂလာဆောင်တာ အံ့ပါရဲ့ကွာ။ သီလရှင် လုပ်ဖို့ပဲ ကောင်းတယ်'

'လုပ်မလို့ဘဲ....မဖြစ်လို့သာ'

'အမယ်လေးဟဲ့....တယ်ကောင်းတဲ့ အကြံပဲ၊ ဘာလို့ ဒီလို လုပ်ရမှာလဲ။ သီလရှင်အလုပ် ဆိုတာ အရုပ်ဆိုးမတွေ၊ လင်မရနိုင်တာတွေသာ လုပ်ရတယ်။ မင်းမှာ ဆိုတော့ ဒီလိုမှ မဟုတ်ဘဲ။ အခု မင်းဒုက္ခတွေ ဆုံးပါပြီ၊ စိတ်မငြိုငြင်ပါနဲ့တော့။ မင်းနဲ့ငါ တွေ့ဆုံဖို့ ဖူးစာက ဖန်တီးလာတာပဲ၊ အခု မင်းကို ငါချစ်မယ်၊ ငါ မင်းကို တစ်သက်လုံး ပျော်အောင် ထားမယ်၊ ဘယ်သူကမှလည်း မင်းကို ကဲ့ရဲ့ကြမှာ မဟုတ်ပါဘူး။ မင်း နပိုလီယံရဲ့ မိတ်ဆွေပေါ့....။ ငါ့ကို တွေ့ချင်တဲ့ သံအမတ်တွေ၊ မင်းသားတွေဟာ ငါ့ကို တိုက်ရိုက် မတွေ့ဝံ့ကြဘဲ မင်းကို ပထမ တွေ့ကြပြီး ငါ့ရှေ့တော်ကို သွင်းပေးပါမယ့် အကြောင်း ခ ယ တောင်းပန်ကြရမှာပေါ့'

နပိုလီယံသည် မာရီအား တင်းကျပ်စွာ ပွေ့ဖက်လိုက်ကာ နီထွေးသော နှုတ်ခမ်းကလေးကို ဆက်လိုက်၏။

"အို....ငါ ဘာကြောင့် ဒီကို လာမိပါလိမ့်"

ဟု မာရီ တွေးမိ၏။

ထိုအခိုက် ည၏ ငြိမ်သက်ခြင်းကို ဖျက်ဆီးသော အသံများ ကြားရ၏။ စစ်သားများ၏ ခြေသံများနှင့် မာရီ၏ ရထားမှူး အသံတို့ကို ကြားရ၏။ မာရီသည် ကြောက်အားပိုသကဲ့သို့ ဖြစ်သွားကာ လွန့်လိုက်၏။

'အို....မကြောက်ပါနဲ့၊ နန်းတော်စောင့် စစ်သားတွေပါ'

'ဟင်....မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အို....ဟုတ်ပါတယ်လို့ ပြောနေတာပဲ'

'ဟင်....ကျွန်မ ပြန်ပါရစေ'

မာရီသည် နပိုလီယံ၏ ရင်ခွင်မှ ခုန်ထွက်ပြီးလျှင် အပေါ်အင်္ကျီကို ဝတ်ပြီးနောက် တံခါးဘက်သို့ သွားလေ၏။ မာရီသည် မာယာဆောင်၍–

'ကျွန်မတို့ တွေ့ကြတာကို နောင်တော့ မေ့တော်မမူပါနှင့် မောင်တော်'

ဟု ပြောကာ–

'ကြည့်....ကြည့်....ယောဒီ နှင်းဆီက မောင်တော် နှစ်သစ်ကူးနေ့က ပေးလိုက်တာ။ ဒါကတော့ ညစာဖိတ်တုန်းက ပို့လိုက်တာလေ။ ဒီနှစ်ပွင့်ကို နမတော်ရဲ့ နှလုံးသားနဲ့ အနီးဆုံး နေရာမှာ ပန်ဆင်ထားပါတယ်'

သူ့ရင်တွင် ပန်ထားသော နှင်းဆီနှစ်ပွင့်ကို ပြရင်း ပြောလေ၏။

'မာရီ....မာရီ....မင်း ငါ့ကို ချစ်ပြီပေါ့'

မာရီက နောက်နေ့ည ဤအချိန်တွင် တစ်ခေါက် လာခဲ့ဦးမည်ဟု ကတိပေး၏။ နပိုလီယံလည်း ပိုလန်ပြည် အရေးကို စဉ်းစားမည်ဟု ကတိပေးလေသည်။

မာရီက နပိုလီယံ၏ နဖူးကို လက်ကလေးဖြင့် သပ်ပေးလိုက်ခြင်းသာလျှင် နပိုလီယံ၏ အချစ်ကြီး ချစ်သည်ကို တုံ့ပြန်လိုက်ခြင်း ဖြစ်တော့သည်။ အချစ်တုံ့ပြန်ခြင်း မဟုတ်။ သနားခြင်း၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်သာ ဖြစ်ချေသည် တကား။

## အခန်း [ ၁၂ ]

မာရီ....ချစ်နှမ မာရီ၊ မောင်တော်၏ စိတ်ထဲတွင် မာရီကိုသာ ပထမ တွေးမိပါသည်။ မောင်တော်၏ ဆန္ဒသည်ကား တစ်ခုတည်းသာ ရှိပါသည်။ ထိုဆန္ဒမှာ ချစ်နှမနှင့် တွေ့ဆုံရန်သာ ဖြစ်ပါသည်။





ချစ်နှမ ယနေ့ည တစ်ခေါက်လာဦးမည် မဟုတ်လား။ ကတိအတိုင်းလေ၊ ချစ်နှမ ရောက်တော်မမူပါလျှင် ချစ်နှမထံ ရွှေဖွန်ညို ပုံကာဝလိမ့်မည်။

ယခု ပေးလာသည့် ပန်းခိုင်ကို သနားသဖြင့် လက်ခံလိုက်စေလိုပါသည်။ ဤပန်းခိုင်သည် မောင်တော်နှင့် နမတော်တို့၏ နှလုံးသားနှစ်ခိုင်ကို ခိုင်မြဲစွာ ချည်နှောင်သည့် ရတနာရွှေကြိုးသဖွယ် ဖြစ်ပါစေသတည်း။ ရွှေမေတ္တာတော် ဝေကာမောက်လို့ မောင်တော် တစ်ယောက်ကိုဖြင့် ပစ်မမုန်းစေချင်ပါ။ ဤပန်းခိုင်သည် နမတော်၏ နှလုံးသားမှ မခွာပါစေနှင့်....။ " N"

BURMESE CLASSIC .com

ပန်းခိုင်မှာ အလွန်လှပ၏။ အလယ်တွင် ပန်းမျိုးစုံ ပါရှိ၍ ကတ္တီပါစပေါ်တွင် မာရီ၏ နာမည်စ ဖြစ်သော "M"ဆိုသည့် စာလုံးကလေး တပ်လျက်ရှိသည်။ ပန်းခိုင်နှင့်အတူ ပေးလိုက်သော စာမှာကား–

"မြို့စားကြီးကတော် ဝါလူးစကားအတွက်"

ဟု ပါရှိလေသည်။

ယောကျ်ားများက မိမိတို့၏ချစ်သူ မိန်းမများထံသို့ ပန်းခိုင် ပန်းကုံးများ ပို့ရိုးထုံးစံ ရှိ၏။ ပါရစ်မြို့တော်၌ကား မိန်းမများကပင် ယောကျ်ားများထံသို့ ပန်းခိုင် ပို့ကြသေးသည်။ သို့သော် မာရီမှာ ပန်းခိုင်ကို ရသဖြင့် အလွန် စိတ်ဆိုးမိ၏။ ပန်းခိုင်မှာ သေချာစွာ ကြည့်လိုက်သော် ပန်းများဖြင့် ပြုလုပ်ထားသော ပန်းခိုင် မဟုတ်။ ကျောက်သံ ပတ္တမြားများ ဖြစ်နေသည်ကို တွေ့ရတော့သည်။

မာရီသည် ပန်းခိုင်ကိုကြည့်ကာ သရော်သော မျက်နှာပေးနှင့်–

"အင်း....အချစ်စစ်တဲ့လား၊ အချစ်စစ်ကလည်း ရေရှောနေပါပကော။ ကျောက်သံ ပတ္တမြားနှင့် ဝယ်ရင် ရမယ် ထင်တယ်ပေါ့လေ။ အင်း.... ငါ သွားမိတာ မှားတာပဲ၊ မသွားဘဲ နေလိုက်ဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်နေလေ၏။

မာရီသည် ထိုနေ့အဖို့ တစ်နေ့လုံးပင် ဟန်ဆောင်၍ ရယ်ကာ မောကာနှင့် နေရလေ၏။ ညစာ စားပြီးနောက် သူသည် အခန်းသို့ ပြန်သွားပြီးလျှင် အောက်ပါစာကို ရေးလေ၏။

ချစ်လှစွာသော အတာနေး....။

ရှင်ဟာ....ပထမတော့ ကျွန်မကို အပြစ်ဆိုလိမ့်မယ်။ နောက် တွေးကြည့်တော့ ဒီကိစ္စမှာ ရှင်လည်း ပယောဂမကင်းဘူး ဆိုတာ တွေ့ရလိမ့်မယ်။ ကျွန်မ ရှင့်ကို အကြောင်းစုံ သိအောင် လမ်းစ ဖွင့်ပေးပါတယ်။ ဒါပေမဲ့ ရှင့်မျက်စိဟာ တိုင်းပြည်ချစ်တဲ့ စိတ်ပဲ လား၊ ဒါမှ မဟုတ်ရင် မာန်မာနကြောင့်ပဲလား မပြောတတ်ဘူး။ ကျွန်မ အပြစ်သနစ်ကို မမြင်ဘူး။ အခုတော့ ခရီးလွန်နေပြီ၊ ပြင်လို့ မရတော့ဘူး။

ကျွန်မကို အစိုးရအဖွဲ့ဝင် လူကြီးမင်းများက ဧကရာဇ်မင်းထံ လွှန်ခဲ့တဲ့ညက သွားတွေ့ဖို့ ပြောလို့ တွေ့လိုက်ရပါပြီ။ ကျွန်မ သွားချင်လို့ မဟုတ်ဘူး။ သူတို့က ကျွန်မရဲ့ မျိုးချစ်စိတ်ကို ကြွအောင် အမျိုးမျိုး ပြောကြတာနဲ့ သွားမိတာပဲ။ အဲဒါ....ညက ကုသိုလ်ကံ ကလေး ထောက်မပေလို့ ကျွန်မဟာ ရှင့်မယားဘဝကို မဆုံးဘဲ ပြန်လာခဲ့ရတယ်။ ဒီနေ့မနက်ကျတော့ ကျွန်မ ဂုဏ်ကို ထိခိုက်စော် ကားတဲ့ အချက်တစ်ချက် ပေါ်ပေါက်လာတယ်။ ဒီနေ့ည ကျွန်မကို နန်းတော်ဝင်ဖို့ ခေါ်နေတယ်။ ဒီနေ့ညသွားရင် ကျွန်မ လွတ်လွတ် ကင်းကင်းနှင့် ပြန်လာနိုင်ပါဦးမလား။ ပိုလန်ပြည်ကြီး ကောင်းစား ရေးနဲ့ ကျွန်မ ကောင်းစားရေးကို သေသေချာချာ စဉ်းစားလိုက်တော့ ပထမအချက်ကို ရွေးလို့ မဖြစ်ကြောင်း စဉ်းစားမိပါတယ်။ ကျွန်မ ဘဝကို ကျွန်မ ရောင်းမစားဘူး ဆိုမှ ကျွန်မရဲ့ သံသရာအကျိုးဟာ မပျက်စီးဘဲ နေတော့မယ်။ ဒီဟာ နှစ်ခုကို တစ်ခုခု မရွေးဘဲ သေတာ





က ကောင်းသေးရဲ့လို့ အောက်မေ့မိပေမယ့် တရားတော်အတိုင်း ဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်တဲ့ အပြစ်ဟာ အလွန်ကြီးတယ် ဆိုတာ ကျွန်မ သိပါတယ်။

ကျွန်မဖြင့် ငိုရလွန်းလို့ မျက်ရည်တောင် မကျန်တော့ဘူး။ ကျွန်မ ရှိသေစွာ ဦးတင်ခဲ့ပါသေးရဲ့။ ကျွန်မကိုတော့ သေပြီလို့ သဘောထားလိုက်ပါတော့။ ကျွန်မ သွားပြီ....။

BURMESE CLASSIC .com

မာရီသည် ဤစာကို သူ့အခန်းထဲတွင် လူမြင်လောက်သည့် နေရာ၌ ထားခဲ့ပြီးနောက် အဝတ်အစား အနည်းငယ်ကို လွယ်အိတ်ကလေးထဲသို့ ထည့်သွင်းပြီးလျှင် ခြေဖျားထောက်ကာ အခန်းမှ ထွက်သွား၏။ မျက်နှာကို လူမမြင်နိုင်အောင် ဦးထုပ်နှင့် မျက်နှာဖုံးကလေးကို ဆောင်းအုပ်၍ အိမ်တွင်း လမ်းမသို့ ရှေးရှုလေ၏။

နှင်းများ တဖေဖေထလျက် မှိုင်းနေသော ဝါဆောမြို့ကြီးသည် အိပ်၍ နေ၏။ ဘုရားရှိခိုးကျောင်းကြီးများမှာ သူ့ထက်ငါ လု၍ ကောင်းကင်ကို ပြိုင်နေကြလေ၏။ ကျဉ်းမြောင်းသော လမ်းကလေးများ၏ တစ်ဖက် တစ်ချက်တွင် အိမ်ကလေးများသည် နှင်းများ၏ အအေးဓာတ်ကို မခံနိုင် သကဲ့သို့ တစ်ခုနှင့်တစ်ခု ကပ်၍ ပုပုကွေးကွေးကလေး နေကြကုန်၏။ ဗစ်စတျူလာ မြစ်ကြီးသည်လည်း ငွေရည်လိမ်းလျက် ဣန္ဒြေကြီးစွာနှင့် မြို့၏ခြေရင်းကို ရစ်ပတ်၍ စီးနေလေ၏။

မြို့ပြင် မြို့နားဌ တဲပုတ်ကလေး၊ အိမ်ပုကလေးများတွင် နေထိုင်ကြကုန်သော လူအပေါင်းတို့သည် မျှော်လင့်ချက်တစ်ခုကို လက်ကိုင်ပြုကာ နေကြလေ၏။ သူတို့သည် ပိုလန် ပြည်သူပြည်သား ပီသစွာ တိုင်းပြည် အတွင်းသို့ ကျူးလွန်စော်ကားလာကြသော ရန်သူအပေါင်းတို့အား မဆုတ်မနစ် ခုခံခဲ့ကြပေပြီ။ သူတို့သည် ပိုလန်ပြည်ကြီး၏ လွတ်လပ်ရေးအတွက် ဆိုလျှင် သွေးစိမ်းအဖြာဖြာ ထွက်၍ အသက်ကိုပင် စွန့်ရဲကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ပိုလန်ပြည်ကြီး၏ လွတ်လပ်ရေးသည် ကေရာဇ် နပိုလီယံ၏ ဆုံးဖြတ်ချက်ပေါ်တွင် တည်ရှိနေသည်။ လူတိုင်း လူတိုင်း၏ နှုတ်ဖျားတွင် နပိုလီယံ၏ နာမည် သီးလျက်ရှိ၏။ ကေရာဇ် ဆုံးဖြတ်ချက် အပေါ်တွင် ပိုလန်ပြည်ကြီး၏ လွတ်လပ်ရေး တည်ရှိသည်မှာ အမှန်ပင်လော....။

မာရီသည် မှောင်ထဲသို့ တိုး၍တိုး၍ သွားရင်း စဉ်းစားမိ၏။ သူသည် မြို့တော်ကြီးမှ ထွက်ပြေးလျက် ရောက်မိ ရောက်ရာသို့ သွားရန် ခြေကို လှမ်း၍နေလေပြီ။ သူသည် မြို့သူမြို့သားတို့၏ စိတ်ဝယ် အလွန်အရေးကြီးသော အချက် တည်ရှိနေကြောင်း သိ၏။ မာရီသည် သူ့ကိုယ်ကာယကိုသာ ရောင်းစားရန် အလိုရှိကြသော အစိုးရအဖွဲ့ဝင် သတ္တဝါဆိုးကြီးများအား ကူညီမည်ဟု စိတ်ကူးမထည့်တော့ချေ။ ထိုသတ္တဝါကြီးများသည် သူတို့ကောင်းစားရေးအတွက် သူ့ကိုယ်ကာယကလေးကို ရောင်းစားလိုကြသည်။ အလွန် မတရားသူများ ဖြစ်ကြသည်။ တိုင်းပြည်ရေးထက် သံသရာရေးက ပို၍ အရေးကြီးသည်။ တိုင်းပြည်ကြီး လွတ်လပ်ရေး ကိစ္စမှာ ကမ္ဘာသကာ ဖြစ်လိုရာ ဖြစ်စေတော့....။

မာရီသည် သူ့အတွေးအတိုင်း ဆိုလျှင် သူ ယခုကဲ့သို့ ပြေးခြင်းသည် လမ်းမှန်ဖြစ်သည်ဟု ထင်မိ၏။ ထင်သည့်အတိုင်း အမြန် ပြေးရတော့မည်။ သူ့ခြေလှမ်းများသည် ပိုမို၍ သွက်လာတော့၏။ လမ်းတွင် ရထားငှားလျှင် ရ၏။ သို့သော် ခြေကျင်ပြေးရသည်က ပို၍ကောင်းသည်။ မြို့ပြင်ရောက်မှ လယ်သမား တစ်ဦးဦးထံမှ ရထားတစ်စင်းငှား၍ ပရပ်ရွာသို့ သွားမည်။ ပရပ်ရွာမှ တစ်ဖန် ပြင်သစ်မြို့တော် ပါရစ်မြို့သို့ သွားမည်။ ပါရစ်မြို့တော်ကြီးကို ရောက်ချင်နေသည်မှာ သူ အိမ်ထောင်မကျခင် ကတည်းကပင်....။

လမ်းတွင် ယောကျ်ားကြီး သုံးလေးဦးနှင့် တွေ့သဖြင့် သူတို့က လှမ်း၍ ခေါ်သော်လည်း သူက မြန်လွန်းလှသဖြင့် လွန်၍သွား၏။ နောက်တစ်ယောက်နှင့် တွေ့သောအခါ သူသည် ခြေလှမ်းကို မတန့်ချင် မနေရသည့် အဖြစ်သို့ ရောက်သွား၏။ သူ့ရှောစောင်ကလေးသည် ပခုံးမှ လျှောကျသွား





ရာ ထိုလူသည် ရှောစောင်ကို ကောက်ယူလိုက်သဖြင့် မာရီက ပြန်တောင်း၏။ ရှောစောင်ကို မပေးဘဲ တွေ၍ ကြည့်နေသူကို မာရီက ဒေါသဖြစ်၍–

'ပေး....ပေး....မပေးဘူးလား၊ အော်လိုက်ရမလား'

ဟု ပြော၏။ ထိုနောက် ထိုသူကို အသေအချာ ကြည့်လိုက်သော် ထိုသူကား အသက်အရွယ်အားဖြင့် ဆယ်နှစ်ကျော်လောက်သာ ရှိဦးမည့် ကလေးတစ်ယောက် ဖြစ်နေကြောင်း သိရ၏။ မာရီသည် မှောင်ထဲတွင် တွေ့ရသဖြင့် အစက ယောကျ်ားကြီး သန်သန်စွမ်းစွမ်းဟု အောက်မေ့ခဲ့၏။ ယခုမှ လူမမည်ကလေး ဖြစ်နေကြောင်း သိရသဖြင့် သူ အရမ်း ကြောက်မိသည်ကို ရယ်ချင်သလိုလို ဖြစ်လာ၏။

'ပေး....ပေး....'

ကလေးသည် မာရီအား ကြည့်ကာ သနားစရာ အသံကလေးနှင့်–

'အဒေါ်ရယ်၊ ကျွန်တော် အဒေါ့်သေတ္တာကို ဆွဲပြီး အဒေါ့်အိမ်အထိ လိုက်ပို့ပါရစေ။ ကျွန်တော့်ကို ပိုက်ဆံနည်းနည်းသာ ပေးပါ'

'မင်း....ဒီအချိန်ကြီးမှာ ဘာလုပ်နေတာလဲ'

'ကျွန်တော် ဟောဟို တဲကလေးမှာ နေတယ်'

'အခုလို အချိန်မဲ့ ထွက်လည်နေဖို့ မင်း အဖေ အမေများက အခွင့်ပြုသလား'

'အာ....ပြုပါတယ်'

'မညာနဲ့၊ မှန်မှန်ပြောစမ်း'

'အို....ကျွန်တော်....ထွက်ပြေးလာတာ'

'ဘာလို့ ထွက်ပြေးရတာလဲ၊ မပျော်လို့လား'

'ကျွန်တော့် ခွေးကလေးကို ဖေဖေက သတ်စားမလို့ ဆိုတာနဲ့'

'ဘာ....ခွေးကို သတ်စားမယ်တဲ့လား မင့်အဖေက....'

သူငယ်ကလေးသည် ဝမ်းနည်းပက်လက် ငိုလေ၏။

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ရက်စက်တဲ့ လူပေါ့ကွယ်'

ဟု မာရီသည် သူငယ်၏ ခေါင်းကလေးကို ကိုင်တွယ်ပွတ်သပ်ရင်း ပြော၏။

သူငယ်ကလေးက–

'ဖေဖေဟာ စစ်ပွဲကြီးတွေထဲ ဝင်ပြီးတိုက်လို့ အခု ကောင်းကောင်း နေမကောင်းဘူး။ အမေကလည်း ကျွန်တော်တို့ ဝအောင်စားဖို့လည်း ငွေ ရအောင် အလုပ်မလုပ်နိုင်ဘူး။ ကျွန်တော်တို့ စားစရာ ဘာဟင်းမှလည်း မရှိဘူးဗျ။ ဒါပေမဲ့ အားလုံး ဟန်ကျသွားမှာပါပဲလေ....ကျွန်တော် အိမ်ပြန် ဦးမယ်'

မာရီသည် ကလေးက–

"အားလုံး ဟန်ကျသွားမှာပါပဲလေ"

ဟု အဓိပ္ပာယ်ပါသော စကားကို ပြောသံ ကြားရသော် သိလိုဇော ကြီးလာလေ၏။

'ဘယ့်နှယ်....ဘယ်လို နေရာကျမှာလဲ'

'နပိုလီယံ ပိုလန်ကို ရောက်နေပြီလေ၊ အဒေါ် မသိဘူးလား'

'သိပါတယ်၊ နပိုလီယံက မင်းတို့ကို ဘယ်လို ကူညီမှာတဲ့လဲ'

သူငယ်ကလေးသည် မာရီ၏ မေးခွန်းကို အံ့သြနေဟန် ရှိ၏။

'နပိုလီယံ အခု ပိုလန်ရောက်နေပြီ အဒေါ်ရဲ့၊ ပိုလန်ပြည်ဟာ အလျင် တုန်းကလို ကောင်းသွားတော့မယ်။ ဒီတော့ ဖေဖေ ငွေတွေ ရမှာပေါ့'

မာရီသည် သူငယ်ကလေး၏ ပခုံးကို ကိုင်ကာ–

'ငါ့တူပြောတာ မှန်တယ်၊ နပိုလီယံက ပိုလန်ကို ကောင်းအောင် လုပ်ပေးလိမ့်မယ်'

ဟု ပြောလေ၏။

အတန်ငယ် ကြာလတ်သော် မာရီသည် ရထားတစ်စီးကို စီးလျက် မြို့ထဲသို့ ပြန်ဝင်ကာ ရထားမောင်းအား နန်းတော်သို့ မောင်းရန် အမိန့်ပေး လိုက်လေ၏။

## အခန်း [ ၁၃ ]

မာရီသည် လွန်ခဲ့သည့်ညက ဝင်ခဲ့သော တံခါးကို ခေါက်မည် အပြုတွင် တံခါးသည် ပွင့်နေကြောင်း သိသဖြင့် အသာ တွန်းလိုက်ပြီးလျှင် အထဲ၌ လူ ရှိ မရှိကို ကြည့်လေ၏။ အထဲ၌ လူတစ်ယောက် ရှိလေသည်။ မာရီ ချောင်းဟန့်လိုက်သောအခါ အိဂျစ်လူမျိုး အစေခံ၏ ဦးခေါင်းသည် ထွက်ပြူ လာ၏။

'သြော်....'ဟု အစေခံက မာရီကို မြင်၍ စိတ်အေးသွားသလို၊ အလာ နောက်ကျ၍ အပြစ်တင်သလို လေသံမျိုးဖြင့် ရေရွတ်လိုက်လေ၏။

'ဧကရာဇ်မင်း....'

'ရှိပါတယ်၊ ကြွပါ....ကြွပါ....ဧကရာဇ်မင်းမြတ် ဒေါသကြီးတယ်။ အဆောင်ကိုင်ကို သခင်မအိမ် သွားခေါ်ချေလို့ မိန့်တော်မူတယ်'

ဟု အစေခံက ပြောလေ၏။

'အခု ဘယ်အချိန် ရှိပြီလဲ'

'ဧကရာဇ်မင်းမြတ် စောင့်နေတော်မူတာ ကြာလှပြီ'

'ကဲ....ဒါဖြင့် ဧကရာဇ်မင်းမြတ်ဆီကို သွားမယ်၊ ဒီအိတ်ကလေး ယူထားလိုက်စမ်း၊ နက်ဖြန်ကျမှ လာယူမယ်'

ဟု ပြောကာ မာရီသည် အစေခံနောက်က လိုက်၍ ဧကရာဇ်ရှိရာ အခန်းသို့ သွားလေ၏။

နပိုလီယံသည် မာရီကို စောင့်မျှော်ရသည်မှာ မောပန်းလှသဖြင့် စိတ်မရှည်နိုင်တော့ဘဲ ဒူးရော့ကို ဆင့်ခေါ်၍ မာရီအား သူ့အိမ်မှ နန်းတော်သို့ အမြန် ခေါ်ဆောင်ခဲ့ရမည်ဟု အမိန့်ပေးလိုက်၏။ မာရီကို မည်သို့မည်ပုံ ခေါ်ခဲ့ရမည်၊ မာရီ မလာ မရောက် ရှိနေသည်မှာ အကြောင်း တစ်ခုတစ်ရာ ကြောင့် ဖြစ်ပေမည် စသည်တို့ကို နပိုလီယံ ထည့်မတွေး။ သူ၏ လိုအင်ဆန္ဒ ကား မာရီကို ခေါ်ဆောင်လာစေလိုသည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံသည် ဒူးရောအား အမိန့်ပေးပြီးသည့်နောက် သူ့စက္ကရီထေရီကို ခေါ်၍ ပြင်သစ်စစ်တပ် အကြောင်းနှင့် ပတ်သက်သော ဆောင်းပါးတစ်စောင်ကို ပိုလန်သတင်းစာတွင် ထည့်သွင်းရန် စီစဉ်ပေးနေ၏။ ဆောင်းပါး၏ အလိုကား ပြင်သစ်စစ်သားများ၏ လူပျိုလှည့်ခြင်း၊ ချိန်းဆိုခြင်းစသည်တို့ကို ပိုလန်သူများက လက်မခံရန် ဖြစ်လေသည်။

အစေခံ ပြောထားသည့် အတိုင်းပင်လျှင် နပိုလီယံသည် အတော်စိတ်ဆိုးနေ၏။ မာရီက လာမည်ဟု ကတိပေးပြီး မလာသည့်အတွက် သူ့ကိုမရိုမသေ မလေးမစား ပြုရမည်လောဟု နပိုလီယံသည် မာနကို ထိနိုက်သဖြင့်စိတ်ဆိုး၏။

မာရီ အခန်းတွင်းသို့ ဝင်လာသောအခါ နပိုလီယံသည် မီးဖိုအနီးတွင်ထိုင်နေ၏။ မာရီက ဦးထုပ်ကို ချွတ်ပြီးလျှင် ဣန္ဒြေရရနှင့် အရိုအသေပြု၏။ နပိုလီယံကလည်း ဣန္ဒြေတည်တည်နှင့် ပြန်၍ အရိုအသေ ပြု၏။ မာရီသည် နပိုလီယံ ညွှန်ကြားသဖြင့် အခန်းအလယ်ရှိ စားပွဲခုံကြီး အနီးတွင်ထိုင်၏။ ထိုင်ပြီးသည့်နောက် သူသည် နပိုလီယံ နံနက်က ပေးလိုက်သောကျောက်သံပတ္တမြားတို့ကို စားပွဲပေါ်တွင် တင်၍ နပိုလီယံအား လေးမြတ်စွာအစီရင်ခံ၏။

'အရှင်ဘုရား ပေးသနားတော်မူတဲ့ ဒီကျောက်တွေကို ဝတ်ဆင်လျှင်ကျွန်တော်မ၏ လင်ယောကျ်ား ဖြစ်သူ မသင်္ကာမည် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ပြန်၍ လက်ခံတော်မူစေလိုပါတယ်။ အရှင် သိတော်မူတဲ့ အတိုင်းကျွန်တော်မ စိန် ရွှေ မခင်ကြောင်းပါ ဘုရား'

နပိုလီယံသည် မာရီ၏ စကားကို ကြားလတ်သော် အလွန်အမင်းစိတ်ဆိုးလေ၏။

'မြို့စားကြီးကတော်၊ သင် စိန်ရွှေ ခင်သည်ဖြစ်စေ၊ မခင်သည်ဖြစ်စေငါ့၌ အရေးမကြီးလှ။ ငါသည် လူပြက်များ မသာအိမ်သွား အင်္ကျီများဝတ်ထားသည်ကို မြင်ရလျှင် အလွန် ရွံမုန်းလှသည်'





နပိုလီယံ ဆိုလိုသည်မှာ မာရီသည် တစ်ကိုယ်လုံး အနက် ဆင်လာ၏။ အ မဂ်လာ မသာအိမ်သို့ သွားသောအခါ ဝတ်ဆင်ရသော အဝတ်အစားဖြစ်သည်။ မာရီ ဤသို့ ဝတ်ဆင်လာသည်ကို မျက်မာန်တော် ရှလေသည်။

မာရီသည် သူ့အင်္ကျီကို သူ ငုံ့ကြည့်ပြီးနောက် တောင်းပန်စကားပြောကြားလေ၏။

'အရှင် ကျွန်တော်မမှာ ကိစ္စအနည်းငယ် ရှိ၍ အရှင့်ထံသို့ အချိန်နှင့်မလာမရောက်နိုင်သဖြင့် အင်္ကျီအဝတ်အစားကိုမျှ မလဲလှယ်နိုင်ဘဲ ထွက်လာရခြင်း ဖြစ်ပါသည်။ သည်းခံတော်မူပါ'

နပိုလီယံသည် လွန်ခဲ့သောနေ့က မာရီအား အထိုင်ခိုင်းသည့် ရွှေကြထည် ကုလားထိုင်ကို ညွှန်၍–

'ထိုင်ထိုင် ....မာရီ၊ မင်းကို ငါ လူပြက်လို့ခေါ်တာ ကြိုက်ရဲ့လား' ဟု မေး၏။

'ကျွန်တော်မ အဓိပ္ပာယ်ကို နားမလည်ပါ ဘုရား'

'ကဲ....ကဲ နားမလည်ရင် ရှင်းပြရသေးတာပေါ့၊ မင်းတို့ ပိုလန်လူမျိုးကို လက်တင်ဘာသာ ကဗျာဆရာကြီး လူကရီရှပ်က "လူပြက်များ"လို့ခေါ်တယ်'

'မှန်လှပါ'

'နားမလည်သေးဘူးလား၊ ငါ ရှင်းပြဦးမယ်။ မင်းဟာ ဘာမှ အသုံးမဝင်တဲ့ လင်အိုကြီးကိုတော့ သစ္စာကြီးတယ်၊ ငါလို တန်ခိုးကြီးတဲ့ မင်းနဲ့ချိန်းဆိုထားတာကိုတော့ အချိန်မှန် ရောက်အောင်မလာ သစ္စာဖောက်တယ်။ မင်း နိုင်ငံရေးကို ဝင်ပြီးစွက်တယ်၊ ကပွဲကို လာဖို့ရာ လူအများက ငိုပြီးတောင်းပန်ရတယ်။ ပန်းခိုင်တွေ ပေးတာတော့ မင်းယူတယ်၊ စိန့်ကျောက်ပေးတော့ မင်း ငြင်းတယ်။ အဖြူဝတ်ရမယ့် နေရာမှာ အမည်းဝတ်လာတယ်၊ အမည်းနဲ့ တော်တဲ့နေရာမှာ မင်း အဖြူဝတ်တယ်။ ဒါကြောင့် ငါ မင်းကိုလူပြက်လို့ ခေါ်တာ။ တခြားလူတွေက ဆိုရင် မင်းကို အရူးလို့ ခေါ်ကြမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါသည် အရှင်'

'မလျှောင်နဲ့လေ....မင်း ငါ ပိုလန်ပြည်အရေးကို ချက်ချင်း မဆုံးဖြတ်သေးဘူး ဆိုရင် ကျေးဇူးတင်ဦးမှာလား။ ငါ အဲဒီလို ဆိုင်းချင် ဆိုင်းထားနိုင်တယ် ဆိုတာ မင်း အသိပဲလေ။ ဟာ....မြို့စားကြီးကတော့ ဝါလူးစကားအံ့အားသင့်သွားပြီ၊ ကြောက်သွားပြီ....'

မာရီသည် ထိုစကားကို ကြားရသော် ယမ်းပုံမီးကျ ဖြစ်သွား၏။ သိုးမကလေးအသွင် ဆောင်နေသော မာရီသည် ခြသေ့်မကလေး ဖြစ်သွား၏။

'အံ့အားသင့်သွားတာပါ....မကြောက်ပါဘူး'

'မကြောက်ဘူး.... ကောင်းပါလေရဲ့ဗျာ၊ ခဏနေဦး'

နပိုလီယံသည် စားပွဲပေါ်တွင် ဖြန့်၍ထားသော စာရွက်များကို လှန်လှောရှာဖွေ၏။ မတွေ့သဖြင့် အံဆွဲထဲမှ စာများကို ထုတ်၍ရှာ၏။ အတန်ကြာ ရှာဖွေပြီးနောက် စာအိတ်တစ်အိတ်ကို ဆွဲယူကာ မာရီဘက်သို့ လှည့်၍–

'မင်း စစ်ဗိုလ်ချုပ်ကြီး လင်းနှင့် တယ်လီရမ်းတို့ကို ကြားဖူးသလား'

ဟု မေးလေ၏။

'သူတို့ဟာ သာမညလူတွေ မဟုတ်ဘူး၊ အမြော်အမြင်ကြီးတဲ့ လူတွေပဲ'

ဟု ဆက်လက်၍ ပြော၏။

'သူတို့နှစ်ဦးက ငါ မင်းတို့တိုင်းပြည် မဝင်ခင် သတိပေးတယ်။ ပိုလန် အရာရှိ ကြီးငယ်များကို ကြည့်ပြီး ပိုလန်ပြည်ကြီး အကြောင်းကို မဆုံးဖြတ်ပါနဲ့။ ဒီလူစုတွေဟာ ဘာမျှ အသုံးမကျကြဘူး၊ ညီညွတ်ခြင်း မရှိဘူး၊ တကွဲတပြားစီ ချည်းပဲ၊ ပိုလန်ပြည်ကို စည်းလုံးဖို့အရေးဟာ ဖြစ်နိုင်မယ် မဟုတ်ဘူး၊ ဖြစ်ရင်လည်း ကြာရှည်တည်မြဲမှာ မဟုတ်ဘူးလို့ ပြောတယ်။ တယ်လီရမ်းကတော့ ခပ်တိုတိုပဲ ပြောတယ်။ ပိုလန်ပြည်အတွက် ပြင်သစ်သွေးတစ်စက် အကျမခံသင့်ဘူး တဲ့။ အဲဒါ မင်း ဘယ်လို သဘောရသလဲ'





မာရီသည် သူ့မျှော်လင့်ချက်ကြီး သူ့ရှေ့တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေပျက်စီးသွားသည်ကို မြင်ရသဖြင့် စိတ်တွင် အတိုင်းမသိ ထိခိုက်သွားသော်လည်း တတ်အားသမျှ ချုပ်တည်း၍ ပြန်ပြော၏။

'အရှင်...အရှင်သည် ကျွန်တော်မတို့၏ တိုင်းပြည်အပေါ်တွင် ရက်စက်စွာ ထင်မြင်နေပါသည်'

'မထင်လို့ ဘယ်ဖြစ်မလဲ၊ ဟုတ်နေတာကို'

'အရှင် အခွင့်ပြုမယ် ဆိုရင် ကျွန်တော်မ၏ တိုင်းပြည်အတွက် အကျိုးသင့် အကြောင်းသင့် လျှောက်ထားပါရစေ'

'လျှောက်ထားပါ....လျှောက်ထားပါ....ဒါပေမဲ့ ခပ်တိုတိုပြော'

BURMESE CLASSIC .com

ဟု နပိုလီယံက မာရီကို ကျောပေး၍ ပြောလေ၏။

နပိုလီယံ အခွင့်ပြုသဖြင့် မာရီသည် သူ့အသက်တမျှ ချစ်ခင်သော ပိုလန်ပြည်ကြီးအတွက် စိတ်ရောကိုယ်ပါ ပြောလေ၏။

'ကျွန်တော်မသည် ပိုလန်ပြည်အကြောင်းကို ပြောရာမှာ ကျွန်တော်မတို့၏ မျိုးရိုးဇာတိ အကြောင်းကို စ၍ ပြောပါလျှင် အရှင်က မာနတရားရှိလှသည်ဟု ဆိုကောင်းဆိုလိမ့်မည်။ သို့သော် ကျွန်တော်မတို့၏ မျိုးရိုးဇာတိမှာ ပိုလန်ပြည်ရှိ ဆွေကြီးမျိုးကြီးတစ်စု ဖြစ်သဖြင့် ပိုလန်ပြည်အကြောင်းကို ကျွန်တော်မတို့၏ မျိုးရိုးဇာတိကို ကြည့်ခြင်းဖြင့် သိနိုင်ပါလိမ့်မည်။ ကျွန်တော်မ၏ ဖခင်သည် တိုင်းပြည်အတွက် ကြိုးပမ်းနေရင်း ခပ်ငယ်ငယ် အရွယ်ကပင် သေလွန်သွားရရှာသည်။ ကျွန်တော်မ၏ ဖခင် သေဆုံးပြီးနောက် မိခင်ဖြစ်သူမှာ မိန်းမတန်မဲ့နှင့် သူ၏ လင်ယောကျ်ားနေရာတွင် ဝင်၍ အမှုတော်ကို ထမ်းဆောင်ရပါသည်။ ကျွန်တော်မတို့ မိသားတစ်စုအားလုံးမှာ တိုင်းကျိုးပြည်ကျိုးကို ဆောင်ရွက်ရန် တာဝန်ကို ငယ်ကတည်းက ကောင်းစွာ သိနားလည်ကြပါသဖြင့် မည်သည့်အလုပ်မျိုးမဆို တိုင်းပြည်ကောင်းစားရေးကို ရှေ့ထား၍ ဆောင်ရွက်ခဲ့ကြပါသည်။ အရှင်ဘုရား၊ ကျွန်တော်မတို့၏ တိုင်းပြည်ကြီးသို့ ဝင်တော်မူလာစဉ်က အရှင့်ကို မလိုမုန်း

www.burmeseclassic.com



ထားသူ၊ တိုင်းပြည်၏အကျိုးကို ဖျက်ဆီးလိုသူများ ရှိကြောင်း သိရသဖြင့် မိန်းမတန်မဲ့နှင့် ကျွန်တော်မကိုယ်တိုင် အရှင့်အား အကြိုတော် ဆက်ခဲ့ပါသည်။ ပိုလန်ပြည်ကြီးအတွက် ဥယျာဇဉ်စကား လျှောက်ကြားခဲ့ပါသည်။ ကျွန်တော်မ၏ အတွင်းရေး အကြောင်းကို ဖွင့်ဟရမည် ဆိုပါလျှင် ကျွန်တော်မသည် ကျွန်တော်မ၏ အရွယ်နှင့် မလိုက်သော သက်ကျားအိုကြီးနှင့် တူစုံနွှယှဉ်ကာ နေရပါတော့သည်။ ထိုသို့ အိမ်ထောင်ပြုလိုက်ရခြင်းသည်လည်း မလွဲသာ မကင်းသာသော အတွင်းရေးကြောင့်ပင် ဖြစ်ပါသည်။ ဤမျှလောက် မနှစ်မြို့လျက်နှင့် အိမ်ထောင်ပြုခဲ့ရသော ကျွန်တော်မမှာ အရှင်၏အချစ်ကို ရမည်ဆိုက ဝမ်းပန်းတသာနှင့် ခံယူထိုက်လှပါသည်။

'သို့သော်ငြားလည်း ကျွန်တော်မသည် အရှင့်ကို အမြင်မခံဘဲ အိမ်တွင်းပုန်းခဲ့ပါသည်။ ယနေ့ညဦးပင်လျှင် ကျွန်တော်မသည် အိမ်မှထွက်၍ ရပ်ခြားသို့ပြေးရန် ကြိုးစားခဲ့ပါသေးသည်။ သို့သော် ကျွန်တော်မကို တားဆီးထားသည့်အချက် ရှိပါသဖြင့် ရပ်ခြားသို့ မရောက်၊ အရှင့်ထံပါးသို့ ရောက်ရပါတော့သည်။ ထိုအချက်ကား အရှင်သည် ကျွန်တော်မအား နှစ်သက်သဖြင့် တိုင်းရေးပြည်မှုကို ကျွန်တော်မသာလျှင် အရှင့်ရှေ့နားတော်ရောက် လျှောက်ထားနိုင်မည်ကို အများက ယုံကြည်နေကြခြင်းပင် ဖြစ်ပါသည်။ သို့ပါလျက်နှင့် အရှင်က ကျွန်တော်မအား အရူးဟု ခေါ်ဝေါ်သမုတ်လိုက်သည်။ ကျွန်တော်မသည် တိုင်းပြည်ကို ချစ်ရိုးမှန်ပါသည်၊ အရူးများသည် တိုင်းပြည်ကို ချစ်ကြပါသလော'

မာရီသည် တိုင်းပြည်အတွက် မိမိ၏ ရင်ထဲတွင် ရှိသမျှကို ဖွင့်ဟ၍ ဤသို့ ပြောနေစဉ် မျက်ရည်များ ဝဲ၍ ဝဲ၍ လာရာတွင်မက အချို့သော မျက်ရည်ပေါက်များသည် တားမနိုင် ဆီးမရ ဖြစ်ကာ မျက်လုံးအိမ်မှ ထွက်ခွာလာပြီးလျှင် သူ၏ ဖြူနုသော ပါးပြင်ကလေးတစ်လျှောက် စီးဆင်းလာကြကာ သူ့ဂါဝန်ပေါ်သို့ တစ်ပေါက်ပြီးတစ်ပေါက် ကျကြကုန်၏။ နပိုလီယံသည် မာရီ၏ အသနားခံသော၊ မျက်ရည်ရွှဲသော မျက်လုံးနှစ်ဖြာနှင့် နိမ့်တုံ





မြင့်တုံ နေသော ရင်အုံကလေးကို သနားကြင်နာခြင်း ပြည့်လျှံသော မျက်လုံးများဖြင့် ကြည့်လိုက်ကာ အခန်းတွင်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်၍ နေလေ၏။

သူသည် မာရီ့အနီးသို့ သွား၍ ထိုင်ပြန်၏။ ဤမျှလောက် တောက်တောက်ခါး စကားလုံးများ ထွက်လာသော မာရီ၏ နှုတ်ခမ်းကလေးများကို သူသည် ယမန်နေ့ညက တွေ့ထိဖူးခဲ့ပြီ။ ထိုစဉ်အခါက ထိုနှုတ်ခမ်းကလေးများသည် ချိုမြလှတော့သည်။ ဤသို့သော ခါးသီးလှသည့် စကားလုံးများ ထွက်နိုင်လိမ့်မည် မထင်မိခဲ့ချေ။ မာရီကို သူ အလွန်ချစ်၏။ လွန်ခဲ့သည့်ညက သူ့ကို နှုတ်ဆက်လိုက်သည်မှာ တစ်သက်တွင် မမေ့နိုင်တော့အောင် ဖြစ်နေလေသည်။ သူသည် မာရီအား နှစ်သိမ့်လိုသောစိတ် ယိုဖိတ်၍ လာ၏။ မာရီကို ရင်ခွင်တွင် ထား၍ နှစ်သိမ့်လိုလှသည်။ မာရီ့အကျိုးကို အသက်စွန့်၍ သယ်ပိုးလိုလှသည်။ မာရီ၏ ပြုံးစစ မျက်နှာကလေးအတွက် လောကကြီးမှာ မလုပ်ရဲစရာ အလုပ် ဘာမျှ မရှိဟု တွေးထင်မိ၏။ သူက ချစ်သော်လည်း မာရီက သူ့ကို မချစ်သေး။ မချစ်သေးလည်း အရေးမကြီးပါ။ သူ့ကို မြင်လျှင် မြင်ချင်း မုန်းတီးသူတို့သည် နောင် သူ့အကြောင်းကို သိလာသောအခါ အသက်ပေး၍ ချစ်ခင်ခဲ့ကြလေသည် မဟုတ်လော။

'အိုကွယ်....ဒါတွေ လျှောက်ပြောမနေနဲ့တော့၊ တို့နှစ်ယောက် ရန်မဖြစ်ကြရဘူး။ ယောဒီ ခေါင်းကလေးထဲမှာ ဘယ်လောက်အဖိုးတန်တဲ့ ဉာဏ်တွေ ရှိတယ် ဆိုတာ ငါ သိပြီးပါ။ ဒီအကြောင်းကို သေသေချာချာ စဉ်းစားရဦးမယ်၊ ဒါပေမဲ့ ဒီညတော့ မစဉ်းစားဘဲ နေကြပါစို့။ မာရီ....မင်း မောပါ့မယ်၊ လာပါ....'

ဟု နပိုလီယံသည် မာရီအား သူ့ရင်ခွင်တွင်းသို့ သွတ်သွင်းရင်း ပြောလေ၏။

'အမယ်လေးဟဲ့....ကောင်မလေးတစ်ယောက် အတော်မောသွားပြီ။ ဒီည မင်း အိမ်မပြန်နဲ့တော့၊ ပြန်ရင် လူမြင်ကုန်မယ်၊ ဒီမှာပဲ အိပ်ပေတော့။



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို မနှောင့်ယှက်ပါဘူးကွယ်၊ ငါ သိပါတယ်၊ မင်းမှာ လင်နဲ့…. ဆွေနဲ့ မျိုးနဲ့ ဆိုတာ'

'ဟာ….မဖြစ်ဘူး၊ ကျွန်တော်မ ပြန်ရမယ်'

နပိုလီယံသည် မာရီအား ပွေ့ဖက်ထားရာမှ မွေးလိုက်မည် ဟန်ပြင်သော်လည်း မာရီက ရုန်းကန်သဖြင့် လက်လွှတ်လိုက်ရပြန်၏။

'မင်း ငါ့ကို ဒီလောက် မုန်းသလားကွယ်'

'ဟင့် အင်း….ဒါပေမဲ့ ကျွန်တော်မ နေလို့ မကောင်းလို့ပါ၊ ဒီည တော့ ….'

'အို….မင်း မပြန်ရပါဘူး၊ မနေ့ညက ငါ မပြောဘူးလား၊ ငါ မင်းကို ချစ်တယ်၊ မင်းကို လိုချင်တယ်လို့။ မင်း ဒီည ဒီမှာပဲ အိပ်စေချင်တယ်…. ကြားလား'

'ဒါဖြင့် ကျွန်တော်မ ပြောတာ ဆုံးအောင် နားဆင်စေလိုတယ်'

'ကဲပါကွယ်….မင်း ပြောချင်တာ ပြောပါ၊ ငါ နားထောင်ပါ့မယ်'

နပိုလီယံသည် ပြောပြောဆိုဆိုနှင့် မာရီ့ထံပါးမှ ထွက်ခွာသွားလေ၏။

မာရီက စကားကို ဆက်လက်၍ ပြော၏။

'ဒါကြောင့် အရှင်ဘုရား ထင်မြင်ချက်ကို ပြောင်းလဲတော်မူစေချင်တယ်'

'အေးကွယ်….ဒီလိုဆိုတော့ သိပ်ဆိုးတာပဲ၊ အနိုင်ကျင့်တာပေါ့'

'မှန်လှပါ၊ အရှင်ဘုရား မနှစ်သက်သည်ကို ကျွန်တော်မ သိပါသည်'

'ဘာ….မနှစ်သက်တာလဲ'

'အရှင် အနိုင်ကျင့်ခြင်းကို မနှစ်သက်မှန်း သိပါသည်။ အရှင် အီတလီသို့ ဝင်စဉ်က "ငါသည် အနိုင်ကျင့်သမားများ၏ ရန်သူဖြစ်သည်" ဟု မိန့်ဖူးသည် မဟုတ်ပါလော'

'ဟုတ်တယ်လေ….ဟုတ်သားပဲ'





'ဤသို့ဆိုပါလျှင် အရှင်သည် သန်းနှစ်ဆယ်မျှသော လူအပေါင်းတို့၏ တိုင်းပြည်ကို တစ်ဦးမက၊ နှစ်ဦးမက၊ သုံးဦးမျှသော အနိုင်ကျင့်သမား လူမျိုးခြားတို့၏ ဖဝါးအောက်၌ နင်းပြားဖြစ်နေရသည်ကို ရှုဆိတ်ပါသလော'

မာရီသည် နပိုလီယံ၏ မျက်နှာတော် ညိုသွားသည်ကို မြင်သဖြင့် အမျက်ဖြေသည့် အနေနှင့် ဆက်လက်၍ ပြော၏။

'တိုင်းသူပြည်သားများကို သနားညှာတာ၍ စစ်မက်ရေးရာကို မင်းဖြစ်သူက ရှောင်နိုင်သလောက် ရှောင်သင့်ကြောင်းကိုလည်း ကျွန်တော်မ သိပါသည် ဘုရား'

ထိုသို့ ပြောလိုက်သည်မှာ မာရီ၏ အမှားပင် ဖြစ်၏။ နပိုလီယံသည် မာရီ စကားတတ်သည့်အတွက် အလိုတော်မကျ ဖြစ်သွားလေ၏။ ဤအရေးကိစ္စမှာ မိမိနှင့်သာ လုံးဝသက်ဆိုင်၍ မိန်းမ ဝင်ရှုပ်သည်ကို မနှစ်သက်ချေ။ နဂိုကပင် သူများ ပြောသည်ကို နားထောင်လေ့ မရှိ။ ကိုယ်ကသာ ပြောခဲ့သော နပိုလီယံသည် မာရီအား "မင်းအလှည့် ကုန်ပြီ၊ ငါပြောမယ်…." ဟူသော အနေဖြင့် လက်ကာလိုက်ပြီးလျှင် သူ စ၍ ပြော၏။

'မင်းလည်း ငါ့ကို အပျော်သက်သက် စစ်တိုက်နေတဲ့လူလို့ ပြောတဲ့ လူတွေထဲမှာ ပါသလား။ ငါ ငြိမ်းချမ်းရေးကို ဘယ်လောက် လိုလားတယ် ဆိုတာ မင်း မသိဘူးလား။ မင်းပြောတဲ့ အနိုင်ကျင့်သမားတွေဟာ သူတို့ရဲ့ အစာကို အေးအေးသက်သာနဲ့ ရှောင်ဖယ်သွားမယ် ထင်လို့လား။ သူတို့ မတိုက်ဘဲ သွားပါ့မလား'

နပိုလီယံသည် အနည်းငယ် ရပ်တန့်ပြီးလျှင် ဆက်၍ ပြော၏။

'ကဲ….မင်း ဘယ်မြေပုံပဲ ကြည့်ကြည့် တွေ့လိမ့်မယ်။ ငါ မင်းတို့ တိုင်းပြည်ကို ကာကွယ်ရမယ် ဆိုရင် ရိုင်းမြစ်ဖြစ်စေ၊ ဒနူမြစ်ဖြစ်စေ ဖြတ်ကူးဖို့ အသင့် ရှိရလိမ့်မယ်။ ငါ မင်းတို့ ပိုလန်ကို လွတ်လပ်ရေး ပေးလိုက်ရင် နောက်ကျတော့ နောင်တရနေရလိမ့်မယ်။ ပြီးတော့ မင်းတို့ ပိုလန်ပြည်ဟာ ဥရောပတိုက်မှာ ချိန်ခွင်လျှာညီအောင် ဖြစ်နိုင်မယ့် အားအင်ရှိတဲ့၊ ညီညွတ်စည်းလုံးတဲ့ ကြားတိုင်းပြည် ဖြစ်ရင်လည်း ကြိုးစားပေးရ အကောင်းသား'



www.burmeseclassic.com

www.burmeseclassic.com



သူသည် မာရီကို ကြည့်ပြီးလျှင်–

'ဟာ....ကြည့်စမ်း၊ ငါ မင်းကို တိုင်းရေးပြည်ရေးအကြောင်း ဆွေးနွေးနေလိုက်တာ မင်းကပဲ အလွန်တတ်တဲ့ တိုင်းရေးပြည်ရေး ပါရဂူကြီးလိုပဲ။ ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး၊ ဘယ်သူမှ မကြားဘဲ'

မာရီသည် ဤသို့ နှိမ်လိုက်သော်လည်း အရေးမထားဘဲ သူ့ လိုရင်းဖြစ်သော ပိုလန်ပြည် အကြောင်းကိုသာ ဆက်လက်၍ ပြောပြန်၏။

'ပိုလန်ရာဇဝင်မှာ ထွန်းပြောင်ပါသည်။ နောက်ဆုံး၌ လုံးပါး ပါးရသော ဘဝသို့ ရောက်နေကြားလည်း ပိုလန်သည် လွတ်လပ်ရေးအတွက် အသက်ကို စွန့်ကာ သူတကာ ချီးကျူးလောက်အောင် ခုခံကာကွယ်ခဲ့ပါတယ်'

ဟု မာရီသည် ဝင့်ဝင့်ကြွားကြွား ပြောလိုက်လေ၏။

နပိုလီယံသည် ထိုစကားကို ကြားသော် ပြုံးလိုက်၏။ သူ ပြုံးပုံကား အဓိပ္ပာယ်ကောက်ရ ခက်ခဲသော ပြုံးပုံ ဖြစ်ချေသည်။

'အင်း....ပိုလန်ပြည် ရာဇဝင် ပြောင်ပါပေတယ်၊ ငါ အတော် အထင်ကြီးမိပါတယ်။ ဂျာဂီလို နန်းဆက်တို့၊ ဆိုဘီစကီတို့ဟာ အတော် ရာဇဝင် ပြောင်ပါပေတယ်'

ဟု ပြောလေ၏။

'ဒါပေမဲ့ ပိုလန်ပြည် အစိုးရဟာ တက်တက်စင် မှားတာတွေ အများကြီးပဲ'

ဟု နပိုလီယံက ဆက်၍ ပြောသည်။

'ရှင်ဘုရင် ရွေးတဲ့ နေရာမှာလည်း တော်တဲ့ တတ်တဲ့ လူကို မရွေးဘူး။ စတင်းနီးလပ် ဆိုတဲ့ ရုရှား ဧကရီ ကက်သရင်းက ကြိုးဆွဲရာ ကတဲ့ အရုပ်လို လူမျိုးကို ရွေးတာကို မင်းက ပြောချင်ပြောလိမ့်မယ်။ ဒီ စတင်း နီးလပ်ကို အများသဘောတူ ရွေးကောက်တင်မြှောက်တာလို့ အများသဘောတူရမှာပေါ့၊ ရုရှား စစ်တပ်ကြီးက တစ်ခေါ်လောက်မှာ စခန်းချပြီး





အသင့် စောင့်နေတာကိုး။ ဒီတော့ အများက သဘောမတူဘဲ နေဝံ့ပါဦးမတဲ့လား။ မင်းတို့လူမျိုးတွေဟာ ညီညီညွတ်ညွတ်လည်း မရှိကြဘူး။ ခေါင်းဆောင် အချင်းချင်းကလည်း တစ်ယောက်ကိုတစ်ယောက် ခွပ်နေကြတယ်။ ပြီးတော့လည်း မင်းတို့ဆီမှာ လက်နက်ရယ်လို့ ပြောပလောက်အောင် မရှိဘူး။ လယ်သမားတွေရဲ့ ပုဆိန်၊ ရဲတင်း၊ ပဲခွပ်တို့သာ ရှိတာ....'

မာရီသည် နပိုလီယံ၏ စကားကို ကြားသော် စိတ်အပျက်ကြီး ပျက်သွားလေ၏။

'ဒါဖြင့် ကျွန်တော်မတို့ရဲ့ တိုင်းရင်းသားတို့ စစ်တိုက်ခဲ့ရတာ အလကား ဖြစ်တာပေါ့။ အရှင်ကိုယ်တိုင်က အားပေးခဲ့တဲ့ လူတွေဟာ အသုံးမကျ အရာမဝင်တဲ့ လူတွေ ဖြစ်ကုန်တော့တာပဲ'

'မို့စားကြီးကတော်....ပြောသမျှကို သတိထား ပြောစေချင်တယ်။ ကျွန်ုပ်ကို စည်းကမ်းချက်တွေ၊ ဘာတွေ လုပ်တာ မကြိုက်ဘူး။ ကျွန်ုပ် လျှာပေါ်သွား စကားတွေကို ရှုံ့မုန်းလာပြီ။ ကျွန်ုပ် သင်တို့တိုင်းပြည်ကို လာကတည်းက အားလုံးသော တိုင်းသူပြည်သားများဟာ ကျွန်ုပ်ထံသို့ အပြေးလာကြဖို့ သင့်တယ်။ ကျွန်ုပ် ပိုလန်ပြည်ကို လာချင်လို့ လာခြင်း ဖြစ်တယ်။ ကျွန်ုပ်၏ ရန်သူများကို အခြားနေရာက နေ၍ တိုက်နိုင်ပါတယ်။ ယခု ပိုလန်သို့ လာရတဲ့အတွက် အကျိုးမရှိ၊ အပြစ်သာ ထင်တော့တယ်။ အလွန် အနေရ အထိုင်ရ ဆိုးလှတဲ့ ရွံ့ဗွက်တွေထူ၊ ဆီးနှင်းတွေဝေနှင့် ဥတုရာသီ မမျှတဲ့ နေရာကြီးကို လာပြီး ရန်သူတွေ ပတ်လည်ဝိုင်းနေတာဟာ စင်စစ်တော့ ထောင်ချောက်မိတဲ့ မြေခွေးပမာ ဖြစ်နေတယ်။ ကျွန်ုပ်ကမှ စ မတိုက်ရင် လူစဉ်မီတော့မှာ မဟုတ်ဘူး'

နပိုလီယံသည် စကားကို ခပ်တည်တည် ပြော၍ သူ့ရင်ဘတ်ကို စိတ်လိုက်မာန်ပါ ပုတ်၍ပြ၏။ ထိုသို့ ပုတ်လိုက်သောအခါ မာရီ နှမ်းလိုက်လှသော နပိုလီယံ အမြဲဝတ်သည့် လက်ဝါးကပ်တိုင်ကလေးသည် သူ့အင်္ကျီ ကြယ်သီးနှင့် ဆတ်မိကာ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ခရစ်ယာန်ဘာသာ

www.burmeseclassic.com



ဝင်တို့သည် မိမိတို့၏ ဖြစ်ကြောင်းကို အကုန်အစင် ဖွင့်ဟ ပြောဆိုလိုက်ရသော အာပတ်ဖြေခြင်း အမှုကို ပြုလုပ်သောအခါ တီးရသည့် ခေါင်းလောင်း အငယ်စား မြည်သံကဲ့သို့သော အသံမျိုး ထွက်လာလေ၏။

နပိုလီယံသည် ပြောရင်း ပြောရင်း ဒေါသထွက်လာ၏။

'ကြည့်စမ်း၊ ငါ အခု ဒီတိုင်းပြည်ကို ရောက်လာတာလည်း မင်းတို့ရဲ့ ဧရာမ မျိုးချစ်ပုဂ္ဂိုလ် ခေါင်းဆောင်ကြီးများက ခယဝယ တောင်းပန်လို့ ရောက်လာရတာ။ သူတို့တစ်တွေက သူတို့ရဲ့ တိုင်းပြည်ကို လွတ်လပ်ရေး ယူပေးစေချင်တယ်၊ မင်းကလည်း မင်းရဲ့တိုင်းပြည် အစုတ်အနုပ်ကို လွတ်လပ်စေချင်တယ်။ ငါ မင်းကို ချစ်အောင် ဘယ်လောက် ကြိုးစားရသလဲ။ ငါ ဒီလောက် ကြိုးစားခဲ့ဖူးသည် မရှိ။ အဲဒါမှ မင်းရဲ့အချစ်ကို မရရင်လေ.... မရရင် သိရောပေါ့။ ငါ မင်းတို့ရဲ့ တိုင်းပြည်ကို ထုံးလိုချေ ရေလို နှောက်ပစ်မယ်၊ ဟင်း....'

မာရီသည် ဤသို့ နာနာကြည်းကြည်း အပြောခံရသည့်အတွက် စိတ်လည်း ဆိုး၊ ဒေါသလည်း ဖြစ်နှင့် စိတ်ထဲတွင်–

"ဘုရား...ဘုရား...သူ ငါ့ကို သတ်တော့မှာပဲ ထင်တယ်၊ သူ့စကားလုံးတွေဟာ ငါ့ရင်ဝကို ဓားနဲ့ ထိုးသလိုပဲ သိပ်နာကြည်းစရာ ကောင်းတယ်။ ပိုလန်ပြည်ကြီးဟာ ငါ့ကိုယ်ကာယကို မရောင်းစားရဘဲနဲ့ လွတ်လပ်ရေး မရတော့ဘူးလား။ အို ဘုရား.... ဘုရား....ငါ့အချစ် မရရင်...."

ရေရွတ်ရင်းပင် မာရီသည် မျက်လုံးများပြာ၍ ခေါင်းများ ဝေလာပြီးလျှင် ယိမ်းယိုင်လဲလေတော့၏။

ထိုနောက် သူသည် သတိ မရတစ်ချက် ရတစ်ချက်နှင့် ဖြစ်နေသည်။ သူ့ကို ပွေ့လိုက်သည်ကို သိလိုက်သလိုလို ဖြစ်၏။ သူ့ကို နဖူးခပ်ပြောင်ပြောင်၊ ဦးစွန်းခပ်ဖားဖားနှင့် လူတစ်ယောက်က ပွေ့ပြီးလျှင် သူ့မျက်နှာပေါ်သို့ ထိုသူ့မျက်နှာ ဝဲ၍ဝဲ၍ နေသည်ကိုသာ သိလိုက်၏။ သူသည် နပိုလီယံပင် ဖြစ်လိမ့်မည်ဟုသာ သိုးသိုးသဲ့သဲ့ ထင်လိုက်မိကာ ပါးစပ်မှ–





"ဟင်း...သူ ငါ့ကို မလိုချင်တော့ဘူးနော်...."

ဟု ရေရွတ်ရင်း မေ့မြောသွားလေ၏။

## အခန်း [ ၁၄ ]

မာရီသည် မြို့စားကြီးကတော် မာရီဝါလူးစကား မဟုတ်တော့ချေ။ နပိုလီယံသည် မာရီ၏ ရုပ်ရည်ရူပါရုံနှင့် တွေ့ထိမိလိုက်သောကြောင့် ယမ်းပုံမီးတောက်ဖြစ်ကာ ချုပ်တည်းခြင်း ကင်းခဲ့လေပြီ။ မာရီသည် နပိုလီယံ၏မာရီ ဖြစ်နေလေပြီ။ မာရီအဖို့ကား တပ်ဆုတ်၍ မရတော့။ မြို့စားကြီးအိမ်သို့ ပြန်ရန် မဖြစ်နိုင်တော့ချေ။ တိုင်းပြည်အတွက် အသက်ကို မစွန့်ရ၊ မိမိ၏ ကာယကံကို ယဇ်နတ် ပူဇော်လိုက်ရချေပြီ။

နပိုလီယံသည် မာရီအား ရွက်ထည်ခုတင်ကလေးပေါ်တွင် သိပ်ထားခဲ့ပြီးလျှင် မီးဖိုနားသို့ သွား၍ စဉ်းစားခန်း ထုတ်နေလေ၏။ သူ့ဦးနှောက်ထဲတွင် များမြောင်လှစွာသော တိုင်းရေးပြည်ရာ ပြဿနာများသည် တစ်ခုပြီး တစ်ခု ပေါ်၍ ပေါ်၍ လာသဖြင့် သူသည် မီးဖိုကို မျက်နှာပေးကာ တွေဝေနေလေ၏။

ယခု နပိုလီယံသည် ပိုလန်ပြည်ကြီးကို ကာကွယ်မှသာလျှင် တရားတော့မည်။ သူ မာရီအား မကြာမီက ပြောလိုက်သော စကားသည် ခြိမ်းခြောက်ခြင်း မဟုတ်။ ပိုလန်ပြည်ကို သူ့ထိုက်နှင့် သူ့ကံ ထားပစ်ခဲ့ရန် အတန်တန် စိတ်ကူးမိ၏။ သူ ပိုလန်ကို ကာကွယ်လျှင် ရန်သူများကား ဝိုင်း၍ တိုက်လိမ့်မည်။

ထိုအခိုက် စစ်ဗိုလ်ကြီးတစ်ယောက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် နပိုလီယံအား စစ်အခြေအနေကို လျှောက်တင် ဆွေးနွေး၏။ နပိုလီယံသည် ရာသီဥတု ကြမ်းပုံ၊ စစ်သားများ စစ်ဗိုလ်များ အများအပြား သေများနေကြပုံ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြောရင်း ရုရှားကို မကြာမီ စစ်တိုက်ရတော့မည်။ စစ်သား ခြောက်ထောင်လောက်ကလည်း ဆေးရုံတက်နေကြရသည် ဟု ညည်းညူလေ၏။

စစ်ဗိုလ်ကြီး ပြန်ထွက်သွား၏။ မာရီသည် စစ်ဗိုလ်ကြီး အလာကတည်းက သူတို့သိပ်ထားသော ရှက်ထည်ခုတင်ကလေးပေါ်တွင် အမောအပန်း ဖြေနေခဲ့၏။ စစ်ဗိုလ်ကြီးက သူ့ကိုမမြင်အောင် ကန့်လန့်ကာ ကာထား၏။ စစ်ဗိုလ်ကြီး ထွက်သွားပြီးနောက် မာရီက လှမ်း၍ နပိုလီယံအား ပြော၏။

'စစ်သားခြောက်ထောင် ဖျားနေရင် ပိုလန်စစ်သား ခြောက်ထောင်မက အစားသွင်းနိုင်ပါတယ်။ ဒီပိုလန်စစ်သားတွေဟာလည်း စစ်တိုက်ရာမှာ ကျင့်သားရပြီးသားတွေပါ။ အရှင်နှင့်အတူ အီဂျစ်ပြည်မှာ တိုက်ခဲ့ဖူးတဲ့ စစ်သားတွေ အများကြီးပဲ ပါပါတယ်'

နပိုလီယံသည် ကန့်လန့်ကာ ဖွင့်ကြည့်လိုက်၏။ မာရီသည် အဝတ်အစား လျော့ရဲရဲနှင့် ခြေပစ်လက်ပစ် နေသည်မှာ နပိုလီယံအဖို့ တစ်မျိုးဆွဲစရာ ဖြစ်နေ၏။

'မင်း....သိပ်ချောတာပဲ'

'အရှင်ဘုရား၊ ကျွန်တော်မ စကားကောင်း ပြောတာကို လက်မခံချင်ဘူးလား'

'ကဲ....ကဲ....ပြောပါဗျာ၊ ပြောပါ'

'အခု ပိုလန်ပြည်မှာ နှင်းတွေ ထူလာတော့မယ်။ နှင်းတွေ ကျလွန်းရင် စိုစိုစွတ်စွတ်နဲ့ အနေအထိုင် အတော်ကျပ်မယ်။ ပိုလန်ပြည် အစိုးရကတော့ အရှင့်အလိုကို အမြဲဖြည့်ဆည်းရန် အသင့်ပါပဲ။ ဒီတော့ ရုရှားကို တိုက်ဖို့ရာအတွက် အထူး ဝန်လေးရန် မလိုတော့ပါ။ အရှင် စစ်နိုင်လာလို့ ပိုလန်ပြည်ကြီးကို လွတ်လပ်ရေးပေးရင် ဘယ်သူက ဝင်ပြီး တားနိုင်ဦးမှာလဲ။ ပိုလန် ပြည်သူပြည်သားတွေဟာ အရှင့်ရဲ့ အမှုတော်ကို စိတ်ရောကိုယ်ပါ ထမ်းကြမှာပေါ့'





'မာရီ၊ ငါ စစ်မတိုက်တော့ဘူးလို့ မပြောသေးပါလားကွယ်'

'ဒါနဲ့....ခုနက အရှင် ကျွန်တော်မတို့ကို လွတ်လပ်ရေး မပေးတော့ဘူး ဆို....'

'ဟာ....ဒါကတော့'

'အို....ကျွန်တော်မ အချစ်ကို အလိုရှိသေးရင်တော့ တိုင်းပြည်ကို လွတ်လပ်ရေး ပေးရလိမ့်မယ်'

နပိုလီယံသည် ပြတင်းပေါက်ဆီသို့ သွားပြီးလျှင် ပြတင်းပေါက်ကို ဖွင့်လိုက်လေ၏။ မိုးမလင်းသေးချေ။ မြောက်လေကလေးသည် အခန်းတွင်းသို့ တစ်ရှိန်တည်း တိုးဝင်လာလေ၏။

'မင်းကလည်း သိပ်ဈေးဆစ်တာကိုး၊ အချစ်စစ် ရှိရင် ဈေးမဆစ်ရဘူး'

'ဒီလာပါဦး....'

ဟု မာရီက အမိန့်ပေးလိုက်၏။ နပိုလီယံသည် မာရီ့စကားကို နားထောင်ရရှာသည်။ မာရီသည် နပိုလီယံကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ယခုအခါ သူသည် သခင်မ၊ နပိုလီယံသည် သူ့ကျွန် ဖြစ်နေချေပြီ။

'ဒီမှာ....ရှင် အစက....ကျွန်မကို ဘာလို့ ချစ်တယ် ပြောရတာလဲ၊ လောင်းတမ်းစားတမ်း လုပ်ထားလို့လား'

'အို....မရှုးစမ်းပါနဲ့ကွာ'

ဟု နပိုလီယံက ပြော၏။

'အချစ်ဆိုပေမယ့် တစ်ခါတလေ ဈေးဆစ်ရသေးတယ်ရှင့်'

'ဟာ....မင်း ဒါမျိုးတွေ မသိသေးဘူး'

'ဘယ်သိမလဲ၊ ရှင်ကမှ မသင်ပေးဘဲကို'

'မာရီ....ငါ ဘယ်လောက်ချစ်လို့ မင်းကို ဘယ်လောက် အလိုလိုက်တယ် ဆိုတာ သိရအောင် မင်း စောင့်မှ မကြည့်ဘဲ'

'ကျွန်မ အခု လွတ်လပ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းကို ချစ်တယ် ခင်တယ် ဆိုတာ မင်း အသိပါ၊ ဒီလောက် စိတ်ထားမြင့်မြတ်တယ် ဆိုတာ ငါ မသိခဲ့လို့ ဒီလို ပြောမိဆိုမိတာပဲ။ တကယ်လို့များ ငါ အစက မင်းစိတ်ထားကလေးကို သိမယ် ဆိုရင် ပြောပါ့ မလားကွယ်။ ကဲ....ကဲ....မင်း အအိပ်ပျက်နေပြီ၊ အခန်းတစ်ခန်း ပြင်ထားဖို့ ပြောပြီးပါပြီ။ အဲဒီအခန်းထဲမှာ မင်း တစ်နေ့လုံးနေ၊ မင်း ခိုင်းဖို့ အစေခံမ ကြီးတစ်ယောက် ပေးထားမယ်၊ မင်း မသွားခင် ငါ ပြောလိုက်မယ်။ ရှုရှား တွေကို ကောင်းကောင်းကြီး ဆုံးမလိုက်မယ်။ အဲဒီလို လုပ်လိုက်ရင် မင်းတို့ တိုင်းပြည် လွတ်လပ်ရေးနဲ့ နီးမှာ အမှန်ပဲ မဟုတ်လား။ ကဲ ကျေနပ်ပေတော့၊ ကျေနပ်ပြီ မဟုတ်လား'

မာရီသည် အိပ်ရာက နိုးလာသောအခါ အနီးရှိ စားပွဲကလေးသို့ သွားပြီးလျှင် သူ့မိခင်ထံသို့ စာတစ်စောင် ရေးလေ၏။ ထိုစာ၏ အကြောင်း အရာကား သူသည် ပိုလန်ပြည်ကြီး သက်သာရာ ရစေကြောင်းကို ရည်မှန်းပြီး လျှင် သူ့ဘဝကို ရောင်းစားလိုက်ကြောင်း၊ သူ့ယောကျ်ားဟောင်း ဖြစ်သော မြို့စားကြီးအား လက်ထပ်လက်စွပ်ကို ပြန်ပေးရန် ယခု စာနှင့်အတူ ပို့လိုက် ကြောင်း၊ ပိုလန်ပြည်ကြီး၏ ကောင်းစားရေး တစ်ရပ်သာလျှင် သူ့စိတ်တွင် အဓိက ရှိကြောင်း တို့ပင် ဖြစ်၏။

နံနက်စာ စားချိန်၌ အစေခံမသည် နပိုလီယံထံမှ စာတစ်စောင် ယူလာ၏။

မာရီ....ချစ်နှမ၊ မောင်တော် ဒီတိုင်းပြည်မှာ ကြာရှည်နေဖို့ မမြင်ဘူး။ ကိစ္စတွေ ရှုပ်ထွေးလာလို့ အလုပ်တွေ များလာပြီ။ အလုပ် တွေ များလာလေလေ....မောင်တော် ချစ်နှမကို သတိရလေလေပဲ။ ဒီနေ့ည ခြောက်နာရီ နှမတော်နှင့် အတူ ညစာစားလိုပါသည်။ နှမတော့်အခန်း အနီးရှိ အခန်းကလေးတွင် စားကြရန် စီမံထား သည်။ ညကျတော့....မောင်တော် လာခဲ့မယ်။'





ထိုစာကို ဖတ်နေစဉ်ပင် ပွန်နီယားတိုးစကီး ထံမှ မာရီနှင့် တွေ့ဆုံ ဆွေးနွေးလိုကြောင်း စာတစ်စောင် ရပြန်၏။

နောက်ထပ် ရောက်လာသော စာတစ်စောင်ကား နပိုလီယံ၏ လက် စွဲတော် ဒူးရော့ ထံမှ ဖြစ်သည်။ ထိုစာ အရမှာ နပိုလီယံသည် ခရီးဝေး ထွက်ရန် ဖြစ်နေပါသဖြင့် မာရီအား ဒူးရော့ အစောင့်အရှောက်နှင့် ထားခဲ့ ကြောင်း၊ မာရီ အလိုရှိသမျှကို ဒူးရော့က ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း တို့ပင် တည်း။

ထိုနေ့ တစ်နေ့လုံး၌ မာရီသည် အရပ်ရပ်မှ စာအစောင်စောင်ကို ရရှိလေသည်။ အယ်ဘီတာထံမှ ပိုလန်ပြည်ကြီးအတွက် စွန့်စားလိုက်သဖြင့် ဝမ်းသာ ကျေးဇူးတင်ကြောင်း စာတစ်စောင် ရသည်။ မာရီ၏ မိခင်သည် မာရီ ပေးလိုက်သော စာကို ပြန်ကြားလိုက်သည်။ သူ၏ ယောက်မထံမှလည်း စာတစ်စောင် ရ၏။ သူ့ယောကျ်ားဟောင်း မြို့စားကြီးက သူ့ထံ ရေးထားခဲ့ သော စာကို အိမ်သားများအား ပြကြောင်း၊ မာရီ စွန့်စားသည့်အတွက် ဝမ်းမြောက် ချီးကျူးကြောင်း၊ မာရီ၏ ယောကျ်ားကြီးမှာ စိတ်သောကပွေ၍ အခန်းထဲသို့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြောင်းနှင့် မာရီကို ဘယ် သောအခါမှ တွေ့ရမည်နည်း ဟူသော အကြောင်းများ ပါရှိလေသည်။

'ကျွန်မတော့ အရှုံးပေးလိုက်ပြီ ရှင့်....'

ဟု မာရီသည် ပွန်နီယားတိုးစကီး လာ၍ တွေ့သောအခါ ပြောလိုက် ၏။

'မဟုတ်ပါဘူး မြို့စားကြီးကတော်ရယ်၊ အမှန်တော့ မြို့စားကြီး ကတော်က နိုင်လိုက်တာပါ'

ဟု ပွန်နီယားတိုးစကီးက ပြုံးရယ်၍ ပြောရင်း မာရီအား အသေအချာ ကြည့်လိုက်သောအခါ မာရီ၏ မျက်နှာမှာ နီ၍ မျက်နှာများ မို့နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွား၏။

'ဘာ....ဘာဖြစ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ မေး၏။

'ဘာလဲ မင်းသားရဲ့....'

'မြို့စားကြီးကတော် ကြည့်ရတာ နေမှ ကောင်းရဲ့လားလို့....'

'နေ့လယ်က ကျွန်မ စာတွေ ရတယ်'

'ဪ....ဒါကြောင့်လား၊ မြို့စားကြီးဆီက စာမို့ စိတ်ထိခိုက်သွား
လား'

'ဟင့်အင်း....မဟုတ်ပါဘူး၊ မိတ်ဆွေတွေဆီက။ ဪ....မင်းသား
ကြီးက ကျွန်မ ဧကရာဇ်မင်းမြတ်နဲ့ တွေ့ရတာ စိတ်အနှောင့်အယှက် ဖြစ်
တယ် ထင်လို့လား'

'အို....ဒီလို မထင်ပါဘူးဗျာ'

'စိတ်မချစရာ၊ စိတ်မကောင်းစရာ ဖြစ်ရတယ် ထင်သလားလို့....'

'မြို့စားကြီးကတော်....'

'ရှင်တို့ ပုလိပ်တွေ အစောင့်မခိုင်းဘူးလား'

'အို....ကျုပ်တို့ ဒီလို ချောင်းမြောင်းကြည့်ခိုင်းဖို့ စိတ်တောင် မကူးမိ
ပါဘူး'

'အို....မကွယ်နေပါနဲ့ မင်းသားကြီးရယ်၊ ဒီအကြောင်းတွေကို
မင်းသားကြီးတို့ သိပြီးမှန်း ကျွန်မ သိပါတယ်'

မာရီသည် စားပွဲတွင် ထိုင်၍ စက္ကူနှင့် မင်တံကို ယူကာ–

'ကဲ....ကဲ....ကျွန်မ မေးတာတွေ တိတိကျကျ ဖြေစမ်းပါ။ ဧကရာဇ်
မင်းက ရှင့်ကို ဆော်စတစ်မှာ ရုရှားတွေက တိုက်တဲ့အကြောင်း မပြောဘူး
လား'

'ပြောပါတယ်'

'အခု သူ မကြာမီ ဝါဆောမြို့မှ ထွက်ခွာတော်မူမယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ရုရှားတွေကို နှိမ်နင်းဖို့ပေါ့ ဟုတ်လား'





'ဟုတ်ပါတယ်'

'သူ့စစ်သား ပိုလန်မှာ ဘယ်လောက်ရှိသလဲ'

'တစ်သိန်းလောက် ရှိတယ်'

ပွန်နီယားတိုးစကီးသည် မာရီက သူ့ကို ကျောင်းဆရာက ကျောင်း
သားကလေးအား မေးခွန်း မေးနေသည့် အသွင် တစ်ခုပြီး တစ်ခု မေးနေ
သဖြင့် အနေရ ကျပ်လာကာ–

'မြို့စားကြီးကတော်....ကျုပ် ဒီအကြောင်းတွေကို ပြောဖို့ သင့် မသင့်
စဉ်းစားလို့ မရဘူး'

'အို....မင်းသားကြီး၊ ဒီအကြောင်းတွေကို ပြောဖြစ်အောင် ပြောရမှာ
ပေါ့။ ကျွန်မ ဒီရောက်နေတာ ဘာကြောင့်လဲ သိလျက်သားနဲ့ မင်းသားကြီး
က ပြက်ရယ်ပြုနေပါကလား။ ကျွန်မကို တိုင်းရေးပြည်မှု ဆက်ဆံရေး
အတတ် တတ်ကျွမ်း လိမ္မာရအောင် သံတမန်အဖြစ် ခန့်ထားတယ် ဆိုတာ
မင်းသားကြီး မေ့ပြီလား။ ကျွန်မ မေးတာတွေ ဖြေမယ် မဟုတ်လား'

ပွန်နီယားတိုးစကီးသည် မာရီ၏ အထက်သံနှင့် ပြောပုံကို မကြိုက်
ကြားလည်း မာရီက လမ်းမှန်နေသည့်အပြင် ခံ့ညားစွာ မေးနေသည့်အတွက်
အလျှော့ပေးလိုက်ရလေတော့၏။

'ကျုပ် သိသမျှတော့ ပြောဖို့ရန် အသင့်ပါပဲ'

'ပြင်သစ်စစ်သား အတော်များများ ဝါဆောမြို့ပေါ်မှာ ဖြစ်ဖြစ်၊
အနီးအနားမှာ ဖြစ်ဖြစ် ရှိမယ် မဟုတ်လား'

'တစ်သောင်းရှစ်ထောင်လောက် ကျန်ရစ်ခဲ့မယ်၊ ဧကရာဇ်မင်းမြတ်
က ရုရှားစစ်တပ်ကို တိုက်ခိုက်ဖို့အတွက် ခုနစ်သောင်းလောက် ခေါ်သွားမယ်
ကြံစည်တော်မူတယ်'

'ရုရှားစစ်တပ်နဲ့ စာရင် အတော် နည်းနေမှာပေါ့'

'ဟာ....ဟုတ်တယ်'

'အဲဒါ ရှင် ဘယ်လိုစီမံမယ် ကြံသလဲ၊ ကျွန်မတို့မှာတော့ စစ်သား
ပေါင်း သုံးသောင်းကျော် ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သုံးသောင်း ဆိုတာ နာမည်သာ ရှိတာ'

'ဒါဖြင့် ပိုလန် စစ်တပ်တစ်တပ် ပြင်သစ်စစ်တပ်ကြီးထဲ ထည့်လိုက်လို့ မဖြစ်ဘူးပေါ့'

'မဖြစ်ဘူး၊ ပြီးတော့လည်း ဧကရာဇ်မင်းက ကျုပ်တို့ရဲ့အကြောင်း သိပြီးဖြစ်လို့ ကျုပ်တို့ဆီကို စစ်သားတောင်းမှာ မဟုတ်ဘူး'

'ဒါပေမဲ့ ကျွန်မတို့က တစ်ခုခုတော့ ဆောင်ရွက်ဦးမှပေါ့'

'ကျုပ်တို့က လမ်းပြတို့၊ စစ်သားတင် ရထားတို့၊ အစားအစာတို့နဲ့ ကူညီရမှာပေါ့'

'ဒါနဲ့ မပြီးဘူး၊ ကျွန်မတို့က စစ်သားလည်း ပေးမှဖြစ်မယ်။ အနည်းဆုံး ဝါဆောမြို့ကို စောင့်ရှောက်ကာကွယ်တဲ့ စစ်တပ်တစ်တပ်တော့ ရှိစေရလိမ့်မယ်။ ဒါမှမဟုတ်ရင် ဧကရာဇ်မင်းမြတ်က အလွန် အထင်သေးတာကလား။ ပိုလန်ပြည် လွတ်လပ်ရေးအကြောင်း ပြောသံကြားရင် သူ့ရဲ့ ပြုံးမဲ့မဲ့နဲ့ သရော်တဲ့ မျက်နှာထားဟာ အခံရ အခက်ဆုံးပဲ'

'စိတ်မပျက်ပါနဲ့လေ၊ သူ့ အလျောက် အလျောက်တော့ ဖြစ်သွားလိမ့်မပေါ့'

'စိတ်ပျက်တာ မဟုတ်ပါဘူး၊ ဧကရာဇ်မင်း သရော်တာကို မခံနိုင်ဘူး။ ပိုလန်ပြည်ကို မကြာခင် လွတ်လပ်အောင် လုပ်ရမယ်။ ကျွန်မဖြင့် လွန်ခဲ့တဲ့ ၂ ရက်အတွင်းက ဒါကိုပဲ မအိပ်မနေ စဉ်းစားနေတာပဲ။ တစ်ခါက ရုရှားဘုရင်က ဒီအကြောင်းနဲ့ ပတ်သက်ပြီး စဉ်းစားမယ် ပြောကြားဖူးတယ် မဟုတ်လား။ အဲဒါ နပိုလီယံက ချက်ချင်း ဆောင်ရွက်ပေးရင် ကျွန်မတော့ ရုရှားဘုရင်ဆီ သွားပြီး ပိုလန်ပြည် လွတ်လပ်ရေးရဖို့ သွားတောင်းဆိုရတော့မှာပဲ။ ကြားလား ....၊ ပိုလန်ပြည်ကို လွတ်လပ်အောင် ကြံရမယ် မင်းသားကြီးရဲ့'

ပွန်နီယားတိုးစကီးသည် မာရီ၏ စိတ်အားထက်သန်ပုံကို တွေးမိ၏။ သူသည် မဖြစ်မနေစိတ်မျိုး ရှိ၍ ဘာပဲဖြစ်ဖြစ် စွန့်လိုက်မယ်၊ နှစ်လိုက်မယ်





ဆိုသော စိတ်မျိုး အမြဲထားလျက် ရှိသည်။ နပိုလီယံနှင့် မဟန်လျှင် ရုရှားသို့ သွား၍ ရုရှားဘုရင့်ထံ လွတ်လပ်ရေးတောင်းမည် ဆို၏။ သူသည် နပိုလီယံ စစ်ထွက်ခါနီး၌ အလွန် စိတ်သဘော ကြည်လင်နေဟန် ရ၏။ ပွန်နီယားတိုးစကီးသည် မာရီ ရုရှားဘုရင်ထံ သွားမည် ဆိုသော အကြံမှာ စင်စစ် မိုက်ရာရူးရာ ကျသော်လည်း မာရီ၏ ကြည်လင်သော စိတ်ဓာတ်ကို မဖျက်ဆီးလို။ ထို့ကြောင့် မာရီ၏ စကားကို မပယ်ရှားချေ။

'မြို့စားကြီးကတော်နှင့် ကျုပ် သဘောချင်း တိုက်ဆိုင်ပါတယ်။ ပိုလန်ကို ဘယ်လိုနည်းနဲ့ မဆို လွတ်လပ်အောင် လုပ်ရမယ်။ နပိုလီယံကလည်း ဒီလိုပဲ ပိုင်းဖြတ်ထားတယ် ထင်ပါရဲ့။ ခင်ဗျားရဲ့ ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်ပါ၊ ကျုပ်ရဲ့ ဝတ္တရားကိုလည်း ဆောင်ရွက်ပါ့မယ်။ ဧကရာဇ်မင်း စစ်ထွက်တော်မမူမီ ပိုလန်ပြည် စစ်တပ်ဟူသရွေ့ကို အလိုရှိသလို အသုံးပြုတော်မူရန် အပ်နှင်းလိုက်ပါ့မယ်။ ဒီလို အပ်နှင်းကြောင်းကိုတော့ မြို့စားကြီးကတော်ကပဲ လျှောက်ကြားလိုက်တာပေါ့'

## အခန်း [ ၁၅ ]

နပိုလီယံသည် ရုရှားတို့အား နှိမ်နင်း၍ မိမိ လိုသော အချက်များ ရမှသာ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးမည် ကြံစည်သည့်အတိုင်း သူ့ စစ်တပ်အင်အားကို သိလိုသဖြင့် စစ်ဆေးနေ၏။

တစ်နေ့သော နံနက် နှင်းများ တဝေဝေ ကျနေဆဲ နပိုလီယံသည် စစ်တပ်ကို ရှုတော်မူ၏။ ထိုနောက် စစ်တပ်များကို တစ်တပ်ပြီးတစ်တပ် ရုရှားပြည်ဘက်သို့ ဆောင်းကာလ၏ဒဏ်ကို ခံနိုင်အောင် စောင်များ လုံလောက်စွာ ပေး၍ စေလွှတ်လိုက်လေ၏။ နပိုလီယံသည် ရေချိုးရင်း သူ့ စစ်ဗိုလ်ကြီးများထံသို့ ပေးပို့ရန် အမိန့်စာများကို နှုတ်ဖြင့်မြွက်ကြားကာ ရေးကူးစေ၏။ ထိုသို့ ရေချိုးရင်း အလုပ်လုပ်ပြီးလျှင် မာရီအဆောင်သို့



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီ ထိုးလျှင်ထိုးချင်း ဝင်လေ၏။ နပိုလီယံသည် စိတ်ကြည်လင်ရွှင်မြူးနေပုံ ရ၏။

ထိုနေ့ ညနေအဖို့ မာရီ ဝတ်ဆင်ထားသော ဝတ်စားတန်ဆာတို့သည်လည်း ဂုဏ်နှင့် လိုက်လျောလှတော့သည်။ ပွန်နီယားတိုးစကီး ပြန်သွားပြီးနောက် မာရီသည် ဂါဝန်ခြောက်ထည် မှာယူကာ သူနှင့် အတော်ဆုံး အဆင်ကို ရွေး၍ ဝတ်ဆင်ထားလေသည်။ မာရီ့မျက်နှာသည်လည်း ပပဝင်း နေလေသည်။ အခန်းသည်လည်း ရှေးနှင့်မတူ၊ သွင်မှုဆန်း ယဉ်၍ နေလေ၏။ ပန်းအိုး၌ ပန်းများ ဝေဝေဆာနေ၏။ ညစာစားပွဲကိုလည်း ကျနခမ်းနားစွာ ပြင်ထားလေသည်။

မာရီသည် မြို့စားကြီးကတော် ဝါလူးစကား အဖြစ်နှင့် နေစဉ်ကကဲ့သို့ အရှိအသေပေးခြင်း မပြုတော့ချေ။ ချစ်ဇနီးသည် ချစ်လင် အလာကိုဆီးကြို၍ နှုတ်ဆက်သကဲ့သို့ နပိုလီယံ အလာကို စောင့်ကြိုရင်း သူ၏သေးသွယ်ဖြူနုသော လက်ကလေးကို လှမ်းလင့်၏။ နပိုလီယံသည် မာရီ၏ဖော်ရွေခြင်းကို နှစ်လိုသော အမူအရာဖြင့် လှမ်းလင့်သော လက်ကို ဆွဲကိုင်ကာ သူ့နှုတ်ခမ်းနှင့် ထိ၍ အတန်ကြာ နေလေသည်။ ထိုနောက် အခန်းကိုကျနသာယာအောင် စီမံထားသည့်အတွက် အထူးပင် ကြည်နူးလေရကား–

'မာရီ….မင်း ဒီလိုကျက်သရေရှိတဲ့ အခန်းမှာ စံပျော်တော့ ရွှေစစ်နဲ့ကွင်းထားတဲ့ ပတ္တမြားကလေးလို ပါပဲလားကွယ်'

ဟု ချီးမွမ်းလိုက်လေ၏။

မာရီသည် နပိုလီယံ ပေးထားသော သွယ်ပျောင်းကလေးကို လည်မှာဆွဲထားရာ ထိုသွယ်ပျောင်းကလေးကို လက်ကလေးဖြင့် ကိုင်ကစားရင်း–

'အရှင်က ကျောက်မျက်ရတနာ ဆိုတာ ပွဲလမ်းမှာ ဝတ်ဆင်ရန်သင့်လျော်တယ်လို့ မိန့်မှာဖူးတယ် မဟုတ်လား ဘုရား'

ဟု ပြုံးစစနှင့် ပြောလေ၏။

'အင်း….မင်းကလေး အတော် မှတ်သားဉာဏ် ကောင်းပါကလား'





'အို….မောင်တော်ဘုရား ပြောကြားတာတွေတော့ နှမလေးထိပ်မှာသံမှိုနှက်သလို စွဲမြဲနေတာပဲ'

ဟု မာရီသည် အပြုံးအယဉ် မပျက်ဘဲ ပြောလိုက်လေ၏။

'အဲ….ဒါပေမဲ့ တချို့ဟာတွေတော့ မေ့ပစ်လိုက်တာ ကောင်းပါတယ်ကွယ်'

'အို….မမေ့နိုင်ပါ ဘုရား၊ အရှင် စားတော်ခေါ်လိုပါပြီလား၊ စားတော်ပွဲ ပြင်ရန် အမိန့်ပေးလိုက်ရမှာလား'

'အို….ဒါကတော့ နှမတော် သဘောပေါ့'

သူတို့နှစ်ဦးသည် မျက်နှာချင်းဆိုင် ထိုင်ကာ ညစာစားနေကြ၏။ ညစာမှာ နပိုလီယံ အကြိုက်ဖြစ်၏။ အဆီအဆိမ့် မပါလှဘဲ စား၍ကောင်းသော အစာများသာ ဖြစ်သည်။ အရက်မှာလည်း ဝိုင်အရက်နီသာ ပါသည်။ သူတို့သည် ညစာစားရင်း စကားစမြည် ပြောနေ၏။ ပြောသော အကြောင်းရပ်များမှာ အရေးရောက် အရာဝင်သည်တို့ မဟုတ်ချေ။ ထွေရာလေးပါးမျှသာ ဖြစ်သည်။

စားသောက်ပြီးမှ နပိုလီယံက–

'ဘယ့်နှယ်လဲ နှမတော်၊ စားသောက်လို့တော့ ပြီးပြီ။ နှမတော်ကပိုလန်ပြည် ကိုယ်စားလှယ် သံအမတ်ကြီးလို ပြောစရာများ ရှိသေးသလား'

'အထူးတော့ မရှိပါ ဘုရား'

'အို….နေစမ်းပါဦး၊ မင်းကို သေသေချာချာကလေး ကြည့်စမ်းပါရစေဦး။ ဂါဝန်ကလေးက တယ်လှပါကလား ဟော့၊ ခြေအိတ်ကလေးတွေကလည်း နုလိုက်တာ၊ သွယ်ပျောင်းကလေးကလည်း ယဉ်ပါပေရဲ့။ မာရီရေ….မင်း တယ် အဆင်အပြင် တတ်ပါလားကွယ့်။ မင်းဆံပင်က ဟာကလေးကအတော် ပန့်သင့်တယ်၊ ဘာကလေးပါလိမ့်'

'ရွှေဆံထိုးကလေးပါ၊ နှမတော် ဝယ်ထားတာ ကြာလှပါပြီ'

'မှန်း….ကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံသည် မာရီခေါင်းမှ ဆံထိုးကလေးကို နုတ်ယူရန် ကြိုးစားသော်လည်း နုတ်၍မရ။

'ကဲ....ကဲ....မင်းအလှကို ဖျက်သလို ဖြစ်နေတော့မယ်၊ မဖြုတ်တော့ပါဘူး'

ဟု ပြောရင်း နပိုလီယံသည် မာရီ၏ နဖူးကလေးကို နှုတ်ခမ်းနှင့် ပွတ်လိုက်၏။

နပိုလီယံသည် အခန်းတွင်းရှိ ပစ္စည်းများကို ကိုင်လိုက် တွယ်လိုက်နှင့် ဖင့်နွှဲနေ၏။ သူ မပြန်လိုသေး၊ သူ မပြန်လိုကြောင်း မာရီ သိအောင် ဘယ်နှယ် လုပ်ရပါ့မလဲ ဟု စဉ်းစားနေ၏။ မာရီ့အခန်းတွင်း၌ နေရခြင်းသည် သူ့အဖို့ အလွန်သာယာ၏။ မာရီ စိတ်ဝင်စားအောင် ပိုလန်ပြည်အကြောင်း ပြောရဦးမည်လော။ သူ ပိုလန်ပြည်ကို မုန်းကြောင်း ပြောခဲ့ပြီ။ ပိုလန်ပြည်ကို ချစ်ကြောင်း၊ နှစ်သက်ကြောင်း ပြောရန် အချက်များစွာ ရှိသေးသည်။ ထိုအချက်များကို မာရီ ကြားချင်ပေလိမ့်မည်။

နပိုလီယံသည် ပက်လက်ကုလားထိုင် ကလေးပေါ်တွင် ပစ်လှဲလိုက်ပြီးလျှင် မာရီ၏ လက်ကလေးများကို လှမ်းဆွဲလိုက်ကာ အဓိပ္ပာယ် အလွန်များသော အကြည့်မျိုးနှင့် ကြည့်လိုက်လေ၏။ ထိုအကြည့်၏ အဓိပ္ပာယ်မှာ–

"မာရီ....အခုလို ငါ့ကို မင်းက ကြည်ဖြူတာ ဒါ သိပ်ကျေးဇူးတင်တာပဲ။ ဝမ်းသာလိုက်တာလည်း လွန်ရော။ အခုအခါမှာ မင်းပြောချင်တာ ပြောလေ။ မင်းတို့ တိုင်းပြည်ကြီးရဲ့ ကြီးကျယ် ခမ်းနားတာတွေ၊ ရာဇဝင် ပြောင်ခဲ့တဲ့ အာဇာနည်တွေ၊ မင်းလို လှမျိုးကြွယ်တဲ့ မိန်းမတွေ အကြောင်းတွေ စိကာပတ်ကုံး ပြောပါလားကွယ်။ ငါ နားအရသာ ခံပြီး တစိမ့်စိမ့် ပီတိဖြစ်နေ မှာပေါ့ကွယ့်။ မင်းတို့ တိုင်းပြည်ကြီး အခု ထီးကျိုးစည်ပေါက် သပေါက်ဘဝ လှလှကြီး ရောက်နေရမှ ရှေးကလို ကြွင်းဆောင်ဆောင် ရာဇဝင်ပြောင်ပြောင် ဖြစ်အောင် ကယ်တင်ပေးတော်မူပါလို့ ငါ့ကို အသနားခံပါလား ကွယ်...."





ဟူသကဲ့သို့ ဖြစ်၏။

ဤအကြည့်သည်ကား ဆန်းလှသည်။ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သည်။ ပိုလန်ပြည်အကြောင်း အခွင့်သာသည့် သဘောမျိုး မရောက်ဘဲ ယောကျ်ားသည် မိန်းမအား အလိုရမ္မက်ကြောင့် သာယာသော အကြည့်မျိုး ဖြစ်နေလျှင် ဖြစ်နေလိမ့်မည်။ အလွန် အကဲခတ်၍ မရနိုင်သော အကြည့်မျိုး ဖြစ်ချေသည် တကား။

နပိုလီယံသည် မာရီကိုဆွဲ၍ သူ့ပေါင်ပေါ်သို့ တင်လိုက်၏။

'မာရီ....ငါ စစ်ထွက်တော့မယ်၊ သွားခါနီး မှာခဲ့မယ်နော်'

'မှန်လှပါ၊ မှာကြားတော်မူပါ ဘုရား'

'မောင်တော် အလုံးစုံ စီမံခန့်ခွဲပြီးပြီ၊ မောင်တော် မရှိခိုက် ဒူးရော့နဲ့ ပွန်နီယားတိုးစကီးတို့က နှမတော်ကို စောင့်ရှောက်လိမ့်မယ်။ မြို့စားကြီးကို စုံစမ်းခိုင်းပြီးပြီ။ မြို့စားကြီးကလည်း နှမတော်နှင့် ကွာရှင်းပါမယ်၊ နှမတော်အတွက် စရိတ်ကိုလည်း လုံလောက်အောင် ထောက်ပံ့ပါမယ်လို့ ပြောတယ်'

'အို....ဒါတော့ ဖြစ်နိုင်မယ် မထင်ပါဘုရား၊ မြို့စားကြီး သေဆုံးပါမှ ကျွန်တော်မ ပစ္စည်းများ ရမည် ဖြစ်ပါသည်'

'နေစမ်းပါဦးကွယ်၊ မောင်တော် ပြောကြားတာ နားထောင်စမ်းပါ။ အခု ပွန်နီယားတိုးစကီးကို ပြောပြီးပြီ။ ငွေအတော်များများ နှမတော်အတွက် ဘဏ်မှာ အပ်ပေးထားမယ်။ အဲဒီအကြောင်းနဲ့တော့ ဒါပဲ။ ကဲ....ဒို့ပြင် အရေးကြီးတာတွေ ပြောရဦးမယ်'

'ဟာ....ဒီအကြောင်းဟာ မောင်တော်ဘုရား မိန့်သလို မလွယ်....'

'အို....မင်းကလည်းကွယ်၊ ဒါတွေကို မောင်တော် စီမံပြီးပါပြီ ဆိုမှပဲ။ ကဲ....ကဲ....မောင်တော် မရှိခိုက် နှမတော် ဘယ်မှာ စံမြန်းတော်မူမလဲ'

'ကျွန်တော်မရဲ့ မိခင်ထံ သွားနေပါမည်'

'တော်မှာပေါ့'

'မှန်လှပါ၊ ကီယာနိုဗီယားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'နှမတော်ရဲ့ မိခင်နဲ့အတူ ခရီးထွက်နေကြပါလား။ ဗီယင်နာမြို့တော်ကို ဖြစ်ဖြစ်ပေါ့'

'ဗီယင်နာ မြို့တော်ကို ....'

'ဟုတ်တယ်လေ၊ နှမတော်က ဘာကြောင့် အံ့အားသင့်နေရပါလိမ့်။ နှမတော် ဗီယင်နာမြို့တော်မှာ အသိအကျွမ်းများ ရှိတယ်လို့ လျှောက်ကြားစဉ်က မောင်တော် ဆိတ်ဆိတ်နေခဲ့တယ်။ ဒါပေမဲ့ မောင်တော် ဒီအချက်ကို နှစ်ခြိုက်တယ်။ ဗီယင်နာမြို့တော်မှာ ပိုလန်သူနှစ်ဦး မျက်နှာကြီးတွေနဲ့ ရောနှောနေရင် ပြင်သစ်များ ဩစတြီးယား ဝင်တာ ဘယ်လို သဘောထားကြတယ် ဆိုတာ စုံစမ်းနိုင်မှာပေါ့။ ပြီးတော့ နှမတော်တို့ သားအမိက ရုရှားက ရန်သတ္တုရ ပြုတာကို ဘယ်လောက် အံ့ဩတယ် ဆိုတာရယ်၊ ဩစတြီးယားပြည်ကို ပြင်သစ်ဧကရာဇ်မင်းမြတ်က ဘယ်လောက် မျှော်ကိုး ချစ်ကြည်တယ် ဆိုတာ တို့ကို ပြောပြပေါ့။ ပြီးတော့လည်း ပြောသေးတာပေါ့၊ အကယ်၍သာ ဩစတြီးယားက မောင်တော်ဘုရားနှင့် စေ့စပ်မယ် ဆိုရင် မောင်တော်ဘုရားက ဩစတြီးယားကို မနစ်နာစေရဘူး ဆိုတာ ယုံကြည်ရတဲ့ နေရာက သတင်းရရှိတယ် ဆိုပြီး သူတို့သဘောကို တောက် ကြည့်ပါလား'

မာရီသည် ထိုစကားများကို ကြားသောအခါ အလွန်အကျူး ကြည်နူး ဝမ်းမြောက်မိ၏။ သူ့ကို နပိုလီယံသည် လှသည်ဟုသာ မမှတ်၊ အဖိုးတန်သော ဉာဏ်ပညာ ဆွမ်းရည်ရှိကြောင်း အသိအမှတ် ပြု၍သာ ဤသို့သော အရေးကြီးသည့် အလုပ်ဝတ္တရားကို တာဝန်ပေးလေသည်။ မာရီသည် မိမိကိုယ်ကို မိမိ အထင်ကြီးသွား၏။ "ငါဟာ အလွန် အသုံးဝင်ပါကလား" ဟု အောက်မေ့သွား၏။ နပိုလီယံသည် ရှေးကကဲ့သို့ ဝေါက်ဆတ်ဆတ်နှင့် မပြော၊ ချိုချိုအေးအေးနှင့် ပြောနေသည်။ "ငါ့ကြောင့် ငါ့တိုင်းပြည်ကြီး လွတ်လပ်တော့မယ်၊ ငါလည်း အဖိုးတန်မကလေး ဖြစ်တော့မယ်...." ဟူသော အတွေးသည် မာရီ၏ ဦးနှောက်ကို ကြည်လင်စေ၏။ လွန်ခဲ့သည့်ညက ဖြစ်ပျက်ခဲ့သည့် အနိဋ္ဌာရုံတို့သည် ပျောက်ကွယ်သွားချေပြီ။ မာရီသည်





နပိုလီယံကို ကျေးဇူးတင်လာ၏။ သူသည် နပိုလီယံ၏ ဆံပင်ကို လက်ကလေးများဖြင့် ကြင်နာစွာ သပ်ရပ်ပေးနေ၏။

'အရှင်...အရှင် မှာကြားသည့်အတိုင်း ဗီယင်နာမြို့တော်သို့ ကျွန်တော်မ၏ မိခင်နှင့် အလည်ထွက်ပြီးလျှင် အရှင့်အကျိုးကို ဆောင်ပါမည်။ ဤကိစ္စသည် ခက်ခဲလှသည် မဟုတ်ပါ။ အရှင်၏ တန်ခိုးကြီးထွားပြီး ဖြစ်သဖြင့် ကျွန်တော်မတို့က အနည်းငယ် ပြောလိုက်ရုံနှင့် ဩစတြီးယားပြည်သူပြည်သားတို့သည် သဘောနှစ်ခြိုက် အကြိုက်သို့ ကျပါလိမ့်မည် ဘုရား'

ဟု ဝမ်းသာအားရနှင့် လျှောက်ထားလေ၏။

မာရီသည် နပိုလီယံအား ချစ်သူကလေး ကဲ့သို့ ကနွဲ့ကလျနှင့် ပြန်ပြောသည် မဟုတ်။ သံတမန်သည် သူ့အရှင်မင်းကြီးအား လျှောက်ထားသကဲ့သို့ ခံ့ညားစွာ ပြောကြားခြင်း ဖြစ်သည်။ နပိုလီယံသည် ဤသို့ပြောသဖြင့် မျက်မှာန်တော် ရှုခြင်း မရှိချေ။

နပိုလီယံသည် မာရီကို ရင်ခွင်တွင်ထားကာ ပီတိဖြစ်နေ၏။ ရှေးက အကာပ်မခံသော မြို့စားကြီးကတော် မာရီဝါလူးစကားသည် ယခု သူ့အား ချိုပြုံးကြည်ဖြူသော မျက်နှာကလေးနှင့် သူ့ရင်ခွင်တွင် စံပျော်နေလေပြီ။ ဉာဏ်ဆွမ်းရည်နှင့် အလှဂုဏ်တို့ ဖြိုးဝေနေသော မာရီ၏အချစ်ကို ရယူခံစားရခြင်းသည်ကား အလွန်ထူးကဲသော ကုသိုလ် အဟုန်ကြောင့်သာ ဖြစ်ပေမည်။ ဤမျှလောက် အဖိုးတန်သော ရတနာခဲ ရွှေပြည်တန်ကလေးကို စိတ်တိုင်းကျ ချစ်ရ ခင်ရခြင်းသည် စစ်ပွဲအထွေထွေကို အောင်ခဲ့သည့် နပိုလီယံအဖို့ "အအောင်ဆုံး အောင်ခြင်း" ဖြစ်နေလေသည်။ တိုင်းပြည်ကို အသက်ထက်ပင် ချစ်သည့် မျိုးချစ်မကလေး၏ စိတ်ဓာတ်ကလေးသည် ကွဲပြိုခါနီးနှင့် တူသော တိုင်းပြည်ကြီး အတွင်း၌ စိတ်ဓာတ်ချင်း တူသည့် အဖော်ကို လိုက်လံ ရှာဖွေနေရာ ယခုမှသာ ထိုအဖော်ကို တွေ့ရလေပြီ။

မာရီသည်လည်း ယခုအခါ ငြင်းဆန်ခြင်း ကင်းတော့၏။ နပိုလီယံနှင့် အတူ အချစ်သင်ခန်းစာများကို လေ့ကျက်လျက် နေသည်မှာ ထိုနေ့ည



www.burmeseclassic.com

www.burmeseclassic.com



တွင် မက နောက် နပိုလီယံ စစ်မထွက်မီအတွင်း ညများ၌ပင် ဖြစ်၏။ ဤသို့ အချစ်၏ ကြည်နူးဖွယ်ရာ ခန်းရိပ်သာတွင် နေရပါလည်း မာရီ၏ မျိုးချစ်စိတ်သည် ပျောက်ပျက် တိမ်ကောခြင်း မရှိချေ။ နပိုလီယံ စစ်ထွက်မည့် အခိုက်အတန့်ကလေး၌ လှေကားပုန်းကလေး အကွယ်တွင် နပိုလီယံအား အချစ် နှုတ်ဆက်ခြင်း အမှုကို ပြုရာဝယ် မျိုးချစ်စိတ်ကြောင့် ဖယ်ရှားပေးခြင်း မရှိခဲ့ရကား–

'မောင်တော်ဘုရား....ကတိ အတိုင်းနော်'

'မာရီ....မောင်တော် ခရီးရှည် ထွက်ရတော့မယ်၊ ပြန်လာချင်မှ လာရတော့မှာ....'

'အို....မောင်တော်ဘုရားကလည်း နမိတ်မရှိတာတွေ မိန့်တော်မူပြန်ပြီ။ မောင်တော်ဘုရားရဲ့ အလုပ်ဝတ္တရားသာ ကျေပွန်ရင် ဘာ မပြန်လာနိုင်ရမှာလဲ။ စစ်နိုင်မှာပေါ့ ဘုရာ့'

'မှန်ပါတယ် နှမတော်ရယ်၊ မောင်တော့်မှာ နှမတော်နဲ့ နှမတော်ရဲ့ တိုင်းပြည်ကြီးအတွက် ဝတ္တရားသာ ရှိပါတယ်။ နှမတော်ရဲ့ ပြည်ကြီးကို လွတ်လပ်စေပါ့မယ်ကွယ်။ ကတိတွေ ဘာတွေ တောင်းဆိုနေဖို့ မလိုပါဘူး၊ စိတ်သာချတော်မူပါ....'

'အို....မောင်တော်၊ တိုင်းသူပြည်သားတွေက ကန့်ကွက်ရင် ဘယ့်နှယ်လုပ်မလဲ။ ဟင့်အင်း....ဟင့်အင်း မောင်တော်ဘုရား ကတိထားရမယ်၊ ဒီတော့မှ နှမတော် စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာမှလည်း မောင်တော်ဘုရား စစ်နိုင်ဖို့ ဆုမွန်တောင်းလို့ ဖြစ်မှာပေါ့'

'မင်းကလေးနော်....အင်မတန် ကဲတယ်။ ကဲ....ကဲ....ကဲပါကွယ်၊ မောင်တော်ဘုရား ပိုလန်ပြည်ကြီး လွတ်လပ်ရာ လွတ်လပ်ကြောင်းကို အခွင့်သာရင် သာချင်း ကြိုးစားပါမယ်'

'ဟင်....ဒါပေမဲ့ မောင်တော်ဘုရားက နှမတော်တို့ တိုင်းသူပြည်သား တွေရဲ့ အမှုအရာတွေကိုမှ နှစ်သက်တော်မမူဘဲ....'





'အို....ဘာဖြစ်လို့လဲကွယ့်၊ နှစ်သက်ပါတယ်ကွယ်....နှစ်သက်ပါ တယ်။ အချစ်ရဲ့ တန်ခိုးနဲ့ နှမတော် အလိုပြည့်စေပါလိမ့်မယ်'

ပြတင်းပေါက် မှန်တံခါးမှ နေ၍ ကြည့်လိုက်ရာ မာရီသည် အလွန်ရှည်လျားသော လမ်းမကြီးတစ်လျှောက်တွင် မဆုံးနိုင်သော စစ်တပ်ကြီး ချီတက်သွားသည်ကို မြင်ရလေ၏။ နေထွက်စ ဖြစ်၍ ရွှေရောင်များသည် အရှေ့မှ သမ်း၍ လာလေပြီ။ နှင်းများသည်လည်း တဖြည်းဖြည်း ပါးသွားလေပြီ။ မာရီသည် သာယာသော ရှုခင်းနှင့် ကြီးမားသော တပ်မတော်ကြီးကို ကြည့်ရင်း ပျော်ရွှင်လာလေ၏။ နေမင်းကြီးသည် ဣန္ဒြေကြီးနှင့် တက်လာသကဲ့သို့ သူ၏ နှလုံးသားအတွင်းသို့ မျှော်လင့်ချက်ကြီးသည် ဝင်ရောက်လာလေသည်။ ဤသို့သော သာယာလှသည့် ရာသီသည် နပိုလီယံအတွက် အောင်ကိန်းကိုသာ ဖော်ပေးလေ့ရှိခဲ့သည်။ နပိုလီယံ စစ်အောင်တော့မည်မှာ မလွဲဟု သူ ထင်၏။ နပိုလီယံ၏ အောင်မြင်ခြင်းကား သူ၏ အောင်မြင်ခြင်း ပေတည်း။ နပိုလီယံကား သူ့နပိုလီယံ၊ "သူ့မောင်တော်ဘုရား' ဖြစ်နေပေပြီ။

မာရီသည် နပိုလီယံအား ဖက်၍ သူ၏ အချစ်ငွေ့လွှမ်းသော ကိုယ်ကာယကလေးကို ချစ်သူရင်ခွင်သို့ ခိုဝင်ကာ ချစ်သူ၏ မောက်မို့သန့်စွမ်းသော ရင်အုပ်ကြီးနှင့် ဦးခေါင်းကို ပွတ်ရင်း–

'န ပို လီ ယံ'

ဟု လေးလုံးမျှသော စကားဖြင့် အလွန်ကြီးကျယ်သော ဥဒါန်းကို ကျူးရင့်လိုက်လေ၏။

## အခန်း [ ၁၆ ]

မာရီသည် နပိုလီယံ ထွက်တော်မူသည့် နေ့၌ပင် ဗီယင်နာမြို့တော်သို့ မိခင်နှင့် အတူ ထွက်သွားလေ၏။ ဗီယင်နာမြို့တော်သို့ ရောက်သောအခါ နပိုလီယံထံမှ စာတစ်စောင် ရောက်လာ၏။

www.burmeseclassic.com



ချစ်နှမ....မာရီ။

ဒီစာ အရောက် နောက်ကျလိမ့်မယ်။ ဒီစာကို ဖတ်ရတော့ နှမတော်မှာ မောင်တော်တို့ စစ်ပွဲအကြောင်းကို မောင်တော် ရေးလိုက်တာထက် ပိုမိုသိရှိပြီး ဖြစ်နေလိမ့်မယ်။ မောင်တော်တို့ စစ်တိုက်လိုက်ကြတာ နှစ်ရက်တိတိ မနေမနားဘဲ တိုက်လိုက်ကြရတယ်။ မောင်တော်တို့ အောင်ပန်းဆူးရတာပေါ့။ မောင်တော် အောင်မြင်တယ်ဆိုရင် နှမတော်ရဲ့ တိုင်းပြည်ကြီး လွတ်လပ်ရေးရဖို့ နီးပြီ ဆိုတာနဲ့ အတူတူပဲလေ။

မောင်တော်ဖြင့် နှမတော် ဆီကိုသာ စိတ်ရောက်နေတာပဲ။ နှမတော်ကို လွတ်လပ်တဲ့ တိုင်းပြည်သူတစ်ဦး ဖြစ်အောင် လုပ်ပေးဖို့ပဲ စိတ်ကူးနေတာပဲ။ နှမတော်ကော မောင်တော်ကို မလွမ်းဘူးလား။ လွမ်းတယ်လို့ မောင်တော် ယူဆတော်မူတယ်။ မောင်တော်ဖြင့် နှမတော်နဲ့ အဝေးကြီး မနေချင်ပါဘူး။ ဝါဆောဆိုရင် နီးသေးတယ်။ နှမတော်ရဲ့ မိခင်အိမ် ဖြစ်ဖြစ် ပြန်ပါလားလို့ မောင်တော် ပြောချင်တာပဲလေ။ အချစ်ရယ်....အချစ်ရဲ့ မောင်တော်ကို စစ်အောင်လိမ့်မယ်လို့ ယုံကြည်တယ် မဟုတ်လား။ ယုံကြည်နော်....။

N.

မာရီ ဤစာကို ရချိန်၌ပင် ဗီယင်နာမြို့ရှိ သတင်းစာများတွင် အောက်ပါ အရေးကြီးသော သတင်းတစ်ရပ် ပါရှိလာလေ၏။

နပိုလီယံနှင့် ရုရှားတို့ တိုက်ခိုက်ကြရာဝယ် ရုရှားတို့က လက်လျှော့လိုက်ကြရကာ ယခု "ပရပ်ရှင်ပိုလန်" ခေါ် နယ်ကို လက်လွှတ်ထွက်ခွာ သွားကြပြီ ဖြစ်သဖြင့် ထိုနယ်ကို ယနေ့မှ စ၍ "လွတ်လပ်သော ပိုလန်ပြည်" ဟု ခေါ်ရတော့မည် ဖြစ်ကြောင်း။





မာရီသည် ထိုသတင်းကို ကြားသိရသောအခါ ပီတိဖြာနေ၏။ အမြန်ရထား ငှားကာ သူ့မိခင်နှင့်တကွ ဗီယင်နာမြို့တော်မှ ဝါဆောမြို့တော်သို့ စိုင်းလေ၏။ ဗီယင်နာမြို့တော်တွင် နပိုလီယံက ခိုင်းထားသော တိုင်းပြည်ကိစ္စကို သတိမရနိုင်တော့ဘဲ သူ့တိုင်းပြည်ကြီး လွတ်လပ်သင့်သလောက် လွတ်လပ်သွားပြီ ဖြစ်သဖြင့် တိုင်းသူပြည်သားများနှင့် အတူ အောင်ပွဲကို ပျော်ပျော်ရွှင်ရွှင် နွှဲရန် မာရီသည် ဝါဆောသို့ အမြန်ပြန်ခြင်း ဖြစ်သည်။ ဝါဆောမြို့ကြီးသည် အလွန်အကြူး ပျော်မြူးနေလေ၏။ သို့သော် ပျော်မြူးရသည့် အချိန်မှာ တာမရှည်။ မကြာမီပင် စစ်အခြေအနေ မဟန်လှပြန်ဘူးဟူသော သတင်းဆိုးကြီး ပေါ်ပေါက်လာကာ စစ်ပွဲမှ ပြေးလာကြသောသူများ၏ စိတ်ပျက်ဖွယ်ရာ အရပ်ရပ်တို့ကို ကြားရပြန်သောကြောင့် ရှုံးများရှုံးလေမလား ဟု တထိတ်ထိတ် နေကြကုန်၏။

ပြင်သစ် အစိုးရကလည်း ပိုလန် ပြည်သူပြည်သားများသည် အားပေးနိုင်မှ တန်ကာကျသော သူများ ဖြစ်ချေသည်။ သို့သော် ထိုအကြောင်းကို မသိသော ပြင်သစ်အစိုးရက ပိုလန်ပြည်တွင် စစ်သတင်းများကို အကုန်အစင် မပေးဘဲ နည်းနိုင်သမျှ နည်းအောင် လုပ်နေသောကြောင့် ပိုလန် ပြည်သူပြည်သားတို့သည် ကြောက်သည်ထက် ကြောက်၊ လန့်သည်ထက် လန့်ကာ အားငယ်နေကြရှာ၏။

စိတ်ပျက်စရာ အထွေထွေကို ကြားရပြန်သည်။ စစ်ဗိုလ်ကြီး လီမာရှိုင်က လွှန်ခဲ့သည့် စစ်ပွဲကြီးတွင် နပိုလီယံဘက်က လူများ မည်မျှလောက် ဒုက္ခရောက်ကြောင်း၊ ဆီးနှင်းတွေ ကြားထဲ၌ အစားအစာကလည်း လုံလောက်အောင် မရ၊ အားအင်လည်း တဖြည်းဖြည်း ကုန်ခန်းနေကြကြောင်း ပြောပြသောအခါ မာရီသည် ပိုလန် ပြည်သူပြည်သားတို့အား အလွန် စိတ်ဆိုးလေ၏။ ပိုလန်က အစာရိက္ခာကို ကူညီထောက်ပံ့ပါမည်ဟု အာမခံလေသော်ငြား လျှင် လုံလောက်အောင် မပို့ခြင်းသည် အလွန်ကြီးသော အပြစ် ဖြစ်သည်ဟု မာရီ အယုံအကြည် ရှိ၏။ ပွန်နီယားတိုးစကီးက ကတိတည်သဖြင့် တော်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ပိုလန်စစ်တပ် အချို့မှာ လက်နက် အတော်အတန် ပြည့်စုံပေသည်။ မာရီသည် နပိုလီယံကို ကြည်ညိုစိတ် ရှိရကား စိတ်ပျက်ခြင်း၊ ဒေါသဖြစ်ခြင်း တို့မှာ ခဏမျှလောက်သာ တည်နေ၏။ သူသည် မျှော်လင့်ချက် ကြီးမြကြီးလျက် ရှိ၏။ ပျော်ရွှင်ခြင်းလည်း လျော့ပါးသည် မရှိချေ။

ဝါဆောမြို့တွင် ရက်အနည်းငယ် နေပြီးလျှင် မာရီနှင့် သူ့မိခင်တို့သည် သူတို့နေရပ် ဖြစ်သော ကီယာနိုဗီယားသို့ သွားကြလေ၏။ ဒူးရော့သည် သူတို့ထံသို့ လိုက်၍လည်၏။ ဒူးရော့သည် မာရီ ပျော်ရွှင်ပုံ၊ မျှော်လင့်ချက်ကြီးပုံကို တွေးမိတိုင်း အကယ်၍ မျှော်လင့်ချက်အတိုင်း မဖြစ်ပါလျှင် စိတ်အပျက်ကြီး ပျက်ချေတော့မည်ဟု တွေးတော စိုးရိမ်မိလေသည်။ စစ်နိုင်သော်လည်း ပိုလန်သည် လွတ်လပ်သေးသည်။ ရုရှားနှင့် စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုရန် လိုသေးသည်။ ပရပ်ရှားက ရန်မူချင်လျှင် မူလိမ့်ဦးမည်။ နပိုလီယံ ပင်လျှင် ဝါဆောသို့ ဆုတ်ခွာ၍ မိမိ စ လိုက်သော ပိုလန်ပြည် လွတ်လပ်ရေးကိစ္စကို အသာ လျှို့ထားလျှင်လည်း ထားရပေလိမ့်ဦးမည်။

မာရီသည် အိမ်သို့ ပြန်ရောက်သောအခါ နပိုလီယံထံသို့ စာရှည်ကြီးများ ရေးသားခြင်းဖြင့် အပျင်းဖြေနေရရှာ၏။ သူ့မိတ်ဆွေ အယ်ဘီတာနှင့် စစ်ဗိုလ်ကြီး ဇရွှန်ချက်တို့ သူ့အိမ်ကို အလည်လာသဖြင့် သူ အတော် အပျင်းပြေလေသည်။ စစ်ဗိုလ်ကြီး ဇရွှန်ချက်သည် နပိုလီယံနှင့် မာရီ နီးစပ်အောင် လုပ်ပေးရန်ကိစ္စတွင် အကြီးအကျယ် ကန့်ကွက်ခဲ့သူ ဖြစ်၏။

ဇရွှန်ချက်သည် ပွန်နီယားတိုးစကီးကို မုန်းထားသူတစ်ဦး ဖြစ်သည့်အလျောက် မာရီကို ပွန်နီယားတိုးစကီးက အရေးမစိုက်ကြောင်းကို အပြစ်တင်စကား ပြောကြားလေ၏။ မာရီကမူ ပွန်နီယားတိုးစကီးကို အပြစ်တင်ရန် အထူး မလိုကြောင်း၊ မိမိသည် အနစ်နာခံ၍ တိုင်းပြည်အကျိုးကို ဆောင်ရွက်ခဲ့သည်မှာ ကိုယ်ကျိုးကို မျှော်မြင်၍ မဟုတ်ကြောင်း ပြန်ပြောလေ၏။ မာရီက ဤသို့ ပြောလိုက်လျှင်ပင် ဇရွှန်ချက်သည် ပွန်နီယားတိုးစကီးအပေါ် အတော်ပင် ဒေါသဖြစ်ကာ အကြီးအကျယ် ပြောဆိုလာလေတော့၏။





'ပွန်နီယားတိုးစကီးနဲ့ သူ့ဂိုဏ်းသားတွေကတော့ အတော် ကြွားတာပဲ ။ အခု ပိုလန်ပြည်ကြီး ကောင်းစားအောင် ဧကရာဇ်မင်းမြတ်ထံ လျှောက်ကြားတာ သူတို့ လျှောက်ကြားတယ်လို့ လျှောက်ပြောနေကြတယ်။ တယ်တော်တဲ့ လူတွေပဲ ။ နောက် မကြာခင်ပဲ ပိုလန်ပြည်ကြီး လွတ်လပ်သွားရင် သူတို့ကြောင့် လွတ်လပ်တယ်လို့ ကြွားကြဦးမှာ မြင်သေးတော့....'

မာရီသည် ဤသို့ အပြစ်ပြောနေသည်ကို မနှစ်သက်လှသဖြင့် ပွန်နီယားတိုးစကီးတို့ ဘက်မှ နေ၍ ပြောနေရှာ၏။ ထိုသို့ ပြောနေသည့် အတွက်ပင် ဇရွှန်ချက်သည် ဒေါသထွက်သည်ထက် ထွက်ကာ–

'မဟုတ်ဘူးဗျာ၊ ခင်ဗျားက ပွန်နီယားတိုးစကီး ခေါင်းဆောင်အင်္ဂါနဲ့ ပြည့်စုံတယ်၊ ဘာတယ်နဲ့ ပြောနေတယ်။ ဘာများ တော်လို့လဲ။ အုပ်ချုပ်ပုံဘယ်လောက် ညံ့သလဲ၊ စီမံခန့်ခွဲပုံကလည်း အတော်ပဲ ချာသေးတယ်။ ပြီးတော့လည်း သူက နေရာတကာမှာ လူလည်လုပ်ချင်တယ်။ အကြီးအကဲဖြစ်ဖို့ချည်း စိတ်ကူးနေတာပဲ'

ဟု ပြောလေ၏။

စစ်ဗိုလ်ကြီးသည် ဒေါသထွက်ထွက်နှင့် သွက်သွက်ကြီး ပြောလိုက်ရသဖြင့် အတော်မောသွားဟန် ရှိလေ၏။ သို့သော် အတန်ကြာသောအခါ စကားကို ပြန်ဆက်လေ၏။

'ပိုလန်မှာ ခေါင်းဆောင်ချည်းပဲ၊ နောက်လိုက် မရှိဘူး။ ပြီးတော့လည်း တစ်ယောက်မှ ဟုတ်တိပတ်တိ အစွမ်းရှိတာ မဟုတ်ဘူး။ ကျွန်တော်ဖြင့် ပိုလန်ပြည်သား မဟုတ်တဲ့ လူတစ်ယောက်ကိုပဲ ခေါင်းဆောင်လို့သဘောထားတာပဲ။ ပွန်နီယားတိုးစကီးကို ခေါင်းဆောင်ထားရမယ်၊ ဟား....ဟား....ဟား....ရယ်စရာကြီးပဲဗျာ။ ခင်ဗျားလို ပုဂ္ဂိုလ်မျိုးကို သူ အရေးမစိုက်ဘဲ ပစ်ထားတာ ခေါင်းဆောင်ကောင်းတို့ရဲ့ ဝတ္တရားလား'

မာရီသည် ဤသို့ အရမ်းကာရော ဒေါသဖြစ်နေသည်ကို မြင်ရသော် ရယ်ချင်သလိုလို ဖြစ်လာ၏။ သို့သော် ပွန်နီယားတိုးစကီးကို နှိမ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အထူးပင် ဝမ်းနည်း၏။ ပွန်နီယားတိုးစကီးကို ခေါင်းဆောင်မထားလိုလျှင် ဘယ်သို့ပြုမည်နည်းဟု မေးသော် ဇွန်ချက်က ဇကောစ်မင်းထံသို့ ခေါင်းဆောင်ရန် လျှောက်တင်မည့်အကြောင်း ပြောကြားလေ၏။

ထိုအခိုက် မာရီ၏မိခင် ရောက်လာသဖြင့် ထွေရာလေးပါး ပြောကြလေ၏။ အယ်ဘီတာသည် မာရီက ခပ်တန်းတန်းနေသဖြင့် ရှေးကကဲ့သို့ ချစ်ကြည်ရန်ကို လိုလားရကား မာရီ ပြောသည့်ဘက်မှ နေ၍ မျက်နှာလိုမျက်နှာရ ပြောလေ၏။ သူတို့နှစ်ဦးက ယောကျ်ားများသည် အလိုရမှုက်အတွက် မိုက်မှားကြကြောင်း ပြောရာ၊ စစ်ဗိုလ်ကြီးနှင့် မာရီ၏ မိခင်တို့က ဤကဲ့သို့ချည်း မဟုတ်ကြောင်း ပြော၏။ မာရီတို့က ရှေးရာဇဝင်များကို အကိုးအကား ပြု၍ ဘုရင်မင်းမြတ်များ၊ စစ်သူလျှိုကြီးများ စသည်တို့သည် တဏှာနိုင်ငံသို့ လိုက်ပါရပုံကို ပြောကြ၏။ နောက်ဆုံး၌ နပိုလီယံက မာရီကို တပ်မက်မောကြောင်းကိုပါ ထည့်သွင်းပြောဆိုရာ စစ်ဗိုလ်ကြီးက နပိုလီယံဘက်မှ နေ၍ ပြောလေ၏။

တဏှာနှင့်အချစ် ကွဲပြား ခြားနားသေးကြောင်း၊ နပိုလီယံသည် မာရီအား တဏှာကြောင့် မဟုတ်၊ စစ်မှန်သော အချစ်နှင့် ချစ်ကြောင်းတို့ကို ပြောပြရာ နပိုလီယံက မာရီကို လိုချင်တပ်မက်ပါလျှင် သူ သွားရာသို့ ခေါ်သွားမည် အမှန်ဖြစ်၏။ သို့သော် ယခု သူ စစ်ထွက်သောအခါ မာရီအား အေးချမ်းရာ၊ ရန်အပေါင်း ကင်းကွာရာ၌ ထားခဲ့ကြောင်း ပြော၏။

'အခု နပိုလီယံဟာ အဝေးရောက်နေပေမယ့် ခင်ဗျားဆီကို စာအမြဲ ရေးတယ်။ အဲဒါ သတိရလွန်းလို့ပေါ့၊ ချစ်တယ် ဆိုတာ ထင်ရှားတာပေါ့။ အကယ်၍သာ ခင်ဗျားကို သက်သက်မဲ့ အလိုရှိနေတယ် ဆိုရင် ခေါ်ယူမှာပေါ့။ အခု သူ ရေးတဲ့ စာတွေထဲမှာ သူ့ဆီ လာဖို့ ပါသလား'

မာရီက မပါကြောင်း ဝန်ခံလေ၏။

စစ်ဗိုလ်ကြီးသည် မာရီအား နပိုလီယံသည် အမှန်အားဖြင့် သူတစ်ပါး သားမယား၊ သားသမီးတို့ကို ဖျက်ဆီးနေသူ မဟုတ်။ သူ့အဖို့မှာ စစ်တိုက်ရန်





သာ စိတ်ကူးနေကြောင်း။ တစ်နှစ်မှာ ဆယ်လက စစ်မြေပြင် ရောက်နေသဖြင့် ဖျက်ဆီးရန် စိတ်ကူးနေချိန် မရှိကြောင်း တို့ကို အားရပါးရ ပြောသဖြင့် မာရီက အရှုံးပေး လိုက်လျော ရလေတော့သည်။

ထိုသို့ ပြောဆိုနေကြပြီးနောက် အတန်ကြာလတ်သော် စစ်ဗိုလ်ကြီးသည် မာရီအား တစ်ယောက်ချင်း တွေ့ဆုံ ဆွေးနွေးပါရန် အခွင့်တောင်းသဖြင့် မာရီက အခွင့်ပြုလိုက်လေသည်။

မာရီနှင့် စစ်ဗိုလ်ကြီး ဇွန်ချက်သာ ကျန်သောအခါ ဇွန်ချက်က သူ့အား ကျေးဇူးပြု၍ သူ့ကို စစ်တပ်တစ်တပ် အုပ်ချုပ်စေလျက် စစ်မြေပြင်သို့ ထွက်ရန် ဇကောစ်မင်းမြတ်ထံမှ အခွင့်တောင်းပေးပါရန် တောင်းပန်လေ၏။ ဇကောစ်မင်းမြတ်သည် ယခု ဖင်ကင်စတိန်းမြို့တွင် တည်းခိုနေသဖြင့် မာရီအား သူနှင့်အတူ သွားရောက်တွေ့ဆုံရန် တောင်းပန်လေ၏။ မာရီသည် နပိုလီယံနှင့် တွေ့ရမည် ဆို၍ အထူးနှစ်ခြိုက်ကြည်နူးကာ သွားရန် ဝန်ခံလိုက်လေ၏။

နပိုလီယံသည် မာရီကို တွေ့ရသဖြင့် အလွန် ဝမ်းမြောက်မိသော်လည်း ပြက်ရယ်သဘောဖြင့် ကြိမ်းမောင်းလေ၏။ မာရီ လာရောက်သည်ကို လျှို့ဝှက်ထားရန် အထူး မလိုတော့ချေ။ လူတိုင်းပင် သိပြီး ဖြစ်ကြ၏။ နပိုလီယံသည် မာရီအား–

'ရောက်နေပြီ ဖြစ်သဖြင့် မထူးတော့ပါဘူး၊ နေပါဦးလား'

ဟု တားလေရာ၊ မာရီကလည်း နေရန် သဘောတူညီ လိုက်လေ၏။ နပိုလီယံသည် မာရီ ရောက်သည့် နေ့ကတည်းက နေ့လယ်နေ့ခင်း၌ မာရီနှင့်သာ နှစ်ဦးတည်း စံနေလေ၏။ ရန်သူများသည် နပိုလီယံ၏ အသက်ကို ရန်ရှာရန် အမြဲ ချောင်းမြောင်းနေကြ၏။ နပိုလီယံသည် အလစ်မိသွားမည် စိုးသဖြင့် အိပ်ခန်းတွင်း၌ ကြိုးလှေကားတစ်ခု အမြဲ ထား၏။ မာရီအဖို့ ဤသို့ ကြောင့်ကြစိတ်နှင့် နေရသည်ကိုပင် အရသာတစ်မျိုး တွေ့နေရကား ထိုအခိုက် အခါကို သူ၏ တစ်သက်တွင် မေ့ပျောက်နိုင်စွမ်းသည် မဟုတ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံသည် မာရီအား အလွန်အမင်း ချစ်ခင်ကြောင်း မာရီသည် ရှေးကထက် သိလာလေ၏။ မာရီ့ဘက်ကလည်း နပိုလီယံ၏ အုပ်ချုပ်ပုံ၊ စီမံခန့်ခွဲပုံ စသည့် ဂုဏ်အင်္ဂါတို့ကို မြင်တွေ့နေရသဖြင့် နပိုလီယံကို ကြည်ညိုစိတ် ပွားသည်ထက် ပွားမိ၏။

မာရီသည် နပိုလီယံနှင့် ရက်အနည်းငယ် အတူနေပြီးနောက် မိမိ၏ အိမ်သို့ ပြန်ရလေ၏။ ပြန်ခါနီးတွင် စစ်ဗိုလ်ကြီး ဇရွန်ချက်၏ လျှောက်ထားချက်ကိုလည်း ဖြည့်ဆည်းလိုက်၏။ မာရီ၏ မောင်ဖြစ်သူကိုလည်း စစ်ဘက်တွင် ရာထူးမြင့်တင်လိုက်၏။ ဝါဆောမြို့ရှိ အရေးပါ အရာရောက်သော လူကြီးများကိုလည်း ဝါဆောမြို့တော် အပါအဝင် ဖြစ်သော ပိုလန်ပြည်၏ တစ်စိတ်တစ်ဒေသကို လွတ်လပ်ရေးပေးကြောင်း အတိအလင်း ကြေညာရန် ကတိပေးလိုက်လေ၏။ ထိုအချက်များထက် အရေးကြီးသော၊ မာရီအတွက် အဖိုးတန်သော အချက်ကား နပိုလီယံက မကြာမီ မာရီနှင့် ထပ်မံ တွေ့ဆုံဦးမည် ဆိုသော ကတိပင် ဖြစ်တော့သည်။

ဇွန်လ ၁ ရက်နေ့တွင် မာရီထံသို့ တမန်တော် တစ်ဦး ဇကရာဇ်မင်းမြတ်၏ သဝဏ်လွှာတစ်စောင်ကို ပေးလာ၏။

ချစ်နှမလေး....မာရီ။

ဒန်းဇစ်မြို့တော့ ကျပြီ။ ဒီသတင်းဟာ မောင်တော် အလျှင် နှမတော်ကို ဘယ်သူမှ မပေးသေးဘူး ထင်သည်။ မောင်တော် ဒန်းဇစ်မြို့က ထွက်တော်မူတော့မည်။ နှမတော်ကို ပေးထားတဲ့ ကတိကို မောင်တော် မမေ့ပါဘူး။ ကိစ္စတွေလည်း ချောချောမောမော ဖြစ်တော့မှာပဲ။ အေးအေးနှင့် စိတ်ရှင်ရှင်သာ နေပေတော့ နှမတော်။ မောင်တော်နှင့် နှမတော်လည်း တွေ့ဆုံရန် အချိန်နီးပါပြီ။ နီးပါစေတော့လို့လည်း မောင်တော်တော့ ဆုမွန်တောင်းလျက်ပဲ။

N.

*နှမတော် ပေးပို့လိုက်သော စာကို ရရှိပါပြီ။*





ထိုစာကို ရပြီးနောက် ၁၃ ရက် ကြာလတ်သော် နပိုလီယံထံမှ နောက်ထပ်၍ စာတစ်စောင် ရောက်လာပြန်၏။ ထိုစာမှာ နပိုလီယံသည် ရန်သူတို့အား လိုက်လံ နှိမ်နင်းရာ၌ အထူး အောင်မြင်ကြောင်း၊ စစ်တိုက်ရာဝယ် ပြင်သစ် စစ်သားများသာလျှင် ချီးမွမ်းလောက်သည် မဟုတ်၊ ပိုလန် စစ်သားများမှာလည်း အားတက်သရော ရှိလှ၍ စွမ်းရည်သတ္တိနှင့် ပြည့်စုံကြကြောင်း၊ မကြာမီ မာရီနှင့် တွေ့ဆုံ ပျော်မြူးနိုင်မည်ဟု မျှော်လင့်ကြောင်းတို့ ပါရှိလေသည်။

ထိုစာ ရေးပြီးသည့်နေ့ နောက်တစ်နေ့ နံနက်သုံးနာရီ အချိန်တွင် ဖရီလင် စစ်ပွဲကြီးကို အကြီးအကျယ် တိုက်ခိုက်ရာ ည ၁၀ နာရီခွဲ အချိန်တွင် စစ်ပွဲပြီးစီး၍ နပိုလီယံသည် ရန်သူတို့အား အပြတ်အသတ် နိုင်လိုက်ရကား ရုရှားဘုရင်နှင့် ပရပ်ရှားဘုရင်တို့သည် အရှုံးပေးကာ ငြိမ်းချမ်းရေးစကား ကမ်းလှမ်းကြကုန်၏။ ပိုလန်၏ ရန်သူဖြစ်သော ဤနှစ်ပြည်ထောင်သည် ထိုကဲ့သို့ အနှိမ်နင်း ခံလိုက်ရရာ ပိုလန်သည် မိမိအား နှိမ်နင်းနှိပ်စက်ခဲ့သော ရန်သူများ၏ "ဝိပါက်သက်ရောက်မှုကို" ကျေနပ်နေလေတော့၏။

ငြိမ်းချမ်းရေးစကား ကမ်းလှမ်းနေခိုက်တွင် နပိုလီယံသည် မာရီ့ထံသို့ မျှားမကြာမီ တွေ့ကြရတော့မည့် အကြောင်း၊ ငြိမ်းချမ်းရေးကိစ္စ ပြီးလျှင် မာရီအား တစ်နေရာရာ၌ တွေ့ဆုံရန် ချိန်းဆိုလိုက်မည့် အကြောင်းတို့ ပါသော စာတိုကလေးတစ်စောင် ရေးသားပေးပို့ လိုက်လေသည်။

ဝါဆောမြို့ တစ်မြို့လုံးသည် သောသောညံညံ ရှိလှသည်။ ဧကရာဇ် နပိုလီယံ စစ်အောင်၍ ပိုလန်ရန်သူကြီးများ စစ်ရှုံးကြောင်းကို သတင်းစာများတွင် အကြီးအကျယ် ဖော်ပြ၍ လူများသည်လည်း စုဝေးစုဝေး လုပ်ကာ ထိုအကြောင်းကို ပြောဆိုနေကြ၏။ မကြာမီပင် ငြိမ်းချမ်းရေး စီမံချက်များ ထွက်ပေါ်လာလေသည်။ ငြိမ်းချမ်းရေး စာချုပ်အရ ပြင်သစ်ပြည်၊ ရုရှားပြည်နှင့် ဂျာမနီပြည်တို့သည် မဟာမိတ် ဖြစ်သွားကြ၏။ ဥရောပတိုက်ကြီး တစ်တိုက်လုံးကို ပြုပြင်ဝေဖန်၍ စီမံလိုက်လေသည်။ ပြင်သစ်ပြည် လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံ နိုင်ငံများနှင့် နပိုလီယံ၏ ဆွေသားတစ်စုတို့ စိုးအုပ်သော တိုင်းနိုင်ငံများကို အများက အသိအမှတ် ပြုကြရသည်။ အင်္ဂလန် တစ်ပြည်တည်းသာလျှင် ဤငြိမ်းချမ်းရေးစံနစ် အတွင်းသို့ မဝင်လာ။

ပိုလန်ပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အလမ်းများ သာလာလေသည်။ ဝါဆောနယ်ကြီးတစ်နယ် တည်ထောင်ပေးထားလေသည်။ ဆက်ဆိုနီ ဘုရင်မင်းမြတ်အား ထိုနယ်ကြီးကို အပိုင်စား ပေးထား၏။ သို့သော် ထိုနယ်တွင် မိမိတို့ သဘောအရ အုပ်ချုပ်နိုင်ခွင့် ရရှိနေသဖြင့် ပိုလန်ပြည်ကြီးတစ်ပြည်လုံး၏ လွတ်လပ်ရေးကို ထိုပိုလန်ပြည်၏ အလယ်တည့်တည့်ကျသည့် နယ်ကြီးကို အုပ်ချုပ်ရာမှ စ၍ ရအောင် ယူနိုင်ပေလိမ့်မည်။ နပိုလီယံက ပိုလန် ပြည်သူပြည်သားများသည် လွတ်လပ်ရေးကို အရယူရန် ကြိုးစား အားထုတ်ရမည်ဟု ဖွင့်၍ ဆိုထား၏။ ယခုကဲ့သို့ လွတ်လပ်ရေးရရန် အခွင့်အရေးသာသည့် အချိန်မျိုး ရှေးက မရရှိခဲ့သေးချေ။

နပိုလီယံက ဤကဲ့သို့ အပတ်တကုတ် ကြိုးစားအားထုတ်၍ ပိုလန်အတွက် ဆောင်ရွက်သော်လည်း ဥရောပတိုက်ရှိ အခြားမင်းများကမူ ပိုလန်ကိစ္စကို ထည့်သွင်း စဉ်းစားလိုသည့် ဆန္ဒ မရှိကြချေ။ ပြင်သစ် အရာရှိကြီးများကလည်း ပိုလန်ကိစ္စကို ရေးကြီးခွင့်ကျယ် လုပ်ရန် မသင့်ကြောင်း၊ ထိုကိစ္စအတွက် နောင် အခက်အခဲ ကြီးစွာ တွေ့နိုင်မည် ဖြစ်ကြောင်း၊ ပိုလန်ပြည်တွင်း၌လည်း အရာရှိများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ညီညွတ်ခြင်း မရှိ၊ မာန်စောင်နေကြောင်း တို့ကို ဖျောင်းဖျ ပြောဆိုပါသော်လည်း နပိုလီယံကား အခြား နပိုလီယံ မဟုတ်၊ မာရီကို အသည်းစွဲချစ်သော နပိုလီယံ ဖြစ်ရကား မည်သို့ပင် ဖျောင်းဖျသော်လည်း အချည်းနှီးသာ ဖြစ်ရလေသည်။ ထိုကဲ့သို့ ကန့်ကွက်ခြင်း ရေအလျဉ်ကို တွန်းလှန်ပယ်ဖျက်၍ ပိုလန်ပြည်ကို ပြုပြင်ပေးသည့်အတွက် ပိုလန်ပြည် မျိုးချစ်အဖိုးတန် ပုဂ္ဂိုလ်ကြီးများက နပိုလီယံအား အထူးကျေးဇူး တင်ကြလေသည်။ ထိုပုဂ္ဂိုလ်များအနက်





ကျေးဇူးအတင်ဆုံး ပုဂ္ဂိုလ်ကား အခြားမဟုတ်၊ မာရီပင် ဖြစ်လေသည်။

ငြိမ်းချမ်းရေးကိစ္စ ပြီးသည့်နောက် နပိုလီယံသည် ပြင်သစ်ပြည်သို့ ပြန်လည်ကြွသွားကြောင်း မာရီ ကြားသိရ၏။ သူ့ကို ခေါ်နိုး ခေါ်နိုးနှင့် စောင့်နေပါသော်လည်း မခေါ်သေးချေ။ ဘာများ ဖြစ်နေပါလိမ့်မလဲ ဟု မာရီ တွေးတောပူပင်မိ၏။ သို့ ပူပင်ရသည့် အချိန်မှာ ကြာမြင့်ခြင်း မရှိသဖြင့် မာရီအဖို့ သက်သာပါသေးသည်။ ဩဂုတ်လ ၁၅ ရက်နေ့ နံနက်တွင် တမန်တော်တစ်ဦး ရောက်လာကာ မာရီ ဘုရားရှိခိုးကျောင်းမှ အပြန်တွင် နပိုလီယံထံမှ သဝဏ်လွှာတစ်စောင်နှင့် အထုပ်ငယ်တစ်ထုပ် ပေးဆက်သွားလေ၏။

မာရီ....ချစ်နှမ။

ကိုယ့်တိုင်းပြည်ကို ချစ်တတ်တဲ့ နှမတော်မှာ မောင်တော်ဘုရား ပြင်သစ်ပြည်ကြီးကို ပြန်ရောက်တော့ ဘယ်လောက် ပျော်မယ် ဆိုတာ သိနိုင်မှာပဲ။ ဒါပေမဲ့ မောင်တော်မှာ နှမတော်နှင့် ဝေးနေလို့ ပျော်ရသည်မှာလည်း အားမရ၊ ဆားကင်းတဲ့ ဟင်းလိုပေါ့ပျက်ပျက်ကြီး ဖြစ်နေပါတယ်။ နှမတော်ကို မောင်တော် အမြဲသတိရပါတယ်။ နှမတော့်နာမည်ဟာ မောင်တော့်နှုတ်ခမ်းဖျားမှာ ဝဲကာ ဝဲကာ နေပါတယ်။ မောင်တော်ရဲ့ မွေးနေ့တုန်းက နှမတော်ကိုးကွယ်ဆည်းကပ်တဲ့ ရဟန္တာအရှင်ကို မောင်တော် ရည်စူး ဆည်းကပ် ပြီးပါပြီ။ မောင်တော် ဤစာကို ရေးရခြင်းမှာ နှမတော်အတွက် လက်ဆောင်များနှင့် မောင်တော်၏ ရုပ်ပုံတို့ကို ပေးပို့လို၍ ဖြစ်ပါတယ်။

မာရီရယ်....မောင်တော်တော့ နှမတော်ကို သိပ်လွမ်းတာပဲကွယ်။ နှမတော်နဲ့ တွေ့ဆုံနိုင်မယ့် နေ့ကိုသာ မောင်တော်စိတ်စောနေမိတာပဲ။ အခုတော့ စောင့်ဦးတော့ကွယ်။ ဒါပေမဲ့ မောင်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါနော်။ မောင်တော်ရဲ့ အချစ်ဟာ နှမတော်အပေါ်မှာ ဘယ်အခါမှ သွေဖည်လျော့ကျမယ် မဟုတ်ပါဘူး။

နှမတော်၏ ချစ်သူ....N.

မာရီသည် အထုပ်ကို ဖြေ၍ ကြည့်လိုက်ရာ စိန်လက်ကောက်တစ်ရန် ထွက်လာလေ၏။ နပိုလီယံ၏ ရုပ်ပုံမှာ တံဆိပ်ကလေးကဲ့သို့ ပြုလုပ်ထားရာ မာရီ ည် ချက်ချင်းပင် ယူ၍ သူ့ရင်တွင် တွယ်ထားလိုက်လေ၏။ မာရီသည် ်သို့ ချစ်သူက အမှတ်တရ ပေးလိုက်သည့်အတွက် ဝမ်းသာအားရ ဖြစ်နေ သ၏။

မာရီသည် သူ့အိမ်၌ နေစဉ် မိတ်ဆွေများထံ အလည်အပတ် သွား ၏။ မိတ်ဆွေများ အလည်အပတ် လာလျှင်လည်း ဧည့်ခံကျွေးမွေး၏။ ဤသို့လျှင် ပျင်းရိဖွယ်ကောင်းသော အချိန်များကို ကုန်လွန်စေ၍ သို့နှင့် နှစ်ကုန်ချိန်သို့ တိုင်လေသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် တူရင်မြို့မှ ပေးပို့လိုက်သော နပိုလီယံ၏ စာကို ရရှိလေသည်။

မာရီ....ချစ်နှမ။

ဒီစာကို နှမထံ နှစ်ဆန်းတစ်ရက်နေ့ ရောက်အောင် ပို့လိုက်တယ်။ နှစ်သစ်ကူး နှုတ်ဆက်တဲ့ အနေပေါ့။ မောင်တော်ဘုရား ပဲရစ်မြို့တော်ကို ဒီ နှစ်ဆန်းတစ်ရက်နေ့ ရောက်အောင် သွားမယ် ကြံစည်ထားတယ်။ နှမတော် ပဲရစ်မြို့တော်ကို လာပြီး မောင်တော်နှင့် တွေ့ဆုံမယ် မဟုတ်လား။ နှမတော်၏ အစ်ကိုကြီးလည်း ပဲရစ်မှာ ရှိလိမ့်မယ်။ အပြန်တော့ သူနဲ့ ပြန်တာပေါ့။ အခုဆိုတော့ စစ်ဖြစ်ဖို့ကိန်း မရှိတော့ပါဘူး။ စိတ်ပူပင်စရာ မရှိတော့ပါဘူးကွယ်။ မောင်တော်နှင့် တွေ့ဆုံဖို့ အရေးကို တွေးပြီး ပျော်ပါတော့။

ချစ်သူ....N.

## အခန်း [ ၁၇ ]

၁၈၀၈ ခုနှစ် ဇန်နဝါရီလတွင် ပဲရစ်မြို့သည် လူမျိုးစုံ ကျက်စားရာ ဖြစ်နေတော့သည်။ စစ်ကြီးလည်း ပြီးလေပြီ။ ငြိမ်းချမ်းရေးကိုလည်း ရလေပြီ။ အရောင်းအဝယ် ဖွံ့ဖြိုးနေလေပြီ။ ပဲရစ်မြို့တော်သည် အံ့မခန်း ဆန်းကြယ်လှသော အဆောက်အအုံများ၊ ကြီးကျယ် ခမ်းနားသော ဆိုင်ကနားများနှင့် စည်ကားလှ၏။ အရပ်ရပ် အပြည်ပြည်မှ လာကြသော လူအမျိုးမျိုးတို့သည် ပဲရစ်မြို့သို့ ပျော်ရွှင်ခြင်း၏ အရသာကို ခံစားရန် လာကြကုန်၏။

အရပ်ရပ် အပြည်ပြည်မှ လူအမျိုးမျိုး လာကြသည် ဆိုရာ၌ ရုရှား၊ ရောမ၊ မြောက်ပိုင်းသားများ ဖြစ်ကြသော နော်ဝေ၊ ဆွီဒင် ပြည်သားများနှင့် အချို့ အင်္ဂလိပ်များပင်လျှင် လာရောက်ကြလေသည်။ ပဲရစ်မြို့သို့ လာရောက်ကြသော ဧည့်သည်များ ပေါများရကား ဟိုတယ်များ၊ ဧည့်ခန်းများသည် ပြည့်လျှံနေသဖြင့် အချို့မှာ အခန်း မရသည့်အတွက် အကြီးအကျယ် အခက်ကြုံရလေသည်။

မာရီသည် အဆောင်ကိုင်ကြီး ဒူးရော့၊ လက်စွဲတော် မာရီရှား၊ မာရီ၏ အစ်ကိုတို့နှင့်တကွ ပဲရစ်မြို့သို့ ရောက်လာလေ၏။ လူ များလွန်း၍ သူ စိတ်ညစ်မည် စိုးလှသဖြင့် နပိုလီယံက အကြိုတော် ရောက်စေလေသည်။

မာရီသည် သူ အမြဲ တမ်းတ စွဲလမ်းနေသော ပဲရစ်မြို့တော်ကြီးသို့ ယခု ရောက်ရလေပြီ။ ပဲရစ်မြို့တော်ကြီးသို့ သူ ရောက်လိုသည်မှာ ကြာလှလေပြီ။ သူ့သက်ကျားအိုကြီးက ပဲရစ်မြို့တော်သို့ ခေါ်သွားသည် မရှိခဲ့။

မာရီသည် ပဲရစ်မြို့ကို ဘယ်တော့မှ မမေ့နိုင်တော့ချေ။

မာရီသည် နပိုလီယံအား နန်းတော်တွင်းသို့ ဝင်၍ မတွေ့ဆုံသို့။ တွေ့ဆုံရန် မသင့်လျော်ကြောင်းကိုလည်း သိလေသည်။ သူသည် နပိုလီယံ၏ ရင်ခွင်တွင်းသို့ ဝင်ရောက် ခိုလှုံပြီးငြားလည်း နပိုလီယံ၏ နန်းတော်တွင် "အချစ်တော်" အဖြစ်ဖြင့် နေလိုသောဆန္ဒ လုံးဝ မရှိချေ။ သူသည် တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားရေးအတွက် စွန့်လိုက်လေပြီ။ ထိုသို့ စွန့်လိုက်သဖြင့်လည်း တိုင်းပြည်သည် ကောင်းစားသင့်သလောက် ကောင်းစားလာလေပြီ။ မာရီသည် မထင်မရှား ဘဝနှင့် နေ၍ နပိုလီယံအား ပိုလန်ပြည် အရေးအတွက် ဆောင်ရွက်အောင် တိုက်တွန်းနှိုးဆော်လိုသည်။ ထင်ထင်ပေါ်ပေါ် နန်းတော်သူ တစ်ဦး၏ အဖြစ်ကို မခံယူလို။ ဤသို့ ပြုမူခြင်းသည် မာရီ၏ အမြော်အမြင် ကြီးပုံကို ထင်ရှားစေလေသည်။ ယခုကဲ့သို့ မထင်မရှားနေ၍ ပိုလန်ပြည် အကြောင်းကို ဆွေးနွေးတိုက်တွန်းရခြင်းသည် ပိုမို၍ ခရီးရောက်နိုင်လေလိမ့်မည်။ မာရီသည် ပဲရစ်မြို့တော် မျက်နှာကြီးပိုင်း၌ သူ၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာနှင့် ချောမောလှပခြင်းတို့ဖြင့် နာမည်ကြီးစေလေသည်။

နပိုလီယံသည် မာရီအား အိမ်တစ်ဆောင် ဝယ်ပေးလိုက်၏။ မာရီကို အိမ်တစ်ဆောင်တွင် ထား၍ သူ သွားလိုလျှင် သွား၊ လာလိုလျှင် လာချင်လှသည်။ "ဒူဟောဆေး"လမ်းရှိ အိမ်တစ်အိမ်သည် "ရောင်းရန်" ဟူသော ဆိုင်းဘုတ်ကပ်လျက် ရှိသည်။ ထိုအိမ်မှာ နန်းတော်နှင့် မနီးမဝေး ဖြစ်သဖြင့် သူသည် လူသူမမြင်အောင် သွားနိုင် လာနိုင်ပေမည်။

နပိုလီယံ၏ အချစ်သည် မာရီအပေါ်တွင် တဖြည်းဖြည်း ကြီးသည်ထက် ကြီးမားလာရကား မာရီက အချစ်ကို တုံ့ပြန်လိုက်သောကြောင့် နပိုလီယံသည် ရှေးကကဲ့သို့ အနေအထိုင် အသွားအလာကို မဆင်ခြင်တော့ချေ။ တစ်ခါတစ်ရံ မာရီ၌ ဧည့်သည်များ ရှိနေစဉ်မှာပဲ ရောက်လာ၏။ မာရီအား ဤသို့ အမူးအရူး ချစ်ခင်ခြင်းကို ဇာတ်မသိသော ပဲရစ်မြို့ မျက်နှာကြီး အချို့တို့က အံ့သြကြကုန်၏။ မာရီသည် အလွန်ထူးဆန်းသော မိန်းကလေး ဖြစ်သည်။ သူ့အမူအရာသည် နွဲ့နှောင်းသည်ဟုလည်း မဆိုသာ၊ ကြမ်းတမ်းသည်ဟုလည်း မဆိုနိုင်။ သူသည် အသက်နှင့်မလိုက် အလိမ္မာ အဆင်ခြင်ကြီးလှသည်။ ပဲရစ် မြို့သူမြို့သားတို့ အဖို့ အံ့သြဖွယ် ဖြစ်သော်လည်း အကြောင်းသိ နပိုလီယံမှာမူ မာရီ့အကြောင်းကို ကောင်းစွာ သိရှိလေသည်။





ထိုကြောင့်ပင် နပိုလီယံသည် မာရီအား ထူးကဲစွာ ချစ်ခင်၏။ သူသည် မိန်းမ အမျိုးမျိုးကို အမျိုးမျိုး ချစ်ခဲ့ဖူးသည်။ သို့သော် မည်သည့် မိန်းမကိုမျှ သူ ဤမျှလောက် မချစ်ဖူးချေ။ မည်သူ့အတွက်မျှ မာရီအတွက်လောက် အကျိုး မဆောင်ဖူးချေ။

ဤမျှလောက် ချစ်ကြည်နူးသောကြောင့်ပင် နပိုလီယံသည် မာရီ၏ နေအိမ်သို့ မကြာခဏ လာရောက်၍ အိမ်ထောင်မှုစည်းစိမ်တည်း ဟူသော မယား၏ အယုအယ အပြုအစု ဖြစ်သည့် နေလယ်စာကို မျက်နှာချင်းဆိုင် စားသောက်ခြင်း၊ စကားစမြည် ပြောခြင်း၊ မိမိ ဖတ်ပြီးသော စာအုပ် အကြောင်းကို မာရီနှင့် ပြောဆို ဆွေးနွေးခြင်း၊ အိမ်တွင် ပြင်ဆင်ထားသည့် အခန်းအနားများကို မာရီအား မည်သို့မည်ပုံ ပြုပြင်ဆင်ယင်ရန် ပြောဆိုခြင်း၊ မာရီ ကြိုက်တတ်သည့် အဝတ်အထည်များကို ရံဖန်ရံခါ ဝယ်လာခြင်း အမှုတို့ကို ပြုလေသည်။

တစ်ခါတစ်ရံ ညကာလ၏ နပျိုချိန်၌ သူသည် လောင်းကုတ်အင်္ကျီကြီးကို ဝတ်ကာ ရုပ်ဖျက်ပြီးလျှင် မာရီနှင့်အတူ ပဲရစ်မြို့ လူစည်ကားသော လမ်းများတစ်လျှောက်ကို နောက်တွင် ပုလိပ်တစ်ယောက် အမြဲခါကာ လျှောက်လေ့ရှိ၏။ မာရီအား ပဲရစ်မြို့ကြီးရှိ အဆောက်အအုံများ အကြောင်းကို လမ်းလျှောက်ရင်း ပြောပြလေ၏။

တစ်ခါတစ်ရံလည်း ချစ်သူနှစ်ဦးသည် မှောင်စပြုချိန်၌ ပန်းခြံကြီး အတွင်း ချောင်ခပ်ကျကျ နေရာတွင် တန်းလျားကလေး အပေါ်၌ ထိုင်နေကြလေ၏။ အမှောင်ဓာတ်သည် တဖြည်းဖြည်း ချဉ်းနင်း ဝင်ရောက်လာ၍ နပိုလီယံသည် ရန်သူတို့ကို နိုင်ဘိသည့်အလား အလင်းရောင်များကို အုပ်လွှမ်းလိုက်၏။ သူ့အာဏာစက်အောက် ရောက်ရသော အရာဝတ္ထုနှင့် သတ္တဝါတို့သည် သဏ္ဌာန် အနေအထားများ ခွဲခြားခြင်း မရှိ။ အလုံးစုံ ပေါင်းစပ်၍ တစ်ဦးမှတစ်ဦး ခွဲခြား၍ မမြင်နိုင်သကဲ့သို့ ဖြစ်လာကြကုန်၏။ ထိုအခါ ချစ်သူများ၏ အဖိုးတန်သော အခါ ဖြစ်လေသည်။ ထိုအခါ၌ကား သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



တရားသည် ချစ်သူတို့၏ နှုတ်မှ ထွက်ပေါ်လာသော "ချစ်လိုက်တာ....ချစ်ပါတယ်" ဆိုသည့် အချစ်သံများကို ရှေးကလည်း ကြားရ၊ ယခုလည်း ကြားရသဖြင့် မိမိကဲ့သို့ ထာဝစဉ် တရားကြီးကို ကြားနာရန် သဘောတူကာ ကြားနာနေလေ၏။

နပိုလီယံသည် မာရီအား ဆို၏။

'မာရီ....ငါ မင်းကို ပထမ စစ်ပွဲတွေကို တိုက်ရတုန်းကများ တွေ့လိုက်ရင် သိပ်ကောင်းမှာပဲနော်၊ အဲဒီလိုသာ ဆိုရင် ငါ စစ်တိုက်ပြီးလို့ ည စစ်တပ်စခန်းမှာ မောမောပန်းပန်းနဲ့ အိပ်မယ်ကြံရင် မင်းရဲ့ မျက်နှာကလေးကို မျက်စိထဲမှာ မြင်ပြီး အိပ်လိုက်ရမှာမို့ သိပ်အရသာ ထူးမှာပဲ။ တဒုန်းဒုန်း တဝုန်းဝုန်း ပစ်ခတ်နေတဲ့ အမြောက်ကြီးက ထွက်တဲ့ မီးခိုးတွေကြားမှာ မင်းရုပ်ပုံကလေးကို ငါ့မျက်စိ အလိုအားဖြင့် မြင်လိုက်ရရင် ငါ အခုထက်ပဲ ပိုမိုရဲရင့် လာမှာပဲနော်။ ငါ....အဲဒီလိုသာ ဆိုရင် မင်းကလေးကို ရည်စူးပြီး စစ်တိုက်မှာပေါ့။ နိုင်ခဲ့ အောင်ခဲ့သမျှ အောင်ပန်းခိုင်တွေကို မင်းရင်ခွင်ထဲ အပ်လိုက်မှာပဲကွယ်'

'ဟုတ်တာပေါ့ မောင်ရယ်၊ ကျွန်မလည်း မောင်ရဲ့အချစ်ကို စောစောရအောင် အသက်ကြီးပေးလိုက်ရင် ကောင်းမှာပဲလို့ တွေးမိတယ်။ အခု စစ်တိုက်တာတွေ ကြည့်တော့ မောင့်ကို စစ်အတိုက်မခိုင်းရက်ပါဘူး.... မောင်ရယ်'

'အိုကွယ် မာရီကလည်း....မင်း ငါ့တိုင်းပြည်ကြီးက ငါ့ကို အမှုတော်ထမ်းရမယ် ဆိုတဲ့ ဝတ္တရားပေးတာကို မင်းက ငြင်းပယ်စေချင်သလား'

'အို....ဒီလိုလည်း မဟုတ်ပါဘူးလေ။ ကဲ....ကဲ....ဖြစ်တာမှ မဟုတ်တဲ့ ဟာတွေကို ဖြစ်ရင် ဘယ်လိုပဲ၊ ဘယ်ညာပဲလို့ တွေးနေရင် စိတ်မကောင်းစရာတွေ ပေါ်နေပါဦးမယ်'

ချစ်သူသည် မိမိ၏ အသည်းစွဲကလေးနှင့် ငြင်းခုံခြင်း အထူးမပြုလိုသည်မှာ ဓမ္မတာတရားပင် ဖြစ်၏။ နပိုလီယံသည် မာရီက စကားကို ဖြတ်လိုက်သည့်အတွက် ကျေးဇူးတင်မိလေ၏။





'အေး....အေး....မင်းပြောတာ မှန်တယ်၊ နို့မို့ရင် တို့တစ်တွေ အဓိပ္ပာယ်မရှိ စိတ်ညစ်နေရဦးမယ်'

ဤသို့ ချစ်သူနှစ်ဦးသည် ပွင့်လင်းစွာ မပျော်မြူးကြရသော်လည်း တိတ်တိတ်ပုန်း အချစ်အရသာကို ခံစားကြရ၏။ မာရီသည် ဤအချိန်အခါများ၌ အတော်ပင် စိတ်ကြည်လင်၏။ သို့သော် သူ့အား နပိုလီယံ၏ နန်းတော်၊ နပိုလီယံ၏ စာကြည့်ခန်းသို့ တစ်ညဉ့် ခေါ်ဆောင်သွားသလောက် တစ်ခါမျှ စိတ်မကြည်နူးဖူးချေ။

နပိုလီယံ၏ စာကြည့်ခန်းသည် အလုပ်ခန်း ဖြစ်၏။ ထိုအခန်းတွင် စာရွက်များ၊ မြေပုံများ ကြမ်းပေါ်တွင် ဖွေးနေအောင် ကြဲဖြန့်ထားသည်ကို တွေ့ရ၏။ မာရီသည် ထိုစာရွက်များကို မျက်စိရှင်ရှင်နှင့် ကြည့်ပြီးလျှင် သူ၏ အသည်းစွဲဖြစ်သော ပိုလန်ပြည် လွတ်လပ်ရေးကိစ္စကို နပိုလီယံအား စ၍ ပြော၏။ သူသည် နပိုလီယံအား တိုင်းပြည်အတွက် ချစ်ခဲ့ရသည်။ တိုင်းပြည်သည် သူ၏ အချစ်ဆုံး ချစ်သူ ဖြစ်ရကား နပိုလီယံနှင့်အတူ ချစ်ရေယဉ်ကြောဝယ် မျောနေငြားလည်း တိုင်းပြည်ကို မမေ့၊ တိုင်းပြည်အကြောင်းကို အခွင့်သာတိုင်း ပြောရှာ၏။

နပိုလီယံသည် စိတ် အလျှည့်သင့်သည့် အခါ၌ကား ပိုလန်ပြည်အကြောင်းကို စုံလင်ကျနစွာ ပြောပြ၏။ ပိုလန် ပြည်သူပြည်သားတို့၏ ထုံးစံကလေး ဖြစ်သော လက်ကို နမ်း၍ နှုတ်ဆက်ခြင်းကို ပိုလန်ပြည်အကြောင်း ပြောတိုင်း သတိရလာသဖြင့် မာရီ၏ ဖြူဖွေးနုးညံ့သော လက်ကလေးကို သူ့လက်ဖြင့် ဆုပ်ကိုင်ကာ သူ့နှုတ်ခမ်းနှင့် ထိလိုက်လေ၏။ မာရီသည် ထိုအခါများ၌ နပိုလီယံ၏ စိတ်ထဲတွင် အလွန် နုနယ်ငယ်ရွယ်သော ပိုလန်သူကလေး ဖြစ်နေလေ၏။ ဝါဆောမြို့သို့ ဝင်ခါနီးတွင်ရထားပေါ်သို့ အတင်း တက်လာပြီးလျှင် ပိုလန်ပြည်အကြောင်းကို ပြောသော မိန်းကလေး ဖြစ်လာပြန်၏။

မာရီသည် ပဲရစ်မြို့တော်တွင် နပိုလီယံနှင့် ကျူပျော်ပျော် နေရသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာကား တာမရှည်လှချေ။ စပိန်ပြည်အရေး ပေါ်ပေါက်လာသဖြင့် နပိုလီယံသည် ပဲရစ်မြို့တော်မှ ဧပြီလ ၂ ရက်နေ့တွင် ဧကရီဘုရင်မကြီး စောင့်ဆိုင်းနေရာ ဘော်ဒိုးမြို့သို့ ထွက်တော်မူရလေသည်။ မာရီမှာကား ပဲရစ်မြို့တော်တွင် ကျန်ရစ်ခဲ့လေ၏။

## အခန်း [ ၁၈ ]

နပိုလီယံသည် စပိန်ပြည် စစ်ပွဲကို အတန်ကြာ တိုက်ခိုက်ရ၏။ မာရီသည် နပိုလီယံ မရှိခိုက် ပဲရစ်မြို့တော်တွင် အားရအောင် လည်ပတ်နေလေ၏။ နွေဦးပေါက် အချိန်တွင် မာရီသည် ပဲရစ်မြို့တော်မှ ဝါဆောမြို့တော်သို့ ပြန်လေ၏။ နပိုလီယံနှင့် ဝေးနေသဖြင့် ပိုလန် လွတ်လပ်ရေးကိစ္စမှာ နပိုလီယံ တွင် အေးနေမည် စိုးရကား မာရီသည် နပိုလီယံအား စာရှည်ကြီးများ ပေးပို့၍ သတိပေးနေ၏။ နပိုလီယံကလည်း ပေးလိုက်သော စာများကို ရရှိ၍ ပိုလန်ကိစ္စကို အထူး စဉ်းစားနေကြောင်း၊ ယခုအခါ အခြားကိစ္စများ ထွေနေသဖြင့် ပိုလန်ကိစ္စကို ရပ်ဆိုင်းထားရကြောင်းနှင့် မိမိမှာ အမြဲပင် သွားလာနေရသဖြင့် စာ ခဏ ခဏ မရေးရကြောင်း၊ မာရီကလည်း စာ ခဏ ခဏ မရေးသည်မှာ အထူးပင် အလိုက်သိတတ်ရာ ကျကြောင်းတို့ကို ပြန်ကြားလေ၏။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြင်သစ်တို့သည် ပိုလန်စစ်သားများ၏ အကူအညီဖြင့် စစ်ပွဲအောင်လေ၏။ ထိုအခွင့်အရေးကို မာရီသည် လက်မလွှတ်စေဘဲ နပိုလီယံထံသို့ စစ်ပွဲ အောင်မြင်သည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ရောနှော၍ ဝါဆောနယ်တွင် ပြင်သစ်ဥပဒေများ အသုံးပြုရာ တိုင်းသူပြည်သားတို့ မနှစ်သက်သဖြင့် အစစ အရာရာတွင် ချောချော မောမော မရှိကြောင်းတို့ကို ရေးသားလိုက်လေသည်။

နပိုလီယံက မာရီအား ပိုလန်ပြည်အတွက် အထူးပူပင်ရန် မသင့်





ကြောင်း၊ ပြင်သစ်ဥပဒေမှာ ပထမ၌ မကိုက်ကြားသော်လည်း အတန်ကြာလျှင် အသား သေသွားနိုင်ကြောင်း၊ ပိုလန်စစ်သားများ ကူညီခြင်းဖြင့် စစ်ပွဲအောင် မြင် ရသောကြောင့် မာရီသည် ပိုလန်စစ်သားများအတွက် ဂုဏ်ယူသင့် ကြောင်း၊ ပိုလန်ပြည် တစ်ပြည်လုံးက ဂုဏ်ယူသင့်ကြောင်း၊ မကြာမီ ပဲရစ် မြို့တော်သို့ နပိုလီယံ ပြန်ရောက်မည် ဖြစ်ကြောင်း၊ ရောက်လျှင် မာရီအား ခေါ်ယူမည် ဟူသော ကတိကိုလည်း ပေးလိုက်လေ၏။

မတ်လ၌ ပိုလန်ပြည်သည် အထူးတလည် ပျော်ရွှင်ဖွယ်ရာ ကောင်း သော အရပ်ဒေသ ဖြစ်နေလေ၏။ ရာသီဥတု သာယာသည်ကို အပထားကာ ပြည်သူပြည်သားတို့သည် လွတ်လပ်သော တိုင်းပြည်အဖြစ်ဖြင့် ပိုလန်ပြည် အုပ်ချုပ်ရေးအဖွဲ့ကို တည်ထောင်သော အခိုက်အခါ ဖြစ်လေသည်။ ဝမ်းနည်း ရမည် ဆိုလျှင် အလွန် ဝမ်းနည်းတတ်၍၊ ဝမ်းသာရမည် ဆိုလျှင် အလွန် အကြူး ဝမ်းသာတတ်သော ပိုလန် ပြည်သူပြည်သားတို့သည် လွတ်လပ်ရေး ၏ နေရောင်ခြည်အောက်တွင် ရွှင်ကြည် ပျော်မြူးစွာ ကကြ ခုန်ကြ၊ မြူးရွှင် ကြနှင့် နေလေ၏။ ထိုမင်္ဂလာရှိသော အချိန်၌ အထူး နှစ်ထောင်းအားရဖွယ် ကောင်းသော သတင်းတစ်ရပ်သည် ပန်းရန့်ကဲ့သို့ တလူလူ လွင့်ပါးလာလေ ၏။ ထိုသတင်းကား ဩစတြီးယားသည် ပြင်သစ်ကို တိုက်ရန် ပြင်ဆင်နေ သော သတင်းပင် ဖြစ်၏။ ဩစတြီးယားသည် ပြင်သစ်ကိုတိုက်လျှင် ရှုံးမည် မှာ မြေကြီးလက်ခတ် မလွဲတည်း။ ဩစတြီးယား ရှုံးလျှင် ပိုလန်သည် တစ်စိတ်တစ်ဒေသ ထပ်မံ၍ လွတ်လပ်လိမ့်ဦးမည်၊ ပိုလန်ပြည်ကြီးသည် ဖွံ့ဖြိုးပေလိမ့်မည်မှာ မလွဲတည်း။

မာရီသည် လူစုလူဝေးကို အလွန်မုန်းတီးသဖြင့် ရှောင်နိုင်သမျှ ရှောင် ခဲ့၏။ သို့သော် ယခု ပွဲတော်ကြီးကိုကား သူ ရှောင်ဖယ်၍ မရချေ။ သူ့အား နေရာတကာက ဖိတ်မန္တက ပြုကြ၏။ ကပွဲ၌လည်း မာရီ ရောက်ရသည်။ ပျော်ပွဲ၌လည်း မာရီ ပါရသည်။ မီးများ ထိန်ထိန်ဝေနေသော လမ်းမကြီး တစ်လျှောက်၌လည်း မာရီ့ကို မြင်တွေ့ရသည်။ မာရီ့ကို မြင်သူတိုင်းပင် သူ့အား ကြည်ညိုလေးစားသော မျက်လုံးများဖြင့် ကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရယ်လွန် အငိုလွယ်သော ပိုလန် ပြည်သူပြည်သားတို့အဖို့ ပျော်ပွဲကြီးကို ကြာရှည်စွာ ခံနေ၍ မဖြစ်တော့ချေ။ သူတို့ ဝမ်းမြောက်ဝမ်းသာ မြှော်လင့်ခဲ့သော ဩစတြီးယား စစ်ကြေညာချိန်သည် ရောက်လာလေ၏။ လာလျှင်ပင် အတော်ထိတ်လန့်စေ၍ ရယ်နေသော မျက်နှာကို မဲ့စေလေပြီ။ နပိုလီယံသည် ဩစတြီးယားနှင့် ရန်သတ္တရု မပြုလိုသည်မှာ အရေးမလှမည်ကို တွေးမြင်မိ၍လောဟု စဉ်းစားဖွယ်ရာ ဖြစ်လာ၏။ ဩစတြီးယား စစ်သားတို့သည် ဝါဆောနယ် အတွင်းသို့ ချဉ်းနင်းဝင်ရောက် လာကြကုန်ပြီ။ ပွန်နီယားတိုးစကီးသည် ကြိုးကြိုးစားစား ခုခံရှာ၏။ သို့သော် အားချင်း မမျှသဖြင့် လွတ်လပ်ရေး အရသာကို တစ်တို့စာမျှ မြည်းရဖူးသော ဝါဆောမြို့တော်နှင့် ဝါဆောနယ်မှာ ရန်သူတို့၏ လက်သို့ ရောက်ရလေတော့သည်။

မာရီနှင့်တကွ အိမ်သားတစ်စုတို့မှာ “သွန်း” ဆိုသည့် မြို့ကလေးသို့ ထွက်ပြေးကြရလေ၏။ အစိုးရအဖွဲ့လည်း ထိုမြို့ကလေး၌ပင် ခေတ္တ စတည်းချနေရ၏။ မာရီသည် စိတ်အလွန်ညစ်ရကား ပွန်နီယားတိုးစကီး ရှိရာသို့ တိုင်းရေးပြည်ရေး ဆွေးနွေးရန် သွားလေ၏။ ပွန်နီယားတိုးစကီးသည်လည်း သူ့စစ်တပ် အကြွင်းအကျန် လူစုကလေးနှင့် ဗစ်တူလာ မြစ်ကမ်းတွင် နားနေလေ၏။ သူ့စစ်တပ်ကလေးသည်လည်း အသုံးမကျသည့် အဖြစ်သို့ လျှောကျနေလေပြီ။ စစ်သားများမှာလည်း စိတ်အားငယ်နေကြ၏။ မာရီသည် ထိုအခြင်းအရာတို့ကို မြင်လတ်သော် အထူး စိတ်ပျက်၍ ဒေါသဖြစ်နေလေ၏။

မာရီသည် ပွန်နီယားတိုးစကီးအား တိုတိုတောင်းတောင်း ပြောလေ၏။

‘အင်း....အခု ကျွန်မတို့တော့ ခွေးဖြစ်ကြပြီပေါ့နော်။ ဩစတြီးယားက ကျွန်မတို့ကို သတ်တာပဲ။ ကျွန်မတို့ရဲ့ လွတ်လပ်ရေး၊ ငွေကြေးဘဏ္ဍာတွေ ကျွန်မတို့ သိပ်သုံးတတ်တာပဲ’

ပွန်နီယားတိုးစကီးသည် မာရီ၏ ဒေါသသံကို အံ့အားသင့်သွားကာ–





‘ကျုပ်တို့ရဲ့ဂုဏ်တော့ မပျက်ပါဘူး’

ဟု ပြောလေ၏။

‘အင်း....ဂုဏ်....ဂုဏ် မပျက်ပါဘူး။ တယ်တော်တဲ့ စကားပဲ၊ အမြဲတမ်း သုံးတဲ့ လက်သုံးစကားကလေးပေါ့၊ ဟုတ်လား....မင်းသားကြီးရဲ့။ တတ်အားသမျှ ရဲရဲဝံ့ဝံ့ကြီး တိုက်ပါလျက်နှင့် ရန်သူက အင်အားကြီးတာနဲ့ ရှုံးရတာပေါ့၊ တယ်ကောင်းတဲ့ ဂုဏ်ပါပဲလား မင်းသားကြီးတို့ရဲ့။ ကျွန်မ ဧကရာဇ်မင်းကို ဘယ်လို လျှောက်တင်ရမှာတုံး။ ပိုလန်ပြည် လွတ်လပ်ရေး ပေးဖို့ အပူတပြင်း တောင်းစဉ်က သူက ပြောတယ်၊ ပိုလန်ကို လွတ်လပ်ရေး ပေးလိုက်ရင် မှားလိမ့်မယ်၊ နောင်မှ သူ နောင်တရလိမ့်မယ်လို့ ပြစ်ပြစ်ခါခါ ပြောခဲ့တယ်။ ဒါကို ကျွန်မက ပိုလန်ပြည်အကြောင်း ဂုဏ်တင်ပြောလိုက်ရတာ အမောပဲ။ အခုတော့ ဂုဏ်တင်ခဲ့သမျှဟာတွေ အလကား ဖြစ်ကုန်တော့တာပေါ့။ ဧကရာဇ်မင်း အမိန့်ရှိခဲ့တာ မှန်တာပေါ့’

ပွန်နီယားတိုးစကီးသည် စစ်ရှုံး၍ စိတ်ညစ်နေရသည့် အထဲတွင် မာရီက လာ၍ ကြိမ်းမောင်းနေသဖြင့် စိတ်တိုကာ–

‘အို....ဒီလိုဆို ဧကရာဇ်ဆီကို မသွားနဲ့ပေါ့၊ ဒါ ရှိတာပဲ’

ဟု ပြောလိုက်လေ၏။

မာရီသည် ဒေါသဖြစ်လွန်းအားကြီး၍ မျက်နှာ၌ သွေးရောင်ကင်းလာ၏။ မျက်နှာနီလာသော ဒေါသမျိုးထက် ကြီးသော ဒေါသဖြစ်၍ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လာလေ၏။ သူသည် ပွန်နီယားတိုးစကီးကို သတ်ပစ်လိုက်ချင်၏။ သို့သော် အနိုင်နိုင် ချုပ်တည်းထားရလေ၏။ ထိုသို့ ချုပ်တည်းရင်းပင် အနီးရှိ ကုလားထိုင်ကို နောက်သို့ တွန်းလှဲလိုက်၏။ ဒေါသသည် တစ်ခုခုကို လုပ်ကိုင်ရသဖြင့် ကျေနပ်သလိုလို ဖြစ်သွားကာ မျက်နှာမှ ခေတ္တထွက်ခွာနေသော သွေးရောင်တို့သည် ပြန်ရောက်လာလေ၏။ မာရီသည် ဒေါသကို နိုင်နင်းသွားလေ၏။ ပွန်နီယားတိုးစကီး အဖို့မှာကား တုန်လှုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ မာရီ တွန်းလိုက်သော ကုလားထိုင်ကို ပြန်၍ ထောင်ထား၏။ မာရီသည် ဒေါသမဖြစ်သကဲ့သို့ ဟန်ဆောင်ကာ ပြောလေ၏။

'ကျွန်မတော့ ထင်တာပဲ၊ ဧကရာဇ်မင်းမြတ်က ကျွန်မတို့တစ်တွေ စစ်ရှုံးသံ ကြားရင် ကျွန်မကို ခေါ်မှာပဲ။ အဲဒါ ကျွန်မ သူ့ရဲ့ "ပိုလန်သူမယား" အဖြစ်နဲ့ သူ ခေါ်တာကို မငြင်းမဆန်ဘဲ သွားရမလား....။ ပြီးတော့ သူ့ဆီရောက်တော့ ဘယ်လို ပြောရမှာလဲ၊ ပြောစမ်းပါ....မင်းသားကြီးရယ်'

'အို....သူက မင်းကိုခေါ်လို့ သွားရရင် ပြောလိုက်တာပေါ့'

'ဘယ်လို ပြောလိုက်ရမှာလဲ'

'ပိုလန်ပြည် ကိစ္စဟာ ပိုလန် ပြည်သူပြည်သားတို့ အရေးပါလို့....'

မာရီသည် ပွန်နီယားတိုးစကီး၏ စကားကို ကြားရသည်မှာ နားထဲသို့ သံပူချောင်းကြီး ထိုးသွင်းလိုက်သကဲ့သို့ ထိတ်လန့်ရှိရှာ သွားလေ၏။ အတန်ကြာ စကားမပြောနိုင်ဘဲ ကြောင်တက်တက်ကြီး ဖြစ်သွား၏။

'မင်းသားကြီး....ရှင်နှင့် ရှင့်လူတွေဟာ အရူးတွေပဲ သိလား။ ရှင့်အကြောင်းကို အကုန်သိတဲ့ လူတစ်ယောက်က ပြောတယ်။ ရှင်တို့တစ်တွေဟာ မာနတရားသာ ရှိတယ်၊ ဘာမှ သတ္တိရယ်လို့ ရှိတာ မဟုတ်ဘူး တဲ့။ ကဲ....ရှင်လည်း ပိုလန်ပြည်သား၊ ကျွန်မလည်း ပိုလန်ပြည်သူပဲ။ ဒီနှစ်ယောက်ထဲ ရှိတဲ့အခိုက် မေးလိုက်ရဦးမယ်။ ပိုလန်ပြည် လွတ်လပ်ရေးမှာ ပိုလန်ပြည်သူပြည်သားဘက်က ဘယ်လောက်အထိ ဆောင်ရွက်ခဲ့ရဖူးသလဲ။ ကျွန်မတို့ ဧကရာဇ်မင်းကို စစ်တပ်ပေးပြီး ကူညီတာပဲ ရှိတယ်။ တကယ့်အလုပ်ကိုတော့ ဧကရာဇ်မင်းမြတ်က ဆောင်ရွက်တော်မူရတယ် မဟုတ်လား ဟင်။ ကျွန်မဟာ ပိုလန်ပြည် လွတ်လပ်ရေးအတွက် ကျွန်မကိုယ် ကျွန်မ ပေါင်နှံပြီး ဆောင်ရွက်ခဲ့ရတယ် မဟုတ်လား။ ရှင်တို့တစ်တွေကတော့ လွတ်လပ်ရေးကို နိုင်ငံရေးသမားပီပီ ပြောနေတာပါ။ တကယ်ဆိုတော့လည်း ရှင်တို့က လွတ်လပ်ရေး ရရ မရရ အရေးစိုက်မှာ မဟုတ်ပါဘူး။ ရှင်တို့ဟာ ရှင်တို့ အပျော်ကြူးနေရရင် ကျေနပ်နေတာပါ'





မာရီသည် ပွန်နီယားတိုးစကီးအား ရှုတ်ချစကား ပြောကြားလေ၏။ ထိုမှ ဆိုလိုက်ရရုံနှင့် အားရခြင်း မရှိသေးရကား မာရီသည် ဆက်လက်၍ ဆိုပြန်၏။

'ရှင်က ပိုလန်ပြည်အရေးဟာ ပိုလန် ပြည်သူပြည်သားတွေနဲ့သာ ဆိုင်တယ်လို့ ပြောတယ်။ ဧကရာဇ်မင်းမြတ်နဲ့ မဆိုင်ဘူး ဆိုလိုတာပေါ့။ ကျွန်မတို့ကို သူ့စွမ်းရည်သတ္တိနဲ့ သူ့စစ်သားတွေရဲ့ သွေးနဲ့ လွတ်လပ်ရေး ရအောင် လုပ်ပေးတဲ့ ဧကရာဇ်နဲ့ မဆိုင်ဘူးပေါ့....ဟုတ်လား။ ဧကရာဇ်မင်းမြတ်ဟာ ဒီပိုလန်အရေးကြောင့် အတော် အခက်အခဲ တွေ့ရတယ်။ အခုဆိုရင် ရုရှားက ပိုလန်ပြည်ကို ဧကရာဇ်က ငဲ့လွန်းလို့ ရန်မူဦးမလား မသိဘူး။ အရေးပါ အရာရောက်တဲ့ ပြင်သစ် အရာရှိကြီးတွေက ဧကရာဇ်မင်း ပိုလန်အတွက် ဆောင်ရွက်ပေးတာတွေကို နည်းနည်းမျှ မနှစ်မြို့ဘူး။ ရှင် သိရဲ့လား၊ ကျွန်မ သိတယ်။ ကျွန်မတို့ပြည် လွတ်လပ်ရေး ကိစ္စအတွက် ပြင်သစ်ပြည်မှာ ခေါင်းဆောင်ချင်းချင်း သဘောကွဲပြားပြီး ဒုက္ခရောက်ကြလိမ့်ဦးမယ် ရှင့်။ ဒါနဲ့များ ရှင်က ပိုလန်ပြည် အရေးဟာ ပိုလန် ပြည်သူပြည်သားတွေနဲ့သာ ဆိုင်တယ်လို့ ပြောသေးတယ်။ ကဲလေ....ပြောစမ်းပါ၊ ဘယ့်နှယ် ငိုင်နေရသလဲ'

ပွန်နီယားတိုးစကီးသည် ယဉ်ကျေးခြင်း ကင်းကာ "ဆောက်" ပြောလေ၏။

'ကျုပ် မပြောတာက မင်းကို ဒေါသ မဖြစ်စေချင်လို့ပဲ။ မင်း အခုလို ဧကရာဇ်မင်းကို သိပ်ကာကွယ်ပြီး တို့တစ်တွေနဲ့ တိုင်းပြည်ကို နင်းကန်ဆဲနေတော့ ငါ မင်းကို အကြံပေးလိုက်ချင်တယ်။ မင်း မြို့စားကြီးနဲ့ ကွာရှင်းပြီး ဧကရာဇ်မင်းကို ယူပါတော့လား၊ ဧကရာဇ်ကလည်း သူ့ဧကရီ ဂျိုးဇက်ဖိုင်းကို မချစ်တော့ဘူးလို့ ကြားတယ်။ ဒီတော့ မင်းအဖို့ အလွယ်သားပဲ။ မင်း ဧကရီ ဖြစ်နိုင်တာပေါ့။ မင်းက ဧကရာဇ်မင်းကို မြင့်မြတ်တဲ့ အချစ်ကြီးနဲ့ ချစ်နေတော့ ဒီလိုလုပ်မှ ဟန်ကိုက်တော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဟု မာရီက ပြန်၍ ရှုတ်ချလိုက်၏။


'ဒါပေမဲ့ ကျွန်မ ဧကရာဇ်မင်းကို ယူဖို့ အခွင့်အရေး ရှိဦးတော့ မယူနိုင်ပါဘူး။ မယူနိုင်တဲ့ အကြောင်းတွေ အများကြီး ရှိတယ်။ ကျွန်မ ပိုလန်ပြည်ကြီး ကံဆိုးတာ တွေးမိတာလည်း တစ်ကြောင်း၊ ဧကရာဇ်မင်းရဲ့ စေတနာကို ဖျက်ဆီးပစ်လိုက်တာနဲ့ တူတာလည်း တစ်ကြောင်း၊ ဒီနှစ်ကြောင်းကြောင့် ဒေါသ ဖြစ်မိတာပါ။ စိတ်မရှိပါနဲ့ရှင်....တောင်းပန်ပါတယ်'

'အို....ငါက တောင်းပန်ရမှာပါ မာရီရယ်....'

ဟု ပွန်နီယာတိုးစကီးသည် မျက်ရည်စနှင့် ပြောလေ၏။

'မာရီ...အခြေအနေဟာ မင်း ထင်နေသလောက် မဆိုးသေးပါဘူး။ ဝါဆောကို လက်လွှတ်လိုက်ရတာက မလွှတ်မဖြစ်လို့ပဲ။ အခု ဒီမှာ ကျုပ်တို့ တစ်တွေ အင်အားစုနေတယ်။ တောင်ပိုင်းမှာ ဩစတြီးယားတွေနဲ့ တိုက်ဖို့

ဂျိုးဇက်ဖင်း



ရာပြည့်စာအုပ်တိုက်



စီစဉ်ထားတယ်၊ ဒီတိုက်ပွဲမှာ တောင်ပိုင်းသားတွေ ကူလိမ့်မယ် ထင်ရတာပဲ။ ကူရင်တော့ ဩစတြီးယားတွေကို နိုင်မှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ တစ်တွေဟာ ပြင်သစ်တွေနဲ့ အကြိတ်အနယ် တိုက်နေရလို့ တောင်ပိုင်းကို စစ်ကူတွေ ဘာတွေ ပို့နိုင်မှာ မဟုတ်ဘူး'

'ဒီအကြံဟာ အတော်ပဲ ကောင်းတယ်၊ ဧကရာဇ်မင်းက အကြံဉာဏ် ပေးသေးသလား'

'ဟုတ်တယ်၊ စင်စစ်တော့ ဒီအကြံဟာ ဧကရာဇ်မင်းရဲ့ အကြံပဲ။ ဒါပေမဲ့ ဒီအကြံအတိုင်း ဆောင်ရွက်ဖို့ ဧကရာဇ်မင်းက စစ်ကူမပေးသေးဘူး၊ အဲဒါက ခက်နေတယ်။ နိုင်လိုက်ရင်တော့ နပိုလီယံက ကျုပ်တို့တစ်တွေကို ချီးကျူးမှာပဲ'

'ကဲ....ရှင်၊ နပိုလီယံ ဩစတြီးယားမှာ စစ်ရှုံးသွားရင် ဘယ့်နှယ် လုပ်မလဲ'

မာရီ ဝါလူးစကား



ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပွန်နီယားတိုးစကီးသည် အတန်ကြာ စဉ်းစားပြီးနောက် မာရီ့ လက်ကလေးကို ဆွဲ၍ နှုတ်ခမ်းနှင့် တိုက်ကာ နှုတ်ဆက်ရင်း ပြော၏။

'ဟုတ်တယ် မာရီ၊ ကျုပ်တို့ နပိုလီယံရဲ့ အကူအညီ အမှန်ပဲ လိုတယ်'

မာရီသည် ပွန်နီယားတိုးစကီးနှင့် ပိုလန်စစ်တပ်တို့ သွားရောက်တိုက်ခိုက်ရာ တောင်ပိုင်းအရပ် ဖြစ်သော ဂါလာရှားနယ်သို့ လိုက်ပါသွား၏။ ထိုနယ်သို့ ရောက်သောအခါ နယ်သူနယ်သားများအား နပိုလီယံအကြောင်း ပြောဟော၍ နပိုလီယံအား ကြည်ညိုစိတ် သွင်းပေးရ၏။ နယ်ရှိ ကြေးရတာတ်မနရှင်များကမူ ဤသို့ ပြောဟောခြင်းကို အလွန် မနှစ်မြို့သဖြင့် ဖျက်လိုဖျက်ဆီး လုပ်ချင်ကြ၏။ သို့သော် ထိုအခိုက်တွင် ပွန်နီယားတိုးစကီးတို့ စစ်ပွဲ အောင်လိုက်သဖြင့် ဂါလာရှား နယ်သားတို့သည် စိတ်အားထက်သန်လာကြ ပြီးလျှင် မာရီ၏ ဟောပြောချက်အတိုင်း ပွန်နီယားတိုးစကီး၏ စစ်တပ်သို့ ဝင်ရောက်ကြသဖြင့် နောက်ဆုံး၌ ကရာကိုမြို့ကို ရန်သူ့လက်မှ ပြန်လည် သိမ်းပိုက်နိုင်လေ၏။ မာရီလည်း နပိုလီယံထံသို့ ကရာကိုမြို့မှ နေ၍ စာရေး လိုက်လေ၏။

## အခန်း [ ၁၉ ]

ပြင်သစ်တို့သည် ဩစတြီးယားတို့၏ မြို့တော် ဗီယင်နာကို သိမ်းပိုက်လိုက်၏။ နပိုလီယံသည် ဗီယင်နာမြို့တော်အနီး "ရှွန်ဘရမ်း" ခေါ် မြို့ကလေး၌ စခန်းချ နေလေ၏။ ဇူလိုင်လ ၆ ရက်နေ့တွင် ဩစတြီးယားတို့အား လုံးလုံးလျားလျား နိုင်နင်းလိုက်၏။ ဇူလိုင်လ အကုန်လောက်တွင် မာရီအား နပိုလီယံ ခေါ်ယူ၏။

ပွန်နီယားတိုးစကီးက မာရီအား ဗီယင်နာရှိ သူ၏ မိတ်ဆွေများနှင့် နေရန် ပြော၏။ သို့သော် နပိုလီယံက မာရီအား သူ စခန်းချနေသော





"ရှွန်ဘရမ်း"နှင့် မနီးမဝေးရှိ "မိဒလင်" ရွာကလေးတွင် တည်းခိုစေသဖြင့် တည်းခိုနေရလေ၏။ ထိုရွာကလေး၌ နေစဉ် နပိုလီယံနှင့် မာရီတို့သည် ပဲရစ်မြို့တွင် နေခဲ့ရသကဲ့သို့ ပျော်ရွှင်ကြလေ၏။ မာရီနှင့် နပိုလီယံတို့သည် ညအမှောင် ကျစ လောက်တွင် လူသူမသိအောင် ရထားကို တံခါး အလုံပိတ်ကာ မြစ်ကမ်းနားတစ်လျှောက် စီးသွားပြီးလျှင် မြို့ပြင်သို့ရောက်သော် ရထားပေါ်မှ ဆင်း၍ မြစ်ကမ်းနားရှိ ပန်းပွင့်ကလေးများ စီရရီကျကာ ပန်းမွေ့ရာသဖွယ် ဖြစ်နေသော မြက်ခင်းကလေးပေါ်တွင် ထိုင်ကြ၍ မြစ်ကြီး၏ သာယာခြင်းကို ကြည့်ရှုနေကြ၏။ ထိုအခါ မာရီသည် နပိုလီယံအား သူကြားဖူးသော ပုံတိုပတ်စကလေးများ ပြောပြလေ၏။

ဩစတြီးယား စစ်ရှုံးပြီးလျှင် ငြိမ်းချမ်းရေးစကားကို ကိုယ်စားလှယ်များ ပြောဆိုကြသောအခါ နပိုလီယံသည် ပိုလန်ပြည်အရေးကို ဆွေးနွေးရာ၌ ထည့်သွင်းဆွေးနွေးစေ၏။ ရုရှားနှင့် ဩစတြီးယား ကိုယ်စားလှယ်တို့သည် ပိုလန်ပြည်အရေးကို ထည့်သွင်းလိုသောဆန္ဒ ရွေးမျှ မရှိချေ။ ပိုလန်စစ်တပ်ကို လည်း အသိအမှတ် မပြုလို။ ပိုလန်ကိုလည်း လွတ်လပ်ရေး မပေးလိုကြချေ။

သို့သော် နပိုလီယံ၏ အာဏာဖြင့် ငြိမ်းချမ်းရေးစာချုပ်ကို အပြီးသို့ တိုင်စေသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် နပိုလီယံသည် သူ့တပ်မတော်ကြီးကို ဩစတြီးယားပြည်မှ ပြန်လည်ခေါ်ဆောင်၍ မသွားမီ စစ်ဆေးကြည့်ရှုရန် ချိန်းဆင့်ထားလေသည်။ နပိုလီယံ၏ တပ်မတော်ကြီးမှာ အထုအထည် အလွန် ကြီးမားလှသဖြင့် စစ်ရှုံးသော ဩစတြီးယားတို့ပင်လျှင် ထိုတပ်မတော်ကြီး စစ်ရေးပြသည်ကို မကြည့်ဘဲ မနေနိုင်ကြချေ။

လူ အလွန် စည်ကားလှ၏။ နပိုလီယံသည် နောက်တော်ပါတွင် စစ်ဗိုလ်ကြီးများ ထားလျက် ရှေ့ဆောင်၍ သွားလေ၏။ စစ်ဗိုလ်ကြီးများ နောက်တွင်ကား နပိုလီယံ၏ ဧည့်သည်များ ပါလာ၏။ မာရီလည်း ထိုလူစုတွင် ပါ၏။ ထိုသို့ ဗိုလ်ရှုသဘင် ကျင်းပနေခိုက် လူခပ်ရွယ်ရွယ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သည် လူကြားထဲမှ ထွက်၍ နပိုလီယံ ရှိရာသို့ ပြေးလာရာ ပုလိပ်များက ဖမ်းလိုက်၏။

'ကျွန်တော် ဧကရာဇ်မင်းကို လျှောက်တင်စရာ ရှိလို့ပါ'

ဟု အော်၍ အကြောင်းပြ၏။ ပုလိပ်များက သူ့ကိုယ်ကို ရှာဖွေရာ အင်္ကျီအောက်တွင် ဓားတစ်ချောင်းကို တွေ့ရ၏။ သူ့ကို စစ်မေးသောအခါ နပိုလီယံကို သတ်ရန်လာကြောင်း ဖြောင့်ချက်ပေး၏။

နပိုလီယံက ထိုသူကို ရှေ့တော်သို့ ခေါ်လာစေ၏။

'မောင်မင်း ငါ့အား လုပ်ကြံရန် လာရောက်သည် မဟုတ်ပါလော'

ဟု နပိုလီယံက မေး၏။

'မှန်လှပါ ဘုရား'

'ဘာကြောင့် ငါ့ကို ရန်မူလိုပါသနည်း'

'အရှင် ပြုထားသော ဆိုးကြီးမှ လွတ်ရန်၊ အရှင် ချေမှုန်းထားသော ဂျာမနီနှင့် ဩစတြီးယားတို့ လွတ်လပ်ရန်အတွက် ကြံစည်ရခြင်း ဖြစ်ပါသည် ဘုရား'

နပိုလီယံသည် ပြုံး၍ မိန့်ဆို၏။

'ဤသို့ဆိုလျှင် မောင်မင်းသည် ငါ့ကို မလုပ်ကြံဘဲ ဩစတြီးယား ဧကရာဇ်မင်းကိုသာ လုပ်ကြံသင့်သည်။ ထိုမင်းက ငါ့အား စစ်တိုက်ရန် ကြေညာခဲ့သည်'

ဤကိစ္စသည် ဤအခြေနှင့် ပြီးစီးသွား၏။ နပိုလီယံသည် ဤကိစ္စကို အလေးမပြုလောက်ဟု သဘောထားကာ မေ့ဖျောက်ပစ်လိုက်၏။ ပုလိပ်များ အစောင့်အကြပ်ထားကာ အစစ အရာရာ သတိနှင့် ရှိသဖြင့် ဧကရာဇ်မင်းမြတ်အား လုပ်ကြံရန် အခွင့်သာနိုင်တော့မည် မဟုတ်တော့ချေ။

သို့သော် မာရီကား အတော်ပင် ထိတ်လန့်သွားလေ၏။ နပိုလီယံအတွက် အထူးပင် စိုးရိမ်မိလေသည်။ နပိုလီယံသည် အလုပ်ကိစ္စ ပြီးစီးလျှင် ပြီးစီးချင်းပင် မာရီထံသို့ ရောက်လာ၏။ အချိန်သည်ကား ညဦးယံဖြစ်၏။





ဆောင်းလေကလေး သွေးသော အလွန်သာယာသည့် ညဖြစ်၏။ ချစ်သူတို့အတွက် အထူး ဖြစ်ပေါ်လာရသော ညပေတည်း။

မာရီနှင့် နပိုလီယံတို့သည် လက်တွဲ၍ ပန်းရုံများ စီရရီ ပေါက်လျက်ရှိသော တောလမ်းကလေးတစ်လျှောက် ဖြည်းညင်းစွာ လျှောက်ကာ ဆောင်းလေကလေး၏ အေးမြနူးညံ့သော ရနံ့ကို ရှူရှိုက်ရင်း ဖြူရော်ရော် ဖြစ်နေသော လ မင်းကြီးကို မျှော်၍ ကြည့်ကြလေ၏။ နပိုလီယံသည် မာရီအား ရင်ခွင်တွင် ထားကာ ချစ်သူ စကားများကို တတွတ်တွတ် ပြောနေ၏။ မာရီသည် နပိုလီယံနှင့် ခွဲ၍ နောက်တစ်နေ့တွင် ပိုလန်ပြည်သို့ ပြန်ရတော့မည်။ နပိုလီယံသည် မာရီနှင့် ခွဲ၍ မြူးနစ်မြို့တော်သို့ သွားရတော့မည်။ ထိုညသည် ချစ်သူနှစ်ဦးတို့၏ နှုတ်ခွန်းဆက် ညပေတည်း။

မာရီသည် နပိုလီယံအား အသက်ဘေးကို ထိခိုက်မည် စိုးလှကြောင်း ပြောကြားရာ နပိုလီယံက အထူးစိုးရိမ်ရန် မရှိကြောင်း၊ အစောင့်အကြပ် အမြဲရှိကြောင်း ပြော၏။ ထိုနောက် နပိုလီယံက မာရီအား ပိုလန်ပြည်အတွက် ဆက်၍ ဆောင်ရွက်ပေးမည်ဟု ကတိပေး၏။ မာရီသည် နပိုလီယံ မိမိအားမည်မျှ အချစ်ကြီးသည်ကို သိသည့်အလျောက် မိမိ၏ အချစ်သည်လည်း နပိုလီယံ အပေါ်၌ ကြီးမားသည်ထက် ကြီးမားလာကြောင်း သိလေ၏။

နပိုလီယံကို အချစ်လျှံသော မျက်စိများဖြင့် ရှုးစိုက်ရင်း တွေးမိ၏။

“အကယ်၍ သူ သေသွားရင် ငါ ဘယ်လောက် ပူဆွေးဒုက္ခ ရောက်လိုက်မလဲနော်။ မသေဦးတော့၊ သူ နောက်တစ်ယောက်ကို ချစ်သွားရင်....”

မာရီသည် နပိုလီယံမှာ နန်းလျာအတွက် ဘုရင်တစ်ဦးဦး၏ သမီးတော်တစ်ပါးကို ထိမ်းမြားရတော့မည်ကို မသိရှာချေ။ နပိုလီယံသည်လည်း ဤသို့ ထိမ်းမြားရမည့် အရေးကို တွေးမိတိုင်း စိတ်လေးမိ၏။ ထိုးဆောင်နန်းရိုးကို မေတ္တာမရှိဘဲနှင့် ထိမ်းမြားရမည်။ နပိုလီယံ အလွန်ရွံရှာလှ၏။ သို့သော်မည်မျှလောက်ပင် အောင်မြင်နိုင်နင်းသူ ဖြစ်စေကာမူ ဤအရာ၌ နပိုလီယံသည် ထုံးတမ်းစဉ်လာကို အရှုံးပေးရတော့မည်။ သူ့ရင်ခွင်ကို မှီ၍ ရပ်နေ

www.burmeseclassic.com



သော မာရီကို ငုံ့ကြည့်လိုက်၏။ မာရီသည် လှပချောမွေ့၍ သူ့အချစ်သည် မာရီ့အပေါ်တွင် ဝေလွှံ့၍ နေလေပြီ။

'မာရီ....အချစ်ကလေး....'

'ရှင်....ဘာလဲ မောင်ရဲ့'

နပိုလီယံသည် တွေ၍ ကြည့်နေ၏။

'နက်ဖြန်ခါ ခွဲကြရဦးမယ်နော်'

'ဟုတ်တယ်မောင်၊ ဒါပေမဲ့ နှမတော်တော့ မောင်တော့်ကို....'

မာရီသည် စကားကို ဆုံးအောင် မပြောလိုက်ရတော့ချေ။ နပိုလီယံ၏ နှုတ်ခမ်းသည် ရေငတ်သူ ရေကို အားပါးတရ သောက်သကဲ့သို့ နူးညံ့စိုပြည်လှသော မာရီ၏နှုတ်ခမ်း နီထွေးထွေးကလေးကို သောက်သုံးနေလေ၏။

*

'မြို့စားကြီးကတော် ပဲရစ်ကို သွားရလိမ့်မယ်'

ဟု ပွန်နီယားတိုးစကီးသည် အာဏာသံ ပါပါနှင့် မာရီအား ပြောလိုက်၏။ မာရီသည် မည်သည့်အကြောင်းကြောင့် သွားရမည် မသိသဖြင့် ပွန်နီယားတိုးစကီးအား မေးလေသော် ပွန်နီယားတိုးစကီးက ပြောလေ၏။

'ပဲရစ်မှာ ဧကရာဇ်မင်းမြတ် ပထမမြောက်သားတော် ဂျိုးဆက်ဖင်းကို ကွာရှင်းလိုက်ပြီး ရုရှားဘုရင်ရဲ့ နှမတော် ပင်တိုင်စံကလေးနဲ့ ထိမ်းမြားတော့မတဲ့။ မင်းသမီးကလေးက ၁၅ နှစ်သာ ရှိသေးတယ်။ ဧကရာဇ်မင်းကလည်း မိန်းမငယ်ငယ်တွေကို....'

မာရီသည် ပွန်နီယားတိုးစကီး စကားမဆုံးခင် မေး၏။

'ဒါနဲ့ ကျွန်မ ပဲရစ်သွားရမယ်တဲ့ လား'

'ဒါကတော့ မင်းရဲ့ အချစ်ရေးရော၊ ပိုလန်ပြည်အရေးရော ကာကွယ်ဖို့ ပြောတာ။ ရုရှားဘုရင်က နပိုလီယံကို သူ့နှမတော်ဆက်ရတဲ့ နေရာမှာ စာချုပ်တစ်ခုချုပ်ဖို့ စီစဉ်နေသတဲ့။ လက်မှတ်တောင် ထိုးပြီးပြီ ကြားတယ်။





အဲဒီစာချုပ်က ပိုလန်ကို အလွန်ထိခိုက်တယ်။ ပိုလန်ပြည်မှာ လွတ်လပ်တဲ့ ဝါဆောနယ်ကို နောက်ထပ် မချဲ့ထွင်ရန် လိုပါသတဲ့'

'ဟာ....မဖြစ်နိုင်ပါဘူး မင်းသားကြီးရယ်၊ ဧကရာဇ်မင်းမြတ်ကဖြင့် ဒီလိုစိမ်မှာ မဟုတ်ပါဘူး။ လက်မှတ်ထိုးပြီးပြီ ကြားတာ ဘယ်သူ လက်မှတ်ထိုးသတဲ့ လဲ'

'ပြင်သစ် သံအမတ်ကြီးနဲ့ ရုရှားဘုရင်နဲ့ပေါ့'

'နပိုလီယံဟာ ဒီလို စာချုပ်မျိုးကို ကိုယ်တိုင် လက်မှတ်ထိုးတယ်၊ သံအမတ်ကို မလွှဲဘူးရှင့်'

'ဒါတော့ မင်း ပိုသိမှာပေါ့၊ ဒါဖြင့် မင်း ပဲရစ်ကို မသွားဘူးပေါ့'

'သွားဖို့ မလိုဘူး ထင်ပါတယ်၊ ကျွန်မ သွားရင် သူ့မှာ အနှောင့်အယှက် ဖြစ်နေဦးမှာလည်း တစ်ကြောင်း၊ သူ ဘယ်သူနဲ့ပဲ ထိမ်းမြားပေမယ့် ကျွန်မကို သူ မပစ်မှန်းပါဘူး။ ပိုလန်ပြည်ကို အရေးမစိုက်ဘဲ အရမ်းလုပ်မှာ မဟုတ်ပါဘူး၊ စိတ်သာချပါရှင့်။ ပြီးတော့လည်း ကျွန်မမှာ ကိုယ်ရေးကိစ္စ ရှိသေးတယ်'

မာရီ၏ ကိုယ်ရေးကိစ္စကို ပွန်နီယားတိုးစကီး နားလည်၏။ မာရီ၌ ကိုယ်လေးလက်ဝန် ရှိနေကြောင်း သူ သိ၏။ ပွန်နီယားတိုးစကီးသည် ရှေ့သို့ ဆက်၍ တိုက်တွန်းစကား မပြောကြားတော့ချေ။

'အခုလို အခါမျိုးမှာ ခရီးရှည်ရှည်သွားဖို့ တိုက်တွန်းမိတာ ဝမ်းနည်းပါတယ် မြို့စားကြီးကတော်ရယ်'

ဟု သူ တောင်းပန်၏။

'ကိစ္စ မရှိပါဘူးရှင့်၊ ကျွန်မလည်း သွားဖို့သင့်တယ် ဆိုရင် သွားရန် ဝန်မလေးပါဘူး'

'ဟုတ်ပါတယ်....ဟုတ်ပါတယ်၊ မြို့စားကြီးကတော် အကြောင်းပြချက်တွေကို သဘောပေါက်ပါပြီ'

မာရီသည် ပွန်နီယားတိုးစကီးထံမှ ပြန်လာခဲ့၏။ သူ့ဝယ် ကိန်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အောင်းလျက် ရှိနေသော ရင်သွေးအကြောင်းကို တွေးတောနေလေ၏။ အလွန် ဘုန်းတန်ခိုးနှင့် ပြည့်စုံသည့် ဧကရာဇ်မင်းမြတ်နှင့် မာနတရားကင်းမဲ့ ဖြူစင်သော ပိုလန်သူကလေးတို့ ရရှိသော သားသည် မည်သို့ဖြစ်မည်နည်း။ မာရီသည် တွေး၍ မရနိုင်အောင် ဖြစ်နေ၏။

ပွန်နီယားတိုးစကီးနှင့် စကားပြောပြီး ၂ လမျှ ကြာလတ်သော် မြို့စားကြီး၏ နမနှင့် ယောက်ဖတို့ လာ၍ မာရီအား ရထားစီးထွက်ရန် ခေါ်သွား၏။ လမ်းတွင် မာရီအား မြို့စားကြီး၏ စာကို ပေး၏။ မြို့စားကြီး ဝါလူးစကီးသည် မာရီအား သူ့အိမ်သို့ လာရောက်၍ မွေးဖွားစေလိုကြောင်း၊ သူ့အဖို့မှာကား နာမကျန်းသဖြင့် ခရီးရှည် ထွက်သွားရကြောင်း တို့ကို ရေးသား ထားခဲ့လေသည်။

မာရီသည် ဤဖိတ်ကြားချက်ကို မငြင်းဆန်နိုင်တော့ချေ။ ဝါလူးစကီး အိမ်သို့ လိုက်ပါသွားရ၏။ အိမ်တွင်ကား သူ ယခင်က နေသကဲ့သို့ မဟုတ်တော့ချေ။ အခြေအနေ ပြောင်းလွဲနေလေပြီ။ အခိုင်းအစေများသည် လူသစ်များ ဖြစ်နေ၏။ အပြင်အဆင်များမှာလည်း ကွဲပြားနေ၏။ မာရီသည် ဝါလူးစကီးက မိမိအား သက်ညှာသည့်အတွက် အထူးပင် ကျေးဇူးတင်တော့သည်။ မိမိ မွေးရမည့် ရင်သွေးကိုပင် ဝါလူးစကီး၏ ရင်သွေး ဖြစ်စေချင်သော စေတနာ ပေါ်ပေါက်လာ၏။ သို့သော် နပိုလီယံ ပေးလိုက်သော လက်ထပ်လက်စွပ်ကလေးက ရင်သွေး၏ ဖခင်စစ်ကို ညွှန်ပြနေချေသည်။

ဆောင်းကာလသည် နောက်မှ လိုက်လာသော နွေဦးကို ကြောက်ရွံ့သည့် အလား လျင်မြန်စွာ ပြေးလွှားသွားလေပြီ။ နွေဦးသည် ဆောင်းကာလ၏ အမွေဖြစ်သော ဆီးနှင်းခဲများကို အရည်ပျော်စေကာ မြေယာကွက်လပ်များကို ရှင်းလင်းထား၏။ ဖူးပရစ်များလည်း သစ်လေပြီ။ လေကလေးလည်း ဖော့လေပြီ။ ပန်းရနံ့တို့သည်လည်း ထုံသင်းနေလေပြီ။ ပန်းပွင့်ကလေးများ၊ သစ်ပင်ကလေးများသည် ဘဝသစ်ကို ရသဖြင့် ပျော်မြူးနေကြကုန်၏။





ထိုကဲ့သို့ ပျော်မြူးဖွယ်ရာ အချိန်တွင် မာရီသည် ဧကရာဇ်၏ ရင်နှစ်ကို လောကတွင်းသို့ ခေါ်ဆောင်လာလေ၏။

'ငါ့သားကလေး....မင်းအဖေရဲ့ စွမ်းရည်သတ္တိရယ်၊ ငါ့ရဲ့ မျိုးချစ်စိတ်ရယ်၊ ဒီအမွေ နှစ်ရပ်ကို ယူပေတော့။ ဒီလိုဆိုရင် မင်းကလေးရဲ့ ဘဝခရီးဟာ ဖြောင့်တန်းဖော့မှာ၊ သာယာတော့မှာ အမှန်ပဲ'

ဟု မာရီသည် သားကလေးကို ကြည့်ရင်း ပြောဆိုလေ၏။

## အခန်း [ ၂၀ ]

၁၈၁၀ ခုနှစ်တွင် နပိုလီယံသည် ပဲရစ်မြို့တော်သို့ ပြန်ရောက်လာ၏။ ရန်သူဖြစ်သော ရုရှား၊ ပရပ်ရှား၊ သြစတြီးယားတို့သည်လည်း ရန်သတ္တရု မဖြစ်တော့။ မဟာမိတ်များ ဖြစ်လာကြကုန်၏။ နပိုလီယံသည် မိမိ နိုင်ငံပြီးနယ်များကို အတည်တကျ အုပ်ချုပ်ရေးပေးရန် ကိစ္စအတွက် အထူး လုံးပန်းနေ၏။ ဥပဒေများ ပြုလုပ်ရန်ကိုလည်း အားထုတ်နေ၏။

ပဲရစ်မြို့တော်သည် အလွန် ခမ်းနားကြီးကျယ်၍ ငွေသည် ရေကဲ့သို့ ပေါ်ရှင်လှသည်။ နပိုလီယံသည် သြစတြီးယားဘုရင်၏ သမီးတော်ကို တောင်ညှာထားလေ၏။ ရုရှားဘုရင်၏ နှမတော်နှင့် အကြောင်း မဆက်မိချေ။

မာရီသည် ပိုလန်ပြည်ရှိ မြို့စားကြီးအိမ်တွင် အတန်ကြာ နေရာနေသည့်အခိုက် အတော်ပင် ပျော်ရွှင်နေ၏။ သူ့သားကလေးကို ပြုစု ယုယရသည့်အတွက် မိခင်တို့၏ ချမ်းမြေ့ခြင်းကို ရရှိလေ၏။ နပိုလီယံထံသို့ စာရေးပါသော်လည်း ပြန်စာ မလာ။ နပိုလီယံသည် ဧကရီသစ် ရသည်ဟုသား မှန်၏။ သို့သော် သူ့ကို မေ့လိမ့်မည်ဟု မမျှော်လင့်ချေ။ သူသည် နပိုလီယံ၏ အမူအရာကို မကျေနပ်နိုင်ရကား ပဲရစ်မြို့တော်သို့ သွား၍ စုံစမ်းဦးမည်ဟု ကြံစည်ကာ ပဲရစ်မြို့သို့ ထွက်ခွာလေ၏။

www.burmeseclassic.com



ပဲရစ်မြို့သို့ ရောက်သော် သူ့အခန်းဟောင်းကို ပြန်ဖွင့်လေ၏။ သူ ပဲရစ် ရောက်နေသော်လည်း နပိုလီယံ အနီးသို့ မကပ်နိုင်ရှာသေးချေ။ သူ့ကို ရှေးကကဲ့သို့ ဂရုစိုက်ခြင်း မရှိတော့ချေ။ သူကိုယ်တိုင် မကပ်နိုင်သဖြင့် နန်းတွင်းသို့ ဝင်နိုင်သော မြို့စားကြီးကတော် တစ်ဦးနှင့် ဆက်သွယ်၍ ဝင်ရလေသည်။

နပိုလီယံသည် ရှေးက နပိုလီယံ မဟုတ်တော့ချေ။ မဟုတ်ကြောင်းလည်း သူ ပြောသော စကားများက သက်သေပြလျက် ရှိလေသည်။

'အရှင်၏ သားကို ရှုတော်မူပါ'

ဟု မာရီက လျှောက်ထားလေ၏။

နပိုလီယံက ခေါင်းညိတ်၍–

'ကြည့်တာပေါ့ကွယ်၊ နောက်များမှ....'

မာရီသည် နပိုလီယံ၏ မ ကို မခင်၍ ဥကို မခင်ပုံ ပေါက်သော စကားကို ကြားရသော် အလွန် စိတ်နာသွားလေ၏။ နပိုလီယံကလည်း ထိုအကြောင်းကို သိလေသည်။ ထို့ကြောင့်ပင်–

'မာရီ....မင်းလည်း နားလည်မှာပေါ့'

မာရီသည် နပိုလီယံ၏ စကားကို ညိုမှိုင်းသော မျက်နှာထားဖြင့် ကြည့်နေလေ၏။ နပိုလီယံသည် သူ့အဖြစ်ကို ရှင်းလင်းလို၍ ပြော၏။

'မာရီ....ကျုပ်မှာ ပြင်သစ်ပြည်ကြီးအတွက် အကျိုးဆောင်ဖို့ ဝတ္တရားရှိတယ်။ ကျုပ်မှာ နန်းဆက်ထားဖို့လည်း ရှိသေးတယ်။ မာရီ....ကျုပ် အခုလို ပြောနေတာ မင်းရဲ့အကြောင်းကို သိလို့၊ မင်းရဲ့ဂုဏ်ကို ရှိသေလို့ပဲ။ အခု ကျုပ်မှာ အချစ်နဲ့ တွေ့နေပြီ၊ ဇေရီကလေးကို ကျုပ် သိပ်ချစ်နေတာပဲ။ အို....ကျုပ်ကို မုန်းမသွားပါနဲ့။ ကျုပ် မင်းကို ချစ်ခဲ့တာ၊ သူများထက် အချစ်ပိုခဲ့တာတွေကို ကျုပ် မမေ့ပါဘူး။ ပိုလန်ပြည် အရေးကို မေ့ပစ်လိုက်ကြပါစို့ရဲ့။ မင်းနဲ့ ကျုပ်တို့ မိတ်ဆွေလို နေကြတာပေါ့'

မာရီသည် သူ့အတွက် ဒီဂရီ ကျပြီးသော တရားခံသဖွယ် ဖြစ်နေ





ကြောင်း သိရ၏။ နပိုလီယံသည် သူ့အပေါ်ဝယ် အချစ်စိတ် ကင်းလေပြီ။ သူ့၌ သားကလေး တစ်ယောက်သာ အချစ်အမွေ ရလိုက်၏။

'အရှင်....အရှင်က ကျွန်တော်မအား မိတ်ဆွေအဖြစ် ထားလိုသည့်အတွက် အထူး ကျေးဇူးတင်ပါသည်။ ပိုလန်ကိစ္စမှာ အရှင်က အရေးမယူသော်လည်း ကျွန်တော်မ အဖို့မှာ တစ်သက်ပန်လုံး ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်'

နပိုလီယံသည် သားကလေးကို မြင်လိုလှ၏။ မည်သို့ပင်ဖြစ်စေ ရင်သွေးသည် ရင်သွေးဖြစ်၏။ ဖခင်ချစ်စိတ်သည် နပိုလီယံကဲ့သို့ လူမျိုးကို မဆိုထားဘိ။ အလွန်ယုတ်ညံ့သူ ဖြစ်စေဦး၊ မြင့်မြတ်လှသည်။ ပျက်စီးရန်၊ ပေါ့လျော့ရန် အကြောင်းမရှိချေ။ သို့သော် ကလေးကို တွေ့လိုတိုင်း မမြင်နိုင်သေးချေ။ သူ့ဇေရီထံသို့ သွားရပေဦးမည်။

နပိုလီယံသည် မာရီအား နှုတ်ဆက်ပြီးလျှင် လှေကားမှ ခပ်သုတ်သုတ် ဆင်းလာရာ ခြေသံ အနည်းငယ် ပြင်းလှရကား အခန်းတွင်း၌ အိပ်နေသော သူ့ရင်သွေးကလေး နိုးကာ ငိုလေ၏။ ကလေးငိုသံ ကြားသောအခါ နပိုလီယံ၏ ခြေသံသည် ရပ်တန့်သွား၏။ ကလေးငိုသံကား သူ့အား မာရီကို အချစ် ရပ်တန့်လိုက်သဖြင့် အပြစ်တင် ကြိမ်းမောင်းလိုက်သော အသံနှင့် တူလေသည်။

အိမ်ပြင် တံခါးဝသို့ ရောက်သောအခါ နပိုလီယံသည် မာရီ၏ လက်စွဲတော် မာရီရှားအား–

'ကလေးကို ကြည့်လိုက်ပါကွယ်၊ မာရီကိုလည်း ပြောပါ။ သူ တွေ့ချင်တဲ့အခါ လာတွေ့နိုင်တယ်လို့'

မာရီသည် နပိုလီယံ မိမိနှင့် သားငယ်အား အချစ်စစ်နှင့် ချစ်ကြောင်း ထိုစကားရပ်များကို မာရီရှားထံမှ ကြားသိရသဖြင့် ယုံကြည်လေသည်။ နပိုလီယံသည် ဇေရီကလေးကို ချစ်လျှင် ချစ်ပေလိမ့်မည်၊ စုံမက်လျှင် စုံမက်ပေလိမ့်မည်။ သို့သော် မာရီသည် သူ၏ နှလုံးသားထဲတွင် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ကိန်းအောင်းနေမည်ဟု မာရီ အယုံအကြည် ရှိလေသည်။ သူ့ကို နပိုလီယံ ချစ်ခင်စွဲလမ်းသမျှ ကာလပတ်လုံး ပိုလန်ပြည် အရေးသည်လည်း ပစ်ပယ်ခြင်း ခံရမည် မဟုတ်။ နပိုလီယံသည် သူ့ကို အကြောင်းပြု၍ ပိုလန်ပြည် အရေးကို တတ်အားသမျှ ဆောင်ရွက်ပေးလိမ့်မည်။

ပိုလန်အရေး စိတ်မအေးဖွယ် ဖြစ်လာရပုံကား ရုရှားသည် နပိုလီယံကို ရန်မူလိုစိတ် ပွားများလာပြန်၏။ နပိုလီယံသည်လည်း ရုရှားကို တိုက်ရမည့် အရေးကို ကြိုတင်၍ သိသဖြင့် စစ်တိုက်ရန် သေချာကျနစွာ ပြင်ဆင်ထားလေသည်။ ထိုသို့ စစ်ပြင်ရာ၌ ပိုလန်စစ်တပ် အကူအညီ လိုပေလိမ့်မည်။ ပိုလန်ပြည် အရေးသည် အခွင့်သာလာ ပေလိမ့်မည်။

ရက်များ မကြာမီပင် နပိုလီယံသည် မာရီအား သူ "ဒရက်စတင်" မြို့သို့ ထွက်တော်မမူမီ လာရောက် ခစားရန် သဝဏ်လွှာ ပေးလိုက်လေ၏။ မာရီသည် နပိုလီယံအား နန်းတော်တွင်းသို့ ဝင်၍ တွေ့ဆုံလေ၏။ နပိုလီယံသည် ပိုလန်အရေးနှင့် ပတ်သက်လျှင် မာရီကိုသာ တွေ့ဆုံဆွေးနွေးလေသည်။

မာရီ ရောက်သွားသောအခါ ရုရှားနှင့် စစ်တိုက်ရခါနီးပြီ ဖြစ်ကြောင်း စ၍ ပြော၏။

'မာရီ....မင်း မှတ်မိမှာပေါ့၊ ရုရှားနဲ့ မဟာမိတ်စာချုပ် ရေးဆွဲကြတုန်းက ရုရှားက ပိုလန်ပြည် လွတ်လပ်ရေးကို အပြင်းအထန် ကန့်ကွက်တယ်။ အခုတော့ မင်း လိုချင်တဲ့အချိန် ရောက်လာပြီလေ။ ရုရှားကို နှိမ်နင်းလိုက်ရင် မင်းတို့ ပိုလန်ပြည် ဘေးကင်းရန်ကင်း ဖြစ်တော့မှာပဲ။ ဒါပေမဲ့ မင်းတို့ပိုလန်တော့ ခပ်လန့်လန့်ပဲ။ စစ်တပ်ကတော့ တော်ပါတယ်၊ ဒါပေမဲ့ ခေါင်းဆောင်တွေ အလွန် ခွကျတယ်၊ ဘယ်တော့မှ ညီညွတ်တယ် မရှိဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ခတ်နေကြတာပဲ။ ကြည့်ပါလား....ပွန်နီယားတိုးစကီးက ဆောင်ရွက်တာ ကော်ရှူးစကိုးက မကြိုက်ဘူး၊ မကူညီဘူး၊ ပြက်ရယ် ပြုချင်





တယ်။ ဪ....ဒါနဲ့ မင်း တစ်နေ့က ကော်ရှူးစကိုး ဒီမြို့ လာတာ အရေးတယူ ကြိုဆိုလိုက်တဲ့အတွက် ဖွင့်ပြီး ချီးမွမ်းလိုက်ရဦးမယ်'

'ကျေးဇူးတင်ပါတယ် အရှင်၊ ကျွန်တော်မရဲ့ ဝတ္တရားကို ကျေပွန်အောင် ပြုလိုက်ခြင်းပါပဲ'

'မာရီ.... မင်း ပိုလန်ပြန်သွားရင် ငါ့ကိုလိုလားတဲ့ ငါ့အဖွဲ့ ဆိုပါတော့၊ အဲဒီအဖွဲ့ ရှိတယ်၊ အဲဒီအဖွဲ့မှာ မင်း ဘာဆောင်ရွက်ရမယ် ဆိုတာ ပြောလိုက်မယ်'

နပိုလီယံသည် ဝါသနာအတိုင်း အမိန့်ပေးခါနီးတွင် မတ်တတ်ရပ်၍ လမ်း တစ်ခေါက် နှစ်ခေါက် လျှောက်လိုက်၏။ လက်နှစ်ဖက်ကို နောက်သို့ ပစ်ပြီးလျှင် မာရီ၏ ရှေ့တည့်တည့်တွင် ရပ်ကာ အာဏာသံပါပါနှင့် ပြောလေ၏။

'မင်း ပြန်ရောက်သွားရင် အဲဒီအဖွဲ့ကို "လစ်သူအားနားနယ်"နဲ့ "ဗောလနီယားနယ်"တွေကို အကဲခတ်ဖို့ ပြောလိုက်။ ပြီးတော့ ဦးစီးခေါင်းဆောင်တစ်ယောက် ငါ ခန့်လိုက်မယ်။ "တယ်လီရမ်း"တို့လို အဖိုးတန်တဲ့လူကို ခေါင်းဆောင်အဖြစ် ခန့်လိုက်ရင် မင်းတို့ပိုလန်က ငါတို့တော့ ဧကရာဇ်မင်းက ပစ်ထားပါကလားလို့ အပြစ်မဆိုနိုင်တော့ဘူး။ ပြီးတော့ အားလုံးကို ပြောဟောပါ။ ပိုလန်ပြည်ကြီးဟာ ပိုလန်စစ်တပ်ကြီးကို အကြောင်းပြုပြီး နာလန်ထူပါလိမ့်မယ်လို့။ ပွန်နီယားတိုးစကီးကို မင်းတို့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့ပဲ ထားမယ်။ ဒါပဲ ....'

မာရီသည် စကားပြန် မရှိဘဲ ခေါင်းကိုသာ ညိတ်လေတော့၏။ နပိုလီယံသည် ဆက်လက်၍ ပြော၏။

'မင်းတို့ တိုင်းသူပြည်သားတွေကို ပြောပါ။ လွတ်လပ်ရေးအတွက် ငါနဲ့အတူ စိတ်ရောကိုယ်ပါ ဆောင်ရွက်ပါလို့၊ ငါ စိတ်သက်သန်သလို ထက်သန်ကြပါလို့ ပြော။ စစ်တပ်အတွက် ငွေရေး ကြေးရေး အတွက်တော့ မင်းတို့တိုင်းပြည်က ကြံကြဖန်ကြပေါ့၊ ကြိုးစားမှ ဖြစ်မှာပဲ။ ကော်ရှူးစကိုး

www.burmeseclassic.com



ငါ့ဆီ အခစား ဝင်လာတာ မင်း ပယောဂကြောင့် ဆိုတာ သိလို့ မင်းကို ကျေးဇူးတင်ပါတယ်။ မင်းတို့တိုင်းပြည်မှာ ကော်ရှုးစကိုးရဲ့ မျိုးချစ်စိတ်၊ မင်းရဲ့ မျိုးချစ်စိတ်ကိုတော့ သိကြပြီး ဖြစ်လို့ တိုင်းသူပြည်သားတွေ စိတ်အား ထက်သန်လာကြမှာပဲ။ ဆောင်ရွက်ပေတော့....မာရီ။ မာရီ၊ ကြိုးစားပေတော့'

နပိုလီယံ၏ အမိန့်သံ ဤတွင် ပြီးဆုံးလေပြီ။ အာဏာသံသည် ရုတ်ခြည်းပျောက်သွား၍ နောက် ဆက်ပြောသော နပိုလီယံ၏ အသံကား ကြင်နာသံ ဖြစ်လေသည်။

'မာရီ....မင်းရဲ့ သားကလေးအတွက် လက်ဆောင်ကလေး ယူသွားစမ်းပါဦးကွယ်။ မင်းရဲ့ သားကလေးကို ပြင်သစ် မင်းစိုးရာဇာ စာရင်းထဲ သွင်းလိုက်ပြီ၊ မြို့စားကလေးတစ်ယောက် ဖြစ်သွားပြီကွယ့်။ အခွန်တော် ဘဏ္ဍာတော်များ ရတာကို သူ အရွယ်မရောက်ခင် မင်း အလိုရှိသလို အသုံးပြုနိုင်တယ်။ အို....အို....ငါ့ကို ကျေးဇူးတင်စကား ပြောမနေပါနဲ့ကွယ်၊ ဒီလောက် ပြုစုရတာနဲ့ ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒါဟာ စင်စစ်တော့ ဝတ္တရားပါ'

'အရှင်၊ ကျွန်တော်မ ကျေးဇူးတော့ တင်ပါရစေ'

'အင်း....ကျေးဇူးတင်တယ် ဆိုတာ ငါ့ကို သတိရတာပဲလို့ ဆိုရင် ခဏခဏ ကျေးဇူးတင်ပေတော့ မာရီ'

ဟု ပြောကာ မာရီအား သူ၏ ပြန့်ကျယ်သော ရင်ခွင်ကြီးအတွင်းသို့ သွင်းကာ နှုတ်ဆက်လိုက်လေ၏။

## အခန်း [ ၂၁ ]

၁၈၁၄ ခုနှစ် ဧပြီလ ၆ ရက်နေ့သည် နပိုလီယံအဖို့ အလွန် မင်္ဂလာ ကင်းမဲ့သောနေ့ ဖြစ်ချေသည်။ ထိုနေ့၌ နန်းစွန့်ရလေသည်။ စစ်ပွဲများ အဆက်ဆက် တိုက်လာသော်လည်း ရုရှားပြည်ကို တိုက်ခိုက်ရာတွင် လူကို နိုင်စွမ်းရှိသော်





လည်း ဆောင်းရာသီကို မနိုင်စွမ်းချေ။ နပိုလီယံသည် အရေးတော်ပုံ မဆင်မီက အုပ်စိုးသော လူဝီဘုရင်၏ ညီတော်အား နန်းအပ်လိုက်ရတော့သည်။ နန်းအပ်လိုက်ရရုံမျှနှင့် မတန်သေး၊ အယ်လဘားကျွန်းသို့လည်း အပို့ခံရသေး၏။

မာရီသည် အယ်လဘားကျွန်းရှိ နပိုလီယံထံသို့ စာရေး၍ အယ်လဘားသို့ လာ၍ တွေ့ဆုံလိုကြောင်း တောင်းပန်ရှာ၏။ နပိုလီယံက ကျေးဇူးတင်ကြောင်း ပြန်ကြားလိုက်၏။

စက်တင်ဘာလ ၁ ရက်နေ့ ညနေ ငါးနာရီ အချိန်၌ အယ်လဘားကျွန်းကို ရိုက်ခတ်နေသော လှိုင်းတို့သည် မာရီ ပါလာသော သင်္ဘောကလေးကို ကမ်းခြေသို့ ယူဆောင်လာလေ၏။ မာရီသည် သားကလေးကို သူ့အပါးတွင် ရပ်စေ၍ အယ်လဘားကျွန်းဘက်သို့ ရှုးစိုက်ကြည့်နေလေ၏။ အယ်လဘား ကျွန်းကလေးသည် ဝင်ခါနီး နေရောင်ရှေ့တွင် သာယာစွာ တည်နေ၏။ သူသည် အယ်လဘားကျွန်းကို ဤမျှလောက် လှပသာယာလိမ့်မည် မထင်ခဲ့ချေ။ မိုးပေါ်တွင် ရောင်စုံမြူး၍ နေသော တိမ်များသည် ကျွန်းကလေးအား အရောင်မျိုးစုံ ပေးကာ မြင်ရသူတို့ ကြည်နူးစေ၏။

မှောင်စ ပြုလာသောအခါ မာရီတို့ လူစုကို သင်္ဘောမှ လှေဖြင့် ကမ်းဘက်သို့ ခေါ်ဆောင်သွား၏။ နပိုလီယံက လွှတ်လိုက်သော အရာရှိနှင့် အစေခံ အချို့တို့ မာရီတို့အား ကြိုဆိုလာ၏။ မာရီတို့လူစု ဆိုရာ၌ မာရီ၏ အစ်ကို၊ သား၊ အစ်မနှင့် လက်စွဲတော် မာရီရှားတို့အပြင် အထိန်းတော် တစ်ယောက်တို့ဖြစ်သည်။ နပိုလီယံသည် အစေခံများကို မီးခွက်ကိုယ်စီ ကိုင်၍ စီတန်းကာ မာရီတို့ လူစုကို လမ်းပြစေ၏။ သူကိုယ်တိုင်လည်း အိမ်တော်၏ အပြင်တံခါးဝမှ စောင့်ကြို၏။ နပိုလီယံသည် မာရီ၏ လက်အိတ်ကို ဖြုတ်၍ လက်ကလေးကို သူ၏နှုတ်ခမ်းဖြင့် ဆက်လိုက်၏။ မာရီ၏ အစ်မကိုကား ယခုအခါသာ တွေ့ဖူး မြင်ဖူးလေသည်။ အလည် လိုက်လာသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြား၏။ မာရီ၏ အစ်ကိုမှာ စစ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



စစ်စားနှင့် ဖြစ်သဖြင့် စစ်ထုံးစံအတိုင်း နှုတ်ဆက်လိုက်၏။ သားကလေးကို ပွေ့ချီ၍ နှုတ်ဆက်၏။

မာရီတို့လူစုသည် ရောက်ပြီး မကြာမီ အသင့်ပြင်ထားသော ညစာကို စားသောက်ကြ၏။ နပိုလီယံသည် ရှေးက ကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင် ရှိသည်။ စစ်ရှုံးရုံမက နန်းကိုပင် စွန့်လွှတ်လိုက်ရသော်လည်း စိတ်ပျက်ပုံ လက္ခဏာ မရှိ။ ကဲတရား၏ မှန်တဘော မျက်နှာထားကို ပြုံးရွှင်သော မျက်နှာလေးနှင့် ကြည့်နိုင်ပေသည်။ ညစာ စားသောက်ပြီးလျှင် ထွေရာလေးပါး စကား ပြောဆိုကြပြီးနောက် အိပ်ရာ နေရာများကို ခန့်ခွဲပေးလေ၏။ မိန်းမများကို အိမ်တွင်းရှိ အိပ်ခန်းများကို ပေး၏။ ယောကျ်ားများကား အိမ်အနီးရှိ မဲရီး ယားနား ရွာကလေးတွင် သွားရောက်အိပ်စေ၏။ သူကား အိမ်အနီးရှိ တဲငယ် ကလေးတွင် အိပ်၏။

နောက်နေ့တွင် နပိုလီယံသည် မာရီနှင့် သားကလေးကို ခေါ်၍ လမ်းလျှောက်ထွက်၏။ သူတို့သည် ရှေးဦးစွာ အလွန် လှပသာယာသော ဘုရားရှိခိုးကျောင်းကလေးသို့ သွားကြလေ၏။ ထိုဘုရားရှိခိုးကျောင်းကလေး မှာ ပန်းရုံကလေးများ အလယ်တွင် တည်နေသဖြင့် ရနံ့ထုံလျက် ရှိ၏။

မာရီသည် ထိုကျောင်းကလေးကို အလွန်နှစ်သက်၏။ ပတ်ဝန်းကျင် ရှိ ရှုမျှော်ခင်းကို ကြည်နူးမိ၏။ သင်းပျံ့သော လေကို ရှူ၍ အားမရအောင် ဖြစ်နေ၏။ နပိုလီယံသည် ဤကျောင်းကလေးမှာ ကော်ဆီကာကျွန်းရှိ ကျောင်းကလေးနှင့် တူကြောင်း ပြောပြလေသည်။ ကော်ဆီကာကျွန်းသား နပိုလီယံသည် မိမိ၏ မွေးဌာနကို အခါသင့်တိုင်း သတိရမိလေသည်။ ကော်ဆီ ကာကျွန်း အကြောင်းကို မာရီအား မြိန်ရေရှက်ရေ ပြောဆိုနေသည်မှာ အတော်ကြာလေသည်။

လမ်းတစ်လျှောက်လုံး၌ သားကလေးကို လက်တွဲ၍၊ သားကလေး ၏ စွမ်းရည်သတ္တိနှင့် စာရိတ္တကို သိလိုလှ၍ စကားပြောခိုင်း၏။ သားကလေး ကို ပညာသင်ပေးပြီလား ဟု မာရီအား မေး၏။ သားကလေးအား မည်သည့်





အဖေစားမျိုး ကြိုက်သနည်းဟု မေး၏။ ထိုနောက် သားကလေးအား ဝတ္ထု ပုံပြင်ကလေးများ ပြောပြ၏။ ပြောပြပြီးနောက် သားကလေး၏ စိတ်ကို သိလို၍–

'ဘယ့်နှယ်....ငါ့သားက ဘုရားရှိခိုးတဲ့ နေရာမှာ ငါ့ကို ကျန်းမာ ပါစေလို့ မေတ္တာမပို့ဘူးလို့ မင်းမေမေက ပြောတယ်....ဟုတ်လား'

ဟု ပြုံး၍ မေးလိုက်ရာ၊ သားကလေးသည် "အဖေ့သား" ဖြစ်ရကား ပါးနပ်လှသဖြင့်–

'ဟုတ်တယ်၊ ကျွန်တော် နပိုလီယံ မာပါစေလို့ ဆုမတောင်းဘူး။ ဧကရာဇ်မင်း ဖေဖေ မာပါစေလို့ ဆုတောင်းတယ်'

ဟု ပြန်ပြောလိုက်ရာ နပိုလီယံသည် အလွန် အားရဝမ်းသာ ဖြစ် ကာ–

'အေး....ဒါမှ ငါ့သား...သိပ်ပါးတဲ့ ကောင်လေးပဲ'

ဟု ချီးမွမ်းလေ၏။

နပိုလီယံသည် ညစာစားပွဲ၌ ရယ်စရာ မောစရာ ပြောနေ၏။ မာရီ သည် နပိုလီယံ၏ အမူအရာကို အကဲခတ်နေ၏။ နပိုလီယံသည် ဧကရာဇ် မင်း ဘဝကထက် ပို၍ ပျော်မွေ့ပုံရ၏။ အနိုင်မခံ အရှုံးမပေးသော နပိုလီယံ ၏ ထက်မြက်သောစိတ်သည် နပိုလီယံထံမှ ခွာထွက်နေသကဲ့သို့ ဖြစ်နေ၏။ သို့ ပျော်ရွှင်နေငြားလည်း နပိုလီယံ၏ အမူအရာမှာ နဂိုနေမှ ဟုတ်ပါ့မလား ဟု မာရီ မသင်္ကာ ဖြစ်နေမိ၏။

နှစ်ယောက်ထဲ တွေ့ဆုံသောအခါ မာရီက ပြော၏။

'အရှင်၊ ယခုကဲ့သို့ အေးချမ်းစွာ နေသည်ကို မြင်ရ၍ ကျွန်တော်မ ဝမ်းမြောက်လှပါသည်'

နပိုလီယံသည် မာရီအား သူက–

"မာရီရယ် မိတ်ဆွေလို နေကြပါစို့ကွယ်...."

ဟု ပြောလိုက်ပြီး ကတည်းက "မောင်တော်ဘုရား" ဟုလည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မပြော။ နွဲ့သံလည်း အနည်းငယ်မျှ မပါ။ "အရှင်" "ကျွန်တော်မ" စသည့် စကားလုံးများဖြင့် စာသံ ပေသံများကိုသာ အသုံးပြုနေသည်ကို တွေ့ရ၏။ မာရီ ပြောလိုက်သော စကားကို ဘာမျှ ပြန်မပြော၊ ပြုံး၍သာ နေလေ၏။

မာရီသည် နပိုလီယံ၏ အမူအရာကို အကဲခတ်၍ မရ ဖြစ်နေသဖြင့် နပိုလီယံ၏ နောက်တော်ပါ ဝန်ကြီးတစ်ဦးနှင့် စကားလက်ဆုံ ကျရာတွင် အကျိုးအကြောင်းကို မေးကြည့်မိလေ၏။

'အို....မြို့စားကြီးကတော် မသိပါဘူး၊ ဧကရာဇ်မင်းမြတ်မှာ ငွေကြေး ရှားပါးနေတယ်'

'ဟင်....ဒါနဲ့ ဧကရာဇ်မင်းမြတ်မှာ သူပိုင်ပစ္စည်း အတော်များတယ်လို့ ကျွန်မ ကြားဖူးပါလား'

'အစကတော့ အတော်ပဲ ကြွယ်ဝတာပေါ့။ ဒါပေမဲ့ သူက သူ့ဖို့ ထားတာမှ မဟုတ်ဘဲ။ စစ်တပ်အတွက် အကုန်အကျ ခံတာပဲ။ ဒါနဲ့ စစ်ရှုံးပြီး နန်းစွန့်လိုက်ရတော့ သူပိုင် ဆိုလို့ ဘာမှ မရှိတော့ဘူး။ ငြိမ်းချမ်းရေး စာချုပ်အရ ဆိုရင် သူသုံးစွဲဖို့ ငွေ ၂ သန်း ရဖို့ရှိတယ်။ ဒါပေမဲ့ အခု တစ်ပြားမှ မရသေးဘူး၊ ရမှာလည်း မဟုတ်ပါဘူး ထင်ပါတယ်။ သူ့ကို ဘယ်ဂရုစိုက်တော့မလဲ၊ တန်ခိုးမှ မရှိတော့ဘဲကို။ သူ့ဧကရီနဲ့ သားတော်လည်း ပြင်သစ်မှာ ကျန်ရစ်ခဲ့တယ်၊ လိုက်မလာကြဘူး။ သူ့ဧကရီကလည်း သူ့ကို ဧကရာဇ်မှ မဟုတ်တော့ဘဲ ဘယ်ဂရုစိုက်တော့မလဲလေ....။ အခု သူ တစ်ပွဲတစ်လမ်း စမ်းလိုက်ချင်သေးတယ်လို့ ပြောနေတယ်။ ဒါပေမဲ့ ငွေကြေး မရှိတော့ ဘယ်ဖြစ်မလဲ'

မာရီသည် ဝန်ကြီး၏ စကားကို သေချာစွာ မှတ်သားစဉ်းစား၏။ နောက်တစ်နေ့ နပိုလီယံနှင့် တွေ့သောအခါ မာရီက သူ့၌ရှိသော လက်ဝတ်လက်စား အဖိုးတန် စိန်ကျောက်တို့ကို ပုံပေးလေ၏။

နပိုလီယံသည် ပြုံး၍နေ၏။ သူ ပြုံးပုံမှာ ထူးဆန်းလှတော့သည်။ အကယ်၍ သူ ဧကရာဇ်ဖြစ်စဉ်က ဤသို့လုပ်လျှင် သူ့မာနကို အကြီး





အကျယ် ထိခိုက်သွားပြီးလျှင် သူသည် ချုပ်တည်း၍မရအောင် ဒေါသပွားတော့မည်။ ယခု သူ ပြုံးပုံသည် ဝမ်းနည်းပြုံးလိုလို၊ လောကဓံတရားကို မထီမဲ့မြင် ပြု၍ ပြုံးပုံလိုလို ဖြစ်နေ၏။

'မာရီ....မင်း အခုလို ပေးတာ သိပ်ကျေးဇူးတင်တာပဲ။ မင်းရဲ့ စေတနာကို ငါ နားလည်ပါတယ်ကွယ်။ မင်း ငါ့အပေါ်မှာ ထားတဲ့ မေတ္တာ ဘယ်လောက်ကြီးတယ် ဆိုတာလည်း သိရပါပြီ။ ဒါပေမဲ့ ငါ မင်းပစ္စည်းတွေ မယူပါရစေနဲ့၊ ငါ့ကို ရွှေ ငွေ ရတနာတွေ ပုံပေးတဲ့ မိတ်သင်္ဂဟ ဆွေမျိုးတွေကို တောင် ငါ မင်းလောက် ကျေးဇူးမတင်မိပါဘူး။ ငါ စင်စစ်တော့ ငွေမလိုလှပါဘူး။ ရှိလှတယ်လည်း မဟုတ်ဘူးလေ။ နောင် ဘယ်လို ဖြစ်ဦးမယ် ဆိုတာ မသိသေးဘူး'

နပိုလီယံသည် မာရီဘက်မှ တခြားဘက်သို့ လှည့်၍ တွေဝေနေ၏။ သူ့အဖြစ်အပျက်ကို သူ ဝမ်းနည်းလေသလော။ သူသည် ဝမ်းနည်းတတ်သူ မဟုတ်။ အာဇာနည်စိတ်ဖြင့် စစ်အပွဲပွဲကို နိုင်ခဲ့သူ ဖြစ်၏။ "ရှုံးနိမ့်ခြင်း ဆိုတာ ငါ့အဘိဓာန်ထဲမှာ မရှိဘူး" ဟု ပြောလာခဲ့သူ ဖြစ်၏။ ယခု အကြောင်းမသင့် အခွင့်မသာ သေး၍သာ နေရသည်။ သူ့စိတ်ဓာတ်သည် ကား အရှုံးပေးခြင်း မပြုသေးချေ။ ထိုအကြောင်းကို မာရီ ကောင်းစွာ သိ၏။

ထိုသို့ သိသော်လည်း မိန်းမတို့ မည်သည်မှာ မိမိလင်နှင့် တူယှဉ်တွဲ၍ တွဲကာ နေချင်လှသည်။ စစ်ပွဲသည် အောင်မြင်ခြင်းနှင့် ဘုန်းတန်ခိုးကို ယူလာနိုင်သည်ကား မှန်၏။ သို့သော် ရှုံးနိမ့်ခြင်း၊ သေဆုံးခြင်း တို့ကိုလည်း ယူဆောင်လာနိုင်သေးသည်။ ယခု မာရီအဖို့မှာ နပိုလီယံ၏ အချစ်ကို တစ်ဦးတည်း ပိုင်နိုင်လေပြီ။ ဧကရီသည် မယားကောင်း မပီသ၊ လင် အမြင့်မှ အနိမ့်သို့ ကျသွားသော်လည်း လျှော၍ မလိုက်လာ။ သူသာလျှင် နန်းကျ နပိုလီယံ၏ စံပျော်ရာသို့ ကောက်ကောက်ပါ လိုက်လာခဲ့သည်။

နပိုလီယံသည် အကြံရသည့် အသွင် မာရီဘက်သို့ လှည့်ကြည့်ပြီးလျှင် ရှေးက အမူအရာမျိုး ပြန်ပေါ်လာကာ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မာရီ....မင်း စစ်ဗိုလ်ကြီး မွန်သိုလွန်ကို သွားပြောချေပါ။ လူစုနိုင်သလောက် စုထားလိုက်၊ ကေရာဇ်မင်းမြတ် ပြန်လာလိမ့်မယ်၊ စစ်ပြန်တိုက်မယ်လို့ ပြောချေပါ'

မာရီသည် နပိုလီယံ စစ်ပြန်တိုက်မည် ဆိုသော အကြံကို အနည်းငယ်မျှ မနှစ်မြို့နိုင်။

'ပြင်သစ်ပြည်ကြီး သူ့အတိုင်း နေပါစေ၊ အလကား ဒုက္ခမရှာပါနှင့်တော့'

ဟု တောင်းပန်သော်လည်း မရ။ နပိုလီယံသည် စစ်ပြန်တိုက်ရန်ကိုသာ အပြင်းအထန် လိုလားနေသည်။

'ဟာ....မာရီရာ၊ လောကကြီးမှာ မကောင်းဆုံး အဖြစ်ကလည်း အကောင်းဆုံး ဖြစ်နိုင်သေးတာပဲ။ ငါ အမေရိကန်ပြည်ကို သွားလိုက်ရင် အခြေအနေ တစ်မျိုးတစ်မည် ပြောင်းသွားဦးမယ်။ ငါ့ကံ ရှိပါသေးတယ် ကွယ်။ အင်္ဂလိပ်တွေက ငါ့ကို သတ်မပစ်ပါဘူး။ ဥရောပတိုက်သား တက်လူကလေးတွေဟာ ငါလိုလူမှ စံမထားရင် ဘယ်လိုလူမျိုး စံထားရဦးမှာလဲ။ ငါ သွားမယ် မာရီ၊ ငါ သွားမယ်၊ စစ်တိုက်ချေဦးမယ်....'

မာရီသည် နပိုလီယံကို တား၍ရမည် မဟုတ်သည်ကို သိသဖြင့် စစ်ဗိုလ်ကြီး မွန်သိုလွန်ထံသို့ သွားပါမည်ဟု ဝန်ခံရလေ၏။ သူ့စိတ်ထဲ၌ကား နပိုလီယံသည် နိမ့်လျှော့သည်ထက် နိမ့်လျှော့တော့မည်ဟု တွေးမိ၏။ သို့သော် နပိုလီယံအား တတ်နိုင်သမျှ ကူညီမည်ဟု သူ ပိုင်းဖြတ်ထား၏။

နောက်နေ့တွင်ပင် မာရီသည် နပိုလီယံ၏ စကားကို စစ်ဗိုလ်ကြီး မွန်သိုလွန်အား ကမ်းလှမ်းရန် အယ်လဘားကျွန်းမှ ပြန်ရလေ၏။ မာရီသည် ရှေးကလည်း နပိုလီယံကို ကူညီခဲ့၏။ နပိုလီယံကို အမြဲပင် အထင်ကြီးခဲ့၏။ ယခု အခါမှာမူ အထင်မကြီး၍ မဟုတ်ငြားလည်း နပိုလီယံ၏ ကံသည် ရှေးကကဲ့သို့ မဟုတ်၊ ခေနေလေပြီဟု စိတ်တွင် တွေးမိကာ ရင်လေးလျက်ရှိ၏။





အယ်လဘား ကျွန်းကလေးသည် အလွန် သာယာပေသည်။ ပျော်မြူးရန် အလွန်ကောင်းသော နေရာကလေး ဖြစ်၏။ မာရီသည် နပိုလီယံနှင့် တစ်သက်ပန်လုံး နေလိုလှ၏။ ဘုန်းတန်ခိုးနှင့် သရဖူတို့မှာ ပျော်ရွှင်မှုကို ပေးနိုင်သည့် အရာများ မဟုတ်။ ဖြစ်ရာဘဝ၌ ချစ်ခင်ကြင်နာစွာ နေထိုင်ပေါင်းသင်း နေရခြင်းသည်သာလျှင် ပျော်မွေ့ဖွယ်ရာ ဖြစ်သည်။ သို့သော် နပိုလီယံ အဖို့ကား တန်ခိုးအာဏာသည် အသက်ပင် ဖြစ်၏။ တန်ခိုးအာဏာကင်း၍ အညတြ ဘဝ၌ နေရခြင်းကို နပိုလီယံသည် သေခြင်းထက် စက်ဆုပ်လေသည်။

မာရီ အယ်လဘားကျွန်းမှ ထွက်ခွာသည်နှင့် တစ်ပြိုင်နက် နပိုလီယံသည် ရှေးက နပိုလီယံဘဝသို့ ပြန်၍လည်သွားကာ မနားမနေ နေ့ရောညပါ မြေပုံများကို သေချာစွာ ကြည့်ရှုလေ့လာပြီး စစ်ပြန်တိုက်ရန် အရေးကို တွေးနေလေ၏။ မြေပုံကြီးကို ရှေ့တွင် ထားကာ "ကွန်ပါ" ချောင်းကလေးနှင့် ထောက်၍ အကွာအဝေးများကို တိုင်းတာနှိုင်းချိန် နေလေတော့သည်။ နောက်ဆုံး၌ နပိုလီယံသည် ဝါတာလူးမြို့ကလေးကို ထောက်လျက် တွေဝေနေ၏။

ထိုနေရာသည်ကား နပိုလီယံ၏ တန်ခိုးအာဏာများ ပျက်ပြုန်းရာဌာန ဖြစ်မည့် အကြောင်းကို နပိုလီယံ မသိရှာချေ။ သူ့အဖို့ကား ဤနေရာသည် ငါ၏အောင်မြေ ဖြစ်လိမ့်မည်၊ ငါသည် ဤနေရာ၌ ငါ့ဦးခေါင်းမှ တိမ်း၍ သွားသော သရဖူကို ပြန်၍ တည်စေမည်ဟု အထင်ရောက်ကာ ပြုံးလေ၏။

မာရီ၏ နောက်ဆုံး ဆောင်ရွက်ပေးချက်အရ ပြင်သစ်ပြည်ရှိ စစ်သားဟောင်းများသည် သူတို့၏ ကေရာဇ် စစ်ဘုရင်ကြီးကို ဦးထိပ်ထား၍ တိုက်ခိုက်ရန် အသင့်ရှိ၏။ အလုံးစုံ စီစဉ်ပြီးနောက် နပိုလီယံသည် အစောင့်အကြပ်များ အလစ်တွင် အယ်လဘားကျွန်းမှ ထွက်ပြေးပြီးလျှင် ပြင်သစ်ပြည်သို့ ပြန်ဝင်လေ၏။ ထိုသို့ ပြန်ဝင်၍ တစ်စခန်း ထ လိုက်သော် နပိုလီယံအား



www.burmeseclassic.com

www.burmeseclassic.com



အသည်းစွဲ ကြည်ညိုလေးစားကြကုန်သော စစ်သည်တော်တို့သည် “ဧကရာဇ်မင်း သက်တော်ရာကျော် ရှည်စေသောဝ်” ဟူသော ကောင်းချီးသံကြီးကို ဆိုကာ နပိုလီယံ၏ အလံအောက်သို့ တိုးဝင်ခိုလှုံကာ စစ်ပြန်တိုက်ကြကုန်၏။

သို့သော် ကြမ္မာငင်လာလျှင် မည်မျှလောက်ပင် စွမ်းရည်သတ္တိ ရှိသူဖြစ်စေကာမူ ဦးခေါင်းထောင်၍ ကြာရှည်မရချေ။ နပိုလီယံ ကဲ့သို့သော အာဇာနည်ကြီးပင်လျှင် ကံကြမ္မာ၏ အာဏာကို ငုံ့၍ ခံရတော့သည်။ သူ “ကွန်ပါ”ကလေးနှင့် ထောက်ထားခဲ့သော ဝါတာလူး စစ်ပွဲ၌ပင် နပိုလီယံ၏ တိမ်းနေသော သရဖူသည် ပြန်၍ မတည်ဘဲ ညွှန်တောထဲသို့ ကျသွားရရှာ၏။

သုံ့ပန်းအဖြစ်သို့ ရောက်ရရှာသော နပိုလီယံသည် အင်္ဂလိပ်သင်္ဘော “ဘဲလာရိုဖောင်”ကို စီး၍ စိန့်ဟယ်လီနာကျွန်းသို့ ဧကရာဇ် ဘဝမှ ဧကစာရီဘဝသို့ ရောက်ရှိရန် သွားရတော့မည်။ ဥရောပ မြေပုံကြီးကို ထင်သလို ပြုပြင်၍ သူ၏ဘုန်းရိပ်ကို ဥရောပတိုက်ကြီး တစ်တိုက်လုံး ဖြန့်ကြက်ဖုံးလွှမ်းစေခဲ့သော ကော်စီကာကျွန်းသား နပိုလီယံသည် ကျွန်းသားပီပီ ကျွန်းသို့ သွားကာ အတိတ်ကာလသို့ ရောက်သွားပြီး ဖြစ်သော တန်ခိုးအာဏာတို့ကို ကမ္ဘာ့ဌာန်းသဖွယ် စီးဖြန်းနေရတော့မည်။

နပိုလီယံသည် သင်္ဘောပေါ်မှ နေ၍ ပဲရစ်မြို့တော်သို့ လှမ်းမျှော်မိ၏။ ပဲရစ်မြို့တော်...နပိုလီယံသည် ပဲရစ်မြို့တော်ကို အလွန် ခင်မင်ရှာသည်။ ကော်စီကာကျွန်းသားကလေးသည် လူမမည်အရွယ် စစ်အတတ်သင်ကျောင်းတွင် နေခဲ့စဉ်က ပဲရစ်မြို့ကို ခုံခုံမင်မင် ရှိခဲ့လေသည်။ ထိုကျွန်းသားကလေးသည် ဥရောပတစ်လွှား၌ တန်ခိုးထွားသော ဧကရာဇ်ကြီး ဖြစ်လာသောအခါ၌လည်း ပဲရစ်မြို့တော်ကို ခုံမင်ခဲ့လေသည်။ အပင်တပန်း စစ်တိုက်ရာမှ အမောအပန်း ပြေပျောက်စေရန် အနားယူခဲ့သော ပဲရစ်မြို့တော်ကို မိမိ၏ မွေးဌာနထက်ပင် ပျော်ပိုက်ခဲ့သည်။ ယခု ထိုပဲရစ်မြို့တော်ကြီးမှ ရာသက်မပန် ရှာဘဲ ခွဲရတော့မည်။





အင်္ဂလိပ်သင်္ဘော“ဘဲလာရိုဖောင်” ကို စီး၍ စိန့်ဟယ်လီနာကျွန်းသို့ သုံ့ပန်းအဖြစ် ပို့ဆောင်စဉ် (၁၅ ဇူလိုင် ၁၈၁၅)။

မိုး တဖြိုင်ဖြိုင် ကျနေ၏။ နပိုလီယံသည် ကမ်းညွှတ်လှခမန်းလာ ရောက် ကြည့်ရှုကြသော လူထုကြီးကို ကြည့်ရင်း တွေဝေနေ၏။ သူ အုပ်စိုးခဲ့သော တိုင်းပြည်၊ သူ အုပ်စီးခဲ့သော လူထုတို့သည် သူနှင့် ဝေးကြရတော့မည်။ ရာဇဝင်တွင် ခေတ်တစ်ခေတ် ကုန်ဆုံးလေပြီ။

www.burmeseclassic.com



ထိုအခိုက် မာရီသည် ကမ်းနားထိပ်တွင် ရှိသော တည်းအိမ်၏ ပြတင်းပေါက်တွင် သားငယ်ကို အနီးတွင် ရပ်စေ၍ နပိုလီယံကို စူးစိုက်၍ ကြည့်နေ၏။ မိုးသည် တဖြိုင်ဖြိုင် ရွာနေသဖြင့် ပြတင်းပေါက် မှန်တံခါးကို ပိတ်ထားရသည်။ မှန်ထဲမှနေ၍ မီးခိုးတလူလူနှင့် ထွက်ခွာစ ပြုနေသော သင်္ဘောကို ကြည့်နေလေ၏။

သားကလေးသည် မိခင်ကို မော့ကြည့်လိုက်၊ သင်္ဘောပေါ် ပါသွားသော ဖခင်ကို လှမ်းကြည့်လိုက်နှင့်–

'မေမေ....ဖေဖေ့ကို မြင်ရသေးသလား ဟင်'

ဟု မေးသည်ကို–

'မိုးရေနဲ့ မျက်ရည်တွေကြောင့် မမြင်ရပါဘူးကွယ်....တစ်သက်လုံး မြင်ရတော့မှာ မဟုတ်ပါဘူး သားရယ်....'

ဟု မာရီက ပြန်ဖြေလေ၏။ ။

"ထူးကဲခမ်းနားမှု၊ စွန့်လွှတ်အနစ်နာခံ စိတ်ဓာတ်၊ အံ့ဘနန်း ထိတ်လန့် တုန်လှုပ်ဖွယ်ရာများနှင့်အတူ သူရဲကောင်း ပြောင်မြောက်ပုံ မော်ကွန်းတင်လက်ရာ။"

*(Saturday Review)*

မောင်မိုးသူ (မြန်မာပြန်)

# အိပ်ဇိုးဒပ်

(နိုင်ငံတစ်ခု မွေးဖွားခြင်း)

EXODUS by Leon Uris

နှစ်ပေါင်း နှစ်ထောင်ကျော်မျှ အနိမ့်ခံ၊ အပစ်ပယ်ခံ၊ အမုန်းခံ၊ အနှိပ်စက်ခံ တိုင်းပြည်မဲ့ လူမျိုးအဖြစ်မှ အသက်သွေး ချွေး မြောက်မြားစွာ ပေးဆပ်၍ ပါလက်စတိုင်း နယ်မြေထဲ၌ အစ္စရေးနိုင်ငံသစ် ပြန်လည်ဖွားမြင် တည်ဆောက်မှုကို ဖော်ပြသည့် ၂၀ ရာစု အကြီးကျယ်ဆုံး ကမ္ဘာ့သမိုင်း နောက်ခံဝတ္ထု။

[ စာမူခွင့်ပြုချက်အမှတ်– ၁၉ /၂၀၀၂ (၅) ]

–

အမြီးအမောက် မတည့်သည့် လောကကြီး၏ သဘာဝကို တထေ့ထေ့ ပြုံး၍ တပြုံးပြုံး မဲ့ရမည့် ပြုံးတမဲ့မဲ့ ဝတ္ထုတိုများ။

–သို့မဟုတ်–

# မြို့အုပ်ပုံပြင်

မောင်ထင်

[ စာမူခွင့်ပြုချက်အမှတ်– ၁၂၉ /၂၀၀၃ (၁) ]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အနှိုင်းမဲ့ ဗုဒ္ဓကို အကြွင်းမဲ့ ကြည်ညိုနိုင်အောင် ရေးဖွဲ့ထားသည့်

# ဗုဒ္ဓ

လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့်ဗုဒ္ဓဝင်)

## ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)၊ ဝဋ္ဋသကာနှင့် သိရောမဏိ

* ရာပြည့်စာအုပ် ၂၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ထူးထူးကဲကဲ ထုတ်ဝေမည့် စာအုပ်။
* ဗုဒ္ဓဆင်းတုတော်များ၊ ပန်းချီကားများဖြင့် အသွင်သစ် ပုံစံသစ်ဖြင့် ပုံနှိပ်ထားသည့် စာအုပ်။
* ဆရာကြီး ဦးရွှေအောင်၏ သားကြီး ဦးညိုဦး ကိုယ်တိုင် စီစဉ် ထုတ်ဝေသည့် စာအုပ်။

[ စာမူခွင့်ပြုချက်အမှတ်- ၇၂၂ / ၂၀၀၂ (၁၂) ]

---

အာဇာနည် ပုဂ္ဂိုလ်တို့၏ အကြောင်းကို ကြားနာ လေ့လာရခြင်းသည် မင်္ဂလာရှိ၏။ အမြဲတစေ စိတ်အားတက်ကြွစေ၏။ မိမိဘဝနှင့် တိုင်းပြည်၏ သမိုင်းကို ပိုမိုလေးနက် အဓိပ္ပာယ် ရှိစေ၏။ အလောင်းမင်းတရားသည် မြန်မာပြည်ကြီးကို သူ့ခေတ် သူ့အခါက ကယ်တင်ခဲ့၏။ နှစ်ပေါင်း ၁၃၀ တည်ခဲ့သော ကုန်းဘောင်ခေတ်ကြီးကို စတင် ဖွင့်လှစ်ခဲ့၏။ ဤမြေ ဤရေကို ကုန်းဘောင် အာဇာနည်တို့၏ သွေး ချွေးတို့ဖြင့် သွန်းလောင်း ပြုစု ဖွံ့ဖြိုးစေခဲ့သည်။ သူတို့အသံ သူတို့အကြောင်းကို ကြားနာရခြင်းသည် ကျွန်တော်တို့အဖို့ စိတ်သစ်မွေးကာ အားသစ်လောင်းသကဲ့သို့ ဖြစ်တော့သည်။

## ညီမြ ၏

# ကုန်းဘောင်ရှာပုံတော်

[ စာမူခွင့်ပြုချက်အမှတ်- ၂၀ / ၂၀၀၂ (၅) ]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



“နပိုလီယံသည်
ကောင်းကျိုး ရှာ၏။
ကောင်းကျိုးကိုကား မတွေ့။
ဘုန်းတန်ခိုး အင်အားနှင့်သာ
မွေ့ရသည်။”
(ဂျာမန်စာဆို ဂါထား)





www.burmeseclassic.com